www.burmeseclassic.com

# လရောင်ကျေးရှင်

## ကောင်မလေးရဲ့ဖူးစာရှင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်
# ကောင်မလေးရဲ့ဖူးစာရှင်

ရွှေသမင်စာပေ၊
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၀၀

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၁၄၇၈၀၁၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၀၆၈၀၁၁၁ |
| အကြိမ် | – | ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ မတ်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၁၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၈၈)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

ကောင်မလေးရဲ့ဖူးစာရှင်/ လရောင်ကျူးရင့်၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၁။

၂၈၈– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) ကောင်မလေးရဲ့ဖူးစာရှင်




## အခန်း (၁)

"ဘယ်မှာလဲ ဟိုကောင်..."

"မရှိဘူး..."

ပြန်ဖြေလိုက်ပုံကို မကျေနပ်ပေမယ့် အဖေရယ်လို့လည်း ဘယ်တုန်းကမှ တလေးတစား အရေးပေးခဲ့တာ မဟုတ်တော့ ကြည့်လိုက်မိသည့် မျက်လုံးတွေက တိတ်ဆိတ်စွာပဲ နေရာတကျ ပြန်ရောက်၏။

"အလတ်ကောင် ဝင်အိပ်နေတာ ကြာပြီလား..."

"ဘယ်သိမလဲ အဖေရာ..၊ လူစေ့တက်စေ့မေးပြီး ဘာလုပ်မလို့လဲ၊ ဒီမှာ စိတ်ညစ်နေရတဲ့အထဲ..."

"ဟိတ်ကောင်..၊ မင်း ညစ်နေတာ ကြက်ရှုံးလာလို့မို့လား၊ ကြက်ပွဲမှာ ရှုံးလာတာကို ဖအေရှေ့မှာ တရားဝင် စိတ်ညစ်ပြရသလား"

အကြီးဆုံးဟု သတ်မှတ်ပြီး မင်းပဲ ဦးဆောင်လမ်းပြလို့ အမြဲတမ်းဆုံးမ စည်းရုံးခံရသည့် သာယာအောင် က စိတ်မရှည်သည့်မျက်နှာနှင့် မော့ကြည့်သည်။

"အဖေကရော.. ပြောပြမှသိတာ ကောင်းလား..၊ ကျွန်တော့်ကို ကြက်သမားလို့ ဖေဖေပဲ ကင်ပွန်းတပ်ပြီးတော့..."

"ဩော်..."

သူ့ကိုပဲ ပြန်တောင်းပန်ရဦးမှာလား...။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်အောင် ကိုယ်ပြောစရာရှိလို့ တခမ်းတနား စုဆောင်းလာသည့် စကားတွေတောင် ဘယ်ပျောက်ကုန်မှန်း မသိတော့ပေ..။

သားသုံးယောက်ရှိလို့ အားကိုးရပြီဟလို့ တွက်မိပါသည်။ အကြီးဆုံး သာယာအောင် က ကြက်တိုက်ဝါသနာကြီးသည်။ အလတ်ကောင် တေးချို ကျတော့ သောက်တာစားတာလည်း သူပါသည်။ လောင်းကစား ဘာဖြစ်ဖြစ် နီးစပ်ပြီဆို သူ မတတ်တာ မရှိ..။

အငယ်ဆုံးက စာသားညီ..။

သူကမှ ဘယ်လိုလူစားလဲလို့ သတ်မှတ်ဖို့ခက်တာ ဖြစ်၏။ အပေါင်းအသင်းကလွဲပြီး အဖေလည်း မခင်၊ ညီအစ်ကိုဆိုတာလည်း သံယောဇဉ်လေးမှ ထားတတ်ရဲ့လားမသိ..။

အလတ်ကောင် တေးချို က ရည်းစားဆိုလည်း ထားသည်။ ပျော်စရာရှိလည်း ပျော်၏။ စာသား ကျတော့ မိန်းမသနာကိစ္စဆိုလည်း ကင်းသည်။ လူတော်လူကောင်းလေးလားလို့ ထင်ရပေမယ့်လည်း မဟုတ်..။

သူ့မှာ တစ်ဖက်စောင်းနင်း အားသန်နေတာက ရန်ဖြစ်ဖို့..၊ ဖြစ်ခဲ့တိုင်း ခံလာရတယ်ဆိုတာလည်း မရှိ။ ပြဿနာရှင်းရ၊ ငွေကုန်ရဖြစ်ပြီဆို အပြစ်တင်ကြည့်လိုက်၊ သူက စ,တာမဟုတ်..၊ သူ့မှာ အပြစ်မရှိဟုဘဲ အဖြေထွက်၏။

"ပြဿနာဖြစ်ပြီဆို မင်းချည်းပဲ စာသား..၊ ရန်ဖြစ်နေရတာကို ဂုဏ်ယူနေတာလား.."

လို့ မေးဖူးသည်။

"ဂုဏ်ယူချင်တာနဲ့ ရန်လိုက်ဖြစ်နေလို့ ရလား၊ နှစ်ဖက်ရှိမှ ရန်ဖြစ်လို့ရတာ"တဲ့..။

ဒီကောင် အချိန်မတော် ပြန်မရောက်တော့ဘူးဆို ရင်ထိတ်နေရပါပြီ။ ဒါတောင် နေရတာက မြို့ကြီးပြကြီး မဟုတ်လို့..။





ပဲခူးအပိုင်နယ်ထဲက ရွာကြီးမို့ ကားလမ်းမကြီးနှင့်လည်း နီးတော့ ရွာဆိုပေမယ့် လူနေမှု သိပ်တော့မနိမ့်ကြပါ..။

ဒါပေမယ့် ရွာကနေ နောက်ကိုထွက်လိုက်လျှင် ရိုးမတောကြီး ရှိနေသည်။ တောနှင့်ရွာက သိပ်မဝေးတော့ လူနေမှုအဆင့်အတန်းက အထက်မကျ..၊ အောက်မကျ..။

လယ်လုပ်၊ တောထွက်..။ တချို့ကျတော့ မြို့နှင့် အရောင်းအဝယ်တွေ လုပ်ကြသည်။ ရွာကြီးသလောက် အလုပ်မျိုးစုံ လုပ်နေကြတော့ စည်ကားသည်။

သူတို့မိသားစုမှာတော့ သားသုံးယောက်စလုံး တစ်ယောက်မှ အလုပ်အကိုင် မည်မည်ရရ မရှိ..။

ဦးမြင့်အောင် က အမဲလိုက်ဝါသနာကြီးသလောက် တစ်ခါတလေ မြို့ကဧည့်သည်တွေရောက်လာပြီး တောထဲကို လမ်းပြငှားလျှင် လိုက်သေးသည်။

နွားလှည်းလေးနှစ်စီးရှိနေတော့ တောနှင့်ရွာကို မျှစ်ချိုးတဲ့လူတွေ၊ ထင်းခုတ်တဲ့လူတွေ ရှိနေသမျှ ငွေရှင်ကလေး ဖြစ်နေခဲ့၏။

သားတော်မောင်တွေကတော့ လည်ရာပြန်စားရေးပါ။ ပြန်လာတဲ့သူက အိုးဖွင့်ကြည့်သည်။ ရှိလျှင်စားသွားပြီး မရှိရင် ပြန်ထွက်၊ ဝင်အိပ်ဒါပဲ..။

ဖြစ်သမျှအကြောင်း အကောင်းလို့ သဘောထားခဲ့ပေမယ့် ရတဲ့အခါကျတော့ ရသည်။ အဆင်မပြေမှုတွေဖြစ်လာပြီဆိုရင်တော့ ဒေါသက ဘာနှင့်မှ ဖြေရှင်းလို့မရ..။

ဦးမြင့်အောင် ကုလားထိုင်မှာ ထိုင်ချလိုက်ရင်း သက်ပြင်းရှည်ကြီး မှုတ်ထုတ်၏။ ပြီးမှ...

"ဟောဟို တံခါးဝမှာ ချထားခဲ့တဲ့အိတ်ကို သွားယူ—"

ရှုပ်ပွနေသည့် သာယာအောင့် မျက်နှာ တံခါးဝထိုး အောင်ကိုစစ်တစ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်သွားသည်။

"ဘာပါလို့လဲ.."

"ပါတယ်.. ပါတယ်..၊ မပါဘဲနဲ့ သွားသိမ်းချေလို့လဲ မင်းကို ငါ မနိုင်ဘူး.."

ဦးမြင့်အောင် က စိတ်မရှည်သံနှင့် ပြောကာ...

"အထဲမှာ ပုဆိုးနှစ်ကွင်းနဲ့ ဂျင်းဘောင်းဘီတစ်ထည် ပါတယ်"

"ဟုတ်လား..၊ အဟဲ.. စောစောကပြောတာ မဟုတ်ဘူး၊ ခုတော့ အားနာစရာတွေ ဖြစ်ကုန်ပြီ"

ချက်ချင်းပြောင်းလဲသွားသည့်မျက်နှာက ပြုံးနေပေမယ့် ထ,ယူလာတာ အိတ်ကိုမဟုတ်ဘဲ ပုဆိုးတစ်ကွင်းကိုပဲ ရွေးယူလာတာ ဖြစ်သည်။

"ဟ!.. အိတ်ကလေးကို အထဲဆွဲလာရမှာပေါ့ မင်းကွာ..."

"အဖေကလဲ..၊ ဟိုကောင်တွေဟာ ပါသေးတယ်မို့လား၊ သူတို့ဟာတွေ ယူပါစေဦး"

"အေး..၊ အဲဒီလို မကပ်မတွက်..၊ ချစ်ချစ်ခင်ခင်ရှိကြတာ ဝမ်းသာတယ်ကွာ.."

"အဟွန်း..."

ပုဆိုးကို အိတ်ထဲကနေ ထုတ်ကြည့်ပြီး သာယာအောင် သဘောတွေ ကျနေ၏။

"နောက်မှယူလာတဲ့ကောင်တော့ ကျန်တာပဲ ယူပေါ့၊ အဖေ ဒီပုဆိုး ဘယ်လောက်ပေးရလဲ.."

"ဘယ်လောက်ပေးရပေးရ..၊ ဘာလဲ.. မင်း ပြန်ပေးမလို့လား"

"အဖေကလဲ စကားကောင်းကို ပြောလို့မရဘူး"

"ပြောဖို့မှ မတန်တာ..."

ဖအေကိုငုံ့ကြည့်ပြီး သာယာအောင် က နှုတ်ခမ်းမဲ့၏။ ပြီးတော့





ဘေးမှာဝင်ထိုင်ကာ...

"အငယ်ကောင်လို ဘောင်းဘီရှည်ဝတ်တတ်ရင် ကောင်းမှာ..၊ သူ့အတွက်တစ်ထည်စာက ကျွန်တော်တို့ နှစ်ထည်စာရှိတယ်"

"အေး..၊ ရန်များများဖြစ်လို့ရအောင် ဘောင်းဘီ ဝယ်ပေးရတာလေ၊ မင်းတို့အားလုံးသာ တစ်ပုံစံတည်းဆို ဖအေမှဆိုးဖို့လဲ တစ်မွေးမှ ကျန်မှာ မဟုတ်တော့ဘူး"

"ကျန်ပါတယ် အဖေရာ..၊ ဆံပင်ဖြူနေပေမယ့် အုံနဲ့ကျင်းနဲ့၊ တစ်ပင်မှလျော့တဲ့ပုံ မရှိသေးဘူး.."

ဦးမြင့်အောင် ဘာမှမပြောချင်တော့ဘဲ တံခါးဝက အိတ်ထုပ်ကို ကိုယ့်ဘာသာပဲ သွားထ,ယူသည်။

ပြီးတော့ စားပွဲပေါ်မှာ တင်လိုက်ကာ...

"ငါ ဒီနေ့ အလုပ်လက်ခံလိုက်တယ်"

"စရန်ပေးသွားတာလား.."

"အင်း..၊ ငွေပဲရောက်လာတာ၊ လူကို မမြင်ရသေးဘူး"

"အဖေ အမဲလိုက်တာတွေလဲ သတိထားဦးနော်..၊ တောက အရင်လို သိပ်မသန့်တော့ဘူး၊ ဟိုတစ်ပတ်က ကိုသြော် တို့ပြောတာ ဝက်ဝံတောင် ရှိတယ်တဲ့..၊ ငွေလဲ ယူ..၊ ဒါပေမယ့် အာမတွေ သိပ်မခံနဲ့.."

"ငါ သိပါတယ်၊ ငါ အလုပ်လုပ်တာ လမ်းပြရုံပဲ၊ အသက်တွေကို အာမခံတာ မဟုတ်ဘူး"

"ကျွန်တော်ပြောတာက ဘယ်လမ်း..၊ ဘယ်ထိ.. သွားမယ်ဆိုတာ တစ်ခါတည်းမေးပြီး အန္တရာယ်ကင်းမှ လက်ခံဖို့.."

"အဲဒီလိုစိတ်ပူရင် မင်း ငါ့အစား လိုက်ပေးပါလား၊ ငါ အသက်လဲ ကြီးပြီ.."

"ဒါ အသက်နဲ့မဆိုင်ဘူးလေ..၊ ကျွန်တော်က ဝါသနာလဲ မပါဘူး၊ တောထဲကိုလဲ ထဲထဲဝင်ဝင် သွားလာဖူးတာ မဟုတ်ဘူး..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်လှည့်တော့ ကိုယ်တော်က အရှောင်ကောင်း..။

ဦးမြင့်အောင် က 'ငါ သိပါတယ်'ဆိုသည့် မဲ့တဲ့တဲ့အကြည့်နှင့်...

"အဲဒီတော့ အဖေ ရှာကျွေးတာပဲ စားပေါ့ကွာ၊ မတတ်တော့ သက်သာတာပေါ့"

"အဖေကလဲ မတည့်အောင် ပြောဖို့ပဲ.."

သာယာအောင် အားနာနာနှင့် ထရပ်လိုက်ရင်း နေရာမှ ရှောင်ထွက်ဖို့ပြင်၏။ ဒီအဖေ သူတို့အပေါ်မှာ ဘယ်လောက်ထိ တာဝန်ကျေသလဲဆိုတာ သိတော့သိသည်။ ဒါပေမယ့် အလုပ်အကိုင် လုပ်ပါလား၊ ကူပါလားဆိုတော့ လုပ်ချင်တာမှ မရှိဘဲ..။ ဒါဆို 'မင်းက ဘာလုပ်ချင်သလဲ' မေးဖူး၏။

အဖေမေးမှ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်မိသည်။ ကိုယ်ကလည်း ကိုယ်ပဲဆိုတာ သိလိုက်တော့ အဖြေက ခေါင်းညိတ်၊ ခေါင်းခါတို့ရဲ့ ကြားကျကျမှာပဲ ထွက်သည်။

မလုပ်ချင်တာတော့ မဟုတ်ပေမယ့် လုပ်တို မလုပ်ဖြစ်ခဲ့တာ..။







## အခန်း(၂)

"ဦးမြင့်အောင်..."

"ဟေ..."

ရွာထဲမှာ လူငယ်တွေဆိုပြီး ဦးလေးရေ၊ ဦးလေးမြင့်အောင် အစညာခေါ်တာ သိပ်မရှိပါ။ ကလေးပေါက်စလေးတွေမှလွဲလျှင် ကိုယ့်ထက်ငယ်သူတွေအားလုံးက 'ဦးမြင့်အောင်'ပဲ ခေါ်ကြ၏။

ခေါ်သံကြားလို့ မြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ မျှစ်ချိုးထွက်သည့်အုပ်စုခေါင်းဆောင် စောရီ တို့မောင်နှမ ဖြစ်သည်။

"စောရီ ဘာတုံး..၊ လှည်းငှားမလို့လား..."

"ဟုတ်တယ်..၊ ဦးမြင့်အောင် မှာ ညိုကြီး တို့ မရှိတော့ဘူးလား.."

ညိုကြီး ဆိုတာ နွားနောမည်တွေ ဖြစ်၏။

"မရှိဘူးဟ..၊ ကိုစိုး တို့လယ်အ[illegible]ကို ငှားထားတယ်၊ နင်တို့တောထဲထွက်မလို့လား.."

"ဟုတ်တယ်..၊ ညိုကြီး တို့ဆို ကောင်းမှာပဲ၊ အရမ်းပြေးနိုင်တာ"

"နက်ကျားမ တို့လဲ ကောင်းပါတယ်ဟ..၊ ညိုကြီး က ကြိမ်ခံဖူးမခံဘူး၊ သူတို့က လေးလေးမှန်မှန်ရယ်..."

စောရီ တို့မောင်နှမက တင်းကုပ်ထဲကိုကြည့်ပြီး ဘာတွေတိုင်ပင်နေကြမှန်း မသိ။ ဦးမြင့်အောင် က ဆင်းသွားကာ—



www.burmeseclassic.com

www.burmeseclassic.com



"ယူသွားပါ..၊ ဒီညီအစ်မက ဝန်ပေါ့၊ ဝန်လေး ဘာမှ ပြဿနာမရှိဘူး၊ ညိုကြီး တို့ကျတော့ သူတို့က သူတို့မှတ်ထားတာထက် ဝန်ပိုလာရင် ဂျစ်ကန်ကန်..."

"ဟုတ်ပါပြီ..၊ နက်ကျားမ အတွဲကိုပဲ ယူမှာပါ၊ ဒါပေမယ့် ဒီအခေါက် ကိုကြီးက မလိုက်နိုင်ဘူး၊ ဦးမြင့်အောင် တို့ တစ်ယောက်ယောက် လိုက်ပေးရမှာ.."

"ဟော!..."

"လူပါလိုက်ရမယ်ဆိုတော့ ကျွန်မတို့ ကြည့်ကျက်ပေးမှာပါ၊ ကိုကြီးက ဝါးခုတ်တဲ့အဖွဲ့တွေနဲ့ သွားမှာမို့လို့.."

ဦးမြင့်အောင် တွေဝေသွားတာ ငွေအမိက မဟုတ်ပေ။ သူ လိုက်နိုင်မှာ မဟုတ်တာ သေချာနေတာမို့ သားတွေ အလုပ်လက်ကြောမတင်းတာနဲ့ ဖြစ်ပါ့မလားလို့ တွေးမိ၍ဖြစ်သည်။

ပြီးတော့ အပြောအဆို ရိုင်းတာတွေလည်းရှိလို့ တော်ရုံဆို သူတို့ကို ဘာမှကို မခိုင်းဖြစ်ခဲ့ပေ..။

"ဦးမြင့်အောင် ဘာစဉ်းစားနေတာလဲ..၊ ကျွန်မတို့က ငှားနေကျရှိလို့ လာတာ၊ ဦးအေးကို တို့ဆီမှာလဲ ရှိတယ်"

"မဟုတ်ပါဘူးဟာ..၊ ငါ့အိမ်ကကောင်တွေနဲ့ ဖြစ်ပါ့မလားလို့ပါ"

"မဖြစ်လဲ ဖြစ်လိုက်တော့ ဦးမြင့်အောင်..၊ သူတို့ပျင်းရင် နွားနဲ့လက်တို့ပြီး ရန်ဖြစ်လိမ့်မယ်..၊ သွားကြမှာ မိန်းကလေးတွေချည်းပဲ.."

ပြောနေတုန်း အလတ်ကောင် တေးချို ဝင်လာသဖြင့် သုံးယောက်စလုံး အကြည့်တွေ ရောက်သွားကြသည်။

"အေးပါ..၊ ဘယ်နေ့လဲ..."

"မနက်ဖြန်..၊ ခါတိုင်းသွားနေကျအချိန်ပဲ.."

"အေး... အေး..၊ ရမယ်.."

ဘာပဲဖြစ်ဖြစ် လက်ခံလိုက်သည်။ စောရီ တို့ပြန်သွားမှ ဦးမြင့်





အောင် အိမ်ပေါ်တက်လိုက်ခဲ့ကာ...

"အလတ်ကောင်..၊ မနက်ဖြန် မင်း တောထဲလိုက်ရမှာနော်.."

"ဟာ...၊ မလိုက်ချင်ပါဘူး"

"မရဘူး ဟိတ်ကောင်..၊ ငါ ခုပဲ လက်ခံလိုက်ပြီ၊ အိမ်မှာလဲ စရိတ်ပြတ်နေတာကို.."

"မရှိတော့ မစားဘူးပေါ့ အဖေရာ..၊ အိုးထဲမှာ ထမင်းမရှိလဲ မစားဘဲ နေလိုက်တာပဲ..၊ အဖေ့ကို ကျွန်တော်တို့ ဘာပြောမိတာ ရှိလို့လဲ.."

"ဩော်..၊ မင်းတို့က ငါ ရှာကျွေးမှ စားမယ်၊ ဒီလိုလား..."

ဟုတ်သလိုလိုပုံနှင့် တေးချို အသံတိတ်နေ၏။ ထိုစဉ် အိမ်ခန်းထဲကနေ သာယာအောင် ထွက်လာကာ...

"ကျွန်တော့်ကို ဆွဲမထည့်နဲ့နော်..၊ အငယ်ကောင်ကိုပဲ စဉ်းစား..."

"အောင်မာ..၊ မင်းတို့က ငါ့ကို ပြန်ပြီး ညွှန်ကြားနေသေးတယ်"

"ညွှန်ကြားတာ မဟုတ်ပါဘူး အဖေရာ..၊ ကျွန်တော် အလုပ်ကြီးအကိုင်ကြီး လုပ်ထားတာရှိလို့.."

သာယာအောင် က စကားပြောရင်း ဝတ်ထားသည့် စွပ်ကျယ်အကျႌကို ခေါင်းကနေ လှန်ချွတ်လိုက်သည်။

ပြီးတော့ ညှော်ခန်းဟု သတ်မှတ်ထားသည့် မျက်နှာချင်းဆိုင်ကုလားထိုင်နှစ်လုံးမှာ ရှေ့မှာရှိနေသည့်အလုံးပေါ် ဖြစ်သလိုပစ်တင်၏။

အကျႌက ကုလားထိုင်ပေါ် မရောက်ဘဲ စားပွဲပေါ်က ဆေးလိပ်တိုအပြည့်၊ ပြာအပြည့်နှင့် ဆေးလိပ်ခွက်ပေါ် အုပ်လျက်သားကျသွားသည်။

ထိုအခါ စားပွဲပတ်ဝန်းကျင်မှာ ပြာမှုန့်တွေ ဖွေးခနဲ လွင့်ပျံ့ကုန်၏။ ဖြစ်စဉ်အစအဆုံးကို ဦးမြင့်အောင် လိုက်ကြည့်နေပြီးမှ—

"ဘာလဲ..၊ ဘာလုပ်ငန်းတွေ လုပ်နေတာလဲ၊ ပြောစမ်း ငါ့ကို—"

"ဟုတ်တယ် အဖေ..၊ ကျွန်တော် ဆန်စက်ပိုင်သမီးတို့ကို ကြိုက်နေတာ..၊ အိုခေတော့မှာ..."



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ..၊ မင်းက..."

"ဟုတ်တယ်.."

"သဇင်နွယ့် ကို..."

"တကယ်ပါဆို..၊ အဲဒါကြောင့် အပြိုင်အဆိုင် ပိုးပန်းနေရတာကို တစ်ရက်တလေမှ နောက်ကျကျန်ခဲ့လို့ မဖြစ်ဘူး.."

ဒီစကားကိုတော့ တေးချို က စိတ်ဝင်စားသွားကာ...

"မင်းကို နွယ် က တကယ် ကြည်တာလား.."

သာယာအောင့် မျက်နှာ ဂုဏ်ယူဝင့်ကြွားဟန်တွေအပြည့်နှင့်..၊

"မင်း မယုံရင် လိုက်ကြည့်လေ..၊ မြို့သားဆိုတဲ့ကောင်နဲ့ ငါ့ကို ဘယ်သူ့ကိုကြိုက်မလဲဆိုတာ..."

တေးချို က ရယ်နေ၏။ အထင်မြင်သေးလို့ လှောင်ရယ်တာတော့ မဟုတ်ပေ။ တမင်တကာ ဂုရုမစိုက်၊ အထင်မကြီးတဲ့ပုံ လုပ်ပစ်တာ ဖြစ်၏။

သူတို့သားအဖမှာ အဖေကလည်း လူချောလူလှတော့ မဟုတ်ပေမယ့် အရုပ်အမောင်း ကောင်းသည်။

သူတို့ညီအစ်ကိုသုံးယောက်စလုံးလည်း အဖေတူသားတွေ ဖြစ်၏။ ထို့ပြင် ရုပ်ရည်တွေအားဖြင့် ရွက်ကြမ်းရေကျိုတော့ ရှိကြသောကြောင့် ချစ်မယ့်ကြိုက်မယ့်မိန်းမလည်း မရှားပေ..။ ရှားနေတာက သူပဲ ဖြစ်၏။ သာယာအောင် နှင့် စာသားညီ က အသားဖြူကြပြီး သူတစ်ယောက်တည်းပဲ အသားညိုနေသည်။ ရုပ်ဆိုးသွားလောက်အောင် မဟုတ်သော်လည်း သုံးယောက်ယှဉ်ပြီဆို သူ ကျန်ခဲ့တာတော့ ရင်ခံ၏။ စာသား ကတော့ ဘာဖြစ်မှာလဲ..၊ သူ့မှာ ဒီအတွက် ရင်ခံနေဖို့ ခံစားချက်မှ မရှိဘဲ..။

"ဘာလဲ..၊ ဖြစ်နိုင်ပါ့မလားလို့ တွေးဆနေတာလား၊ ပါသွားပါပြီ ဆိုပြီး ရင်ထဲမှာ ငိုနေတာလား..."





သူ ငြိမ်သွားတာကို သာယာအောင် က အငိုက်ဖမ်း ခနဲ့၏။

"ဘာမှ ငိုစရာ မရှိဘူး၊ သဇင်နွယ် မာနကြီးမှန်းသိလို့ စိတ်ထဲမှာတောင် ထည့်မကူးဘူး၊ မတန်မရာမှန်းပြီး မင်းပဲ အပြောခံ..."

"ခုခေတ်မှာ ယောကျ်ားနဲ့မိန်းမ မတန်ရာဘူးဆိုတာ မရှိဘူး.."

"ဘယ်ခေတ်မှာဖြစ်ဖြစ် ရှိတယ်"

"မင်း စောင့်ကြည့်လိုက်လေ..."

"မင်းတို့ တော်ကြစမ်း..၊ ငါ အခု မေးနေတာကို ဖြေ..၊ ဘယ်သူ တောထဲလိုက်မှာလဲ.."

"ကျွန်တော် မလိုက်ဘူး.."

သာယာအောင် က အကြီးပီသစွာ ရှောင်ထွက်၏။ ဦးမြင့်အောင် မျက်လုံး သူ့ဆီရောက်လာတော့ တေးချို မျက်နှာရှုံ့မဲ့သွားသည်။

အငယ်ကောင်ကိုတော့ ဘယ်တော့မှ စာရင်းထဲ ထည့်မတွက်တာကို သိပြီးသား..။ အကြီးကော ် ကိုလည်း အဖေ မနိုင်ပါ..။

ဒီတော့ အိမ်မှာမြဲနေတတ်သည့် သူ့ခေါင်းပေါ်မှာသာ..။

"အငယ်ကောင် ဘယ်မှာလဲ.."

စဉ်းစားနေတုန်း ဦးမြင့်အောင် မေးလိုက်တော့ တေးချို ဝမ်းသာသွားကာ...

"သိုင်းဆရာ အိမ်မှာ..."

"ထင်သားပဲ..၊ သူ့အလုပ်က ဒါပဲလေ.."

ဦးမြင့်အောင် ရေရွတ်ပြီး အိမ်ခန်းထဲ ဝင်သွားတော့ တေးချို စိတ်တိုသွား၏။ ဒီလိုပဲ ဒီကောင့်ကျရင် ဆူသလိုလို..၊ ကြိမ်းသလိုလိုနှင့်ပြီးတော့ ခြွင်းချက်ဖြစ်သွားသည်။

သူ ဘာဖြစ်လို့ အငယ်ဆုံး မဖြစ်ခဲ့တာလဲ..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဟား.. ဟား.. ဟား..."

ရယ်သံကြောင့် ပုလဲအိမ် ၏လှုပ်ရှားမှုတွေ ရပ်တန့်ကုန်၏။ လှည့်ကြည့်လိုက်တော့ ရေနွေးပန်းကန်လုံး ပါးစပ်မှာတေ့လျက်နှင့် သွားအဖြီးသား ရယ်နေသည့် တာသားညီ..။

"နင်က ဘာရယ်တာလဲ.."

"ရယ်စရာကြီးမို့ ရယ်တာ..."

ပြောပြီး မချိုမချဉ်မျက်နှာနှင့် အကြမ်းပန်းကန်ကို မော့သောက်ပြီး လင်ပန်းထဲ အသံမြည်အောင် ပြန်ချသည်။

ဘေးမှာ ဝိုင်းထိုင်နေကြသည့်လူတွေကပါ ပြုံးစိစိ ဖြစ်နေကြသည်မို့ ပုလဲ ရှက်သွားကာ ကိုယ့်ပုံစံကိုလည်း သတိရသွား၏။

အပေါ်က ရင်ဖုံးအကျႌ ခါးကျနှင့် အောက်ကတော့ ဘောင်းဘီရှည်ပွပွကြီး...။

"ဟော့... သမီး လုပ်လေ..၊ မုန့်သားပဲ ဆက်ကစား..."

အိမ်ထဲက ဆရာကြီး ထွက်လာလျှင် ပုလဲအိမ် မျက်လုံးရောက်သွားရာနောက် လိုက်ကြည့်ပြီး တာသားညီ တို့ကိုမြင်တော့ သဘောပေါက်သွား၏။





"ကိုယ့်အလုပ် ကိုယ်လုပ်ကြတာ မဟုတ်ဘူး..၊ မင်းတို့က..."

ဆရာ ပြောလိုက်မှ အားလုံး မျက်နှာပိုးတွေ သပ်၏။ ဆရာကြီးမှာ တပည့်တွေ အများကြီးရှိပါသည်။ အားလုံး ယောကျ်ားတွေချည်းပဲ ဖြစ်ကာ မိန်းကလေးက ပုလဲအိမ် တစ်ယောက်တည်း ပါ၏။ ရွာသားအချင်းချင်းတွေမို့ လူငယ်တွေချင်းလည်း ရင်းနှီးကြသည်။ ပုလဲအိမ်နှင့်တော့ မရင်းနှီး..။

သူမက ကိုယ်ခံပညာလာသင်နေတာ မှန်ပေမယ့် ယောကျ်ားလေး စိတ် ဝင်နေတာမျိုး မဟုတ်..။

ပေါ်ပေါ်တင်တင်လည်း မဟုတ်ဘဲ လာချင်တဲ့အချိန်ကျမှ လာကာ ရောက်လာပြီဆိုတော့လည်း ခုလိုမျိုး ထော်လော်ကန့်လန့် မြင်ရတတ်တာ ခဏခဏပင်..။

ဆရာကြီးကတော့ ပြောပြဖူးသည်။

"ပုလဲအိမ် မှာ အိမ်တွင်းရေး အရှုပ်အရှင်း ရှိပုံရတယ်၊ ဒီပညာ ဘာလို့တတ်ချင်တာလဲတော့ ငါလဲ မသိဘူး၊ ဒါပေမယ့် တော်တော် လိုချင်နေတာမို့လို့ ခေါင်းမခါရက်ဘူး..." တဲ့..။

ပုလဲအိမ် က လျှို့ဝှက်သောအိမ်ကြီးထဲကမို့ ရွာသားတွေနှင့်လည်း မခင်..။ အဲဒီအိမ်ကြီးထဲကလူတွေကို ရွာသားတွေ စိမ်းသလောက် သူမနှင့် မရင်းနှီးကြတာလည်း မဆန်းပေ..။

သင်တန်းမှာ တွေ့မြင်နေကြတာတောင် အားလုံးက ဘာမှလည်း မပြော..၊ စပ်လည်း မစပ်စုဘဲ ပါးစပ်ပိတ်နေကြသလောက် ခုလို အမြင် မတော်တာ၊ စော်တာတွေလည်း ဘယ်သူကမှ ဂရုစိုက် ကြည့်မနေကြ..။ မိန်းကလေးမို့ ညှာတာကြတာမျိုးပဲ ဖြစ်၏။

ဒီထဲမှာ တားဆီးချိန်မရအောင် ဂရုမစိုက်စွာ ကဲ့ရဲ့တတ်တာက တာသားညီ..။

"သမီး မကစားတော့ဘူး ဆရာ..၊ ဒီနေ့ ပြန်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com



ပုလဲအိမ် ပြန်သွားသံကြားတော့ ခေတ်ဦး က စာသား ကို လက်တို့ကာ...

"ပုလဲအိမ် ရှက်သွားပြီ...၊ မင်းကလဲ..."

"အေးလေ...၊ သနားပါတယ်"

"ဘာသနားစရာရှိလဲ.."

စာသားညီ က ဂျယ်မကူရဘဲ သူ့ဘာသာ ထိုးထိုးထောင်ထောင် ရှုပ်ပွနေသည့် ဆံပင်တွေကို သပ်တင်ပြီး လှမ်းကြည့်၏။

ပုလဲ တကယ်ပြန်သွားတာကို မြင်တော့ ပြုံးကာ...

"မလုပ်ဘူးဆို အရှင်းနေပေါ့ကွ...၊ လုပ်မှတော့ လူမြင်ကောင်းအောင် လုပ်ရမှာပေါ့၊ ရွာထဲမှာ ဘယ်မိန်းကလေးမှ သိုင်းမသင်ဘူး၊ ကဗျာလိုလို မဟာလိုလိုနေတဲ့ ဂေဟာကြီးထဲက ထွက်လာပြီး သိုင်းလာသင်တာ သူခိုးလိုလို.. ကြမ်းပိုးလိုလို..."

"အဲဒါ မင်းတို့ကို ငါပြောပြီးပြီလေကွာ.."

အနားကို ဆရာကြီး ရောက်လာတော့ ခေတ်ဦး တို့က နေရာရွှေ့ဖယ်ပေးကြ၏။

ပုလဲအိမ် ပြန်သွားတာကို ဆရာကြီးက စိတ်မကောင်းဖြစ်နေပုံပေါ်ကာ..

"သူတို့အိမ်မှာ အမွေကိစ္စတွေတွေ ရှုပ်နေတာ ဖြစ်နိုင်တယ်၊ ကောင်မလေးကိုယ်တိုင်က ပြောချင်ပုံမရတော့ ငါလဲ ဘာမှမမေးခဲ့ဘူး၊ သူပြောတာက သူ့ကိုယ်သူ ကာကွယ်နိုင်အောင် သင်ပေးပါတဲ့၊ ထူးချွန်ချင်လို့သင်တာ မဟုတ်ဘူး၊ သူများကို အန္တရာယ်ပြုဖို့လဲ မဖြစ်နိုင်လို့ ငါ လိုလိုချင်ချင် သင်ပေးလိုက်တာ.."

"သူ့ပုံစံက နုနုနဲ့နဲ့ပါ...၊ သင်လို့ရော လွယ်ရဲ့လား ဆရာ.."

"မလွယ်ပေမယ့် ကောင်မလေးက ဇွဲရှိပါတယ်၊ သူတို့အိမ်ကြီးထဲမှာ ဦးလူမော်အောင် နဲ့သူရယ်၊ အိမ်အလုပ်သမား နှစ်ယောက်ရယ်ပဲ





ရှိတာတဲ့.."

"ဦးလူမော်အောင် က ချည့်တိချည့်နဲ့ပါ...၊ အိမ်ကြီးပေါ်ကနေ တောင် အောက်ရောက်အောင် ဆင်းနိုင်တာမဟုတ်ဘူး.."

ခေတ်ဦး က ဝင်ပြောသည်။ ဒါကျတော့ ခေတ်ဦး တို့လောက် စာသားညီ မသိပါ။ သူ့အကျင့်က မျက်စိအောက်ဝင်လာတာမှလွဲ၍ ဘာကိုမှ စိတ်ဝင်တစား စပ်စုတာမျိုး မလုပ်တတ်...။

နှစ်ထပ်ပျဉ်ထောင်အိမ်မြင့်မြင့်ကြီးကို ရွာရဲ့နောက်ဆုံး အစွန်အဖျားမှာ ခြံကြီးဝင်းကြီးနှင့် တခမ်းတနား မြင်နေရပေမယ့် ဒီအိမ်ကြီး တံခါး အမြဲတမ်း တံခါးပိတ်ထားတာကိုလည်း ဂရုမစိုက်မိ..။

တောနှင့်မတန်အောင် အကောင်းဆုံး ကားကြီးတွေ မကြာခဏ ဝင်ထွက်နေတတ်သည့်အကြောင်းကိုလည်း စိတ်မဝင်စား..။

နောက်ဆုံး အိမ်ပိုင်ရှင် ဦးလူမော်အောင် ဆိုတာတောင် နာမည် အပြည့်အစုံကို ခုမှ သေချာသိတာ ဖြစ်သည်။

"သူတို့ ဘယ်လိုအကြောင်းတွေ ရှိနေနေကွာ..၊ ဒီမှာတွေ့ရင်တော့ မောင်လို နှမလို သဘောထားပြီး စောင့်ရှောက်ကြပါ...၊ မဖွယ်မရာ မနှောက်မိပါစေနဲ့.."

"ကျွန်တော်လား...၊ ကျွန်တော် သူ့ကို မနှောက်ပါဘူး၊ ရယ်စရာတွေ့လို့ ရယ်လိုက်တာ..."

စာသားညီ က သူ့အပြစ်ဖြစ်လာမှာကို ကြိုတင်ကာကွယ်သည်။ ပြောမှုပိုဆိုးတာကိုတော့ ဂရုမစိုက်သဖြင့် ဆရာကြီးက ခေါင်းခါသည်။

"ရယ်လိုက်တာက အပြစ်မရှိဘူးလို့ ပြောနိုင်ပေမယ့် တစ်ဖက်သားမှာ မဖွယ်မရာဖြစ်တာပေါ့ကွ..၊ ပြောကြကြေးဆို... မင်းတို့ယောကျ်ားလေးတွေက ဒီပညာကိုတတ်ချင်လို့ သင်တယ်ဆိုတာရှိတာ၊ သူ့မှာ ဘဝအတွက် အရေးပါတဲ့ရည်ရွယ်ချက် ရှိတယ်၊ သနားစရာလဲ ကောင်းပါတယ်၊ စာနာစိတ်လေး မွေးကြပါ..."



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ဆူသွားတာပေမယ့် ဒီလိုအပြောလောက်ကို ပန်းနဲ့ ပေါက်သလိုပဲ ထင်တာမို့ စာသားညီ တို့ အပြုံးမပျက်ပေ..။

ဒီသင်တန်းမှာ သူပဲ အတော်ဆုံးဖြစ်ကာ လက်ကလည်း ယဉ်သည်။ သင်တန်းဆရာ ဦးထွန်း ခမျာ တပည့်အတော်ဆုံးရယ်လို့လည်း ဂုဏ်မယူနိုင်ခဲ့ပေ။ စာသားညီ ပြဿနာတက်ပြီဆိုတိုင်း ဒီပညာတတ်လို့ဆိုသည့် ခေါင်းစဉ်မည်းမည်းကြီးက သူ့မှာ ရိုက်ခတ်၏။

"ဆရာကြီး..၊ ကျွန်တော် မသိလို့ မေးပါရစေ.."

ခေတ်ဦး ကပဲ စ,ကာ...

"ပုလဲအိမ် ဆိုတဲ့ ကောင်မလေး စာရေးတတ်ရဲ့လား မသိဘူးနော်၊ သွားတဒလာတာလဲ မရှိဘူး၊ အပြင်လဲ မထွက်ဘူး"

"သူ့ ဆယ်တန်းအောင်ပြီးမှ ဒီမှာ အပြီးနေလိုက်တာတဲ့..၊ အခု အဝေးသင်နဲ့ ဖြေတယ်လေ.."

"အောင်မယ်.. မဆိုးပါလား..၊ ဒါတော့ ပြောတယ်နော်"

ခေတ်ဦး တို့က တစ်ယောက်တစ်ခွန်းမေးပြီး တစ်ခုခု သိရတိုင်း စာသားညီ ကို လှည့်လှည့်ကြည့်သည်။ ကြည့်ပြီးတော့လည်း မဲ့ချင်ချင် မျက်နှာတွေ ဖြစ်သွားတတ်၏။

ဟားတိုက်ရယ်မောပစ်လိုက်တာက သူ..။ သိသင့်သိထိုက်တာတွေ သူများက မေးနေတာကျတော့ သူနှင့် မဆိုင်တဲ့အတိုင်း..။

ရေနွေးထည့်သောက်လိုက်..၊ ငါးခြောက်ဖုတ်ကောက်ဝါးလိုက်..၊ ခွေးကောင် မျိုလည်း မျိုကျနိုင်လွန်းသည်။







## အခန်း (၄)

"လုပ်ကွာ..၊ နည်းနည်း..."

"မလုပ်ချင်ပါဘူး"

"ဘာဖြစ်နေတာလဲ..."

"စိတ်မပါလို့.."

ကရင် တို့သုံးယောက် မျက်လုံးချင်း ဆုံသွား၏။ အရက်ဆိုင်ထဲက ထောင့်စားပွဲမှာ လေးထောင့်ခုံမို့ သူတို့လေးယောက် ဝိုင်းလိုက်တော့ အံကိုက်..။

စာသား ဆိုတဲ့ကောင် ကန့်လန့်လုပ်ပြီဆို ဒီတိုင်းပဲမို့ ဆက်လက်တိုက်တွန်းဖို့လည်း စိတ်ကူးမရှိတော့ဘဲ အမြည်းပန်းကန်ကိုပဲ သူ့ဘက် ထိုးပေးလိုက်ရသည်။

စာသား က ကြွက်ကြော်နှင့် သရက်ချဉ်သုပ်ကို အကျအန ဝါးရင်း နောက်ကထရံမှာ လှဲမှီနေလိုက်သေးသည်။

ဘာကိုမှ စိတ်မဝင်စားတတ်သော်လည်း ဆိုင်ထဲရောက်ပြီဆို လက်ဖက်ရည်ဆိုင်..၊ အရက်ဆိုင် ဘာဆိုင်ဖြစ်ဖြစ် လူမြင်ကွင်းတို့ မျက်နှာမူ၍ နေရာယူ၏။

လူကြည့်တော့လည်း ဟိုဟိုဒီဒီ လိုက်ကြည့် စပ်စုနေတာမဟုတ်ဘဲ...



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်ဦး...၊ မင်းအစ်ကို မင်္ဂလာဆောင်တော့မှာဆို..."

သူ့ ကောက်မေးလိုက်မှ ခေတ်ဦး အာရုံပျက်သွားကာ...

"မင်းကို ဘယ်သူပြောတာလဲ.."

"ဘယ်သူ ပြောပြောကွာ..၊ မေးတာကိုပဲ ဖြေစမ်းပါ"

"မင်းအစ်ကို ပြောသလားလို့ပါ.."

အစ်ကိုဆိုတာ ပါလာတော့ စာသား မျက်လုံး ဒီဘက်ရောက်လာသည်။ ခေတ်ဦး က ဆက်၍...

"ငါ့အစ်ကိုက နဂိုကတည်းက ဂရိုဂချောင်ရယ်..၊ အဲဒါ မမဖြူနဲ့ လက်ထပ်ဖို့ သေချာနေမှ မင်းအစ်ကိုက သူနဲ့ငြိခဲ့တဲ့ကိစ္စတွေပြောပြီး ရှော့ရိုက်ပစ်လိုက်တယ်"

စာသား မျက်မှောင်ကြုတ်သွား၏။ ဒီအလုပ်မျိုးတော့ မလုပ်သင့်တဲ့ကိစ္စပါ...။

"တကယ်လား..."

"တကယ် ပြောတာ..၊ အဲဒီကိစ္စနဲ့ အစ်ကို ဒေါ်ပွပြီး မင်္ဂလာရက်သတ်မှတ်ဖို့ဟာ နေ့ရွှေ့...၊ ညရွှေ့တွေ ဖြစ်ကုန်တာပဲ.."

သာယာအောင် ဆိုတဲ့ အစ်ကိုတစ်ယောက်အကြောင်းက အကောင်းသိပ်မရှိပါလား...။ ရည်းစားတွေ ထားသည်၊ ပြီးတော့ ပြတ်စဲခြင်းသို့ ရောက်၏။

မဆိုင်သလို ဝေးဝေးနေလိုက်လို့ရပေမယ့် အပေါင်းအသင်းများတာက သူပဲ ဖြစ်နေတော့ သာယာအောင် လုပ်လိုက်သမျှ ဇီလူတွေနှင့် လွတ်လပ်တယ်ဆိုတာ သိပ်မရှိ..။

ပြီးတော့ ကြားထားတာ ရှိသေးသည်။ ဆန်စက်ပိုင်သမီးနဲ့ ဘာလိုလို..။

"ဟော... ဟိုမှာ သစင်နွယ် ကွ..၊ ကြည့်ပါဦး...၊ ဘယ်အချိန်ကြည့်ကြည့် လှနေတာပဲ.."





တွေးနေတုန်း မျက်စိရှေ့ ရောက်လာသည်။ ပန်းနုရောင် ထဘီနှင့် တီရှပ်လက်တိုလေးကို ဝတ်ထားကာ ခါးလောက်ထိရှည်သည့် ဆံပင်တွေကို ဖြန့်ချထား၏။

အရက်ဆိုင်သည် မျက်နှာစာရှေ့မှာ သံဆန်ခါတစ်ဝက် ကာထားသော အထဲမှ တစ်ခန်းလုံးအပြည့် အရက်ဝိုင်းတွေချည်း ဖြစ်၏။

ရှာဆိုပေမယ့် တဲပုတ်လေးထဲမှာမဟုတ်ဘဲ အထဲမှာ သီချင်းသံက ငြိမ့်ငြိမ့်လေး ရွှက်လွှင့်နေ၏။

ညနေခင်းမှာ မိန်းကလေးတစ်ယောက်၏အလှက ထင်းနေသော်လည်း အရက်ဆိုင်ထဲ ဝင်လာသည့် ခြေလှမ်းတွေကတော့ အကျည်းတန်နေသည်။

သူမ ဒီဆိုင်ထဲကို တစ်ခါတစ်ရံ လာဖူးသည်ဟု ကြားသည်။ ဘာဖြစ်လို့လဲဆိုလျှင် ဆိုင်ရှင်လင်မယားထံမှာ ကြွေးမြီရှိထားသဖြင့် တစ်လတစ်ခါ အတိုးသတ်ဖို့ ဖြစ်သည်။

သူမ တစ်ခါတလေလာပေမယ့် စာသား မျက်စိရှေ့မှာ မြင်ရတာတော့ ဒါ ပထမဆုံး...။

"စာသား မြင်လား..၊ ဟိုမှာ... အဲဒီတစ်ယောက်ကိုလဲ မင်းအစ်ကိုက ရိုတ်တိုတ်တိုတ်ရယ်.."

ကရင် ထံမှ သတင်းထွက်လာတော့ စိုက်ကြည့်နေသည့် သူ့မျက်လုံးတွေကို လွှဲပစ်လိုက်၏။

"ဒီမိန်းမ ဒ်လောက် လှစည်နေတဲ့အချိန်ကြီး ဘာလာလုပ်တာလဲ မသိဘူး..၊ အရင်တစ်ခါတွေ့တုန်းက မနက်ပိုင်းကြီး ဝင်သွားတာ.."

ခေတ်ဦး က သူမြင်လိုက်တာကိုပြောပြီး နှမြောတသစွာ စုတ်သပ်၏။ တစ်ဆိုင်လုံးသည် သူမ ခြေတစ်လှမ်း ကျူးကျော်ဝင်လာပြီးကတည်းက တိခနဲ တိတ်ကျသွားတာ မီးကို ရေနဲ့ဖျန်းပက်လိုက်သလိုပင်...။

အခြေအနေကို သစင် ကလည်း သိသည်၊ ဒါပေမယ့် ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



လက်ကုန်ပြီး နှစ်ရက်လွန်ပြီ ဖြစ်သည်။ ဆိုင်ရှင် ကိုကျားကြီး သည် အလွန်လက်ခက်သူဖြစ်ကာ မိန်းမလုပ်သူကလည်း ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ပြောတတ်တဲ့နေရာမှာ ဆရာကြီး..။

တွန့်ခနဲတော့ တစ်ချက်ဖြစ်သွားမိသည်။ ဒီလမ်းကိုလာတာပဲမို့ ရှေ့ကို ဆက်တိုးခဲ့ရင်း မျက်လုံးတစ်ဖက်အစွေမှာ စာသား တို့စားပွဲဆီ ရောက်သွား၏။

ဘယ်တုန်းကမှ မျက်နှာချင်းမဆိုင်ဖူးသလို လမ်းမှာ ရင်ဆိုင်တွေ့လည်း မျက်လုံးချင်း မဆုံခဲ့ဖူးသော စာသား သည် ထရံမှာပင် ပျင်းရိပျင်းတွဲမှီလျက် စားပွဲပေါ်က စားစရာကို ပါးစပ်ထဲထည့်နေပုံက မက်မက်မောမောရှိပုံလည်း မရ..။

မျက်ဝန်းတွေကို ပြန်ရွေ့ပြီး ကောင်တာဆီ ဆက်လျှောက်ခဲ့သည်။

"ဟာ!... ညီမလေး.. နေပါဦးကွာ..၊ မနက်ဖြန်မနက်ပိုင်း နင့်အစ်မကို လွှတ်လိုက်ပါ့မယ်.."

မြင်လိုက်တာနှင့် ကောင်တာနောက်ကနေ ကျားကြီး က ဆီးတောင်းပန်၏။ ပြန်လှည့်သွားဖို့က အဒေါ်ဖြစ်သူက မှာလိုက်တာ တစ်ထစ်ချ..။

"မရရင် တန်အောင်ပြောပစ်ခဲ့..၊ နောက်နေ့ မပေးနိုင်ရင် အပေါင်ပစ္စည်း လာထားပါလို့ ပြော..."

အဒေါ်က ပါးစပ်ကြမ်း..၊ စရိုက်ကြမ်းဖြစ်ကာ မှာရင် မှာသလို လုပ်မှ..။ အပျိုအရွယ်လေးဖြစ်သည့် သူမက သောက်စားနေကြသည့် ယောကျာ်းတွေကြားထဲမှာ ဒီစကားတွေပြောပြီး ဘယ်လို သောင်းကျန်းမလဲ..။ တကယ်ဆို သူမကိုယ်တိုင်ကလည်း အဒေါ်လိုပဲ နာမည်ကြီးသည့် သဇင်နွယ် ပါ။ ဒီနေ့ ဒီနေရာမှာတော့ ပြောဆိုဖို့ ပါးစပ်က ဆွံ့အ,နေခဲ့၏။

"အော်... လုပ်ပါ ညီမလေးရာ..၊ အစ်ကို တကယ် စုထားတာ





မပြည့်သေးလို့ပါ"

ပြောတတ်သည့်ဗီဇအတိုင်း ဒီလောက် ရောင်းဝယ်ကောင်းနေတာတောင် အတိုးကလေးပေးဖို့ကို မပြည့်သေးဘူးဆိုတော့ ဒေါ်သက ထောင်းခနဲ ဖြစ်၏။

"လိမ်မယ်ဆိုလဲ ယုံအောင်လိမ်စမ်းပါ ဦးကျားကြီး ရယ်..၊ သူများငွေကိုယူပြီးရင် ပြန်ဆပ်ဖို့ဆိုတာ ရှိကိုရှိရမှာပေါ့၊ နေ့စဉ် ထမင်းစားဖို့ကျတော့ သိနေပြီး စားဖို့ယူထားတာကို မေ့စရာလား.."

"စွာလှချေလား သဇင် ရဲ့..၊ ကိုယ့်အချင်းချင်းတွေပဲဟာ..."

ဘေးမှာ ရောက်လာသည့်အရိပ်နှင့်အတူ အရက်နံ့က နီးနီးကပ်ကပ် စူးစူးဝါးဝါးကြီး ထွက်လာ၏။ လှည့်ကြည့်လိုက်တော့ အမြဲတမ်း တကပ်ကပ်လိုက်နေတတ်တာ ဘယ်လိုပဲ ပိုးစိုးပက်စက်ပြောပြော ရှက်ရမှန်းလည်း မသိသည့် ဖိုးခွား...။

ဖြူသည့်အသားက အဆီပြန် နီရဲနေလျက် မျက်တောင်ဖျားတွေစင်းနေလိုက်တာ ဘယ်လို အားတင်း၍ မျက်လုံးကို ပြူးပြဲထားရသည် မသိ..။

"ဟဲ.. ဟဲ... သိပ်လှတာပဲ သဇင် ရယ်..၊ တစ်ယောက်တည်းဖြစ်နေလို့ အားကိုးဖော်ဖြစ်အောင် လာနေပေးတာပါ၊ မျက်စောင်းကြီးနဲ့ မကြည့်ပါနဲ့.."

"မလိုပါဘူး..၊ နင့်ရဲ့ ရွံစရာမျက်နှာကြီး လာရပ်နေတာ ပိုနလုံးနာဖို့ ကောင်းထယ်၊ ငါ့နားက ထွက်သွား..."

"ဟား!... ဖွဲလှချေလားကွ..၊ ဖိုးခွားရာ မင်းမို့ပဲ..."

စားပွဲတစ်ဝိုင်းလုံးမှာ အုံဖွဲ့နေကြသည့် သုံးယောက်က တက်ညီလက်ညီ ထ,သွားကြသည်။ အနားမှာ လေးယောက်ဖြစ်သွားတော့ သဇင် မျက်နှာပျက်သွား၏။

အားလုံး၏ စိတ်ဝင်စားမှုတွေ ဒီမှာပဲ စုပြုံရောက်လာတာ မရှင်း



www.burmeseclassic.com

www.burmeseclassic.com



တွေက လောင်းကစားပွဲတစ်ခုခုနှင့် ကြုံရသလိုလို ဝမ်းသာအားရ အာသာငမ်းငမ်းတွေ..။

သဇင် ယောကျ်ားလေးယောက်ကြားထဲကနေ စာသား တို့ဝိုင်းကို လှမ်းကြည့်လိုက်၏။ အားလုံး လှမ်းကြည့်နေကြသည့်ထဲမှာ စာသား လည်း ပါပေမယ့်...

"သဇင် ကလဲ သဇင် ရယ်..၊ သူငယ်ချင်းတွေတောင် ပြေးကုန်ကြပြီ"

"အို... ဘာလုပ်တာလဲ..၊ ခွေးသူခိုးဘောင်းစား...၊ လွှတ်.. လွှတ်... နော်..."

"ဟား.. ဟား.. ဟား..."

"ဒါမှပေါ့ကွ..၊ ယောကျ်ားဆိုတာ ပေးပြီးရင် ရအောင်ပြန်ယူတတ်ရမယ်"

"အေးလေ..၊ သူကချည်းပဲ ခြေသုတ်ဖက်ဖြစ်နေရတာ ဒီလောက်တော့ ရှိသင့်တယ်"

လေးယောက်သား ဝိုင်းဝန်းလှောင်ပြောင်နေကြ၏။ ဖိုးခွား က လက်တစ်ဖက်ကနေ နှစ်ဖက်စလုံးကို ဆုပ်ကိုင် ချုပ်လိုက်သည်။

"လူယုတ်မာ..၊ ခွေးဝဲစား... လွှတ်..၊ ငါ့လက်ကို လွှတ်စမ်း.."

ဘယ်သူမှလည်း တားဆီးမယ့်သူ မရှိ..၊ ရယ်သံတွေကလည်း မစဲ။ အခြေအနေ ပိုဆိုးလာပြီဆိုမှ ကောင်တာနောက်ကနေ ကိုကျားကြီး ကွေ့ပတ်ထွက်လာကာ...

"မလုပ်ကြနဲ့လေကွာ..၊ မင်းတို့ကလဲ ကိုယ့်ရွာသားချင်း..."

"မတားနဲ့ဗျာ..၊ ဟိုမှာ စာတ်ရှိန်မြင့်နေတာကို.."

"မဟုတ်ဘူးလေကွာ..၊ မင်းတို့ရှင်းရမယ့် ပြဿနာက သေးသေး မဟုတ်ဘူး၊ မလုပ်ကြပါနဲ့..."

ကိုကျားကြီး က ကြားထဲက တားတဲ့သူတွေလက်ကို ဖယ်ရှားကာ





သဇင့် ကို ဖွတ်အတင်း ဆွဲလှဲနေသည့် ဖိုးခွား ဆီ ရအောင်ဝင်သည်။

"ဖိုးခွားရာ..၊ ညီလေးက မူးနေလို့ သွေးဆူတာပါ၊ စိတ်တိုထိန်းစမ်းပေါ့၊ ငါ့ညီလေးက လူကောင်းသူကောင်းပါ၊ ဒီလိုမလုပ်ရဘူး၊ ဒါ ကိုယ့်ရွာသားချင်းလေ..."

ကိုကျားကြီး က ချော့မော့တောင်းပန်ရင်း လက်ကို မရမက ဖြေချသည်။

"ဟေ့.. နင် ငါ့ကို အဖြေပေးနော်..၊ မပေးရင် နောက်တစ်ခါဆို ဒီ့ထက်ဆိုးမယ် မှတ်..."

သဇင် ပိုက်ဆံအိတ်ရှည်လေးနှင့် ပါးစပ်ပိတ်ကာ ငိုရှိုက်ရင်း ပြေးထွက်သွား၏။

"တောက်..၊ ကိုကျားကြီး ဝင်ရှုပ်တယ်ဗျာ.."

နမ်းဖို့ မရမကကြိုးစားနေတုန်း လျှော့ပေးလိုက်ရတော့ ဖိုးခွားက မကျေနပ်ချင်..။ တခြားလူတွေကတော့ ဘာမှထပ်မပြောတော့ဘဲ စားပွဲမှာ ပြန်ထိုင်သွားသည်။ ဖိုးခွား ကို ကိုကျားကြီး တော်တော် ချော့မော့နေရ၏။ ယောကျ်ားချင်းကို ကြောက်နေတာ မဟုတ်ပေမယ့် ဒီကောင်တွေက ကိုယ့်ဖောက်သည်တွေမို့ မိတ်ပျက်ခံလို့မဖြစ်..။

"စာသား..၊ သဇင် သနားပါတယ်ကွာ.."

"သနားရင် စောစောက ဟီးရိုး ဝင်လုပ်လိုက်ပါလား"

"ဟ..၊ ငါတို့က သောက်ထားကြတာ၊ ပြီးတော့ ဟိုကောင်တွေလို ဘာတွေညာတွေ မတတ်ဘူး.."

"အဲဒါ ဘာဖြစ်လဲ.."

"မင်းက ဘာမှ မသောက်ရသေးဘူးလေ၊ မူးနေတဲ့ကောင်တွေကို အသာလေး အနိုင်ယူလို့ ရတယ်"

စာသား က ပါးစပ်ထဲက စားစရာကိုဝါးရင်း ထရံမှာချိတ်ထားသည့် လက်ဆွဲအိတ်ကို ယူ၍ ပိုက်လိုက်သည်။ ပုံစံက စကားမပြောချင်သလိုလို.. ပြောချင်သလိုလို..။



www.burmeseclassic.com

ဘေးကနေ ဘာမှမပြောသေးဘဲ ကြည့်နေသည့် ကရင် က မျက်နှာ ရှေ့နည်းနည်းတိုးကာ...

"မင်းတို့ မြင်လိုက်လား..၊ သဇင် ဒီဘက်ကို လှမ်းလှမ်းကြည့်တာ..."

"မြင်သားပဲ..."

"မြင်တယ်..."

စာသား မှလွဲ၍ အားလုံး ဖြေသံထွက်လာသည်။ ကရင် က အားလုံး၏အဖြေကို ရပြီးမှ စာသား ကိုကြည့်ကာ...

"ငါတို့ကိုကြည့်တာ မဟုတ်ဘူးကွ..၊ မင်းကို အားကိုးတဲ့ပုံ..."

"ကရင်..."

စာသား က လက်ပိုက်ကိုလည်း ဖြုတ်သည်။ မှီနေရာကနေ လှုပ်ရှားတောင့်မတ်သွားခဲ့ပြီး..

"အဲဒီမိန်းမအကြောင်း မင်း တော်တော် စိတ်ဝင်စားနေလား"

ကရင် ပါးစပ်ပိတ်သွားသည်။

"ရင်ထဲမှာ တနုံ့နုံ့ကျန်ရစ်ခဲ့ရင် ဟိုကောင်တွေ ထိုင်နေသေးတယ်၊ မင်း လုပ်လိုက်..."

သူ နေရာမှ ထရပ်လိုက်လျှင်...

"ဟာ... မင်းက ပြန်တော့မလို့လား.."

"ပြန်မယ်..၊ နားငြီးတယ်.."

ခေတ်ဦး တို့ ရှုံ့မဲ့ကျန်ရစ်၏။ မျိုးချထားတာလေးတွေတောင် မှုးဖို့ မေ့နေရတဲ့အဖြစ်..။ ဒီလိုလူမျိုးများ အားကိုးတကြီး လှမ်းကြည့်နေသေးသည်။ တော်တော်မိုက်မဲတဲ့ မိန်းမ..။







## အခန်း (၅)

မျက်နှာရှေ့မှာ သွေးသံရဲရဲနှင့် တိုက်ကြက်ကြီးတစ်ကောင်ရောက်လာသဖြင့် ကြည့်လိုက်တော့ သာယာအောင်..။

စာသား က ဖတ်လက်စစာအုပ်ကို စားပွဲပေါ် ပစ်တင်လိုက်ကာ ထိုင်နေရာကနေ ထ,ရပ်လိုက်၏။

"နေဦး..၊ မင်း ယောက်ျားပီသခဲ့ပုံကို ချီးကျူးဂုဏ်ပြုချင်လို့.."

"ဘာလဲ..."

"ခဏ စောင့်..."

သာယာအောင် က စားပွဲပေါ်မှာ တင်ထားလိုက်သည့်ကြက်ကို ပြန်ပွေ့ယူလိုက်ပြီး နောက်ဖေး ထွက်သွား၏။

ဖအေကို ကြောက်ရွံ့ရိုသေမှု နည်းကြပေမယ့် ထင်ရာလုပ်ကြတာကို တတ်နိုင်သမျှတော့ ဖုံးဖုံးဖိဖိပါ..။

ကြက်တိုက်လာခဲ့တာကို အဖေ ဝင်လာလျှင် မြင်သွားမှာစိုးလို့ နောက်ဖေးတန်းပေါ်မှာ ကြက်ကို သွားထားတာမှန်းသိတော့ စာသား နေရာမှာပဲ ရပ်နေလိုက်၏။

သာယာအောင် ပြန်ထွက်လာမှ...

"ဘာလဲ.. မြန်မြန်ပြော..၊ ရေချိုးမလို့.."

www.burmeseclassic.com



"မင်း တော်တော်ကျော်နေနိုင်လွန်းတဲ့ကောင်ပဲ စာသား..."

"မနေနိုင်ရအောင် ခွေးလှေးယားသီးတစ်တွဲလုံး ဖင်ခုထိုင်မိတဲ့ ကောင်မှ မဟုတ်တာ၊ ဘာလုပ်ရမှာလဲ.."

"အေး.. မင်း မထိုင်မိပေမယ့် ငါ ထိုင်မိတယ်..၊ မင်း လူမဆန်လို့ ငါ့မှာ ခွေးလှေးယားသီးမကဘူး ငရုတ်သီးတစ်ပန်းလုံးကို ဖင်ခုထိုင်မိတာ..၊ အဲဒီထက် အဖြစ်ဆိုးတယ်..."

"အင်းထဲ သွားနှန်ချလိုက်လေ.."

"စာသား..."

သာယာအောင် စာသား ပခုံးကို စစ်ဆတ်ဆတ် ဆွဲလှုပ်ကာ...

"ငါ တစ်နေ့လယ်..၊ တစ်ညနေလုံး ဟိုဘက်ရွာမှာ ကြက်ပွဲရှိလို့ သွားနေတာ..၊ ညနေက မင်း အရက်ဆိုင်မှာ ဘာအချိုးချိုးလာခဲ့သလဲ.."

နှစ်ပေမီးချောင်း အလင်းရောင်အောက်မှာ ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင် စူးစိုက်ကြည့်မိကြသည်။

အလှအပကို ဂရုစိုက်တာလည်းရှိသည့် သာယာအောင် သည် ခပ်အုပ်အုပ်ဆံပင်ကို အလယ်ခွဲ၍ ပုံကျအောင် ဖြီးသင်တတ်တာဖြစ်သည်။ ဒါပေမယ့် ခုတော့ မောပန်းသေါသထွက်ကာ ဆံပင်ပွယောင်းယောင်းနှင့် မျက်နှာပြင်မှာ ချွေးစတို့ကြောင့် စိုလက်နေ၏။

ဖြူသောအသားက ကြေးနီရောင်သမ်းလျက်..၊ တင်းမာနေတော့ ကြည့်မကောင်း...။ စာသား မျက်မှောင်ကြုတ်သွားပြီးမှ သဘောပေါက်သွားသဖြင့် တွန့်ကုတ်နေသည့်မျက်ခုံးတွေ ပြေကျသွား၏။

"စာသား ပြောလေကွာ..."

"ဘာကို ပြောရမှာလဲ..၊ အရက်ဆိုင်ထဲမှာ ထိုင်နေပြီး အရက် မသောက်ဘဲ ထ,ပြန်လာလို့ ချီးမွမ်းချင်တာလား.."

"ခွေးကောင်..."

သာယာအောင် တစ်တစ်ခွခွ အသံတိုးနှင့် ဆဲသည်။ ပြီးမှမျက်နှာ





ထို ရှေ့ထပ်ကာ်ကာ...

"သစင့် ဟို ဖိုးခွားတို့လူစု အမဲဖျက်သလို ဝိုင်းဖွဲ့နေကြတာ မင်း မြင်ရက်နဲ့..."

"အဲဒါ ဘာလုပ်ရမှာလဲ..၊ အရက်သောက်နေကြတဲ့ ယောကျ်ားတွေထဲကိုတောင် ဝင်လာရဲကာမှ ကိုယ့်ပြဿနာ ကိုယ်ရှင်းပေါ့.."

"ဒါ သူ့စီးပွားရေးလေ..၊ ယောကျ်ားတွေကြားထဲ ဟန်ရေးပြဖို့ လာတာမှမဟုတ်တာ၊ မင်း အမြင်မတော်တာကို ဒီတိုင်း ထိုင်ကြည့်နေခဲ့တာ ကောင်းလား.."

စာသား မျက်နှာတင်းသွားပြီး ပခုံးမှာဆုပ်ကိုင်ထားဆဲ သာယာအောင့် လက်ကို ပုတ်ချပစ်လိုက်၏။

"ဖိုးခွား တို့အုပ်စုတင်မကဘူး..၊ တစ်ဆိုင်လုံး ဝိုင်းဆွဲနေကြရင်တောင် ဒီတိုင်းပဲ ထိုင်ကြည့်နေမှာ..."

"ကြည့်စမ်း..၊ မင်း..."

သာယာအောင် လက်သီးဆုပ်ကြီးနှင့် အံကြိတ်လိုက်ပေမယ့် နေရာမှမလှုပ်ပေ..။ စာသား ကလည်း ခြေစုံရပ်နေရာက တစ်ချက်မှ မရွှေ့ဘဲ နေ၏။

သူတို့ညီအစ်ကိုတွေ တစ်ယောက်နှင့်တစ်ယောက် ခွန်းကြီးခွန်းငယ်တွေ ဘယ်လိုဖြစ်ဖြစ်.. ရန်ပြု သတ်ပုတ်ကြတဲ့အထိ ဘယ်သောအခါမှ မဖြစ်ခဲ့ဘူးပေ..။

"မင်း ကိုယ်ခံပညာတွေ သင်ထားတာ ဘာလုပ်ဖို့လဲ.."

"နေရာတကာ ဟီးရိုးဝင်လုပ်ဖို့ မဟုတ်တာ သေချာတယ်"

"ယောကျ်ားပဲကွ..၊ မိန်းမသားတစ်ယောက်ကို အမြင်မတော်ရင် ကာကွယ်ပေးရမှာပေါ့.."

"တစ်ဆိုင်လုံး ယောကျ်ားတွေ အများကြီးပဲလေ..၊ ကိုကြီး ဘာဖြစ်လို့ ကျွန်တော့်ကို လာပြောနေတာလဲ..၊ ဖြစ်သင့်တဲ့အတိုင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားတာမို့လို့ အားလုံး ဝိုင်းကြည့်နေကြတဲ့ဟာ..၊ ကျွန်တော်က လူတတ်ကြီး ဝင်လုပ်ရင် ခံသွားရမှာပေါ့..၊ ကိုယ်ခံ့ပညာ သင်ထားပေမယ့် ရုပ်ရှင်မင်းသားမှ မဟုတ်တာ..."

"မင်း ရုပ်ရှင်မင်းသား မဟုတ်ဘူး..၊ အဲဒါ ထားလိုက်..၊ တစ်ဆိုင်လုံးမှာ ယောကျ်ားတွေ ရှိနေကြတာလဲ မှန်တယ်၊ ဒါပေမယ့် မင်းအနေနဲ့ ကြည့်မနေသင့်တာကို မင်း နားလည်ရမှာပေါ့.."

"ဘာဖြစ်လို့လဲ..."

"သဇင် က ငါ့ချစ်သူ..."

စာသား က သိနေပြီးသားကို ထပ်ပြောလိုက်လို့ မထူးဆန်းတာမျိုး ခေါင်းမော့ရယ်၏။ ပြီးတော့ ဘေးကို ခြေတစ်လှမ်းရွှေ့ရပ်လိုက်ကာ...

"ကိုကြီးမိန်းမ ဖြစ်နေရင်တောင် ကျွန်တော်က ကူသင့်၊မကူသင့် စဉ်းစားဦးမှာ..၊ သမီးမိန်းကလေးတစ်ယောက်ကို အရက်ဆိုင်ထဲ ကြွေးတောင်းခိုင်းတဲ့မိဘမျိုးလဲ ရှိနေသေးတော့ ယောကျ်ားတွေကလဲ ရှေ့ရောက်လာတဲ့သားကောင်ကို အလွတ်မပေးချင်ဘူး၊ ဒီထဲမှာ မတရားတာ ဘာမှမပါဘူး.."

"တောက်!... မင်း ဇော်တော် လူစိတ်မရှိတဲ့ကောင်..."

"အဟွန်း..."

"ဘာလဲ..၊ သဇင် က ငါ့ကောင်မလေးဆိုပြီး မင်းက မကြည့်တဲ့ သဘောနဲ့လား..."

စာသား မျက်နှာထက်က အပြုံးတွေ ပျောက်ကွယ်ကုန်၏။

"သဇင် က ချမ်းသာတယ်၊ ရွာမှာလဲ အလှဆုံး..၊ သူ့ကို သဘောမကျတဲ့ကောင် ရှိကိုမရှိဘူး..."

"ကိုကြီး စကားပြောတာ ဆင်ခြင်နော်..၊ ပိုကဲလာရင် ကျွန်တော် သည်းခံမှာ မဟုတ်ဘူး.."





"သည်းမခံတော့ မင်းက ဘာလုပ်ချင်လို့လဲ.."

စိန်ခေါ်ပေမယ့် သာယာအောင် က ရှေ့မတိုးပါ..။

"ဟိတ်..၊ ဘာတွေ ဖြစ်နေကြတာလဲ..၊ ကြည့်စမ်း..၊ မင်းတို့အနားမှာ လူကြီးမရှိတာနဲ့ ဖြစ်ပြီ..၊ ခေါင်းနှစ်လုံး မစုရတဲ့ အမျိုးတွေထား..."

ဦးမြင့်အောင် အိမ်ပေါ်တက်လာတော့မှ သာယာအောင် က ပေခေါင်းစောင်းနှင့် အပြင်ပြန်ထွက်သွား၏။ စာသား က နေရာမှာ ဒီတိုင်း ရပ်နေလျက် မျက်နှာကြီး ရဲတွတ်နေသည်။

"ပြောစမ်း အငယ်ကောင်..၊ မင်းတို့ ဘာဖြစ်နေကြတာလဲ..."

"ဘာမှမဟုတ်ပါဘူး၊ ကြက်ရှုံးလာပြီး ရစ်နေတာ..."

ပြီးစလွယ် လိမ်လွှဲပြောလိုက်တာပါ။ ကြက်တိုက်ခဲ့တာကို ဖော်ချင်တာတော့ မဟုတ်..။ ဒါပေမယ့် ဦးမြင့်အောင် ဒေါသတွေ ပွင့်ထွက်ကုန်မှ...

"တောထဲ လိုက်သွားပါပြောတော့ ဖအေကို အကြောင်းအမျိုးမျိုးပြတယ်..၊ ကြက်တိုက်ဖို့ကျတော့ ထွက်လာလိုက်တဲ့ အချိန်တွေ..၊ ပိုက်ဆံတွေရော ဘယ်ကရနေသလဲ ဒီကောင်..."

စာသား နောက်ဖေး ထဝင်ခဲ့သည်။ စိတ်ညစ်ခြင်းများစွာထဲမှာ နားငြီးတာကို မခံနိုင်ဆုံး..။ ဒါကြောင့် အိမ်မကပ်ဘဲ နေတော့လည်း အိမ်မကပ်ကြတဲ့ထဲမှာ ဘယ်ကောင်က အဆိုးဆုံးဟု ကင်ပွန်းတပ်ခံရ၏။ ဦးမြင့်အောင် အပြင်မှာ ဗျစ်တောက်ဗျစ်တောက်ပြောဆိုလို့ အားရမှ...

"အငယ်ကောင်..."

"ဗျာ..."

ရေချိုးသံကြားလိုက်သဖြင့် ရေချိုးပြီးလို့ ပြန်တတ်လာပြီမှန်း သိကာ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ မနက်စောစော တောပစ်ထွက်မလို့..၊ မင်း လိုက်မှာလား..

အထဲကနေ တော်တော်နှင့် အသံထွက်မလာဘဲ ပြီးတော့မှ...

"မလိုက်ဘူး"

"ငါ အဖော်မပါလို့ ခေါ်တာကွ..၊ အိမ်မှာ ဟင်းစားပြတ်နေပြီ"

"မလိုက်ချင်ဘူး အဖေရာ..၊ တောစပ်လောက်ပဲ သွားပေါ့၊ ကြွ ပဲရရ ဖြစ်တယ်.."

"ကောင်းတာပေါ့ကွာ..၊ ဖအေကို ကျားဆွဲသွားရင်လဲ ဒီအ အနေမှမတတ်တာလို့ ပြောမယ့်ကောင်မျိုးတွေပဲ.."

"ဒီတောထဲမှာ ကျားမှမရှိတာ အဖေရာ..၊ အပိုတွေ.." လို့ စိတ် မှပြောရင်း စာသား ရေသုတ်နေသည့်ပုဆိုးအစိုကို မဖြန့်ဘဲ တန်း ပစ်တင်လိုက်သည်။

အဖေတစ်ယောက်လုပ်စာနှင့် စားသောက် ကျေနပ်နေရသည့် ညီအစ်ကိုသုံးယောက်မှာ တစ်ယောက် နှစ်စုံ၊ သုံးစုံစီလောက်ပဲ ရှိ သည်။ ကြာတော့လည်း ဒါဝတ်ဖြစ်နေပါပြီ။ ရေချိုးတုန်း ဗိုတဲ့အဝတ် ကို လျှော်..၊ ရေညှစ်ထားတဲ့ ပုဆိုးရေစိုနဲ့ ကိုယ်ကိုပြန်သုတ်..၊ ကိုယ် လက်သန့်စင်ခြင်းအတွက် ဝန်ဆောင်မှုက ဒါပဲဖြစ်၏။

သိပ်တော့မဆိုးပါ။ အဝတ်သိပ်မရှိတော့ လျှော်ရဖွပ်ရ သက်သာ နေသည်။ တန်းပေါ်မှာပဲ ခြောက်ရသည့် ရှပ်အကျီအဝါရောင်လက်တို ကို ယူဝတ်နေတုန်း အဖေက အထဲထိ ဝင်လာ၏။

"မင်း ငါ့နောက်သာ မလိုက်ချင်တာ..၊ ဟို ကျားကြီး ဆိုတဲ့ဆရာ နဲ့တော့ ဟိုးအနောက်တောထဲထိ မကြောက်မရွံ့သွားတယ်မို့လား..၊ တော ဘယ်လောက်နက်နက် မင်းသွားချင်ရင် သွားလိုက်တာပဲ၊ ငါ မသိဘူး မှတ်လို့လား..."

"ဆရာ့မှာ တောပစ်သေနတ် ရှိတယ်"

"ငါ့မှာလဲ ရှိတယ်..၊ တောစပ်စပ်မှာ သေနတ်ပစ်လို့ မရလို့.."





"သားအဖချင်း ရှင်းပြမနေပါနဲ့ အဖေရာ..၊ အဖေ့သေနတ်က ငါးချက်ပစ်မှ တစ်ချက်ပဲ မြည်တာ.."

"အောင်မာ..၊ ဒါ အကောင်းဆုံး ရိုင်ဖယ်ကွ.."

"ကောင်းသွားပြီလေ..၊ ဆရာ့ဆီယူသွားပြီး ကျွန်တော်တို့ ပြင် ထားတာကိုး..."

အဝါရောင်မီးသီးအောက်မှာ ဦးမြင့်အောင် အလိုမကျဖြစ်နေ သည့်ပုံစံက အထင်သား..။ ကိုကျားကြီး ဆိုသည့်ဆရာက စစ်မှုထမ်း ဟောင်းတစ်ဦးဖြစ်သလို ကိုယ်ခံပညာတင်မကဘဲ ကိုယ်ကျင့်သိက္ခာ လည်း ရှိသည်။

ခုလို ဘာညာကိစ္စတွေမှာလည်း တကယ်တော်တဲ့လူပါ။ ထို့ ကြောင့် လူငယ်တွေ သူ့ဆီမှာ စုဝေးတပည့်ခံနေကြတာကို မိဘတွေက လည်း ကြည်ဖြူခဲ့ကြတာ ဖြစ်၏။

ဒီရွာမှာ အခြေချလာတာ မကြာသေးပေမယ့် လူငယ်တွေ ချစ်ကြ သည့် ဆရာတစ်ဦးဖြစ်နေခဲ့ပြီး ကိုယ့်သားမှာလည်း ပညာတွေ စုံပြီးရင်း စုံ..။ နဂိုကတည်းက စာသား တို့ ပြောဆိုမကောင်းခဲ့တာ၊ ဒီဆရာနဲ့ တွေ့တော့ ပညာတွေစုံပြီး မြောက်ကြွမြောက်ကြွတွေ ဖြစ်လာသည်။

တောထဲလိုက်ပါ..၊ ထင်းခုတ်ပါဆို ဘယ်တော့မှ ပြောမရ သလောက် သူ့နည်းသူ့ဟန်နှင့် သွားကြကြေးဆို တောထဲမှာ သူ့ထက် တောင် လည်နေသေးသည်။

ဒါက မိဘက သိသိ,မသိသိ၊ ခွင့်ပြုပြု,မပြုပြု အရွယ်ရောက်ပြီ ဆိုကတည်းက ထင်ရာလုပ်လာခဲ့သည့် ငယ်ကျင့်၏အကျိုး..။

တစ်ခါတလေ တောဝက်ရလာသည်ဆိုပြီး မြင်လည်း မမြင်ရ စားလည်း မစားလိုက်ရဘဲ...

"ရော့... တစ်ခြမ်းရောင်းလိုက်လို့ ဝေစုရလာခဲ့တာ" ဆိုပြီး ပိုက်ဆံချပေးမှ သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူနဲ့သွားတာလဲ" လို့ မေးမှ 'ဆရာနဲ့..."လို့ ဖြေ
ဖော်ရသည်။ ဒီဆရာကလည်း စာသား ကိုမှ ချစ်သည်။ စာသား နှ
နှစ်ယောက်တည်းသွားလာဖို့လည်း ဝါသနာထုံပုံရသည်။

ဦးမြင့်အောင် မှ 'ငါ မွေးထားတာ သားတွေပဲ'ဆိုသည့်စိတ်နှ
စိတ်ချလက်ချ ပစ်ခတ်ထားလိုက်ဖို့ အကြိမ်ကြိမ် စိတ်ကူးမိပေမယ့်
မအောင်မြင်ပါ..။

သားလည်း သားမို့ ပူရတာပဲ ဖြစ်၏။ မရိုးရိုတာလေးနှင့် ကျေ
ချင်သည်။ ရုတ်တလေးနှင့် လှအောင် ဆင်ချင်၏။

"ချွေးကောင်၊ ချွေးသူခိုး..." ဘာညာ ပါးစပ်က ဆဲဆိုကြိမ်းမော
နေသည့်တိုင် အိမ်မှာ လူစုံချိန်တန်လို့မှ တစ်ယောက်ယောက်ပဲ့နေပြီဆ
လျှင် ထိုင်နေရတာ ဖင်မကျ..။ ဒါတွေ သင်းတို့ မသိပါလား..။

ဦးမြင့်အောင် ခေါင်းငိုက်စိုက်နှင့် ပြန်ထွက်သွားတော့ စာသ
လည်ပင်းတော့ တစ်ချက်ရှည်ကြည့်၏။ စိတ်မကောင်းဖြစ်မိပေမယ့်
သူ့ အာရုံထဲမှာ 'ငါ စားဖို့ရှာမယ်၊ သုံးဖို့ ရှိမှ..."ဆိုသည့် ရည်ရွယ်ချ
တွေ ဘာမှမရှိပေ..။

ဘယ်သွားသွား..၊ ဘာလုပ်လုပ်.. လွတ်လွတ်လပ်လပ် ရှေ့ရှု
၏။ နောက်ဆံတင်းရမှာတွေ ဖယ်ထားချင်သည်။

မနက်ဖြန်က ဒီနေ့မှ မဟုတ်သေးတာ..။





## အခန်း(၆)

မျက်နှာချင်းဆိုင် လျှောက်လာနေကြတာမို့ သဇင့် ကို စာသား
မြင်သည်။ မြင်ပြီးသည့်နောက်မှာ မျက်လုံးက ထုံးစံအတိုင်း ခြေ
ထောက်ရှေ့ နှစ်ကိုက်လောက်ဆီ ပြန်ရောက်၏။

နှစ်ယောက် ဆုံမိသည့်နေရာ ရောက်လာတော့ သူ ကွေ့ရှောင်
သွားဖို့ ခြေလှမ်းရွှေ့လိုက်သည်။

"ဒီမှာ..."

သဇင် က သူ့ရှေ့ကနေ ပိတ်ရပ်နေလိုက်ကာ...

"စာသား..၊ နင် အရမ်းနေနိုင်တာပဲနော်"

ဘာမှ စကားပလ္လင်ခံမနေဘဲ ဟိုနေ့ကကိစ္စကို သူမကပဲ ပြန်စ
၏။ ထိုအခါကျမှ မျက်နှာရှေ့ရောက်နေသည့် သူမကို စာသား စိုက်
ကြည့်လိုက်မိသည်။

ဗေဒါရောင် ရှန်သားဝတ်စုံလေးနှင့် ကျစ်ဆံမြီးလေး နှစ်ဖက်ခွဲချ
ထားသဖြင့် ဝင်းဖန့်ဖန့်မျက်နှာလေးက ညနေဆည်းဆာမှာ ချစ်စဖွယ်
လေးပါ..။

ဒါပေမယ့် သူ့စိတ်တွေ နောက်နေသဖြင့် ရှေ့မှာ မိန်းမလှလေး
ရပ်နေသည်လို့ မမြင်..။



www.burmeseclassic.com

"နေနိုင်တာတွေ..၊ ခွေယိုင်တာတွေ လာရှုပ်မနေနဲ့...၊ ကျွန်တော်
သွားစရာရှိတယ်..၊ ရှေ့ကဖယ်ပါ..."

တောလမ်းကလေးက လူနှစ်ယောက် ယှဉ်သွားတာရုံပဲရှိနေသဖြင့်
ရိုင်းရိုင်းစိုင်းစိုင်းကြီး ကုတ်ကတ်ရှောင်ထွက်သွားဖို့လည်း မတော်..။

"ငါ မေးစရာရှိလို့ပါ..၊ နင်နဲ့ငါ ဘာမှလဲ မကျေလည်ဖူးတာ
မရှိဘဲနဲ့ အဲဒီနေ့က နင် ငါ့အတွက် နည်းနည်းလေးမှ ကာကွယ်ပေးချင်
တဲ့စိတ် မရှိလောက်အောင် ဘာဖြစ်လို့ နေနိုင်တာလဲ..၊ တကယ်ဆိုရင်
သာယာ နဲ့ ငါက သူငယ်ချင်းတွေ..၊ နင် ဒီလောက်တော့ မရက်စက်
သင့်ဘူး.."

သူငယ်ချင်းတွေတဲ့..၊ ဟိုတစ်ယောက်က ပြောတော့ တစ်မျိုး..
စာသား က မျက်မှောင်ကြုတ်နှင့်ကြည့်ကာ...

"အခု ခင်ဗျား ဘာမှဖြစ်မသွားဘူးမို့လား.."

"သိက္ခာကျခဲ့ရတယ်လေ၊ တကယ်ဆို ငါ အဲဒီလောက်ထိ မဖြစ်
ခင် နင် ဝင်ပါသင့်တယ်"

"နင့်မှာပဲ တာဝန်ရှိတယ်လို့ ဘာဖြစ်လို့ သတ်မှတ်နေကြတာ
လဲ..၊ အရက်ဆိုင်ထဲမှာ ကျွန်တော်တစ်ယောက်တည်း ရှိနေတာလား.."

"ငါက နင့်ကိုပဲ အားကိုးတကြီး တွေးမိတာ..."

ရှုန်းလှဲနေသည့် မျက်ဝန်းအစုံ ဝင့်တက်လာသည်။ မရိုးသားခြင်း
ဆိုတာကို စိတ်က ခံစားမိလိုက်သဖြင့် စောစောက 'သာယာ နဲ့ ငါက
သူငယ်ချင်း..' ဆိုသည့် ဖော်ပြချက်ကို သတိရသွားသည်။

"ငါ စိတ်ဆိုးလို့ပြောတာ မဟုတ်ပါဘူး၊ နင့်အကျင့်ကို သူများ
ထက် ငါ ပိုနားလည်တယ်၊ ဒါပေမယ့်ဟာ ယောကျ်ားမိန်းမ ခွဲခြားစိတ်
ဝင်စားဖို့ မေ့နေလောက်အောင် စိတ်ဓာတ်မြင့်ထန်တာတော့ နည်း
နည်း ပြင်စမ်းပါ..၊ နင်တို့ညီအစ်ကိုသုံးယောက်ထဲမှာ နင်က လူကြမ်း
လေး ဖြစ်နေပြီ.."





စာသား နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု မြင်၏။

"ပြီလား..၊ သွားမယ်..."

"စာသား..."

"ကျွန်တော့်အမေ ပြန်မရောက်သေးလို့ သွားကြိုရမှာ..."

သူ နောက်ထပ် ပြန်ငဲ့မကြည့်တော့ဘဲ ရှောင်ထွက်လာခဲ့သည်။
ခွဲညို့နေသည့် မျက်ဝန်းတစ်စုံကတော့ ခြေလှမ်းဆယ်လှမ်း
တိ ခေါင်းထဲမှာ စထောတစ်ဖြုတ် ပါလာခဲ့၏။

လိုချင်နေတဲ့လူကို သွားပေးပါလား..၊ အဲဒီမျက်လုံးတွေ..။ ရင်ထဲ
တပ်မက်စိတ် အလျှဉ်းကင်းနေခဲ့တာကို ကိုယ့်ကိုယ်ကိုယ် အံ့ဩမိ၏။

သစင်နှယ် ဆိုတဲ့မိန်းကလေး ပျော့တာတွေ၊ မာတာတွေ၊ ဘယ်
ဝ သတင်းမွှေးနေနေ.. ဘယ်တုန်းကမှ သူ စိတ်မဝင်စားခဲ့တာ..။
ည်း ဒီတိုင်းပဲ..။

ဟိုလူကတော့ ကြွားနေသေးသည်။ သူ့ချစ်သူဆိုပါလား..။
ချစ်ချင်တဲ့သူတွေ ချစ်ကြပါစေ..။



www.burmeseclassic.com



## အခန်း ( ၇ )

"မင်းလုပ်ပုံက မဟုတ်သေးဘူး ရာဇ..."

မခံချိမခံသာ ဒီစကားကိုတော့ ပြောထွက်သွားခဲ့သည်။ ဦးရာဇ မျက်လုံးတွေ သူ့ဆီ ရောက်လာ၏။

"ဘာမဟုတ်တာလဲ အစ်ကိုကြီး..၊ ကျွန်တော်က ကိုယ့်အစ်ကိုကြီးတစ်ယောက် ရှိနေတဲ့နေရာကို အလည်အပတ်လေးတောင် မလာရဘူးလား.."

"လာတာတော့ လာတာပေါ့..၊ ခုဟာက ယောကျ်ားတွေချည်း ခြောက်ယောက်..."

"အဲဒါ ဘာဖြစ်လို့လဲ.."

ဦးရာဇ က စားပွဲပေါ်မှာရှိနေသည့် ကောက်ညှင်းပေါင်းကို ဇွန်းနှင့်ခပ်ယူပြီး ပါးစပ်ထဲထည့်သည်။ ခဲတာတောင်ဒေသက ဘယ်လိုအစားအစာဖြစ်ဖြစ် သူ မမက်မောပါ..။

ထို့အတူ တော်ခလေ့၊ တောအထာတွေကိုလည်း မကြိုက်ခဲ့ပေ..။ ဒါပေမယ့် ရောက်လာပြီဆိုတော့လည်း မျိုချရသည်။ မကြိုက်ပေမယ့် ကြိုက်သလိုလို..။

"အိမ်မှာ ငါကလွဲရင် မိန်းကလေးတွေချည်းပဲ သုံးယောက်၊ မိန်းကလေးတွေက မိန်းမငယ်လေးတွေ..."





ကိုင်ထားသည့်ဇွန်းကို ပန်းကန်ထဲ ပြန်ထည့်ပြီး ဦးရာဇ ခေါသဖြစ်သွားသည့်မျက်နှာနှင့်...

"အစ်ကိုကြီးပြောတဲ့စကားက ကျွန်တော့်မိတ်ဆွေတွေရဲ့ သိက္ခာကို စော်ကားနေသလိုပဲ၊ သူတို့က မြို့ကြီးပြကြီးက ခေတ်ပညာတတ်သူဌေးတွေပါ.."

"ပညာတွေ၊ အရည်အချင်းတွေကို ငါ တိုင်းတာနေတာ မဟုတ်ဘူး၊ မင်းလဲ မင်းကိစ္စကိုပဲ လုံးပမ်းမယ်၊ ငါက ခါးချိနေတဲ့ သေခါနီးလူမမာ..၊ ခုပဲ သူတို့တွေ ထွက်သွားကြပြီ၊ ကိုယ်ကြိုက်တဲ့လမ်းတွေနဲ့ ကိုယ်..."

"အဲဒီလို လည်ပတ်ဖို့အတွက် တောကြိုအုံကြားကို လိုက်လာတာပဲ အစ်ကိုကြီးရဲ့..၊ အစ်ကိုကြီးရဲ့ မိန်းကလေးတွေနဲ့ ဘာပတ်သက်ဖို့ ရှိနေလို့လဲ.."

ရာဇ ဆိုတဲ့ကောင်ဟာ ဘယ်တုန်းကဖြစ်ဖြစ် အခမ့်သမား..၊ ပေးရင် ယူမှ၊ တောင်းရင် ရမှ၊ မရတော့ဘူးထင်လျှင် မရအရယူဖို့ ပြောင်ပြောင်ညစ်နေတာကို ဦးလူမော်အောင် ခံရခက်နေမိ၏။

ညီအစ်ကိုသုံးယောက်ရှိနေပြီး ဘယ်လိုမှ ချစ်ခင် စည်းရုံးကြည့်လို့ မရခဲ့သော ရာဇ သည် သူ့ထံမှာ နွေးထွေးယုံကြည်တတ်သည့် ညီအစ်ကို မောင်နှမစိတ်ဆိုတာလည်း ရှိလာဖွယ် မမြင်ပါ..။

မြို့ကနေ မဖြစ်မနေ ရောက်ရောက်လာတတ်တာ ဘာဖြစ်လို့လဲ..။ တောခလေ့သဘာဝကို ကြည်နူးသာယာချင်လို့မှ မဟုတ်ဘဲ။ ပြောတော့ အပန်းဖြေလာသည်တဲ့..။

ဒီအိမ်ကြီးထဲမှာ မငြိမ်းချမ်းဖွယ်စကားတွေနဲ့ပဲ တိုက်ခိုက်တူးဆွပြီး ပြန်သွားတတ်တာ ဘယ်သူမှ သိမှာမဟုတ်ပေ..။

"ရှင်းရှင်းပြောစမ်းပါ အစ်ကိုကြီးရာ..၊ ဟိုမိန်းကလေးနှင့်သောင်က အဖော်တွေပါ၊ အစ်ကိုကြီးက အစ်ကိုကြီးတူမအတွက်ပူပင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မို့လား.."

"ငါ့တူမဆိုရင် မင်းရဲ့တူမ တော်တာပဲလေ..၊ မင်း ဒီလိုမေးခွန်း မျိုး မမေးပါနဲ့"

ဦးရာဇ က အရွယ်နှင့်မလိုက်အောင် နုပျိုနေဆဲ မျက်နှာ ဖြူဖြူ ဝန်းဝန်းကြီးကို မိန့်မိန့်ကြီးမဲ့၏။

"တူမ လား..၊ အင်းလေ တူမပေါ့..၊ ဟွန်း... ဒီကလေးကို ကိုအိုး ရဲ့သမီးဆိုပြီး အစ်ကိုကြီး လိုက်ရှာခေါ်ထားတာ..၊ ကျွန်တော် ဘာမှလဲ မသိခဲ့ရဘူး၊ မသိတော့ မြင်လဲမမြင်ဖူးဘူး၊ အရွယ်ကြီး အတော် ကြီးပြင်းမှ တူမဆိုပြီး ဘွားခနဲ မြင်လိုက်ရတာလေ.."

"အဲဒီတော့ ဘာဖြစ်လဲ.."

"ဘာဖြစ်လို့ ကျွန်တော့်ဆီက သံယောဇဉ်ကို လိုချင်နေတာလဲ"

"မလိုချင်ပါဘူး..၊ အသိစိတ်လေး ထားထားပေးဖို့ ပြောချင်တာ"

"မထားနိုင်ဘူး..."

ဦးရာဇ ပြောင်ပြောင်တင်းတင်း တိုက်ခိုက်၏။ အိမ်ကြီးဆိုပေမယ့် ခံ့ညားသေသပ်စွာ ခင်းကျင်းထားသည့် ဧည့်ခန်းကျယ်ကြီးထဲမှာ ဧည့်သည်တွေလည်းမရှိတုန်း ပြောချင်တာတွေပြောဖို့ တမင်တကာ စုဆောင်းထားတာမျိုး..။ တစ်ခွန်းဝင်ထားသည့် ကောက်ညှင်းပေါင်းကို ပြတင်းပေါက်ဆီ ထ,သွားပြီး ထွီခနဲ ထွေးထုတ်ပစ်၏။ ပြီးတော့ ခြေ လှမ်းကျဲကျဲနှင့် ကုလားထိုင်ဆီ ပြန်လှည့်လာကာ...

"ကျွန်တော် လာနေတာ အစ်ကိုကြီးတူမနဲ့ ချစ်ခင်ရင်းနှီးဖို့ မဟုတ် ဘူး"

"ငါ သိပါတယ် ရာဇ ရာ..."

"သိပေမယ့် ထပ်ပြောရမှာပဲ.."

ဦးရာဇ က ကုလားထိုင်မှ မထိုင်ဘဲ ကျောမှီမှာရပ်နေလျက် လက် နှစ်ဖက်ထောက်တာ...





"အစ်ကိုကြီး လွှဲပြောင်းပေးမယ့် အမွေကိစ္စအတွက် မူလ အစီ အစဉ်အတိုင်း လုံးဝ လုပ်ခွင့်မရှိဘူးဆိုတာ အစ်ကိုကြီး မေ့နေမှာ နိုးလို့.."

ဦးလှမော်အောင် ၏ ကြေကွဲသောအကြည့်တွေ ပင့်တက်လာ သည်။ အကြီးဆုံး အစ်ကိုကြီးဆိုပေမယ့် ခုချိန်မှာ ဒုက္ခိတသဘွယ် ဝါလား၊ အငယ်ဆုံးညီလေးမို့လည်း မမုန်းနိုင်..။

ဆုံးဖြတ်ဖို့ရှိတာတွေလည်း ငုံ့ညှာနေရ၏။ ပခုံးအောက်လောက် ထိရှည်သော ဆံပင်တွေ မသပ်မရပ်နှင့် ဦးလှမော်အောင် ၏မျက်နှာ သည် မဟာနဖူးကျယ်ကြီး ရှိနေပေမယ့်လည်း မခံ့ညားနိုင်တော့..။

ပြီးတော့ လက်ဝကျယ်နှင့် အကျီလက်ရှည်ကြီးကို ပုဆိုးကွက်ကျဲ ကြီးနှင့် တွဲဖက်ဝတ်ထားသဖြင့် ဆောင်းဘီရှည် အနက်ပွပွ၊ စပို့ရှပ် လက်တိုနှင့် စမတ်ကျနေသော ဦးရာဇ ၏အသွင်နှင့် ဆန့်ကျင်ဘက် ဖြစ်နေခဲ့သည်။

ဆံပင်တွေ သေသေသပ်သပ် အပြောင်သိမ်းပြီးထားသောကြောင့် ဖြူနုချောမောနေသော ညီဖြစ်သူကို စိန်းစိန်းကြီးကြည့်ရင်း မစိမ်းနိုင် သည့် အစ်ကို့ရင်ထဲမှာ ကြေကွဲလို့မဆုံး...။

"မြို့မှာ ငါထားခဲ့တဲ့ 'မဟာမြိုင်' ခြံကြီးနဲ့ တိုက်တင်ပဲ ကာလ ပေါက်ဈေးနဲ့ဆို..."

"ဘယ်လောက်တန်တန် အစ်ကိုကြီး ထည့်မပြောပါနဲ့..၊ ဘာလဲ ဒါကိုယူပြီး ကျေနပ်လိုက်ပါလို့ ပြောချင်တာလား..၊ ပြောမှာပေါ့.. အစ်ကိုကြီးက ကျွန်တော့်ကို မရိုးမသားကြံစည်ပြီးသားကိုး..၊ ဒီ့ထက် မက များပြားတာတွေကို ဝှက်လျှိုပြီး..."

"မင်း ဘာတွေ ပြောနေတာလဲ ရာဇ..၊ မင်းရဲ့အစ်ကို..၊ ငါ့ညီလေး က မွေးခဲ့တဲ့ ရင်သွေးလေးအတွက် သူ ရသင့်တဲ့အတိုင်း..."

"သူ ရသင့်တာ ဘာမှမရှိတော့ဘူး၊ မိဘက သင်္ချိုင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အမွေပြတ် တရားဝင်ကြေညာထားတာ..၊ မေမေကိုယ်တိုင်လဲ သေတဲ့အထိ နာကြည်းသွားခဲ့တဲ့ သား..."

"သူ့သားစိတ်နဲ့ မေမေ သေသွားရတာလဲ ထည့်ပြောလေ..."

"အဲဒီလို မပြောပါနဲ့..၊ သေလောက်အောင် ချစ်လဲ မုန်းသင့်လို့ မုန်းသွားတာ၊ ဝစ်သင့်တဲ့လူမို့ ပစ်ခဲ့တာ၊ မိန်းမခိုးသွားပြီး မိဘဆီ မျက်နှာအော်က်ချပြီး ပြန်တောင်းပန်ဖို့တောင် မာနကြီးခဲ့တဲ့လူကို အစ်ကိုကြီး တမင်တကာ တကူးတက ရှာဖွေခေါ်ထုတ်လာတာ.."

ဒါတွေပြောတိုင်း ဒေါသတွေ ပါရသည်။ ဘာမှမဆိုင်တာကို အစဆွဲထုတ်တာ ကောင်းလား..။

အိုးအိမ် ဆိုသည့် အစ်ကိုလတ်ကို အစ်ကိုကြီးကအစ အားလုံးက အချစ်ပိုခဲ့သည်ဟု ထင်ခဲ့တာ သူ့ရင်ထဲမှာ ဟိုတုန်းကတည်းက ဖြစ်သည်။ သူကျတော့ 'မင်းက ဆိုးလို့'တဲ့..။

မေမေကလည်း ပြောဖူးသည်။ 'သားငယ်က တစ်ကိုယ်ကောင်းဆန်ချင်တယ်'တဲ့။ တစ်ကိုယ်ကောင်းဆန်ချင်တာ မဟုတ်ဘူး၊ ဆန်ကိုဆန်တာတာ..။

ဘာဖြစ်လဲ..၊ အနစ်နာခံဖို့များ သူ့တစ်သက်လုံး ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူးလေ..။ ရာဇဝင်တွင်နေတဲ့ ပေးဆပ်သူတို့ရဲ့ နှလုံးသားကို သူ အထင်မကြီးနိုင်..။ ကိုယ် မသိတော့တဲ့ နောက်ကာဘဝမှာ နာမည်တစ်လုံး တွင်ကျန်ရစ်တော့ရော ဘာလုပ်ရမှာလဲ..။

တစ်ကိုယ်ကောင်းသမားဆိုတာ လူအများက ပုတ်ခတ်စကားပေမယ့် ကိုယ့်ကောင်းစားဖို့ ကိုယ်တိုင်မဖန်တီးနိုင်ဘဲ ရမလား..။

အစ်ကိုကြီးလုပ်ပုံက ကိုအိုး အတွက် ဝေစုကိုလည်း သိမ်းထုတ်ထားသည်။ သူ့အမွေတွေကိုလည်း ကိုအိုး ရဲ့သမီးကိုပဲ ပေးဦးမည်။ ကိုယ့်ကိုတော့ စေတနာမရှိကြောင်း၊ သက်သေနဲ့တကွ ဖော်ပြနေတာလား၊ ဦးရာဇ စိတ်ကူးတွေထဲမှာပဲ ရည်ရွယ်ချက်က ပိုမို ပြင်းထန်လာ





ကာ...

"မိဘက တရားဝင် အမွေပြတ်ထားရင် ဒီလိုကိစ္စမျိုးအတွက် ကျွန်တော့်ဘက်က တားပိုင်ခွင့်ရှိတယ်"

တိတ်[illegible]သွားလိုက်..၊ တင်းမာခြိမ်းခြောက်သည့်စကားတွေ ပေါ်လာလိုက်နှင့် နှစ်ယောက်၏ရင်ထဲမှ အုံ့ဖွဲ့မှုတွေက မြှိုင်းလို တငွေ့ငွေ့...။

"မြို့မှာ မင်း ကုမ္ပဏီကြီးတွေနဲ့ လုပ်ငန်းအဆင့်အတန်းတွေ ဒီလောက် မြင့်မားနေပြီ ရာဇ ရာ..၊ အသက်တွေလဲ မငယ်ကြတော့ပါဘူး၊ နောက်ပြီး မင်းမှာ သားထောက်သမီးခံ အရင်းအချာရှိနေလို့ ဒီစကားတွေပြောနေ[illegible]ဆိုရင် ကြားလို့ကောင်းပါတယ်..၊ ငါတို့ညီအစ်ကို သုံးယောက်[illegible]မှာ အမွေဆက်ခံမယ့် မျိုးဆက်ဆိုလို့ သမီးလေး ပုလဲအိမ် ပဲရှိတာ..."

"လူကြားကောင်းတဲ့စကားတွေ ကျွန်တော် စိတ်မဝင်စားဘူး အစ်ကိုကြီး..၊ အခု အစ်ကိုကြီးက ကျွန်တော့်ကိုကျော်ပြီး ထင်သလိုလုပ်ချင်နေတာ၊ အဲဒါမျိုး လုံးဝ မဖြစ်ရဘူး"

"ငါက မင်းရဲ့အစ်ကိုကြီးနော်..၊ မင်း စကားပြောတာတွေ သိပ်ကိုရိုင်းလွန်းတယ်၊ ကဲ... ပြောစမ်းပါ၊ အခု မင်း ဘာဖြစ်ချင်တာလဲ"

"စောစောကတည်းက အဲဒီမေးခွန်း ထွက်လာဖို့ ကောင်းနေတာ"

ဦးရာဇ က နှမ ဘဝင်ကျသွားသလို ကုလားထိုင်မှာ လာပြန်ထိုင်သည်။ ပြီးတော့ ရေနွေးတစ်ခွက် ပန်းကန်လုံးထဲ ငှဲ့ထည့်သည်။

သောက်ချင်စားချင်တာမဟုတ်ဘဲ ဟန်တစ်လုံးပန်တစ်လုံး လုပ်နေသည့် ညီဖြစ်သူကို ဦးလူမော်အောင် က စိုက်ကြည့်ရင်း [illegible]နေ၏။

"အစ်ကိုကြီးက ပွင့်ပွင့်လင်းလင်း မေးတော့ [illegible] ကိုအိုး အတွက် ထားတဲ့အမွေတွေကို တစ်ယောက်[illegible]ခွဲမယ်..."



www.burmeseclassic.com

www.burmeseclassic.com



သိထားပြီးသားမို့ ဦးလှမော်အောင် မျက်နှာပြောင်းလဲမသွားပါ..။

"နောက်တစ်ခုက ပုလဲအိမ် ကို ကျွန်တော့်ရဲ့မွေးစားသားနဲ့ လက်ထပ်ပေးမယ်"

"ဘာကွ..."

ဦးလှမော်အောင် အံသည်းနိုက်အောင် နာသွားသည်။ အိုးအိမ်ဟာ အမိရဲ့ဒုတိယတစ်ပိုင်းမှာ မယားတစ်ဖက်၊ ကလေးတစ်ဖက်နှင့် ဆင်းရဲပင်ပန်းစွာ ပြီးဆုံးသွားခဲ့သည်။

ဒါကလည်း ရာဇ ပြောနေသလို မာနတွေထားခဲ့တာလို့ သူ မမြင်မိပေ..။ ဖေဖေ့ ဒေါသမာန ဘယ်လောက်ထိ ပြင်းထန်တာကို သိထားသဖြင့် သဘောမတူတဲ့မိန်းမကို ခိုးယူသွားမိတဲ့အပြစ်ကြောင့် ဒူးထောက် သနားမခံရဲတော့တာ ဖြစ်သည်။

ကျန်ခဲ့တဲ့ ဒီကလေးလေးကိုတော့ သူ တင့်တယ်အောင် ပြုစုပျိုးထောင်ပေးချင်၏။

ပြီးတော့ ကလေးက မိန်းကလေး..။ ဒီကလေးဘဝ ပြည့်စုံသာယာနေဖို့ မလိုဘူးလား..။

"အစ်ကိုကြီးက ဘာဖြစ်သွားတာလဲ..၊ ကျွန်တော့်သားက မြို့မှာ စီးပွားရေးလုပ်ငန်း အရမ်းအောင်မြင်နေတဲ့ ပညာတတ်လူတော်ပါ၊ ပုလဲအိမ်လို မွေးကတည်းက ဆင်းရဲခဲ့ပြီး တောကြိုအုံကြားမှာ ကြီးပြင်းလာတဲ့ မိန်းကလေးနဲ့ လက်ဆက်ဖို့တောင် ကျွန်တော် ကြိုးစားရဦးမှာ..."

"မတူတန်ဘူးလို့ပဲ မင်းလဲ သဘောထားလိုက်ပါလား၊ အိုးအိမ်ရဲ့အမွေတစ်ဝက် မင်း လိုချင်ရင် ငါ ပေးလိုက်မယ်၊ နတ်သားတစ်ပါးလောက် ပြည့်စုံခဲ့ညားနေပါတယ်ဆိုတဲ့ မင်းရဲ့မွေးစားသားနဲ့ ကလေးကို ငါ မပေးစားနိုင်ဘူး"

"ဟား... ဟား... ဟား..."





ဦးရာဇ က ဖြက်လုံးတစ်ခုလို ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်၏။

"ရမယ်ထင်ရင် အစ်ကိုကြီး လုပ်ကြည့်လေ..၊ ပုလဲအိမ် က 'မဟာမြိုင်'ရဲ့မျိုးဆက်သွေး မဟုတ်တော့ဘူး၊ အစ်ကိုကြီးရဲ့ဝေစုကို အချိန်တန်ရင် သူ့လက်ထဲထည့်မှာဖြစ်တဲ့အတွက် ဒီတိုင်း လုံးဝ မကြည်ဖြူနိုင်ဘူး"

"မင်း ပစ္စည်းမက်လှချေလား ရာဇ..၊ မင်းရဲ့ မွေးစားသားဆိုတဲ့ ကောင်ကရော ဘယ်လောက်ထိ ယုံကြည်ရမှာမို့လဲ..၊ ဟိုက အစိမ်း၊ ပုလဲအိမ် က မင်းတူမအရင်း၊ ပစ္စည်းအပေါ်မှာ လှည့်စားသွားတာထက် ငါ့ကလေးကို ယုတ်မာသွားမယ်ဆိုရင်..."

"ဒါက လူငယ်တွေအပိုင်းပါ၊ 'မဟာမြိုင်'ရဲ့အိမ်တွင်းရေး ဘာတွေဖြစ်နေတယ်ဆိုတာ အစ်ကိုကြီး ကြေညာရဲရင် ကြေညာ၊ ကျွန်တော်ကတော့ လုပ်စရာရှိတာ လုပ်မှာပဲ"

ဦးလှမော်အောင် လက်သီးဆုပ်ကြီးကို ကျစ်နေအောင် ဆုပ်ပစ်လိုက်တာ အကြောစိမ်းကြီးတွေ ထောင်ထလာ၏။

"မင်းကြည်ဖြူ ကို ဒီမှာ ပို့ထားရမလား၊ ပုလဲအိမ် ကို 'မဟာမြိုင်'ကို ထည့်လိုက်မလား.."

"ရာဇ..၊ မင်း..."

"ဖွတ်ပေးစားပစ်ဖို့ မဟုတ်သေးပါဘူး၊ သူတို့ချင်း ရင်းနှီးဖို့ မင်းကြည်ဖြူ က မြို့မှာ နာမည်တစ်လုံးနဲ့ ထည်ထည်ဝါဝါ ရပ်တည်နေတဲ့ လူငယ်တစ်ယောက်..၊ ပုလဲအိမ် ကို သူကိုယ်တိုင် နှစ်သက်ဖို့လိုမှန်း ကျွန်တော် ထည့်တွက်ထားပါတယ်"

ပြောပုံက ပုလဲအိမ် ရဲ့သဘောဆန္ဒကို ငဲ့ကွက်တာ ဘာ[illegible]ပါ..။ ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေသည်။ ရာဇ အညာကိုင်ထားသလို [illegible] ညီအစ်ကိုအရင်းတွေ ဖြစ်နေခြင်းပင်..။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူဟာ ဇအေတူသား..။

ဖေဖေက သိက္ခာကို ရိက္ခာနှင့် မလဲခဲ့သလို သူ မလဲနိုင်သည့် 'မဟာမြိုင်'ရဲ့ သိက္ခာသမာဓိအတွက် ဒီလို မဖွယ်မရာ ရှုပ်ထွေးမှုတွေကို ဘယ်မှာ ဖွင့်ချပြမလဲ..၊ ဦးလူမော်အောင် အံတင်းတင်းကြိတ်ထားမိ၏။

လူ့ဘဝတစ်လျှောက်မှာ ထိန်းသိမ်းစောင့်စည်းအပ်တာတွေ ဘာ ဖြစ်လို့ ဒီလောက်များနေခဲ့တာလဲ..၊ ဒါတွေကို စောင့်ထိန်းအပ်မှန်းရော လူတိုင်း ဘာလို့ အသိမရှိတာလဲ..၊ သိတာတွေ များလေ အနေကျပ်လေ ပါလား..။

သက်ပြင်းတစ်ရှိုက်မှာသာ ပူပင်သောကတွေ လွင့်ပါး ကြေမွကျ သွားမည်ဆိုလျှင်..။







## အခန်း ( ၈ )

"အလုပ်နဲ့အကိုင်နဲ့ ဖြစ်သွားတဲ့ကောင်က သက်ပြင်းတွေ ချလို့ ..၊ ငါတို့အတွက်လဲ ထားပါဦး"

"အေးလေ.."

ကိုမောင်မောင် က ဘာမှန်းမသိဘဲ စ,တော့ ခေတ်ဦး တို့က ည်း ဝေလေလေ လိုက်လုပ်သည်။

စာသား က သူတို့နားကနေ ဟိုဘက် တိုးရွှေ့လိုက်ကာ ထစ်ခုနု ဘတော့မလို့နှင့် ဘာမှမပြောတော့..။ ကိုမောင်မောင် က ဆရာကြီး င်နေတဲ့ဆီ လှမ်းကြည့်ပြီး အသံနိမ့်၍...

"ဟိုကောင်မလေး မင်းကြောင့် ရောက်မလာတော့ဘူးဆိုပြီး စိတ် ကောင်းဖြစ်နေတာလား.."

"မဟုတ်ပါဘူးဗျာ..၊ အဖေ နေမကောင်းဖြစ်နေတာ တွေးပြီး ိတ်ထဲမှာ တစ်မျိုး ခံစားနေရလို့ပါ"

ပြောပြလိုက်မှ ကိုမောင်မောင် ငြိမ်သွား၏။ ခဏကြာမှ...

"ဦးလေးက ဝက်ပက်ခံရတာ ဆို..."

"ဟုတ်တယ်..၊ ဟိုဘက်ရွာက တောပစ်သမားတစ်ယောက်အ ာယ်ရင် ဒဏ်ရာတွေ ဒီ့ထက်များမှာတဲ့..၊ တကယ်ဆို အဲဒီ့ရွှေ ေ ကျွန်တော့်ကို ခေါ်သေးတယ်.."



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် မာဆတ်ဆတ်နှင့် သံယောဇဉ်နည်းသလိုထင်ရပြီး ဒီလို ကျတော့လည်း စိုးရိမ်တတ်သား..လို့ ကိုမောင်မောင် တွေးမိ၏။

သူများအလုပ် ဘယ်တော့မှ မလုပ်ဘူး..လို့ ပြောတတ်ခဲ့သူက ငါးဒိုင်မှာအလုပ်တွေဘာတွေ ဝင်လုပ်လို့..။

သူတို့ ညီအစ်ကိုသုံးယောက်မှာ အကြီးနှစ်ကောင်က အလယ်တန်းအဆင့်ထိပဲ ပညာသင်ခဲ့ကြပြီး မိဘက ထားပေးလည်း မနေ..။ ခုချိန်ထိလည်း ထင်ရာစိုင်းနေကြတုန်း..။

စာသား တစ်ယောက်ပဲ စာပေးစာယူနှင့် ကျောင်းပြီးထားတာ မကြာသေးတဲ့သူ..၊ ဒီရွာမှာတော့ တက္ကသိုလ်ကို ကိုယ်တိုင်သွားပြီး ကျောင်းတက်ကြတာ နည်းပါသည်။

ပိုက်ဆံချမ်းသာတဲ့လူတွေလည်း စာပေးစာယူနှင့်ပဲ ပြီးလိုက်ကြတာ များသည်။

ကိုမောင်မောင် သူများမိသားစုအကြောင်း တွေးနေမိရင်း ရွာအကြောင်းပါလာမှ ကိုယ့်အတွေးကို ဖြတ်တောက်ရသည်။

"မင်း မနေ့က ငါးဒိုင်မှာ အဆင်ပြေလား.."

သူ မေးလိုက်တော့ ခေတ်ဦး က ပြုံးစိစိနှင့်...

"ပြေတယ်လေ..၊ မရိုးလောင်းနဲ့..."

"ဟော!..."

"မင်းကလဲ ဒီလိုမပြောပါနဲ့ကွာ..၊ သဇင် နဲ့ကြိုက်နေပြီဆိုတာကိုအောင် ကြားတာဖြစ်မှာပါ၊ မင်း မနေ့ကပြလို့ ငါလဲ မြင်ပါတယ်၊ စာသား နားမှာထိုင်ပြီး စကားပြောနေတာ သဇင့် မျက်နှာကို ပြုံးအီနေတာပဲ"

ကရှင် က ဝင်ပြော၏။ စာသား မျက်နှာ မှုန်ကုပ်ကုပ်ဖြစ်သွားတာကို မသိသလိုနေလိုက်ပြီး...

"ယောက်ျားတို့တတ်အပ်သောပညာအရ ငါ တန်းခနဲ သိတယ်၊

သဇင် စာသား ကို စိတ်ဝင်စားနေတာ"

"ကဲရှင်..၊ မင်း ပါးစပ်ကြီး မဟုတ်တမ်းတရားတွေ ပြောလွန်းလို့ ကြာခင် အနံ့ထွက်တော့မယ်"

ခေတ်ဦး က သာယာအောင် ပြောတဲ့အတိုင်း ယုံကြည်နေခဲ့သူ..၊ စာသား ဘာမှဝင်မပြောပါ။ သူ့ရင်ထဲမှာမရှိတဲ့ အကြောင်းတွေမို့ ပြောလည်း မပြောချင်..၊ ဟုတ်တာ,မဟုတ်တာတွေကိုလည်း စိတ်မဝင်စား..။

သူတို့ စကားပြောနေကြတုန်း ဆရာကြီးဆီကို လူတစ်ယောက် ဝင်လာသဖြင့် လှမ်းကြည့်လိုက်မိကြသည်။

"ဒီလူ လာတာ သုံးခါလောက် ရှိပြီထင်တယ်"

"ဦးလူမော်အောင် ခြံရှင်းရင် ဒီလူ့ကိုပဲ ခိုင်းတာ..၊ အဲဒီအိမ်ကြီးသားမှာ နေတာလေ.."

"ဟုတ်တယ်..၊ ငါတို့ရွာသားဟောင်းတော့ မဟုတ်ဘူး"

"မင်းကလဲ ဦးလူမော်အောင် တို့ကလဲ နောက်မှပြောင်းလာတဲ့ လူတွေပဲဟာ၊ ကြာတော့လဲ ကိုယ့်ရွာသား ဖြစ်သွားတာပဲ၊ မင်းက ဘာထင်လို့လဲ.."

"ဘာမှမထင်ပါဘူး၊ သူ့ကိုမြင်တော့ ဦးလူမော်အောင် တို့ အပြင်လူနဲ့ ဆက်ဆံတာဆိုလို့ ဒီလူပဲရှိတာကို တွေးမိလို့..."

"အေးကွ..၊ ကောင်မလေး မလာတဲ့အကြောင်းနဲ့များ ပတ်သတ်နေသလားပဲ.."

ခေတ်ဦး တို့ ဝေဖန်နေကြတာကို စာသား က မြင်နေ၊ ကြားနေပြီး တစ်ခွန်းတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်း မပြု..။

သူ ဒီတိုင်းပဲ နေတတ်ခဲ့တာမို့ ဘယ်သူကမှလည်း ထူးဆန်းမနေတော့ပါ။ ဝင်လာသည့်လူက ထုံးစံအတိုင်း ဆရာကြီးနှင့် စကားတွေပြောနေကြကာ သရက်ပင်အုပ်အုပ်ကြီးအောက်မှာ အေးမြနေကြ၏။






www.burmeseclassic.com

www.burmeseclassic.com



ထိုလူလာတိုင်း အေးဆေးနေပြီးမှ ပြန်တတ်တာလည်း သူတို့ သတိထားမိနေကြပါပြီ..။

"ငါ သွားတော့မယ်..၊ မနက်အစောကြီး ငါးဒိုင် ထသွားရမှာ.."

ပြောရင်း ထရပ်လိုက်၏။ ဟိုဘက်မှာ အာရုံရောက်နေသူတွေ ဒီဘက်ကို လှည့်လာကြသည်။

"မင်းကလဲ ချွေးတိတ်အောင် နားပါဦး..၊ ခုပဲ ကစားပြီးတဲ့ဟာ.."

"မင်းကွာ မိုးတောင်မချုပ်သေးဘူး အိပ်ရာဝင်တော့မလို့လား.."

"ငါ့ဘာသာ ဘယ်အချိန် အိပ်အိပ်ပေါ့"

ဘယ်တော့မှ အပေါင်းအသင်းရယ်လို့ အထူး အရေးပေး စဉ်းစားခဲ့တာ မရှိသည့်သူ့ကို မုန်းကျေနပ်တာတွေ စုဆောင်းပြီးတော့လည်း အပို အလုပ်တွေ မလုပ်ကြတော့ပါ..။

အားလုံးရှေ့က သူ ထွက်လာခဲ့တိုင်း တားဆီးသံ ကင်းမဲ့လျက် အမြဲ..။

"တသား..."

စက်ဘီးဘဲလ်သံလေးနှင့်အတူ သူ့ဆီရောက်လာပြီး ရပ်လိုက်သူက သဇင်..။

ဆံပင်တွေကို မြင့်မြင့်စုချည်ထားကာ စပို့ရှပ်ကိုယ်ကျပ်လေးနှင့် ဆိုတော့ မြို့သူတွေလို တစ်မျိုးကြည့်ကောင်းနေ၏။

"မြောက်ပိုင်းက ပြန်လာတာလား.."

ဆရာကြီးဆီကမှန်း သိထားပြီးသားမို့ မေးတာဖြစ်သည်။ တသား က ခေါင်းညိတ်၍...

"ဟုတ်တယ်"

ဒီ့ထက်ပိုပြောလာဖွယ် မရှိတော့။ သဇင် က ဒီအဖြေရတာနှင့် ခေါင်းညိတ်၍...

"ပြန်မှာဆိုရင် လမ်းကြုံပါတယ်၊ စက်ဘီးလေး နင်းပေးပါလား"





"ဟင်!..."

"ငါ အရမ်းမောနေလို့ပါ၊ ကွင်းထဲထိ သွားလိုက်တာလေ၊ ကမ်းကလဲ ဆိုးလွန်းတော့ ခေါင်းတောင်ကိုက်တယ်.."

တသား က စက်ဘီးကိုကြည့်၍ အသံတိတ်နေသဖြင့်...

"ဘာတွေ စဉ်းစားနေတာလဲ..၊ နင်တို့အိမ်ကလွန်မှ ငါ့တို့ထိပ်ကို ရောက်မှာ..၊ အိမ်ထိ လိုက်မပို့ခိုင်းပါဘူး၊ လုပ်ပါဟာ..."

သူ ခေါင်းညိတ်ပြီး စက်ဘီးကို ဆွဲယူလိုက်ကာ ခြေတစ်ဖက်ထောက်၍ စောင့်သည်။

သဇင် က သူ့ခါးကိုကိုင်ပြီးမှ နောက်ကထိုင်၏။

နင်းပြီဆိုတော့မှ လက်ကိုလွှတ်သည်။ တစ်လမ်းလုံး ပြောလာခဲ့ရသည့် စကားတွေ အများကြီးထဲမှာ တသား ထံမှ ပြန်ရတော့ တစ်ခွန်းစ..၊ နှစ်ခွန်းစ..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )

"လာပြီ..၊ လာပြီ..၊ အဖေ့သားကို အဖေထည့်လိုက်.."

ငါးဒိုင်ကနေ ထမင်းစားပြန်လာတုန်း အိမ်ရှေ့ကွပ်ပျစ်မှာ လူစုလူဝေးဖြစ်နေတော့ စိတ်ထင့်သွားမိသည်။

မြို့ကစည့်သည်တွေ သုံးယောက်နှင့် လက်ပတ်တီးမဖြေရသေးသည့် အဖေက မျက်နှာပျက်ယွင်းလျက်..။

"စာသား..."

'သား...'လို့ တစ်ခါမှ နူးနူးညံ့ညံ့ မခေါ်ခဲ့ဖူးပေမယ့် ဒီတစ်ခါ 'စာသား'လို့ ခေါ်သံက 'သား...'လို့ အားကိုးတကြီး တမ်းတလိုက်တာနှင့် တူ၏။

အားလုံး၏အကြည့်တွေကလည်း သူ့ဆီ ရောက်လာကြကာ...

"ဦးမြင့်အောင် ရဲ့သားပဲလား.."

"ဟုတ်တယ်..၊ ဒါ ကျုပ်သား အငယ်ဆုံး.."

ဧည့်သည်နှုတ်ခမ်းမှာ ပြုံးရိပ်ထင်သွားပေမယ့် 'ဒီပုံစံတွေပဲ'လို့ ပြောလိုက်သလို သူ့စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားသည်။ ဒါပေမယ့် ဘာမှ မသိသေးသည့်ကိစ္စမို့ မျက်နှာပြန်လွှဲပြီး အဖေ့ဘေးမှာ ဝင်ထိုင်ကာ...

"ဘာဖြစ်လို့လဲ..."

"ဒါ မြို့ကနေ ဖေဖေ့ကို လမ်းပြဌားထားတဲ့ ဧည့်သည်တွေလေ..၊ ရွာနောက်ဖျားက အိမ်မည်းကြီးမှာ တည်းကြတယ်"





အိမ်မည်းကြီးဆိုတာ ဦးလှမော်အောင် တို့အိမ်..။ ခေတ်ဦး ပြောနေကျစကားတွေကို သတိရကာ မျက်လုံးက တစ်ချက်တော့ ရောက်၏။ မျက်နှာချင်းဆိုင် တန်းလျားရှည်လေးမှာ ထိုင်နေကြသည့် သာယာအောင် နှင့် တေးချို က...

"ပြောလိုက်လေ အဖေရာ..."

"ဒီလို စာသား..၊ သူတို့ဆီက အဖေက စရန်ယူခဲ့တယ်တဲ့..၊ အခုမှ ရောက်လာကြတာ၊ အဖေက နေမကောင်းတော့ မလိုက်နိုင်ဘူး၊ ဖြသနာက အဲဒါ..."

တေးချို က ရှင်းပြပြီး သူကတော့ လိုက်မပေးနိုင်ဘူးဆိုသည့် အမူအရာနှင့် ဟိုဘက်လှည့်သွားသည်။ သာယာအောင် က...

"ငါက မျှစ်ချိုးလိုက်ဖို့ ဦးဘလှ တို့နဲ့ သေချာချိန်းထားပြီးပြီ..၊ ပြီးတော့ တောကြီးထဲထိလဲ သေချာ သွားလာဖူးတာ မဟုတ်ဘူး"

"ငါလဲ ဒီတိုင်းပဲ..၊ ပိုတောင်ဆိုးသေးတယ်"

"ကျုပ်တို့ကလဲ မကျွမ်းကျင်တဲ့လူကိုတော့ မလိုချင်ပါဘူး"

မြားဦးက သူ့ဘက်ကို လှည့်လာပြီမို့ စာသား အဖေ့မျက်နှာကို ကြည့်သည်။ ဦးမြင့်အောင် သည် သူ့ကို သွားစေချင်ပေမယ့် တိုက်တွန်းဖို့လည်း အင်အားရှိပုံမပေါ်သည့်အသွင်နှင့်..။

"ကျွန်တော်ကလဲ ကျွမ်းကျင်တဲ့သူ မဟုတ်ဘူးဆိုတော့ စရန်ကို ပြန်အမ်းမယ်ဆို ဖြစ်မလား.."

ဧည့်သည်ထဲက ခေါင်းဆောင်နှင့်တူသည့်လူကြီး မျက်နှာပျက်သွား၏။

"စရန်က ဘယ်လောက်လဲ.."

"နှစ်သောင်းခွဲ.."

ဦးမြင့်အောင် က ဝင်ဖြေ၏။ ဒီလိုနည်းနှင့် ဖြေရှင်းလို့ရဖို့တို့သည်း သဘောကျသွားပုံ ရှိသည်။ လောလောဆယ် စာသား က



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နှင့်အကိုင်နှင့်မို့...

"စရန် လျော့တယ်ဆိုတာ ဒီတိုင်းတော့ မရဘူးလေ..၊ ပြန်လျှော့ရင် နစ်ဆ..."

တစ်ယောက်က ဝင်ပြောလိုက်တော့ စာသား မျက်နှာ တင်း... ဖြစ်သွားသည်။ ထိုအခါကျမှ ခေါင်းဆောင်လူကြီးက...

"တစ်ယောက်နဲ့တစ်ယောက် အဲဒီလိုတွေ ဖြစ်စရာ မလိုပါဘူး"

ဟု ပြောပြီး စာသား ဘေးကိုလျှောက်လာသည်။ ပြီးတော့ ထိုင်... နေသည့်ရှေ့မှာရပ်ပြီး မျက်နှာကို စူးစိုက်ကြည့်၍...

"မောင်ရင့်ရဲ့ နဖူးရေဒူးရေကို ကြည့်ရတာ ဆိုးပုံမရဘူး၊ တော... မှာ သွားရဲလာရဲမယ့်ပုံပါ၊ ဒီတော့ နစ်ဖက်စလုံးအကျိုးရှိအောင် စဉ်း... ရအောင်ကွာ..."

ရှိနေကြတဲ့လူတွေ စိတ်ဝင်စားသွားကြသည်။ စာသား ရဲ့ နဖူးရေ... ဒူးရေ မဆိုးဘူးဆိုလို့ မဲ့သွားကြသည့် တေးချို တို့မျက်နှာတွေပါ... ဘက်ပြန်လှည့်ကာ...

"ကျုပ်နာမည်က ဦးရာဇ ပါ..၊ သူတို့က ကျုပ်မိတ်ဆွေတွေ..."

ဆိုပြီး နာမည်တွေ ပြောပြ၍ မိတ်ဆက်ပေးသည်။

"မောင်ရင်က..."

"စာသား..."

"စာသားညီ ပါ.."

စာသား ဖြေလိုက်ပုံက မချေမငံမို့ ဦးမြင့်အောင် က ထပ်ဖြည့် ပြောလိုက်ခြင်း ဖြစ်သည်။

"ဩော်...၊ ဒါကြောင့် စာသား လို့ ခေါ်တာကိုး.."

ဦးရာဇ က ခေါင်းညိတ်လိုက်ပြီး...

"အေးကွာ.. ထားလိုက်ပါ..၊ မင်းအဖေက ဒီရွာမှာ နာမည်ကျော်... တော့ ကျုပ်တို့က ရောက်လာတာပါ၊ သူ မဟုတ်ဘဲ သူ့သားဆိုလဲ...





တို့ ယုံတယ်ကွာ..၊ မင်းပဲ လိုက်ခဲ့ပေးပါ၊ ဒီတော့ ဒီနေရာတွေမှာ အသက်အန္တရာယ် ကြီးမားရလောက်အောင်လဲ ဖြစ်စရာ မရှိဘူးဆိုတော့ သွားရေးလာရေး ချောမောဖို့ အဓိကပေါ့..၊ တစ်ခုရှိတာက တစ်ရက်၊ နစ်ရက်မကဘဲ သုံးရက်၊ လေးရက် ကြာချင်လဲ ကြာမယ်.."

"ဘာ!..."

"ဒီလိုပါ..."

စာသား မျက်နှာ တစ်ချက်မှ ပျော့ပျောင်းမသွားတာကို ဦးရာဇ က လက်ကာ၍...

"ရောက်သမျှ ပေါက်သမျှ လျှောက်သွားနေမှာမျိုးတော့ မဟုတ်ဘူး၊ သာယာရင် သာယာတဲ့နေရာမှာ စခန်းချမယ်၊ အနီးအနားမှာ အပျော် အမဲပစ်ပြီး စားသောက်မယ်..၊ ဒီအတွက် နေထိုင်စားသောက်ဖို့ ရိက္ခာအပြည့်အစုံ တို့မှာ ပါတယ်.."

ဦးရာဇ အသံတိတ်သွားတော့ ဘယ်သူကမှလည်း ဝင်မပြောတော့ဘဲ စာသား ထံမှအဖြေကို နားစွင့်နေကြ၏။ တခြားလူတွေ စိတ်မရှည်ဖြစ်လာတဲ့အထိ အကြာကြီး ငြိမ်နေပြီးမှ စာသား က...

"ကျွန်တော့်အဖေ ဝက်ဝက်ခံခဲ့ရတာ ခင်ဗျားတို့ သိပြီးပြီနော်.."

"သိတယ်..၊ တို့မှာ တောပစ်သေနတ်တွေ ပါပါတယ်၊ ခြသေ့် တို့၊ ကျားတို့နဲ့ မတွေ့နိုင်ဘူးဆိုတော့ ဒီလောက်ပူဖို့ မလိုပါဘူး.."

"တောထဲမှာ အန္တရာယ်မရှိနိုင်ဘူးလို့တွေးတာ ပိုပြီး အန္တရာယ်များတယ်ဗျ..၊ ကျုပ်တို့က ဒီနားချုပ်စပ်မှာနေကြလို့ ရိုးမထဲ ဝင်ဖူးတယ်ဆိုပေမယ့် မသွားသင့်တဲ့နေရာတွေကို မသွားကြဘူး၊ အန္တရာယ်ကို ကြိုတွေးပြီး ရှောင်တယ်..၊ တောနက်လေ အန္တရာယ်ရှိလေပဲ..."

"ဒါဆို မင်းက ဘာဖြစ်ချင်တာလဲ.."

"ဘာဗျ!..."

တန်းလျားဘေးတန်းမှာ ခြေတစ်ဖက်တင်၍ တစ်ချိုးထိုး ရှောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တင်းနေခဲ့သော လူတစ်ယောက်က ကောက်ခနဲ ဝင်မေး၏။ စာသား ခေါ်သထွက်သွား၏။ ထိုသူက ထိမထင်အပြုံးနှင့်...

"ဒီလိုလေ..၊ ခက်ခဲမယ်၊ ပင်ပန်းမယ်၊ အန္တရာယ် စသဖြင့်ပေါ့၊ မင်း ရွတ်ပြနေတာတွေအတွက် တန်ရာတန်ကြေး..."

စူးရဲနေသည့် စာသား မျက်လုံးတွေကို ထိုသူက ပြန်စိုက်ကြည့်ရင်း...

"မင်းက အငှားလိုက်မယ့်သူပဲကွာ..၊ ငွေရေးကြေးရေး အလဲအလှယ်ဖြစ်ကြမှာတွေ ပြောတာ ဘာနားစရာရှိလို့လဲ.."

မေးတာကို မျက်ခုံးနှင့်ဖက်ပင့်ပြီး မေးဆတ်ပြလိုက်သေးသည်။ အသည်းယားချင်စရာ မျက်နှာပါ..၊ သာယာအောင် စိတ်ကိုသွားကာ...

"အမိပွာယ်က ဒီတိုင်းရှိပေမယ့် ခင်ဗျား စကားပြောတာ ရိုင်းတယ်ဗျ..၊ ဘယ်နယ် မြို့သူမြို့သားဆိုပြီး တောသားက ဆရာ ခေါ်ရမယ့်အတိုင်း..."

ထိုသူ အပြုံးတွေပျောက်သွားကာ မျက်နှာကြီး နီရဲသွား၏။ ဦးရာဇ က နှုတ်ခမ်းခပ်လွန့်လွန့်နှင့် အံကြိတ်ပြုံးကာ...

"အကျိုးမရှိဘာတွေ တော်ကြပါ..၊ စာသား ရဲ့အဖြေကို ကျုပ်သိချင်တယ်.."

"သူ ပြောတဲ့အတိုင်းပဲ ဦးရာဇ..."

'ဒီလိုပဲ လာမှာပေါ့'ဆိုသည့် မဲ့ပြုံး ထိုသူ့မျက်နှာမှာ ဖြစ်သွားသည်။ စာသား က နေရာမှထရပ်ကာ...

"ဖေဖေနဲ့ ပြောဆိုထားပြီးတဲ့နှုန်းအတိုင်း နှစ်ရက်စာ ကြိုပေးရမယ်၊ မပြန်ဖြစ်သေးရင် ရောက်တဲ့နေရာမှာပဲ နှစ်ရက်စာ ထပ်ပေးရမယ်"

"မပေးရင်..."

"ပြန်လှည့်ပေါ့.."





"ဟုတ်ပြီ..၊ ဒါပဲလား..."

"မဟုတ်သေးဘူး..."

စာသား က စောစောကပြောသည့်လှုနားမှာ ပခုံးချင်းထိမတတ်သွားကပ်ရပ်ကာ...

"တစ်အချက် ဝန်စည်စလယ် သယ်မပေးဘူး၊ နှစ် ကျွန်တော်ပြောတဲ့စကားကို လက်ခံရမယ်၊ သုံး အသက်အန္တရာယ်ဖြစ်လာရင် ကိုယ့်အသက် ကိုယ်လု..."

ဦးရာဇ က အသံထွက်အောင်ရယ်လိုက်ပြီး စာသား မျက်နှာကို စိုက်ကြည့်၏။ မျက်ဝန်းထဲမှာ ရယ်မြူးရိပ်ထက် 'မင်းက လည်လှချေလား'ဆိုသော ခပ်ချဉ်ချဉ်အကြည့်တွေသာ..။

"လမ်းပြဆိုတာ အန္တရာယ်ကို ကြိုတင်ရှောင်ရှားဖို့ဆိုတော့ မလွဲမကင်းသာ ကာကွယ်ပေးရမှာတွေ ရှိတယ်လေ.."

"လုံးဝ ကာကွယ်မပေးနိုင်ဘူး"

အပေးအယူတွေ မညီမမျှနှင့်ဘဲ ပွဲက ပြီးသွားသည်။ ဦးရာဇ တို့ လူစုမျက်နှာမှာ မဲ့ပြုံးတွေမပျောက်ဘဲ ခေါင်းညိတ်သွားကြတော့ ဦးမြင့်အောင် သက်ပြင်းချရင်း ကျန်ရစ်ခဲ့၏။ သူ တောထဲကထွက်လာတုန်းကလည်း ရွာကိုမြင်ရမှ ဒဏ်ရာတွေ အရှိန်တက်ကာ ဗုန်းဗုန်းလဲမတတ် ဖြစ်သွားခဲ့သည်။ ထိုစဉ်မှာ အငယ်ကောင် အဆင့်သင့် စောင့်ကြိုနေလို့ပါ..။

မဟုတ်ရင် သူ တောစပ်မှာ လူမသိ၊ သူမသိ ဘယ်လောက်ကြာကြာလဲနေလိမ့်မည် မသိ..။ တစ်သက်လုံးက မခံစားခဲ့ရဖူးသော ကြည်နူးခြင်းတစ်ချက်၊ ရင်ထဲမှာ သိမ့်ခနဲ နွေးသွား၏။ ပြီးတော့ တိုးတိတ်စွာ အားကိုးမိသောစိတ်မှာ တိတ်တိတ် ရှေရှတ်မိသည်။ အဲဒါ ငါ့သား။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

"တစ်ယောက်တည်း မပျင်းဘူးလား ညီမ.."

အသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ဦးလေး ဦးရာဇ ရဲ့မိတ်ဆွေဆိုသော အသက်ဘာယ်လောက်ရှိမှန်း ခန့်မှန်းရခက်လောက် အောင် ဝတ်စားပြင်ဆင်ထားသည့် ဦးပြည်တန် ဆိုသောလူ..။

မျက်ခုံးထူထူက ဖြူသောအသားပေါ်မှာ ထင်နေ၏။ နှာတံပေါ် ကာ နှုတ်ခမ်းကလည်း ကြည့်ကောင်း၏။ အဝတ်အစားကလည်း သေ သေသပ်သပ်မို့ လူချောတစ်ယောက်ပါ။ ဒါပေမယ့် မျက်နှာချောပုံက နတ်ကတော်ကြီးနှင့်တူနေ၏။ မိတ်ကပ်တွေဖျက်ချထားခါစ မျက်နှာ လို နီမြန်းနမှုန်နေတာကို မော့ကြည့်ပြီး ပုလဲအိမ် ဟင်းရွက်ဆန်ခါ လေးကိုင်၍ ထရပ်လိုက်၏။

"ဟာ..၊ နေပါဦး၊ ကိုယ်ဝင်လာတာနဲ့ပဲကွာ..၊ စကားပြောဖော်မရှိ လို့ ရှိးရှိးသားသား လာတာပါ"

မီးဖိုခန်းတံခါးမှာ မှားမားကြီးရပ်နေသဖြင့် ပုလဲအိမ် ထွက်လို့မရ ပေ..။ တောနှင့်မတန်အောင် ဝတ်စားထားပုံကို မျက်နှာတည်တည် လေးနှင့် ကြည့်ပစ်လိုက်ပြီး ပုလဲ ပြန်ထိုင်လိုက်ရသည်။

ဒီတော့မှ ဦးပြည်တန် က ခပ်နွဲ့နွဲ့ လျှောက်ဝင်လာ၏။





"အမြဲတမ်း တကုပ်ကုပ်နဲ့ အပြင်လေးဘာလေး ထွက်ပါလား ပုလဲအိမ် ရယ်..၊ ချက်ပြုတ်တဲ့ကောင်မလေး ရှိတယ်မို့လား"

"ကျွန်မ ဒီလိုပဲ နေနေကျ.."

မာဆတ်ဆတ်ပြေပြီး ကန်စွန်းရွက်ဆိတ်ပြီးသား ဆန်ခါကို ဟို ဘက်တိုးလိုက်သည်။ ပြီးတော့ ဓားဦးချွန်ကို မ,ယူကာ မုန်လာဥ လှီး ၏။ မလိုအပ်ဘဲ ကျယ်လောင်စွာမြည်နေသည့် တဒေါက်ဒေါက် အသံ ကြောင့် အင်နှင့်အားနှင့် လှုပ်ရှားနေသောဓားကို ဦးပြည်တန် က စိုက် ကြည့်ပြီး ပြုံးသည်။

"ဖြည်းဖြည်းလှီးပါကွ..၊ လက်ကို ထိသွားဦးမယ်"

ပုလဲအိမ် နှုတ်ခမ်းကို ဖိပိတ်ပစ်ပြီး အံကြိတ်မိသည်။ ဦးလေးနှင့် ပါလာတဲ့လူတွေ လူလဲပြီး ရောက်လာသည်။ ပြောချင်တာတွေပြောပြီး အနားကမခွာဘဲ နှောင့်ယှက်၏။ ဟိုနေ့တွေကတော့ မနှင်းအု က် သူမဘေးမှာ ရှိနေပါသည်။ ဒီနေ့တော့ နှစ်ရက်ခွင့်ယူပြီး ပြန်သွားတာမို့ ရှိ..။

"ညီမက မျက်နှာလေး ဖြူနုအိစက်နေတာပဲနော်..၊ အဲဒီလို အဖု အပိမ့်ကင်းပြီး ပန်းနုရောင်လွှင်နေတဲ့ အသားအရည်မျိုး မြို့မှာဆို မိန်း တလေးတွေ လိုချင်လွန်းလို့ ငွေကုန်ကြေးကျ တော်တော်ခံပြီး ကြိုးစား ကြတာတောင် မရဘူး..."

ပြောပြီး ပုလဲအိမ် ပီတိဖြစ်သွားသည်လား..။ မသိမသာ ကြိတ်ပြီး ကျေနပ်သွားသလားဆိုတာ ခဏ အကဲခတ်သေးသည်။ ပန်း မရောက် တရောက် ဆံပင်တိုလေးတွေ ငုံ့နေသည့်မျက်နှာတစ်ခြမ်းမှာ အုပ်ကွယ် နေတာမို့ သေချာမကြည့်ဖြစ်တော့ဘဲ...

"နောက်တစ်ခေါက်လာရင် မင်းအတွက် ကိုယ် အထည်တွေ ယူခဲ့မယ်၊ အလှပြင်ပစ္စည်းတွေလဲ ပါမယ်၊ လိုအပ်တာရှိရင် ပြောသာ..၊ အားလုံး ရစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အား..."

ဒေါက်ခနဲ အသံတစ်ချက်နှင့်အတူ ပုလဲအိမ် ၏အော်သံ ထွက်လာ၏။

"ဟာ.. စားထိသွားပြီလား..၊ ကိုယ့်ကိုပြ..."

"ဖယ်ပါ..."

ပုလဲအိမ် လက်ကိုလွှဲ၍ နောက်ဆုတ်လိုက်လျှင် ထိုင်ခုံခံနေသဖြင့် ခြေထောက်နှင့် တိုက်မိပြီး ဒယိမ်းဒယိုင် ဖြစ်သွားသည်။ ဦးပြည့်တန်ကလည်း အနားကပ်လာပြီဖြစ်ကာ လက်ကို အတင်းဆွဲယူ၏။

"ဘာလာလုပ်တာလဲ..၊ ဖယ်နော်..."

"အဖြစ်သည်းလိုက်တာကွာ..၊ ဒီမှာ သွေးတွေထွက်နေပြီဥစ္စာ၊ မရှုန်းစမ်းပါနဲ့.."

ဦးပြည့်တန် ၏ဓာတ်ရုပ်က ပေါ်လာ၏။ လက်ကိုလည်း ဆွဲသည်။ စားပွဲနှင့် သူ့ကြားမှာ ပုလဲအိမ် ပြေးပေါက်မရှိအောင် သူ့ကိုယ်ကြီးနှင့် ကာကွယ် ဖိကပ်လိုက်၏။

"တောက်..၊ ကဲ..ဟာ..."

"ခွပ်..."

မီးကလေးတင်ယောက်က လက်သီးနှင့် ပစ်ထိုးလိမ့်မည်ဟု မထင်ခဲ့သဖြင့် ဦးပြည့်တန် ပက်ခနဲ လန်ထွက်သွား၏။

"ဒုန်း..."

ပုလဲအိမ် ထိုလူကြီးရဲ့ တစ်ကိုယ်လုံးကို စိတ်ရှိလက်ရှိ ဆောင့်တွန်း၍ မီးဖိုခန်းထဲက ပြေးထွက်လာခဲ့၏။

"သမီး..."

"ဘဘ..."

အိမ်ပေါ်ထပ်ကနေ ခပ်နှဲ့နှဲ့ဆင်းလာနေသည့် ဦးလူမော်အောင်ဆီ ပုလဲ တန်းပြေးကာ...





"ဘဘ..၊ ဟိုလူကြီး ဦးပြည့်တန်..."

"ဟင်..၊ ငါ့သမီးကို ဘာလုပ်သလဲ၊ သမီး ပြောစမ်း..."

ဦးလူမော်အောင် လူက မဟန်နိုင်ပေမယ့် ဒေါသကြောင့် အသားတွေ တုန်နေရှာ၏။ ဒီလို လူမမာဘဝကို ရောက်ခဲ့ရတာ မထင်မှတ်သည့် အဖြစ်ကလေးတစ်ခုကြောင့်ပါ..။

အပျော်တမ်း မြင်းစီးကျင့်နေရင်း ဦးလူမော်အောင် အလှည့်ကျမှ မြင်းက ပဒပ်ရုပ်ပြီး ခါချပစ်လိုက်သဖြင့် ပစ်စလက်ခတ် ပြုတ်ကျသွားခဲ့၏။

ဘယ်လိုကြမ္မာငင်ခဲ့မှန်း မသိဘဲ တစ်ကိုယ်လုံးမှာရှိသမျှ အကြောတွေဟာ လှုပ်ရှားမှုတွေ ရပ်ဆိုင်းကုန်၏။

ကြိုးစားလှုပ်ရှားလို့တော့ ရပေမယ့် အားစိုက်မှုတစ်ခု ဖြစ်လိုက်တိုင်း ကထုန်ကယင်..။ ထို့နောက်မှာ အသက်တစ်နှစ်ကြီးလာလေ ရောဂါတစ်ခု တိုးလေ..။

သူ့ဘဝဟာ လူသေတစ်ယောက်ထက်သာတာလေးတစ်ခုပဲ ရှိသည်။ ဒီနေ့ထိ သူ့ အသက်ရှူ လှုပ်ရှားနေနိုင်ဆဲ..။

"အဲဒါ ဘဘကြောင့်..၊ ဘဘရှိနေရက်နဲ့ မြေးကို ဘာမှ မကာကွယ်နိုင်ဘူး"

ဘဘ စိတ်ဆင်းရဲသွားပြီမှန်းသိကာ လွတ်ခနဲ ပြောပြီးမှ ပုလဲအိမ် အသံလေးတိတ်သွားသဖြင့် ဦးလူမော်အောင် က ထင်သလို ယူဆဝစ်လိုက်၏။

"ဒီကောင် ငါ့အိမ်မှာ ကြာကြာနေပြီး အစိုးပွားယ်မရှိတဲ့လမ်းဘွေ့သွား..၊ အချိန်တွေ ပြန့်..."

"ဘဘ တော်ပါတော့၊ သမီးမှ ဘာမှမဖြစ်တာ၊ လာနော်... အပေါ် ပြန်တက်ရအောင်.."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ..၊ အိမ်ထဲမှာတော့ သူတို့ သမီးကို မဖျက်ဆီးနိုင်အောင် သမီး ကာကွယ်နိုင်တယ်၊ စိတ်ထဲမှာ ဘဘ ရှိနေတယ်ဆိုတဲ့ အင်အားနဲ့ ဘာဖြစ်ဖြစ် မကြောက်ဘူး.."

ဦးလှမော်အောင် ရင်ထဲမှာ လှိုက်ခနဲ နင့်၏။ 'ဘဘ ရှိနေတယ်ဆိုတဲ့အင်အားနဲ့..'တဲ့..။

ဟုတ်သည်..၊ သူ ရပ်တည်ပေးရမည်။ ခြေ တစ်ပေါင်ကျိုးဘဝနှင့်ဖြစ်ဖြစ် အိပ်ရာထဲမှာ ပက်လက်ကြီး နေရတဲ့ဘဝ ဖြစ်ပါစေ ဒီကလေးအတွက် သူ ရပ်တည်ရမည်။

လှူက လဲနေပြီဆိုရင်တောင် ခေါင်းပေါင်းစကတော့ တလူလူ..။



## အခန်း ( ၁၁ )

မျှော်နေတာ မျှော်တဲ့သူက ပေါ်မလာဘဲ မြင်ကွင်းထဲကို ဝင်လာတဲ့သူက တစ်ယောက်..၊ ရှပ်အကျႌ ဝန်းရောင်ကွက်ကို ပန်းရောင်ထဘီတိုတိုတုတ်တုတ်နှင့် ဝတ်ထား၏။ သာသာယာအောင် မကျေမနပ်နှင့် အကြမ်းပန်းကန်လုံးကို ဆောင့်ချလိုက်မိ၏။

'ဧရာဝတီ'ဆန်စက်ကြီးက ရွာလယ်မှာ တခမ်းတနား ရှိနေခဲ့သည်။ ဒီကနေ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ရွာလယ်လမ်းကို မျှော်နေမိတာက သဇင်နွယ် ထွက်လာမှာကို ဖြစ်၏။

မြင်လိုက်ရတာက ရွာနောက်ပိုင်း အုကြောင်းကျားအိမ်အိုကြီးထဲက ထွက်ထွက်လာတတ်သည့် တစ်ယောက်..။ သူမကို မြင်တွေ့နေရပေမယ့် နာမည်ကိုတောင် သေချာမသိပါ။ ဒါက သူတင်မကပေ တစ်ရွာလုံးက ထိုအိမ်ကြီးကို စိတ်ဝင်တစား မရှိကြတော့တာ ဖြစ်သည်။

ဆွေးမြည့်ပြီး အရောင်မတင်တော့သည့် သံတံခါးကြီးနှစ်ချပ်အမြဲ ပိတ်ထားကာ အဖွင့်အပိတ်ရှိပုံလည်း မရ..။ လူထွက်လာတာမြင်ရပေမယ့်လည်း ဘယ်ကထွက်ပြီး ဘယ်ကဘယ်လို ပြန်ဝင်သွားကြမှန်း မသိ..။ ဒီအိမ်ကြီးဟာ ဟိုရှေ့ခေတ်တုန်းက အရာရှိအရာခံတွေစခန်းချခဲ့သည့်အိမ်ကြီးဟုသိရကာ ဒီမှာ လာနေသမျှကလည်း ပညာတတ်၊ သူဌေးသူကြွယ်တွေပဲ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ဒါက လူကြီးတွေပြောကြသည့် သက်ကြီးစကား သက်ဝေ ကြား၊ လက်တွေ့မှာ မြင်နေရတာကတော့ အိမ်ကြီးအိုနေပေမယ့် ပြဖြ အရောင်တင်တာလည်း မရှိ..၊ နေကြတဲ့လူတွေကလည်း ဘာတွေမှန်း မသိ..။

ထွက်လာလို့ကြည့်လိုက်လျှင် ခပ်စုတ်စုတ် အူကြောင်ကျားပုံစံ နှင့်။ တချို့တွေကတော့ ပြောကြသည်။ ဒီလူတွေက မြို့ကပြောင်းလာ သည့် အထည်ကြီးပျက်တွေတဲ့။ ပြီးတော့ အထဲမှာ အရူးတွေ၊ စိတ္တဇ သမားတွေကိုပဲ ထည့်ပိတ်လှောင်ထားသလိုလို..။ တဖြည်းဖြည်း နီး လာသည့် ကောင်မလေးကို သူ ကြည့်ရင်း မရည်ရွယ်ဘဲ ထိုအိမ်ကြီး အကြောင်းတွေ ခေါင်းထဲရောက်လာ၏။

ဒီကောင်မလေးလည်း အပြင်ထွက်ထွက်လာတာ တွေ့နေရတာ ဆိုတော့ ကောင်မလေးက အိမ်ဖော်လား..၊ ဒါမှမဟုတ် ဆွေမျိုးမကောင်း တော်စပ်တဲ့ထဲက တစ်ယောက်ယောက်လား..။

နေပူပူထဲက လမ်းလျှောက်လာရသည့် မျက်နှာလေးသည် ပါး ပြင်လေးနှစ်ဖက်က ပန်းသွေးရောင်တက်နေ၏။ ဦးထုပ်ဝိုင်းလေး ဆောင်းထားပြီး မျက်မှောင်ကြုတ်ထားသေးသည်။

ထို့ပြင် အိမ်အိုကြီးက ရှေးဟောင်းပုံနှင့်။ သူမကျတော့ ဆံပင်တို လေး တိုနံ့နံ့၊ ခြေလှမ်းကျယ်ကြီးတွေက နန်းမဆန်..။ မျက်နှာလေးက ထင်ရက်ဖွယ်မရှိပေမယ့် ပုံစံအရတော့ အိမ်ဖော်ပဲ ဖြစ်နိုင်သည်ဟု သတ်မှတ်၍ မျက်နှာလွှဲလိုက်သည်။

သူမက လက်ဖက်ရည်ဆိုင်ထဲ တည့်တည့်ဝင်လာတာဖြစ်ကာ ကောင်တာကို ဝင်သွားတဲ့အထိ သူ လိုက်ကြည့်နေမိသည်။

"လက်ဖက်ခြောက်အချိုခြောက် နည်းနည်းလောက် ပြန်ရောင်း ပါလားဟင်.."

ရွာထိပ်မှာမဝယ်ဘဲ ဒီထဲဝင်ဝယ်သဖြင့် သူ ကြည့်ရင်း နားစွင့်နေ





မိသည်၊ ဆိုင်ရှင်က ရောင်းလိုက်ပုံရကာ သူမ ချက်ချင်း ပြန်ထွက် သွား၏။

"အိမ်ကြီးက ကောင်မလေးမို့လား.."

"ဟုတ်တယ်..၊ ဒီမှာလက်ဖက်ရည်လာလာသောက်တဲ့ ညီသည် တွေ၊ အဲဒီမှာ တည်းကြတာပဲ"

သူ့လိုပဲ မြင်လိုက်ကာမှ သတိရပြီး ဝေဖန်ကြသည့် စကားသံတွေ နောက်စားပွဲက ထွက်လာ၏။

"သူတို့က အိမ်စောင့်တွေ ထင်ပါတယ်၊ မြို့က သူဌေးလာရင် တည်းခိုဖို့ အဆင်ပြေအောင် နေမှာပေါ့.."

"မင်းကလဲ..၊ ငါတို့ရွာက အပန်းဖြေလာရလောက်အောင်တော့ သာယာပါဘူး.."

"အေးလေ..၊ ဖုန်တထောင်းထောင်းနဲ့.."

"ဒါက ရွာဆက်တွေရှိတဲ့လမ်းကိုကွ..၊ လှည်းသွားရင် ဖုန်ထမှာ ပေါ့..၊ ခု သူတို့ ဘာလာလုပ်ကြတာလဲ.."

"ရိုးမထဲ သွားကြတာ.."

"အဲဒါပေါ့..၊ မြို့ကသူဌေးတွေ အားအားယားယား လုပ်စရာ ဒါပဲရှိတာ.."

ဝေဖန်သံတွေကတော့ အမျိုးမျိုးပင်..။ သာယာအောင် မျက်လုံး ထဲမှာ အိမ်ကိုရောက်လာကြသည့် ညီသည်တွေနှင့်အတူ စာသား ပြန်မလာတာ သုံးရက်ရှိပြီကို တွေးမိလိုက်၏။

အသက်အန္တရာယ် ဘာညာတော့ မပူရလောက်ပါ..။ စာသား က ကိုယ်ခံပညာ မတတ်ကျွမ်းခင်ကတည်းက မျက်လုံးများ၊ နားများ လျင်သည်။ လက်မြန်သလောက် အချိုးအဆလည်း ပြင်း၏။ လူပျို ပေါက်စအရွယ်ကတည်းက လူကြီးတွေနှင့် တောထဲလိုက်သည်။ သူငယ်ချင်းတွေနှင့် သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖအေတစ်ယောက်လုံး လမ်းပြ လုပ်စားနေပေမယ့် ကိုယ့်အဖေကို ဘယ်တော့မှ ဆရာ မတင်တဲ့ သား..၊ သူတို့တွေ တောထဲရောက်ဖြစ်တာက အဖေကလည်း မခိုင်း..၊ သူတို့ကလည်း စိတ်မဝင်စားလို့..။ စာသား တို့ကျတော့ တောနက်တွေထဲ သွားလာနေပြီး ဖအေကို တစ်ချက်မှ ဆရာ မတင်..။ အိမ်လည်း သိပ်မကပ်..။

ဒီလောက် ကင်းကင်းနေတတ်တဲ့ကောင်..၊ အဖေ့ပြဿနာကို ဝင်ရှင်းပေးသွားတော့ အံ့တော့ အံ့ဩစရာပါ..။

"ဟော..."

မျက်လုံးထဲမှာ စက်ဘီးတစ်စီးနှင့် အပြာရောင်အရိပ်လေးကို မြင်လိုက်သဖြင့် ခေါင်းထဲရောက်နေသည့် အတွေးစတွေအားလုံး ပျောက်ကုန်၏။

သဇင်..၊ သူ လက်ဖက်ရည်ဖိုးရှင်းကာ ဆိုင်ထဲက ထွက်ခဲ့သည်။ အေးဆေးစကားပြောလို့ရနိုင်သော ကုက္ကိုပင်ကြီးအောက်ကနေ ကြိုစောင့်ရင်း ဝတ်ထားသည့် ပုဆိုးပုံစံကို ပြန်ငုံ့ကြည့်၍ စပို့ရှပ်ကို ပေပြစ်အောင် ဟိုကဆွဲချ..၊ ဒီကဆွဲချ..။

သဇင် က သူရပ်နေတာကိုမြင်တော့ ဘဲလ် တီး၏။ ပြီးတော့ စက်ဘီးပေါ်ကဆင်းကာ...

"လမ်းလယ်ခေါင်မှာ ဘာရပ်လုပ်နေတာလဲ..၊ ဒီမှာ မောရတဲ့အထဲ.."

နီးဦးထုပ်ဝိုင်းကြီးကိုဆောင်းကာ နားထင်နှစ်ဖက်က ကြိုးစကို မေးအောက်မှာ သိုင်းချည်ထားခြင်းဖြင့် ဦးထုပ် လေမလွင့်အောင် ထိန်းထားတာဖြစ်၏။ ပြောနေရင်း မေးဖျားကကြိုးကြောင့် စိတ်အိုက်နေသလို လက်ချောင်းလေးသွင်း၍ မျက်နှာလေးရှုံ့မဲ့နေကာ...

"ပြောလေ..၊ ဘာလဲလို့..."

"ငါးဒိုင်ကို မသွားဘူးလား၊ မနက်က ငါ ငါးဒိုင်မှာ သွားစောင့်





နေသေးတယ်"

"ဟင်..၊ စာသား ပြန်ရောက်နေပြီလား"

သဇင် မျက်နှာ ပျာပျာသလဲဖြစ်သွားတာကို သာယာအောင် မျက်မှောင်ကြုတ်ကာ...

"ဘာဆိုင်လို့လဲ.."

"မသိဘူးလေ..၊ ရှင့်ညီဆိုကို လာတာလားလို့"

"စောင့်စရာလား..၊ တစ်အိမ်တည်းနေကြတာတောင် နှစ်ရက်၊ သုံးရက်နေလို့ စကားလက်ဆုံ တစ်ခါမကျဘူး.."

မျက်မှောင်ကြုတ်ကြီးဖြစ်သွားသည့် မျက်နှာကို မသိမသာကြည့်ပြီး သဇင် က ရယ်သည်။

"ဘာရယ်တာလဲ..၊ ငါက နင့်ကို သွားစောင့်နေတာ..၊ နင် ငါးဒိုင်မှာ လုပ်နေတယ်ဆို.."

"ကိုယ့်ဦးလေးရဲ့ ဒိုင်ပဲဟာ..၊ စိတ်ကူးရလို့ သွားကူတဲ့အခါ ကူတယ်လေ..၊ စိတ်ကူးမရတဲ့အခါ မသွားဘူးပေါ့၊ ဘာဖြစ်လို့လဲ.."

"နင် ငါ့ကို အဖြေပေးလေဟာ..."

ရင်ထဲမှာ တစ်ခုခုထိခိုက်သွားပေမယ့် သာယာအောင် က လိုရင်းကို အမိအရ ပြောသည်။ သဇင် က စိတ်ပျက်သည့်မျက်ဝန်းများနှင့်...

"ဘာအဖြေလဲ..၊ နင့်လို ချစ်ပါတယ်..၊ ကြိုက်ပါတယ် ပြောထားတဲ့လူတိုင်းကို အဖြေ ပြန်ပေးနေရမယ်ဆိုရင် ငါတော့ ရည်းစားတွေ ပုတ်နဲ့ လိုက်ကောက်ထည့်ရလိမ့်မယ်"

"နင်ကလဲဟာ..၊ ငါ အဖြေတောင်းထားတာ တော်တော်ကြာနေပါပြီ.."

"ကြာတိုင်း ငါက ပြန်ပေးစရာလား၊ နင့်ကိုယ်နင်လဲ ကြည့်—အမြဲတမ်း ကြက်ဝိုင်း၊ ဖဲဝိုင်းမှာ..."

"ငါ ဖဲတော့ မရိုက်ပါဘူး၊ ကြည့်တာပါ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း..၊ ညီအစ်ကိုနှစ်ယောက်စလုံး ညီလဲညီပါ့"

"ညီအစ်ကိုသုံးယောက်ပါ.."

"ဒါပေမယ့် နင်နဲ့ တေးချို ပဲ လောင်းကစားဝိုင်းတွေမှာ ပါတာ စာသား က ငါးဒိုင်မှာတောင် လာလုပ်လိုက်သေးတယ်၊ ဘာဖြစ်ဖြစ် စာသား မိုက်တာက ကြားကောင်းပါတယ်၊ သူက အငယ်ဆုံးပဲဟာ နင် ငါ့ကို မျှော်လင့်မနေနဲ့ သာယာအောင်..၊ နင်တို့ညီအစ်ကိုတွေ ကိုယ့်မိသားစုကိုတောင် အကြင်နာတရား မရှိကြတာ ငါ ယုံလဲ မယုံ ဘူး၊ ချစ်ဖို့လဲ မလွယ်ဘူး..၊ မိဘမေတ္တာ..၊ မိသားစုဘဝရဲ့ နွေးထွေးမှု ဆိုတာတွေကိုပဲ ခံစားတတ်အောင် ကြိုးစားပါဦး"

မျှော်လင့်ချက်မဲ့စကားတွေဆိုရင်း သဇင် က ထွက်သွားဖို့ပြင် သည်။

"နေပါဦး..၊ နင် အခု ငါးဒိုင်ကိုသွားဖို့ စိတ်ကူးမရှိသေးဘူးပေါ့"

"မရှိဘူး"

ဒါပဲပြောပြီး စက်ဘီးနင်း ထွက်သွား၏။ သာယာအောင် တစ် ယောက်တည်း ငေါင်းစင်းစင်းကြီး ကျန်ရစ်ခဲ့သည်။

"ငါးဒိုင်ကိုသွားဖို့ စိတ်ကူးက စာသား ပြန်ရောက်မှ ရှိမှာလား.."

နာကျင်စွာ တွေးလိုက်မိသည်။ သူ့နားထဲမှာ ရောက်လာသည့် သိုးသိုးသန့်သန့်သတင်းစကားတွေ တကယ် မှန်နေပြီထင်သည်။

"မင်းညီအေးမှာ မင်းရဲ့ သဇင် လေး.. မျက်နှာလေးကို ချိုလို့..၊ ငါ သေချာကို မြင်ခဲ့တာနော် မယုံမရှိနဲ့..၊ မနေ့ နေ့ခင်းက တစ်ခါ..၊ ဒီမနက် တစ်ခါ..၊ အင်းဘက်ကို ထွက်သွားကြတာလဲ အတူတူပဲ.."

"စာသား ထူးထူးဆန်းဆန်း အလုပ်ဝင်လုပ်တာ အဲဒါကြောင့် လားမှ မသိတာ.."

"သဇင် က ဘယ်သူနဲ့လဲ..၊ မြို့သားဆိုတဲ့ အင်းပိုင်ကြီးရဲ့တူနဲ့ လား၊ ဟို သုံးယောက်ထဲက အငယ်ကောင်နဲ့လား.."





"ဒီကောင်မလေးကလဲ ကြိုက်စရာရှားလို့၊ ဒီညီအစ်ကိုတွေကိုများ ရှမ်းသွေးတယ်၊ တကယ့် မိုက်ခဲသုံးယောက်..."

"မိုက်တာ မဟုတ်ဘူး..၊ သူတို့က အသုံးမကျတာ..."

စသဖြင့် သူငယ်ချင်းတွေ ပြောကြတာရော၊ ဒိုင်မှာ အဝင်အထွက် များကြတဲ့လူတွေဆီကရော ဒီစကားမျိုးတွေကို သူ ကြားလာခဲ့ရတာ သိပ် တော့မကြာသေးပေ..။

ကြားနေပေမယ့် ဟုတ်များဟုတ်သလားလို့တောင် မတွေးခဲ့ဖူး ပါ။ သဇင် က သူဌေးသမီးဆိုပေမယ့် သူ့အဒေါ်လိုပဲ အာဘော် နည်း နည်းကြမ်းသည်။ ရုပ်လေးချောပေမယ့် သဘောကျတဲ့ယောကျာ်းလေး တိုင်း မချဉ်းကပ်ရဲသည့်မိန်းကလေး ဖြစ်သည်။

ထိုအထဲမှာ တေးချို လည်း ပါ၏။ ထို့ပြင်...

စာသား လို ဌတ်ဆတ်ဆတ် မထိတထိနေတတ်သည့်ကောင်ဆို ပိုဆိုးတာပေါ့..။ မိန်းကလေးတွေရဲ့စိတ်ကို သူ နားမလည်နိုင်တော့ပါ။ သူမနဲ့ အဆင့်အတန်းတူ မြို့ကကောင့်တွေလည်း ချဉ်းကပ်နေကြတာ ရှိသည်၊ ညီအစ်ကိုသုံးယောက်ထဲမှာ ကြည့်အကောင်းဆုံးဟု သမုတ်ခံ ရသည့် သူ့ကိုလည်း ဂရုမစိုက်ဘဲ စာသား ကိုမှ အရေးပေးနေသည်ဆို တော့..။ မဟုတ်မှလွဲရော..၊ စာသား သူ့ကိုရွဲ့တာပဲ ဖြစ်မည်။ ဟိုတစ်ခါ သဇင် နဲ့ပတ်သက်ပြီး စကားများခဲ့သည့်နောက်ပိုင်းမှာ ဒီလိုတွေ ဖြစ်ခဲ့ တာပဲ..။

ကိုယ့်အတွေးများနှင့် ကိုယ် ရှုပ်ထွေးရင်း သာယာအောင် နေပူထဲ မှာ ခေါင်းငိုက်စိုက်နှင့် ဘဝမှာ အတော်ဆုံး၊ အကောင်းဆုံးတွေကို ကြိုးစားအားထုတ်ခြင်းမပါဘဲ ပိုင်ဆိုင်ခွင့်ရရင် ဘယ်လောက် ကောင်း မလဲ..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

ခရီးရောက်မဆိုက် မောပန်းနေသည့်မျက်နှာက ဒေါ်သနှင့်ပေါင်း စပ်ပြီး ကြောက်စရာကောင်းအောင် နီရဲနေ၏။ မြို့ကြီးသား လူကုံထံ တို့၏ ရည်မွန်၊ ယဉ်ကျေးခြင်းဆိုတာတွေနှင့် ဖုံးဖိဟန်ဆောင်ဖို့လည်း သတိမရတော့ဘူး ထင်သည်။

"ကျွန်တော့်ညီသည်ကို ပြောရင် ကျွန်တော့်ကို ပြောသလိုပဲ ကိုကြီး...၊ ကျွန်တော်က ဒါ ငါ့အစ်ကိုကြီးအိမ်...၊ လွတ်လွတ်လပ်လပ် နေနိုင်တယ်လို့ အာမတွေခံပြီး ထားခဲ့တာ..."

"မင်းရဲ့မိတ်ဆွေ လွတ်လပ်ဖို့အတွက် ငါက ဘာတွေ ထပ်ပေးရ ဦးမှာလဲ..၊ မင်း ငါ့ကို ဒုက္ခတပါဆိုပြီး လေးစားသမှု ဘာမှမရှိတော့ဘူး လား ရာဇ..."

"ဘာဆိုင်လဲ ကိုကြီး...၊ အခု ကျွန်တော်ပြောနေတာက ညီသည် ကို ထမင်းနူးခပ်ကျွေးမော်တောင် မရဘဲ ညီသည် အပြင်မှာ သွားဝယ် စားရတယ်ဆိုတာ..."

"ညီသည်က ညီသည်လိုမနေတတ်ဘဲ အိမ်ရှင်ကို စော်ကား တာကျတော့ ကောင်းလား.."

"ဒါက မဆိုင်ပါဘူး...၊ ကျွန်တော့်ညီသည်တွေအကုန်လုံး အိမ် ထောင်မရှိဘဲ လူလွတ်တွေချည်းပဲ..၊ လွတ်လပ်တဲ့သူချင်း ငြိသွားတော့..."





"ရာဇ..၊ မင်း တိတ်စမ်း..."

ဦးလှမော်အောင် ဒေါသဖြစ်နေပြီ။ ဖြစ်သလောက်လည်း ဘာမှ ပြောမထွက်..။ ဦးလေးအရင်းကြီးဖြစ်နေပြီး ရက်စက်ရင့်သီးလွန်းတဲ့ လူကို ဘာပြောရမလဲ..။

ကျောက်ခဲကနေ နို့ညှစ်ယူဖို့အတွက် သူ့မှာ လက်နက်မဲ့နေ၏။ ထိုစဉ် ရေချိုးပြီး နောက်ဖေးကနေတက်လာကြသည့် ညီသည်ဆို သည့် ပုဂ္ဂိုလ်ထူးတွေကို မြင်လိုက်ရတော့ ပိုပြီး ရင်နာမိသည်။

လူလွတ်တွေတဲ့..၊ မိန်းမ တရားဝင်မရှိဘဲ ထင်တိုင်းလွတ်နေတဲ့ လူလွတ်တွေလား..။ အသက်တွေက နောက်ပြန်စမှ ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်ဆိုတဲ့ အရွယ်တွေ..။ ကိုယ့်တူမ အပျိုစင်နုနုနယ်နယ်လေး ကို သင်းမို့ ပြောရက်သည်။

"ကိုဇော်တို့ ခဏ နားလိုက်ဦးဗျာ..၊ ညနေကျမှ အပြင်ခဏထွက် တာပေါ့"

ဦးရာဇ က သူ့ညီသည်တွေကို ပြေပြေပြစ်ပြစ် လှမ်းပြောပြီး ဒီဘက်ပြန်လှည့်လာသည့်မျက်နှာက တည်တည်တင်းတင်း..။

ပြီးတော့ ဦးလှမော်အောင် ထိုင်နေသည့်ဘေးကို ရွှေ့ထိုင်လိုက်ပြီး အသံကိုနှိမ့်၍...

"ကျွန်တော် တစ်ခုပြောမယ် ကိုကြီး..၊ ကိုကြီး ပြောသလို ကျွန်တော်နဲ့လဲ သွေးသားတော်စပ်နေလို့ ဒီကောင်မလေးအတွက် ကျွန်တော် စဉ်းစားထားတာ..."

"မင်းမိတ်ဆွေ အိုနာရှုတ်တွတွေနဲ့ ပျက်စီးရာပျက်စီးကြောင်း ထားလိုက်ဖို့လား.."

ဦးရာဇ မျက်နှာ တင်းသထက် တင်းသွားသည်။ ဒါပေမယ့် ပြန်၍ လျှော့ချလိုက်ပုံနှင့်...

"ပြောကြကြေးဆို ငြိသွားကြရင်လဲ အသက်တွေကွာတာပဲ ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြို့မှာ တခမ်းတနား လက်ထပ်ယူနိုင်တဲ့လူတွေပါ.."

"ဟော့..၊ မင်း တော်စမ်း..."

"အိစ်ကိုကြီးက မဟုတ်ကဟုတ်က ဒေါကန်နေတာကို သိအောင် ပြောပြတာပါ၊ ကျွန်တော် အခု ပြောမှာက ကျွန်တော့်သားနဲ့ လက်ထပ်ပေးလိုက်ဖို့အကြောင်း..."

ဦးလူမော်အောင် ဆတ်ခနဲ ဖြစ်သွားသည်။

"ပြောတာကို နားထောင်ပါဦး"

"မင်း ခရီးပန်းလာတယ်မို့လား ရာဇ..၊ သွားနားချေ၊ မင်းပြောတဲ့ ကိစ္စ မဆွေးနွေးချင်ဘူး"

"နားဖို့ မလိုပါဘူး၊ တောထဲမှာ ထင်သလို နားလာခဲ့တာ၊ ပင်ပန်းတာ ဘာမှမဖြစ်ခဲ့ဘူး"

ဦးရာဇ က ပြန်ရှဲ့ဖြေကာ...

"ကျွန်တော့်မှာ မွေးစားသားနှစ်ယောက် ရှိတယ်၊ တစ်ယောက်က နည်းနည်းဆိုးလို့ မပြောတော့ဘူး၊ မင်းကြည်ဖြူ က တော်တယ်၊ ကိုယ့်တူမဆိုတဲ့အသိနဲ့ အဲဒီကောင်နဲ့ လက်ထပ်ပေးဖို့..."

"ငါ သဘောမတူဘူးလို့ ပြောပြီးပြီလေ.."

"မတူလို့ မရဘူး..၊ အခု ကိုအိုး ရဲ့အမွေတွေအပြင် အစ်ကိုကြီးရဲ့ပစ္စည်းတွေလဲ သူပဲ ရမှာ..၊ မရသင့်တော့ဘူးလို့ သတ်မှတ်ပြီး ဖယ်ကြဉ်ထားခဲ့တဲ့ မိန်းကလေးကိုမှ ကိုကြီးက မွေးမြူထားတော့ တားမရတဲ့အတွက် ဒီလို စီစဉ်ရတာ၊ ကျွန်တော်တို့ရဲ့ စည်းစိမ်ဥစ္စာတွေကို သူ့ကျမှ ပုံအောခံစားခွင့် မရှိစေရဘူး၊ ဒါ ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်ပဲ.."

"မင်း လောဘကြီးလိုက်တာ ရာဇ ရာ..၊ မင်းမှာလဲ..."

"ထပ်မပြောပါနဲ့..၊ ကျွန်တော် ချမ်းသာနေတာတွေက လုပ်ငန်းကြီးတစ်ခု အကြောင်းပြုပြီး လူသိများတဲ့ ပြယုဂ်တစ်ခုပါ၊ 'မဟာမြိုင်'





ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို ဘေးလူမသိအောင်ဘဲ ဖုံးဖိထားလို့ ရမယ်၊ ညီအစ်ကိုချင်း လာကွယ်မနေနဲ့.."

ဦးရာဇ မျက်နှာမှာ လောဘကြောင့် စာနာနူးညံ့ခြင်းတို့ အလျဉ်းတင်းလျက်..။

"ကျွန်တော်က တရားဝင် တင်ပြပြီးပြီးနော်..၊ မကြာခင် မင်းကြည်ဖြူ ဒီကို ရောက်လာမယ်၊ ကျွန်တော့်သားကို ကိုကြီး မကြည်မဖြူ လုပ်ရင်..၊ ပုလဲအိမ် က တင်းတင်းမာမာ တုံ့ပြန်ရင်..."

"ဒါက သူ့သဘောပဲကွ..၊ သူ မေတ္တာရှိမှ ဖြစ်မှာ..."

"မေတ္တာ မလိုဘူး ကိုကြီး..၊ လူကြီးက သင့်သလိုစီမံရင် နာခံရမှာပဲ၊ ကျွန်တော် ဖြစ်စေချင်တဲ့အတိုင်းမဟုတ်ဘဲ ကိုကြီးတို့ နှောက်ထပ်ပြီး ခြေရာဖျောက်ဖို့ ကြိုးစားပါနဲ့၊ ကောင်မလေးကို ဟိုလွှတ်ဒီလွှတ်လဲ မလုပ်ဖို့ သတိပေးချင်တယ်၊ ကျွန်တော်ကတော့ ရှင်းရှင်းပဲနော်၊ အမွေကိစ္စနဲ့ပတ်သက်ရင် တရားတရား,မတရားတရား လုပ်မှာ..၊ ဘာတွေလုပ်မှာလဲဆိုတာကတော့ အစ်ကိုကြီးတို့ရဲ့ လှုပ်ရှားမှုတွေအတိုင်းပဲ.."

မိုက်ရိုင်းရမ်းကားမှုတွေနှင့် စိန်ခေါ်နေ၏။ ထိုသူဟာ သူ ချီပိုးထိန်းကျောင်းခဲ့ရသည့် ညီအငယ်ဆုံးလေး ဖြစ်နေသည်။

ဩော် စည်းစိမ်ဥစ္စာဆိုတာ မရှိမကောင်း ရှိမကောင်းပါလား..။

ရင်ထဲက ပူလောင်ခြင်းဟာ သက်ပြင်းမှုတ်အထုတ်မှာ လေတွေထွက်မလာဘဲ မီးခိုးငွေ့တွေများ ပါလာမလား ဟုဝင်ရလေသည်။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

"ဗျာ!..."

ဆရာကြီးမျက်နှာကို သူ ဖျတ်ခနဲ မော့ကြည့်သည်။ တန်းလျားမှာ ထိုင်ပြီးမှ ဖိနပ်ပြုတ်သွားတာကို ငုံ့ကြည့်နေသည့်ခေါင်းက ခါးပါ မတ်သွားခဲ့၏။

"ကျွန်တော့်ကို ဟုတ်လား..."

"အေး..၊ ငါ အသင့်တော်ဆုံး တွေးမိတာတော့ မင်းပဲ..၊ မင်းတို့ လူငယ်တွေမှာ ဘဝအမျိုးမျိုးနဲ့ ကောင်းတာဆိုးတာတွေ အတူရှိနေကြတာ မှန်တယ်၊ ဒါပေမယ့် အားလုံးထဲမှာ မင်းတို့ညီအစ်ကိုတွေက ပိုပြီး အရိပ်မဲ့တယ်၊ ခုဆို မင်းအဖေလဲ သိပ်ပြီး နာလန်မထူဘူးမို့လား.."

"ဆရာကြီးက ကျွန်တော့်ကို ဝင်ငွေရှိစေချင်တာလား.."

"ဒါပဲ ဘယ်ဟုတ်မလဲကွာ..၊ သူများတွေ ဘယ်လိုဝေဖန်ဝေဖန် မင်းရဲ့စိတ်ဓာတ်ကို ငါ ယုံတယ်၊ ပညာရှိတွေနှုတ်ဖျားဟာ စည်ကြီးနဲ့ တူတယ်ကွ..၊ မတီးဘဲ မမြည်ဘူး၊ မင်းက ပညာရှိမဟုတ်ဘဲ အဲဒီ သိက္ခာမျိုး မင်းမှာ ရှိနေတယ်၊ ညီအစ်ကိုသုံးယောက်ထဲမှာ မင်းက တစ်မျိုးတစ်ဘာသာ ဖြစ်နေတဲ့သူပါ၊ ငါ့တပည့်တွေထဲမှာလဲ မင်းကိုပဲ ငါ အထူး အလေးထားခဲ့တာ မင်း သိပါတယ်.."





စာသား ဘာမှမပြောဘဲ နားထောင်နေလိုက်၏။ ရွာနောက်ပိုင်းက အိမ်မည်းကြီးမှာ ခြံစောင့် သွားလုပ်ရမည်တဲ့..။ ဒီစကားကို ဆရာကြီးက ပြောတာသာမဟုတ်လျှင် သူ့ပါးစပ်က နှုးညံ့ဖွယ်တွေနှင့်တုံ့ပြန်မိမှာ မဟုတ်ပေ..။

ဆင်းဆင်းရဲရဲ တောသားပေမယ့် မာနဂုဏ်တော့ ကောင်းကင်မှာ ချိတ်ထားတာဖြစ်သည်။

"မင်းရင်ထဲက မာနကို နည်းနည်းလျှော့ချပြီး ဦးလှမော်အောင်နဲ့ သွားတွေ့ကြည့်လိုက်ပါ..၊ ငါ ပြောချင်တာက သူတို့အတွက် ခိုင်းဖို့ လုလိုတာ မဟုတ်ဘူး..၊ အားကိုးဖို့ လိုနေတာ...၊ ဦးလှမော်အောင်က သူ့ကိုယ်စား ငါ့ဆီကို လူတစ်ယောက်လွှတ်ပြီး ရင်းနှီးဖို့ ကြိုးစားတယ်၊ ငါ့ပညာနဲ့ ငါ့တပည့်တွေအခြေအနေကို အနီးကပ် လေ့လာခိုင်းတယ်၊ ဖွင့်ပြောလာတာက ခုမှပါ..."

"သူတို့မှာ ဘယ်လိုအန္တရာယ်တွေ ကြုံနေလို့လဲ ဆရာကြီး၊ အဲဒါကို ပြောလား..."

"မပြောဘူး..၊ ဒီကိုလာတဲ့လူက သူတို့ အသေးအတမ်းမကောင်းတဲ့လူယုံ ထင်တယ်..၊ ယုံလို့ ဒီလိုခိုင်းပေမယ့် အဲဒီလောက်ထိတော့ သိခွင့်ရှိပုံ မရဘူး၊ အဲဒါကြောင့် မင်း သွားတွေ့လိုက်ပါ၊ ငါကတော့ အကူအညီပေးတယ်လို့ သဘောထားပြီး မင်း လက်ခံစေချင်တယ်၊ ငါးနိုင်မှာ ရတဲ့ငွေကြေးမျိုးတော့ မင်းရမှာပဲလို့ ထင်တယ်လေ၊ ဒါပေမယ့် ပြောဆိုကြည့်လို့ မင်း သဘောမကျရင် ငြင်းလိုက်ပါ၊ ကာယကံရှင်က မင်းပဲ..."

စာသား ပြန်စဉ်းစားကြည့်မိသည်။ တောထဲမှာ သူတို့ပြောသံတွေကို တစ်စွန်းတစ်စ ကြားခဲ့ရသည်။

ဦးရာဇ နှင့် ဦးလှမော်အောင် တို့ ညီအစ်ကိုတော်နေကြောင်းကို ကြားသိလိုက်ရပြီး အိမ်ကြီးထဲမှာလည်း ပြဿနာတစ်ခုခု ရှိနိုင်သည်ဟု ခန့်မှန်းမိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ညီအစ်ကိုချင်းမှာ ဘာရှိနိုင်မှာလဲ..၊ သူတို့ညီအစ်ကိုတွေကတော့ ဖြစ်ပြီးပျောက်သွားတာပဲမို့ ဘာဖြစ်နိုင်တယ်ဆိုတာကို ခန့်မှန်း မရပါ..။

ထို့ပြင် သူများကိစ္စမို့ စိတ်မဝင်စားချင်သည့်စိတ်က အခု ဆရာကြီး ပြောလာမှ ကိုယ်နဲ့ပတ်သက်ရတော့မှာမို့ တွေးမိလာတာဖြစ်သည်။

"ဘယ်လိုလဲ စာသား..၊ မင်း စိတ်ဝင်စားရဲ့လား.."

"ဟုတ်ကဲ့ပါ..၊ သွားတော့ သွားကြည့်လိုက်ပါ့မယ်"

"အေး..၊ ငွေကြေးအတိုင်းအတာအရတော့ ကျေနပ်စေရပါ့မယ်လို့ ပြောသွားတယ်ကွ..၊ ကိုယ်လဲ အဆင်ပြေ..၊ သူ့မှာလဲ ပြည့်စုံသွားတယ်ဆိုရင် အကောင်းဆုံးပေါ့ကွာ..၊ အားလုံး ချောမောပါစေလို့ ငါ ဆုတောင်းတယ်"

ဆရာကြီးက ဒါကို လုပ်စေချင်နေတာမှန်း သူ သိသည်။ သူကတော့ စဉ်းစားရဦးမှာပါ။ ဒီအိမ်ကြီးမှာဆိုတော့ ပုလဲအိမ် ဆိုသည့် မိန်းကလေးကို သတိရသွား၏။

အဲဆင်မပြေဖို့ သေချာသလောက် ဖြစ်နေတာက အဲဒါကြောင့်..။





## အခန်း ( ၁၄ )

လိုက်ပို့သည့်လူက အိမ်ကြီး၏ ဖိနပ်ချွတ်နားကျမှ လှည့်ပြန်သွား၏။ တံခါးနှင့်မသက်ဆိုင်သော မြောက်အစွန်းခြံထောင့်မှာ ကားဝင်သာသည့် သံဆန်ခါနှင့် တံခါးခပ်စုတ်စုတ်တစ်ခု ထပ်ရှိသေး၏။

ထိုနေရာမှာ ကားရပ်ခဲ့သည့် ခြေရာလက်ရာတွေပါ ရှိနေသေးသည်။ ထို့ပြင် ခြံကြီးတစ်ခုလုံးက သက်ရင့်ပင်အိုကြီးတွေပဲ အုပ်ဆိုင်းကာ ဘယ်ကကြည့်ကြည့် နောက်ဖေးအထိကို မမြင်နိုင်..။

"ဝင်လာခဲ့ လူလေး..."

အထဲက ဖိတ်ခေါ်သံကြားမှ ရပ်စောင့်နေရင်း ဝေ့သွားခဲ့သည့် မျက်လုံးက အိမ်ကြီးထဲ ပြန်ရောက်သည်။

ဦးလူမော်အောင် ဆိုသည့် လူကြီးပဲ ဖြစ်မည်။ မျက်နှာသွင်ပြင်ပုံက ခပ်ချောချော ခံ့ခံ့ညားညားပေမယ့် သိမ်းလှန်ဖြီးထားသည့်ဆံပင်တွေမှာ ဆံပင်ဖြူ ကျိုးတိုးကျဲတဲ ရှိနေတာက သိသာသည်။ ဝတ်စားထားပုံသည် ရှေးခေတ်ဟောင်းထဲကလိုဖြစ်ကာ မတောက်ပသော်လည်း မဟာဆန်နေ၏။ သူ့ဘေးမှာ တွဲထူလျက်ပါလာတာက ပုလဲအိမ်..။

"ထိုင် လူလေး..၊ ထိုင်..."

ဦးလူမော်အောင် ၏ သိမ်မွေ့စွာဖိတ်ခေါ်မှုမှာ တင်းမာလာသည့် သူ့စိတ်တွေ တစ်ထစ်ပြေကျ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးမှာ ရှေးဟောင်း ပရိဘောဂများနှင့် လက်ရာမြောက်သည့် ပန်းချီကားကြီးတွေသာ ခံ့ညားစွာ နေရာယူလျက်ရှိသည်။

"သမီး..၊ လုပ်စရာရှိတာ သွားလုပ်တော့..."

"ဟုတ်ကဲ့.."

ပုလဲအိမ် ဆီ အကြည့်ရောက်သွားမိစဉ် အထူးသဖြင့် တည်တင်းနေသည့်မျက်နှာမှာ အလိုမကျသည့် မျက်ဝန်းတို့နှင့် ဆုံ၏။

"လူလေးက စာသားညီ ဟုတ်လား.."

"ဟုတ်ကဲ့.."

"ကျုပ်က ဦးလှမော်အောင် ပါ..၊ ဟိုတုန်းကဆိုပါတော့၊ ခုတော့ မမော်နိုင်၊ မအောင်နိုင်တဲ့လူပါ.."

ခံစားချက်တွေ စတင် ပွင့်ထွက်လာသည်။ ဦးလှမော်အောင် မျက်နှာက ရိဝေဆွေးမြည့်နေလျက်...

"မင်းက စိတ်ဆတ်တယ်၊ မာနကြီးတယ်လို့ ကျုပ် ကြားထားပါတယ်၊ ဒါပေမယ့် ကျုပ်အိမ်မှာ အလုပ်လုပ်ဖို့တော့ မင်း လက်ခံဖို့ မျှော်လင့်မိတယ်.."

"အကာအရံတွေ ဆွေးမြည့်နေပေမယ့် လုံခြုံတာပဲ၊ ဒီခြံကိုစောင့်ဖို့လဲ အစကတည်းက ခြံစောင့် မထားခဲ့ဘူးမို့လား"

စာသား က မေးသင့်တာကို ပြန်မေးတော့ ဦးလှမော်အောင် ခေါင်းညိတ်သည်။

"ခြံစောင့် မလိုပေမယ့် ကျုပ် တူမလေးရဲ့ လုံခြုံရေးအတွက် လိုအပ်လို့ပါ"

ဘော်ဒီဂတ်လိုတာပါလို့ အစကတည်းက ပြောပါလား..၊ စာသား ရင်ထဲမှာ တင်းခနဲ ဖြစ်သွားသည်။

"ကျွန်တော် ဘော်ဒီဂတ် မလုပ်နိုင်ဘူး ဦးလေး"

စိတ်နှင့် တစ်ထပ်တည်းကျသည့် ဆုံးဖြတ်ချက်ကို ပြောချလိုက်





ည်။

ပြီးတော့ ထပ်ဖို့ပြင်လျှင်...

"နေပါဦး စာသားညီ..၊ အပြောရိုင်းပေမယ့် စိတ်ထားကောင်းတွေတောင် ရှိသေးတာ၊ ကျုပ် ပြောတာ ဒီသဘောဖြစ်ပေမယ့် ာယ့်အခိပ္ပာယ်ကျတော့ ကွဲပါတယ်"

ဦးလှမော်အောင် က ပျာပျာသလဲ ရှင်းပြသည်။

"ဒီပြဿနာက ကျုပ်ကိုယ်တိုင် မစွမ်းဆောင်နိုင်တဲ့ပြဿနာမို့ပါ၊ ခြားလူတိုင်းကို ခိုင်းဖို့လဲ မဖြစ်နိုင်ဘူး..၊ ဒါကြောင့် အချိန်ယူ လေ့ပြီးမှ အကူအညီတောင်းတာပါ..၊ ကျုပ် ရှင်းပြပါ့မယ်..."

ဦးလှမော်အောင် သည် ဦးရာဇအောင် နှင့် လတ်တလော ရင်ဆိုင်ရသည့်ပြဿနာကို အိမ်တွင်းရေးတချို့မပါအောင် ချန်သင့်တာ ချန် ပြောသင့်သလောက် ပြောပြခဲ့၏။

"ဒါတွေဟာ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုပါပဲ၊ တကယ် ာ့ ကျုပ်ဆီမှာ ရှိနေတယ်လို့ သူထင်တဲ့အမွေတွေဟာ ရှေ့နေရှေ့ရပ် တစ်ခါတည်း လွှဲအပ်ထားပြီးသား၊ သမီးလေး ပုလဲအိမ် ဆိုတာက ဲ စိတ်ချရတဲ့ တစ်နေရာမှာပါ.."

"ဗျာ!..."

နားရှော မျက်စိရော လည်သွားသည်။

"ဟုတ်ပါတယ်ကွယ်..၊ မင်းကို ကျုပ်အတွက် ကူညီမယ့်လူလို့ င်တဲ့အတွက် ပြောပြတာပါ၊ မင်းကို ဘယ်လောက်ထိ စိတ်ချနိုင် ယ်ဆိုတာလဲ မင်းရဲ့ဆရာက အာမခံထားလို့ဆိုပါတော့..."

ဦးလှမော်အောင် က စကားပလ္လင်တွေခံပြီးမှ ပြောလက်စကို ်တ်ပြောသည်။

"အခုရှိနေတဲ့ မိန်းကလေးက ပုလဲအိမ် ကို အပ်နှံထားတဲ့ လူယုံ သားစုထဲကပါ..၊ ပုလဲအိမ် က အသည်းပျော့တယ်၊ ကြောက်တတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီလိုအန္တရာယ်ရှိတဲ့နေရာမှာ သူ ဘယ်လိုမှ ရပ်တည်နိုင် မဟုတ်ဘူး၊ ပြီးတော့ တစ်နေ့ ဒီလိုဖောက်ပြန်မှုတွေ ရှိလာနိုင်တာကို ကျုပ်က ခန့်မှန်းမိထားတော့ တမင် အကွက်ချ စီစဉ်ခဲ့တာပါ..."

"သူက ဦးလေးနဲ့ ဘာမှမတော်ဘူးပေါ့"

"လုံးဝ သွေးမတော်ပါဘူး၊ ဒါပေမယ့် သစ္စာရှိ လူယုံကြီးရဲ့သမီး သူ့ကို ကျုပ် အားလဲကိုးတယ်၊ တကယ်လဲ ပူပန်တာပါ၊ ပုလဲအိမ် ကိုယ်စား အစားထိုးထားပေမယ့် သူ့ကို ထိခိုက်မခံနိုင်ဘူး၊ ကျုပ် ဝန်းကျင်က သင့်တော်တဲ့လူတစ်ယောက်နဲ့ ထိမ်းမြားပြီး ဘဝကို တယ်ပြည့်စုံစွာ ပြီးဆုံးစေချင်တယ်၊ လောဘတက်နေတဲ့လူတွေ မျက်စိလည်ကုန်အောင် သမီးလေးရဲ့လုံခြုံရေးအတွက်ပါ စီစဉ်ပြီးသ ဖြစ်အောင် မင်း ကျုပ်ကို ကူညီပါ..."

အဆုံးသတ်မှာ သူ ပါဝင်ရဖို့ပဲ ဖြစ်လာသည်။

"ခြံစောင့်တာဝန်ဆိုတာ ဟန်ပြသက်သက်ပါ...၊ လိုအပ်သ ပါဝင်ကူညီပေးနိုင်အောင် ကျုပ် အားလုံးကို ပြောပြပြီးပြီ၊ မင်းအနေ အလုပ်သမားပုံစံနဲ့နေပြီး လိမ္မာသလို လှုပ်ရှားသွားပါ..."

"ကျွန်တော် ပြောပါရစေ..."

"ပြောပါ..."

"ကျွန်တော်က ခြံစောင့်ဖြစ်ပြီး ဆွေမျိုးရင်းချာတွေကို ဟန့်တား ဖို့...၊ ဖယ်ရှားဖို့ဆိုတာ..."

"နှစ်ခုစလုံး လိုပေမယ့် တစ်ဆင့်ပြီးမှတစ်ဆင့်ပါ၊ ကျုပ်က အိမ် ထဲကအိမ်ပြင်ထွက်ဖို့ ခြေမနိုင်တဲ့ လူမမာ...၊ သူတို့ ဒီကိုလာနေမယ် တာ ဒီအိမ်ထဲမှာ ပစ္စည်းတွေရှိနေတယ်ထင်ပြီး အနီးကပ် ရှာဖွေ ထုတ်ဖို့ သေချာနေတော့ ကျုပ် ဘာမှမတတ်နိုင်တာကို မင်းက စော ကြည့်ပေးပြီး ကျုပ်ကို သတင်းပို့ရမယ်၊ သမီးလေးကိုလဲ သူမျ မစော်ကားနိုင်အောင်..."





"ဒါက မလွယ်ဘူး ဦးလေး...၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်ကြီးထဲ သနာတွေကို ကျွန်တော် သိနိုင်မှာမဟုတ်သလို သိရင်လဲ ထဲထဲ င် စွက်ဖက်ဖို့ မဖြစ်နိုင်ဘူး"

"ကျုပ်အိမ်မှာ ကျုပ်ခွင့်ပြုချက်ပဲ လိုတာပါ၊ မင်း ဘာမှမပူနဲ့ သညီ...၊ ဒီအလုပ်ကိုပဲ လက်ခံပေးပါ၊ မင်း လုပ်တာကိုင်တာ ဘယ် သညာ ကျုပ် မဝေဖန်ဘူး၊ မင်း လုံးဝ မနှစ်မြို့တာရှိရင် ထွက်သွား သလို ကျုပ်ကလဲ 'ဟင့်အင်း'ဆိုရင် အစစ်အဆေးမရှိ ပြန်လွှတ်မယ် ရိုးနှိမ်တာတွေ၊ ဝေဖန်တာတွေ မင်းနဲ့ကျုပ်ကြားမှာ သိက္ခာ၊ ဘာကိုမှ မစော်ကားကြေးလို့ ကတိထားနိုင်တယ်"

ဦးလှမော်အောင် ဘာဖြစ်လို့ သူ့အပေါ် ဒီလောက် မျှော်လင့်နေ လဲ...၊ အိမ်တွင်းရေးအကုန် ဖွင့်ပြောနေဗို့မှ အားလုံး ဆုံးအောင် ထောင်ပြီးမှ ဘယ်လို ခေါင်းခါမလဲ...။

"မင်း မမျှော်လင့်တဲ့လစာ ကျုပ် ပေးမယ်၊ နေ့ဘက်မှာ ခဏ ဖြုတ် ထွက်လို့ရပေမယ့် ဒီအိမ်ကအကြောင်းတော့ နှုတ်လုံရမယ်၊ ဝန်ကြီးမှာက ညဘက်..."

ဒါက လုပ်ငန်းသဘောရိုးရိုး မဟုတ်တော့...၊ သူ စိတ်တော့ ဝင် ပါသည်။ ခေါင်းညိတ်ဖို့ကျတော့ ဖေတ်တော်နှင့် မဖြစ်မြောက်ပေ...။

ပုလဲအိမ် နေရာမှာရှိနေရတဲ့ မိန်းကလေးဟာ ငါးစာတစ်ခုလိုပါ အား...၊ မတည့်အောင် ကြည့်တတ်သည့် မျက်ဝန်းတို့ကို သတိရကာ ရှထာစိတ်လေးတော့ ဖြစ်ခဲ့၏။

သူမ ဒါကြောင့် ဆရာကြီးဆီ ထွက်လာဖူးတာကို...။

အားလုံး လိပ်ပတ်လည်ခဲ့ပေမယ့်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

"ငါ ပြန်မယ်"

"ဟ..၊ မင်းကလဲ ဒီခေါင့်ခဲ့ဒိုတာ ညမှ အရေးကြီးတာပါကွာ"

သူ ထရပ်လိုက်တာကို ခေက်ဦး က လိုက်ဆွဲတော့မတတ် တား

ဆီး၏။

"ငါလဲ ဦးဘလှ တိုကြက်ခြံမှာ အလုပ်လုပ်နေပါပြီ၊ မင်းနဲ့ စကား

ပြောချင်လို့ တမင် လာစောင့်နေတာ ."

"အမြဲတွေ့နေတာပဲကွာ..၊ ဒီထူး ဘလည်း ပြောစရာလဲ မရှိဘဲနဲ့"

ခေတ်ဦး က သူ့ကို မဆွဲဟော့ဘဲ သစ်မြစ်ဆုံကြီးပေါ်မှာ ထိုင်

နေရာကနေ ထရပ်လိုက်ကာ...

"မင်းနဲ့ ပုလဲအိမ် နဲ့အဆင်ရေပြလား"

"သူနဲ့အဆင်ပြေဖို့ သွားတာမှ မဟုတ်တာ..."

သိတယ်..၊ အဲဒီလိုပဲ ဖြေမယ်ဆိုတာ..။ ခေတ်ဦး မအီမလည်ပြုံး

ကျန်ရစ်ခဲ့သည်။ သူတို့ကိုက စာသား ကိုဆို ဘယ်လိုနေနေ ဘာလုပ်

လုပ် ခြွင်းချက်ထားပြီးသား ဖြစ်နေခဲ့တာ..။ ဒီလိုဖြစ်ဖြစ်သွားတိုင်း

လည်း ဤသို့ဤနယ် ဒေါသတွေနှင့် ကျန်ခဲ့နေကျ..။ စာသား ကတော့

ကိုယ့်အကြောင်းနှင့်ကိုယ်ပါ။ ဟိုတုန်းကထက်ပိုပြီး သူ့ အနေအထိုင်

ဆင်ခြင်ရတော့မှာကိုလည်း တွက်ထားပြီးသား..။





ခါကြောင့် ဘယ်သူ ဘယ်လိုထင်ထင် မတတ်နိုင်..။ ခြံကြီးရဲ့

အတွဲခဲအကြံထောင့်ကနေ သူတို့ပြထားတဲ့အတိုင်း အထဲဝင်လိုက်

သည်။ ပြီးတော့ လက်ထဲမှာ ကိုင်လာသည့်လွယ်အိတ်ကို အင်ကြင်းပင်

ကြီးအောက်က သစ်ဆုံပေါ်မှာ သွားတင်ထားလိုက်သည်။

"ဒီမှာ..."

ပုံခွေကို အမှိုက်တွေရှင်းနေစဉ် ခပ်လှမ်းလှမ်းက ခေါ်သံကြောင့်

လှည့်ကြည့်လိုက်၏။ ပုလဲအိမ် က သိပ်မအော်ရဘဲ ပြောလို့ဆိုလို့ကြား

နိုင်သည့်နေရာလောက်ထိ ရွှေ့တိုးလျှောက်လာကာ...

"ထမင်း ပြင်ပြီးသွားပြီ၊ လာ စား..."

"စားခဲ့ပြီးပြီ"

"ဟင်!..."

ပြောပြီးပြီးချင်း ချက်ချင်းပြန်လှည့်လိုက်တာမို့ သူ ပြန်ပြေ့လိုက်

တော့ ပုလဲအိမ် ကျောခိုင်းလျက်နှင့် ခြေလှမ်းတုံ့သွား၏။

"ဘာရယ်..."

ပြန်လှည့်မေးပေမယ့် စာသား က မဖြေပါ။ သစ်ကိုင်းကျိုးတွေကို

သန့်စင်အောင် ကောက်ပစ်ပြီး မတ်တတ်တံမြက်စည်းနှင့် လှဲဖို့ပြင်နေ၏။

"ဒီမှာ..."

ပုလအိမ် သူနဲ့ အနီးအနားကို ရောက်လာကာ...

"ရှင် အပြင်မှာစားမယ်ဆိုလဲ ဘာဘာနဲ့ ပြောကတည်းက ဒီမှာ

စားတော့ဆို့ ပြောပါလား..၊ ခူးခပ်ပြင်ဆင်ပြီးသားတွေ လေလောင်းကုန်

တာ ကောင်းလား.."

စာသား မျက်နှာ ဒီဘက်လှည့်လာ၏။ ပြီးတော့ တံမြက်စည်းရိုး

ကို တစ်ဖက်နှင့် ပြောင်းကိုင်လိုက်ပြီး...

"အဲဒီတော့ သွန်ပစ်လိုက်ပေါ့..၊ ငါစားလဲ မင်း ပြန်ရမှာမှ မဟုတ်

တာ.."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း..."

ပုလဲအိမ် မျက်လုံးလေးပြူးသွားတာကို စာသား က ကြည့် ဘဲ မျက်နှာလွှဲ၏။

"ဟုတ်တယ်..၊ ဒီနေ့ မစားပေမယ့် နောက်နေ့စားမှာ..၊ ဒီသစ်ပင်အောက်မှာ တန်းလျားရိုက်မယ်၊ မင်း ဒီကို လာပို့.."

ပုလဲအိမ် မျက်လုံးတွေ ခပ်လှမ်းလှမ်းမှာ စုပုံထားသည့် ပျဉ် ပျဉ်စတွေဆီ ရောက်သွားသည်။ နောက်ဖေး ထင်းရုံလေးထဲမှာ သ ကြီး ရှိနေ၏။ ထင်းရုံဆိုပေမယ့် ထင်းတွေ လှောင်ထားတာမဟုတ် သစ်တွေ၊ ပျဉ်တွေချည်းပဲ စုပုံထားတာ ဖြစ်သည်။ သူ ဒီထဲက ထုတ်ထားတာပဲ ဖြစ်သည်။ အနားမှာ တူတွေ၊ ဓားတွေနှင့် အတိုအထ တွေပါသည့် လွယ်အိတ်က ပုံလျက်သား..။ ဒါကြောင့် သူ ဒီနား ရှင်းနေတာကို...။

ဘာမှလည်း မပြောဖြစ်တော့ဘဲ ပြန်ဝင်လာခဲ့တော့ ညောင်း ပြတင်းပေါက်ကနေခွာ၍ ဒီဘက်လှည့်လာသည့် ဘဘက...

"ဘာဖြစ်လာတာလဲ သမီး..."

"ထမင်းပြင်ထားပြီးလို့ သွားခေါ်တာပါ..၊ ဒီနေ့ မစားတော့ တဲ့..၊ နောက်နေ့ အပြင်မှာ လာပို့ပါတဲ့.."

ဦးလှမော်အောင် မျက်မှောင်ကြုတ်သွား၏။ ပြီးမှ ခပ်ပြုံးပြုံး သွားကာ...

"သူ အင်ကြင်းပင်အောက်မှာ ခုံတန်းရိုက်မလို့ ထင်တယ်.."

"ဟုတ်တယ် ဘဘ..၊ အဲဒီနေရာမှာ စားမှာတဲ့.."

"အင်း..၊ ထမင်းစားခန်းထဲထိ လိုက်မဝင်ချင်လို့ နေမှာပေါ့၊ ဒါ ကောင်းပါတယ်.."

ကောင်းတော့ကောင်းပေမယ့် သူများ နားခံသာအောင် မပြော မဆိုတတ်သည့် ဒီလူမျိုးကို သူ့စိတ်တိုင်းကျ လုပ်ကိုင်ပေးနေရတာ





တော့ မကောင်းသေး..။ ဒါတွေကို ဘဘ စီစဉ်တာမို့ ငြိမ်နေလိုက်ရပေ သင်တန်းမှာကတည်းက ဘယ်ယောက်ျားလေးကမှ ဂရုစိုက် ငင်ရယ်ခြင်း မပြုခဲ့ဘဲ သူနဲ့ကျမှ ဟားတိုက် အရယ်ခံခဲ့ရ၏။

ထိုစဉ်ကလည်း ဒေါသဖြစ်ဖြစ်နှင့် နင်တစ်လုံး ငါတစ်လုံး ပြော ခဲ့မိသည်။ သူကိုယ်တိုင် ပြောပေါက်ဆိုးသလောက် သူများ ပြန်ပြော တာကိုလည်း မကြားသလိုလို..၊ မနာတတ်သလိုလို..။

"အိမ်လေး..၊ ညှိသည် ပါမလာဘူးလား.."

မနှင်းအု က အိပ်ရာခင်းတွေလှန်းပြီးလို့ မီးဖိုခန်းထဲရောက်နေ တာ ဖြစ်သည်။ ပုလဲအိမ် က ခေါင်းခါ၍...

"သူ မစားတော့ဘူး မနှင်း..၊ ပြန်ထည့်လို့မကောင်းတော့တဲ့ဟာ သွန်ပစ်လိုက်တော့..."

"ဟော့တော်..."

"နောက်နေ့တွေ ခြံထဲကိုဆင်းပို့ပေးရမှာ..၊ အဲဒါ မနှင်း ပဲ လုပ် မှာနော်.."

"ဟုတ်ပါပြီ အိမ်လေး ရယ်..၊ အခု ကျုပ် အလုပ်လက်စမပြတ် လိုက်လို့ပါ၊ ဒါနဲ့ အဲဒီကောင်လေးက တစ်မျိုးပဲနော်၊ မနေ့ညနေက သူ ထင်းရုံထဲဝင်သွားတာမြင်လို့ အဲဒီထဲကို မြှောဝင်နေတာသိအောင် ကျုပ် လိုက်သွားတာလေ..၊ စကား မပြောချင်သလိုလို..၊ ပြောချင်သလို လိုနဲ့ သိလား၊ လူက သိပ်အသက်မကြီးသေးဘဲနဲ့ ဘုဂလန့်ကျမယ့် မျက်နှာကြီးနဲ့ရယ်..."

မနှင်းအု က ဟင်းအိုးတွေသွားဖွင့်ရင်း ကျကျနန ဝေဖန်နေ သည်။ ခုမှမြင်ဖူးတဲ့လူတောင် ချက်ချင်းပြောနိုင်သည်ဆိုတော့ တကယ့် လူပါပဲ..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

"ဟိုကောင်က ဘယ်ကကောင့်လဲ.."

ပုလဲအိမ် နားထဲမှာ ကန့်လန့်ကြီး ဝင်သွားသလိုပင်..။

"ဖေဖေ ပြောတဲ့ထဲမှာ ဒီမှာ ဘဘအပြင် ယောကျ်ားမရှိပါဘူး

ထပ်ပြောတော့မှ နောက်ခန်းထဲကနေ ဆွဲချလိုက်သည့် အဝတ်

သေတ္တာကို သိမ်တလင်းပေါ်မှာ ချလိုက်ကာ...

"ဟုတ်တယ်..၊ အဲဒါ ခြံစောင့်..၊ ဒီရွာမှာ ဘဘနဲ့ အရမ်းခင်တဲ့

မိတ်ဆွေရဲ့သား၊ ခြံစောင့်ဆိုပေမယ့် အိမ်လုံခြုံရေးအတွက်ရော အဖေ

စိတ်ချရအောင် ခေါ်ထားတာ"

ဘဘ ပြောခိုင်းတဲ့အတိုင်း ပုလဲအိမ် ပြောသည်။ စိတ်ထဲမှာ

လည်း ဒီလူ့ကိုပဲ မြင်မြင်ချင်း ဆောက်နှင့်ထွင်း ဆိုတာမျိုး..။

သူနဲ့ ဒီအိမ် ရင်းနှီးဖူးတာလည်း မဟုတ်..၊ လူချင်းလည်း သိဖူး

ခဲ့တာမဟုတ်ဘဲ အိမ်ထဲတောင် မဝင်ရသေးခင် ပြောလိုက်တာ ပိုင်နိုင်

ပိုင်နင်း..။

"ဟာ!... ဒါဆို အတော်ပဲပေါ့၊ အဲဒီသေတ္တာ ထားလိုက်လေ..

သူ့ကို သယ်ခိုင်းရင် ပြီးတာပဲဟာ.."

"ဖြောင်း... ဖြောင်း..."





သူပဲ ဆုံးဖြတ်ပြီး ပုလဲအိမ် ကိုလည်းပြောကာ ဓာသား ခြံတံခါး

အပေါက်ဖွာနေတဲ့ဆီ လက်ခုပ်တီး ခေါ်၏။ လက်ခုပ်သံက တိုးတိုး

သက်သာမဟုတ်ပေမယ့် ဓာသား က လှည့်မကြည့်ပေ..။

"ဖြောင်း... ဖြောင်း..."

သူ ထပ်တီး၏။ ပြီးတော့...

"ဟား!... ဘာလဲ..၊ ဒီကောင် နားမကြားဘူးလား"

"ဟုတ်တယ်..၊ သူနဲ့ဆက်ဆံရင် သူ့ကို နားမကြား၊ မျက်လုံးမမြင်

တဲ့လူလို့ပဲ သဘောထား..."

"ဘာဖြစ်လို့လဲ.."

"သူက အဲဒီလို နေတာလေ..."

ပုလဲအိမ် က ပြောပြီး အဝတ်သေတ္တာကို ပြန်ဆွဲလိုက်၏။

"ပေး.. ပေး.. အိမ်လေး..၊ ကျုပ် သယ်သွားမယ်"

မနှင်းအု က အပြေးတစ်ပိုင်းထွက်လာပြီး ကြီးတဲ့အိတ်ကို ဆွဲယူ

သွား၏။ နောက်ထပ်ကျန်သည့် သားရေအိတ်ကြီးကို ပုလဲအိမ် က

ထပ်ဆွဲချသည်။

"နေပါစေ.. နေပါစေ...၊ ဒီကောင့်ကို ကိုယ် ရအောင်သွားခေါ်

မယ်..၊ ဒါမျိုး ဘယ်ရမလဲ၊ အလုပ်သမားဆိုတာ အလုပ်ရှင် ကျေနပ်

အောင်ပဲ နေတတ်ရမှာ..."

"ဒီမှာ ကိုမင်းကြည်ဖြူ..."

ပုလဲအိမ် စိတ်တိုသံလေးနှင့် ခေါ်လိုက်တော့ သူက အံ့ဩသည့်ပုံ

နှင့် လှည့်ကြည့်သည်။

"အလုပ်သမားပေမယ့် သူ တာဝန်ယူထားတဲ့အပိုင်းကို တာဝန်

ကျေတဲ့သူပါ..၊ ကျွန်မတို့အိမ်မှာ ဘာမှလဲ အရေးအကြောင်း ရင်းနှီး

သေးဘဲနဲ့ ရှင် ဝင်မပါပါနဲ့..."

"ပါသင့်ရင် ပါရမှာပဲလေ..၊ အခု မရင်းနှီးပေမယ့် ကိုယ်လဲ ဒီ



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဝင်ဖြစ်ဖို့ ရောက်လာတာပဲ"

"ဘာဖြစ်လို့လဲ..၊ မင်းကြည်ဖြူ..."

"ခြော်..."

ဦးလှမော်အောင် ကို မြင်လိုက်တော့ မင်းကြည်ဖြူ က အနည်းငယ် အမ်းသွားသည့်ပုံနှင့် တပ်ထားသည့်မျက်မှန်ကို ဆွဲချွတ်လိုက်သည်။ ဘောင်းဘီအဖြူ၊ စပို့ရှပ်အဖြူနှင့် ကုတ်အကျီအနက် ဝတ်ထားသည့်သူ့ကို ဦးလှမော်အောင် က စိုက်ကြည့်သလို သူကလည်း မျက်မှန်ချွတ်လိုက်ပြီး ဦးလှမော်အောင် ကို ခြေဆုံးခေါင်းဆုံး ကြည့်၏။

ဖေဖေနှင့် ညီအစ်ကိုရင်းဆိုပြီး သူ ခုမှ မြင်ဖူးသည်မို့ တွေးလိုက်မိသည်။ ညီအစ်ကိုအရင်းတွေ ဒီလောက်ထိ ချစ်ခင်ကြသလား..။ ဖေဖေကလည်း "အစ်ကို့သမီးဆိုတဲ့ ကောင်မလေးကို ငါ မြင်ဖူးတာ မကြာသေးဘူး"တဲ့..။

အစ်ကိုဆိုသူကလည်း ညီဖြစ်တဲ့သူရဲ့သားကို ခုမှကြည့်နေတာ စူးစူးစိုက်စိုက်..။ သူ ပျူပျူငှာငှာပဲ ရယ်ပြလိုက်ပါသည်။

"ဘဘ..၊ ကျွန်တော်က မင်းကြည်ဖြူ ပါ.."

"အင်း..၊ မင်း ဝင်မလာသေးခင်ကတည်းက စကားပြောနေတာကို ခန့်မှန်းပြီး သိပါတယ်"

မင်းကြည်ဖြူ မျက်နှာ နည်းနည်းတော့ ပုံစံပျက်သွား၏။

"ကားနဲ့ ခြံထဲထိ မောင်းဝင်လာတာ၊ သူစိမ်းဆို ဘယ်ဝင်မလဲ.."

ဦးလှမော်အောင် က ဖြေရှင်းလိုက်သလိုမျိုး ထပ်ပြောကာ...

"ကဲ... သမီးပဲ သယ်သွားလိုက်ပါ၊ ညှိသည် နားပါစေ..၊ မင်းကြည်ဖြူ အထဲဝင်လေ..."

ပုလဲအိမ် က အိတ်ကို ဒီတိုင်းချဆွဲသွားကာ မင်းကြည်ဖြူ က သိပ်ကျေနပ်ပုံမရသေးဘဲ စာသား အလုပ်လုပ်နေတဲ့ဆီ လည်ပင်းလိမ်၍ လှမ်းကြည့်ကာ...





"သူ့နာမည်က ဘယ်သူတဲ့လဲ..."

"စာသား..၊ အဲ... စာသားညို တဲ့..၊ ကောင်လေးက [illegible] ကောင်းလေးပါ"

"ခိုင်းထားတာ မကြာသေးဘူး ထင်တယ်.."

"ဟုတ်တယ်.."

"ဒီလိုပါပဲ..၊ အလုပ်သမားတွေက အလုပ်လုပ်ကာစဆို မျက်နှာ [illegible] ရအောင်တော့ လုပ်အားပြကြတာပဲ၊ သဘောတွေကျပြီး အရေးပေး [illegible] ဆက်ဆံလိုက်ရင်တော့ သွားရော..."

ဦးလှမော်အောင် မကြားသလို နေလိုက်သည်။

အတိုက်အခံပြောနေဖို့က စောပါသေးသည်။ တော်တယ်..၊ ကောင်းတယ်ဆိုတာ အချိန်အခါက ဆုံးဖြတ်မှာမို့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

ဒီလောက်ကျယ်ပြန့်ပြီး ရှုပ်ထွေးပွထနေသောခြံကြီးကို တစ်ခြံလုံး ကြည့်ကောင်းရှုကောင်းဖြစ်သွားအောင် ရှင်းထားတာမြင်တော့ ဦးလူမော်အောင် ကျေနပ်သွားမိ၏။

အမြဲတမ်း ရှုပ်ထွေးမှိုင်းရီနေခဲ့သည့် ခေါင်းထဲမှာ မှန်ပြင်ကို လက်နှင့်သပ်ချလိုက်သလို ကြည်လင်သွားခဲ့တာလည်း သိသိသာသာ..။

ဒီခြံကြီးထဲမှာ လမ်းဆင်းလျှောက်ရမှန်း မသိလောက်အောင် သတိလည်းမရ၊ လျှောက်သွားဖို့ လမ်းကောင်းဆိုတာလည်း မရှိ..။

ကြည်နူးပီတိနှင့် တဖြည်းဖြည်း နင်းစမ်းလျှောက်ခဲ့ရင်း အိမ်ကြီး၏ နောက်ဖေးတံခါးကအထွက်ဆီ ရောက်လာသည်။

ပုလဲအိမ် နှင့် မနှင်းအု တို့ အပေါ်ထပ်မှာ သန့်ရှင်းရေးလုပ်နေကြသည်မို့ ဘယ်သူ့ကိုမှ မခေါ်တော့ဘဲ ခြံထဲဆင်းဖို့ ခြေချလိုက်၏။

တောင်ဝှေးကို ထိန်းကိုင်ရင်း တရွေ့ရွေ့ လှမ်းခဲ့တော့ အိမ်ပေါ်က နေ လှမ်းမြင်နေရသည့် စာသား အလုပ်လုပ်နေတဲ့ဆီ ရောက်လာခဲ့သည်။

"မိုးချုပ်တော့မယ်ကွ..၊ ခြင်တွေ မကိုက်ဘူးလား..."

စာသား က မနက်စောစောဆို အမှိုက်တွေ ခုတ်ရှင်းစုပုံနေတတ်တာ ညနေဘက်ကျတော့ အပင်တွေရှင်းသွားလို့ ပေါ်လွင်လာသည့် ခြံဝင်း အကျိုးအပျက်တွေကို ပြင်တန်တာ ပြင်..၊ ဖာတန်တာ ဖာ..။





ကြိုးစားပမ်းစား တကုပ်ကုပ် လုပ်နေတာမျိုးတော့ မဟုတ်ပါ။ သူ ခြံထဲမှာနေရသည့်အချိန်တွေက ဒီတိုင်း ငုတ်တုတ်ထိုင်နေဖို့မဖြစ်တော့ ဟိုလုပ်ဒီလုပ်နှင့် ရှင်းလင်းဖြစ်တဲ့အထိ လုပ်သွားတာ ဖြစ်သည်။

စာသား ကို ဦးလူမော်အောင် မပြတ် အကဲခတ်နေတာပါ။ ဒီ အရွယ် လူငယ်တစ်ယောက်ကို တစ်စုံတစ်ယောက်၏ ထောက်ခံချက်မျှဖြင့် သမီးပျိုလေးရှိနေသော စိတ်မချနိုင်ဖွယ် အခြေအနေတစ်ခုနှင့်လည်း ဖြစ်နေသော ဒီအိမ်ကြီးမှာ လက်ခံထားရတာ သတိလက်လွတ် ထားလို့ မရမှန်း သူ သိနေသည်။

ထို့ပြင် ဒီကောင်လေးက ထူးခြားသည့်စိတ်ဓာတ် ရှိနေသူဆိုတာ ဒီခြေလှမ်းကို စ,လိုက်ပြီဆိုကတည်းက သိပြီးသား..။

စာသား က နောက်ဆုံးသံချက်ကို ရိုက်ထည့်လိုက်ပြီး မတ်တတ် ရပ်လိုက်၏။ ဦးလူမော်အောင် နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားတော့ မေးထားတာကို မဖြေဘဲ...

"ကျွန်တော်ကတော့ ဒီတိုင်းထိုင်နေရမယ့်အတူတူ ရှုပ်နေတာတွေ ကို ရှင်းတာပါ၊ ခြံတိုင်တွေထဲမှာ မပြုပြင်ဘဲ ဒီတိုင်းထားရမယ့်နေရာ တွေရှိရင် ပြောပြထားလေ.."

ဦးလူမော်အောင် က ပြုံး၍...

"ရပါတယ်.. လုပ်ပါ..၊ တို့တွေ အဝင်အထွက်လုပ်ထားတဲ့နေရာ တွေ မင်းလဲ သိနေတာပဲ၊ အဲဒါကို ထားခဲ့ပေါ့၊ နောက်ပြီး ခြံအတွင်းက ရှင်းပေးမယ့် အပြင်ချုံတွေ အထူကြီးရှိသေးတယ်၊ အထဲမှာ မျက်စိပသာဒ ဖြစ်သွားအောင် လုပ်ပေးတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်.."

"မလိုပါဘူး..၊ ကျွန်တော်က ခြံစောင့်ဆိုတော့ ဒီနေရာတွေမှာ ကျွန်တော်ပဲ သွားလာနေရမှာ..၊ ကိုယ့်လမ်းကိုယ်ရှင်းတဲ့သဘောပဲ.."

ဦးလူမော်အောင် ခေါင်းညိတ်လိုက်ရပြန်သည်။ စာသား သည် ရုပ်အကျီလက်တို အညိုပြောက်နှင့် ဒူးဆစ်အောက်သာသာရှည်သော



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီတိုပွပွကို ဝတ်ထား၏။

ထို့ပြင် ပုဆိုးကို အောက်ဖျားစကနေ ပြန်လိပ်ပြီး ခါးမှာ ပတ်ချည်ထားသဖြင့် တကယ့် ခြံအလုပ်သမားနှင့် တူနေသည်။

ဖိနပ်က သည်းကြိုးနစ်ဖက်စလုံးမှာ အနားစတွေ ဖွာထွက်နေသော သားရေညှပ်ဖိနပ်နှင့်ဖြစ်ကာ ခြေသလုံးကနေဆင်းနေသော မွေးညင်းနုများက စိမ်းစိမ်းနုနုမဟုတ်ဘဲ မည်းမည်းဖြာဖြာ ဆင်းနေကြတာ ခြေဖဝါးဖောင်းနှင့် ခြေချောင်းတွေပေါ်အထိ..။

“ဒါနဲ့.. မင်း ဒီမှာ စားရသောက်ရတာ အဆင်ပြေရဲ့လား”

“ပြေပါတယ်..”

“အေး..၊ မင်း ရိုက်ထားတဲ့ ဟိုတန်းလျားလေးမှာ ခဏထိုင်ရအောင်ကွာ..၊ ကျုပ် စကားနည်းနည်း ပြောချင်လို့...”

ဒီလိုကျတော့ သူ့ဘာသာ လှည့်ထွက်မသွားဘဲ ဦးလှမော်အောင်ကို အနားကနေ စောင့်ခေါ်ဖော်ရသည်။ လူကြီးထိုင်ပြီးမှ ခပ်ခွာခွာမှာ သူ ထိုင်၏။

“ကျုပ် မှာထားချင်တာ ရှိလို့ပါ..၊ မင်းအနေနဲ့ မဟုတ်မခံစိတ်ရှိတော့ မင်းကြည်ဖြူ နဲ့ တစ်နေ့နေ့မှာ ရင်ဆိုင်မိနိုင်တယ်..၊ အဲဒီတစ်နေ့နေ့က နောက်မှဆိုရင် သိပ်အကြောင်းမဟုတ်ပေမယ့် ဒီနေ့ မနက်ဖြန် ဒါမှမဟုတ် ဒီအတောအတွင်း ကာလလေးမှာဆိုရင် မကောင်းဘူးကွ..”

“ဒေါ်သဖြစ်လာတာကို အချိန်အခါမရောက်သေးဘူးဆိုပြီး ကြိုးတုပ်ထားလို့မှ မရတာ...”

“မှန်ပါတယ်..၊ ဒေါသဖြစ်ရတဲ့ အခြေအနေမျိုး မရောက်ခင် မင်းဘက်က ရှောင်နိုင်သလောက် ရှောင်ဖို့ပါ..၊ ကျုပ်အနေနဲ့ သူတို့ကို မလိုလားတာ မှန်ပေမယ့် ချက်ချင်းကြီး တိုက်ခိုက်တုံ့ပြန်လို့ မဖြစ်သေးတဲ့ အခြေအနေပါ၊ ဒါကို မင်းလဲ သိသင့်သလောက် သိပြီးပါပြီ..၊





ဘာပဲဖြစ်ဖြစ် ချုံခိုနေတဲ့လူကို မားကိုင်ထားသလား၊ သေနတ်နဲ့လား ကျုပ်တို့ ဘာမှမသိနိုင်ဘူးလေ၊ ဆင်ခြင်နေရတာက အဲဒါကြောင့်ပါ..၊ သူ့အဖေ ရာဇ ရဲ့စိတ်ကို ကျုပ် သိတယ်၊ ဒီအချိန်မှာ သူ့ကို ဆန့်ကျင်ဘက်သဘောနဲ့ တုံ့ပြန်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အခိုက်ကတော့ အချိန်မတန်သေးဘဲ မင်းကို ကျုပ် ဆုံးရှုံးမခံနိုင်ဘူး..”

“မင်းကြည်ဖြူ နဲ့ အတိုက်အခံဖြစ်ရင် ကျွန်တော် ထွက်သွားရမှာပဲလို့ ပြောချင်တာလား..”

“အဲဒီလောက် မဟုတ်ပေမယ့် ဒီသဘောပဲ တာသား..၊ ကျုပ် သမီးလေးကို ထိခိုက်လာနိုင်တယ်ဆိုရင် ဘာဖြစ်ဖြစ် စွန့်လွှတ်ရမှာပဲလေ..၊ ဖြစ်စေချင်တာက ခုလောလောဆယ်မှာ မင်းကို ကျုပ် လိုအပ်တယ်၊ မြွေမသေ တုတ်မကျိုး မင်း နေပေးမယ်ဆိုရင် အတိုင်းထက် အလွန်ပဲကွာ..၊ ဖြစ်နိုင်ရင် စိတ်ကို နည်းနည်းလျှော့ပြီး ကူညီပါ၊ အမြဲတမ်း မဟုတ်ဘူး၊ အချိန်ကာလတစ်ခုလောက်ပဲ..”

တာသား မျက်နှာ တည်နေဆဲဖြစ်သည်။ ရှေ့တိုးဖို့၊ နောက်ဆုတ်ဖို့ တွေ ဖြစ်နေသည့်အခြေအနေတစ်ခုမှာမို့ ဦးလှမော်အောင် စိုးရိမ်သည့် မျက်နှာနှင့်ကြည့်နေကာ...

“လူငယ်ပီပီ မာနစိတ်တစ်ခုတည်းနဲ့တော့ မဖြစ်နိုင်ဘူးလို့ မငြင်းလိုက်ပါနဲ့..၊ မင်းကို ကျုပ်က ခိုင်းနေတာ မဟုတ်ဘူး.. ကူညီဖို့ပါ၊ နောက်တစ်ခုက မင်းပုံစံလေး နည်းနည်းပြင်ပြီး အိမ်တွင်းအိမ်ပြင်ကို မြင်နိုင်သမျှ တစ်ချက်တော့ ကြည့်ပါ..၊ တစေ့တစောင့်ပေါ့..၊ ဒါမှ အန္တရာယ်ဆိုတာကို တို့တွေ ပူးပေါင်းကာကွယ်လို့ ရမှာ...”

“ကျွန်တော် ဘယ်လိုနေရမှာလဲ ဦးလေး..၊ နေတတ်အောင်နေဖို့ ပြောတယ်၊ တစေ့တစောင်း ကြည့်ပေးပါဆိုတာလဲ ပါတယ်၊ စကားဆိုတာ ချစ်ဖွယ်သောစကားမှ မဟုတ်ရင် စိတ်ဆိုးဖို့၊ စိတ်ကွဲဖို့ အမျိုးမျိုး ဖြစ်သွားနိုင်တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်..၊ တော်တော်ခက်နေတဲ့ကိစ္စပါ၊ ဒါပေမယ့် တစ်ခု ရှိတာက မင်းဘက်က ထိန်းချုပ်နေရင်းနဲ့ တစ်ဖက်လူက လွန်ကျူးလာလို့ တုံ့ပြန်တာတွေ၊ မှားယွင်းတာတွေ ဖြစ်ခဲ့ရင် မင်းဘက်က ကျုပ် ရပ်တည်မယ်၊ ပြောရရင် ရှင်းမရနိုင်တဲ့ပြဿနာမျိုး ကိုယ်က မစ,မိဖို့ဘဲ လိုတာ..."

ဒီလူကြီး သူလိုတဲ့ဘက်ကို ဆွဲယူစည်းရုံးနိုင်တဲ့ပညာတော့ မခေပါ။ တစ်ဖက်သားကို ငြင်းကွက်မကျန်အောင် ပြောသွားတာ ထောင့်စေ့လွန်း၏။

သူဘက်ကလည်း ဒီအလုပ်ကို စိတ်ဝင်စားလို့ လက်ခံခဲ့တာပါ။ ပြီးတော့ ငွေကြေး..။

ဒီတစ်ရွာလုံးမှာ ဝင်ငွေအကောင်းဆုံးဆိုသည့်လူတောင် သူ ရတဲ့ လစာမျိုးကို မိမည်မထင်..။

အဘက်ဘက်က စိတ်ဝင်စားဖွယ်တွေနှင့် ပြည့်နှက်နေသော ဤ စံအိမ်ဝယ်..။





## အခန်း ( ၁၈ )

"ပုလဲအိမ်.."

ညနေစာအတွက် မှုစ်ချဉ်တွေကိုင်နေစဉ် မင်းကြည်ဖြူ ရောက်လာပြီး ဘေးမှာဝင်ထိုင်ကာ...

"ကိုယ့်ကို ဘဘ ရဲ့စာကြည့်ခန်းထဲ လိုက်ပြစမ်းပါ.."

"လိုက်ပြရအောင် ပြတိုက်မှ မဟုတ်တာ..၊ စာကြည့်ခန်းထဲမှာ စာအုပ်စင်ကြီးတစ်ခုနဲ့ ဗီရိုလေးတစ်လုံးပဲ ရှိတယ်.."

မင်းကြည်ဖြူ က ဟွန့်ခနဲ ရယ်ကာ...

"ပြတိုက်ထဲဝင်ချင်ရင် ရန်ကုန်မှာ သွားကြည့်မှာပေါ့ ပုလဲအိမ်ရယ်..၊ စာကြည့်ခန်းထဲ ဝင်ချင်ပါတယ်ဆိုမှ စာဖတ်ချင်လို့ပေါ့.."

ပုလဲအိမ် က ခပ်ရှုးရှုးလေး ဝင့်ကြည့်သည်။ ပြီးတော့ ပြန်ငုံ့သွားပြီး...

"ကျွန်မ မအားသေးဘူး"

"ဒါဆို သော့ပေးလေ..၊ ဘာမှမရှိဘဲနဲ့ ဘာဖြစ်လို့ သော့ကြီးခတ်ထားတာလဲ"

"စာဖတ်တာမဟုတ်ဘဲ ဟိုဖွဒီဖွ ဖွမယ့်သူတွေ မဝင်အောင်လို့"

မင်းကြည်ဖြူ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ပုလဲအိမ် ထိုသူ့ကို မော့မကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မျှစ်တွေကို အလုပ်မပျက် ဆိတ်မွှနေလျက်..။ တစ်ချက်ကလေးမှ ဂရုမစိုက်..။

"ပုလဲအိမ်..."

မင်းကြည်ဖြူ က ပုလဲအိမ် လက်ခုံလေးကို ဖိဆုပ်ထားလိုက်ကာ...

"ကိုယ်တို့က သူစိမ်းတွေ မဟုတ်ဘူးနော်"

"ရှင်..၊ ဘာလုပ်တာလဲ ကိုမင်းကြည်ဖြူ..၊ လက်ကို လွှတ်ပါ"

ဆောင့်ရုန်းပစ်လိုက်တော့ သူက အသာတကြည် လွှတ်ပေးလိုက်ရင်း...

"ကိုယ့်ကို ခွဲခြားမဆက်ဆံပါနဲ့..၊ ကိုယ်က ဖေဖေ့သား မဟုတ်ပေမယ့် ဖေဖေ့အတွက် သားကောင်းသားမြတ်ဖြစ်အောင် ကြိုးစားခဲ့တယ်၊ ဖြစ်လဲ ဖြစ်ခဲ့တယ်၊ အခု မင်းအတွက် ခင်ပွန်းကောင်းဖြစ်ရဦးမယ်၊ ဘာဖြစ်လို့ စိမ်းချင်တာလဲ.."

"ဘယ်သူက ရှင့်ကို ယူပါ့မယ် ပြောနေလို့လဲ"

"မင်း ငြင်းလို့မရဘူးဆိုတာ သဘောပေါက်နေသားနဲ့ ပုလဲအိမ်ရယ်..၊ အမိုက်တွေ မပြောစမ်းပါနဲ့..၊ ကိုယ့်ဘက်ကလဲ ဒီတိုင်းဖြစ်ချင်လွန်းလို့တော့ မဟုတ်ပါဘူး၊ ဖေဖေက မိသားစုနစ်စု ငြိမ်းချမ်းရေးအတွက် ပေါင်းစည်းကြဖို့ဆန္ဒတွေ ရှိနေလို့သာ..."

ငြိမ်းချမ်းရေးအတွက် မဟုတ်ပါဘူး၊ အမွေတွေကို အကုန် အပိုင်သိမ်းချင်လို့ပါ..၊ သိနေသည့်ရင်ထဲမှာ ပြောချလိုက်ချင်သည့်စကားတွေနှင့် ကလိကလိဖြစ်နေသည်။

ထိုစဉ်...

"အိမ်လေးရေ..၊ မျှစ်ချဉ်ပြီးရင် လာချက်လို့ရပြီ၊ မီးဖို အားသွားပြီ"

နောက်ဖေးတံခါးဝမှာ မနှင်းအု ပေါ်လာပြီး ပြော၏။ ပုလဲအိမ် ထရပ်လိုက်တော့ သူပါ လျှောက်လိုက်လာကာ...





"ခင်ဗျားက သူ့ကို ပြန်ခိုင်းနေတာလား"

သူ့မျက်နှာထားကြီးကိုကြည့်ပြီး မနှင်းအု မျက်နှာငယ်သွား၏။

"မ...မဟုတ်ပါဘူးရှင်...၊ ဒီအိုးကို အိမ်လေးက သူကိုယ်တိုင်ယ်ဆိုလို့ပါ"

"လာ မနှင်း..၊ ကျွန်မကို ရေတ်သီးထောင်းပေး.."

ခေါင်းလည်းခေါ်ကာ မနှင်းအု ရဲ့ပခုံးတစ်ဖက်ကို တိုက်ပစ်လိုက်ပြီး ဘက် ယိုင်ပါလာအောင် လုပ်ပစ်လိုက်၏။ မနှင်းအု ကလည်း န်းကတန်းလေး ပါလာကာ...

"တော်ပါသေးရဲ့ဟယ်..၊ ပြောစရာစကား ပါးစပ်ထဲ တန်းရောက်လို့၊ ကျုပ် တမင်တကာခေါ်မှန်းသာ သိသွားရင် မလွယ်ဘူး"

"ဘာမှကြောက်စရာ မရှိဘူး၊ မကြောက်နဲ့..."

မကြောက်လို့ ရမလား..၊ မနှင်းအု မီးဖိုထဲမှာ ဟင်းချက်ရင်း ါးဝကို တကြည့်ကြည့်နှင့်..။ ပြီးတော့...

"အိမ်လေး..."

"ဟင်..."

"လူက လူချောပါ..၊ အိမ်လေး က သူ့ကို မကြိုက်ဘူးလားဟင်"

"ကြိုက်စရာလား မနှင်းအု ရယ်..၊ ကိုယ့်အပေါ် စိတ်ရိုးစိတ်မှန်သာတာမှ မဟုတ်တာ"

အိမ်တွင်းရေးတချို့ကို သဲသင့်သလောက်တော့ သိထားသဖြင့် င်းအု က ခေါင်းညိတ်၏။

"မြို့ကနေပြီးတော့များ တောကအမွေကို လာမက်နေသေးတယ် ယ် အံ့ရော..၊ မြို့မှာဆို တိုက်ကြီးနဲ့နေကြတာမို့လား"

"ဒါပေါ့..."

"ဘာဖြစ်လို့ ဒီလိုအိမ်ကြီးက အမွေကို မက်နေတာလဲ"

"မက်စရာ ကြံဖန်တွေးပြီး အရှုးထတာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မနှင်းအုက သူမ သိထားသလောက်နှင့် ဆက်စပ်ပြီး နားမလည်နိုင်ဖြစ်နေ၏။ ပုလဲအိမ် က နားလည်လွယ်အောင် ပြီးစလွယ်ဖြေလိုက်သည်။

"အိမ်လေး ရယ်..၊ နောက်တစ်ခါ အိမ်လေး မှာသလို ညည်းလေးဟားမှာ ကျုပ် ကဝဲဝဲလုပ်နေရရင် ဒီပုဂ္ဂိုလ် ဘာပြောလွှတ်မလဲ မသိဘူး တော်တော် မောက်မာတာနော်"

"ဘာလဲ..၊ မနှင်း က သူ့ကို ပိုဂရုစိုက်နေတာလား"

"မဟုတ်ဖါဘူးတော်၊ နည်းနည်းပါးပါးတော့ တွေးကြောက်တာပေါ့..၊ အင်း... တို့အိမ်ကို ယောကျ်ားလေး နှစ်ယောက် ရောက်လာပြီး တစ်ယောက်ကိုတစ်မျိုးစီ ချွန်တယ်နော်.."

"ဘာရယ်!..."

"သြော်... အတွေးချော်ပြန်ပြီ၊ ဒီလိုလေ..၊ ခြံထဲက ကောင်လေးက ခပ်ရိုင်းရိုင်း ပွတ်ဆတ်ဆတ်..၊ မင်းကြည်ဖြူ ဆိုတဲ့ ကောင်လေးကျတော့ ပြောတာဆိုဟာ မောက်မာတယ်"

မနှင်းအု ပြောနေတာကို နားထောင်ပြီး ပုလဲအိမ် ထိုသူ နှစ်ယောက်ကို မြင်ယောင်သွားမိ၏။

ဟုတ်ပါသည်..၊ တကယ့်ကို တစ်ယောက်တစ်မျိုးပါ..။





## အခန်း ( ၁၉ )

"ဒီနေ့တော့ ငုတ်တုတ်ထိုင်လို့ပါလားကွ.."

အရွယ်တူ၊ ဂိုက်တူ၊ ဆိုဒ်တူကို သူကပဲ လူကြီးသူကြီးလိုလို..၊ လေသံကိုက အထက်စီးဆန်နေ... ဖြစ်သည်။

စာသား ထိုင်နေသည့်ရှေ့မှာ ခပ်နွဲ့နွဲ့ ခါးထောက်ရပ်ကာ နှုတ်ခမ်းစူ၍ ကွမ်းယာဝါးနေသောမျက်နှာကို မချိုမချဉ်ကြည့်၏။

"မင်းက ခြံစောင့်ဆိုပေမယ့် ဒီမှာ နေ့ရောညရော နေတာပါလား မင်း ကြည့်ရတာ နေစရာအိမ်မရှိဘူး ထင်တယ်"

စာသား မျက်လုံးတွေ ဖျတ်ခနဲ ပင့်တက်လာ၏။ မျက်နှာ... သွားပေမယ့် ဘာမှမပြောဘဲ မျက်နှာလွှဲသွားတော့ မင်းကြည်ဖြူ က လက်ပိုက်ပစ်လိုက်ပြီး ရယ်သည်။

"စိတ်တော့ မရှိနဲ့ကွာ..၊ ငါက စိတ်ထဲရှိတာကို မေးလိုက်တဲ့သူ မြို့မှာဆို အစောင့်တို့ဘာတို့က ညကျမှ ဂျူတီလေ.."

မင်းကြည်ဖြူ က စာသား ရှေ့မှာ လက်ပိုက်လျက်နှင့် ခပ်လှုပ်လှုပ် လမ်းလျှောက်နေတော့ အဝေးကမြင်လျှင် အလုပ်သမားကို အလုပ်ရှင်က အပြစ်တစ်စုံတစ်ရာရှိလို့ ဆူနေသလိုမျိုး..။

"ရယ်တော့ ရယ်စရာကြီးကွ..၊ ဒီလောက်ဖုတ်နေတဲ့ခြံကြီးကို အစောင့်ချထားရတယ်ဆိုတော့ အဲဒါကြောင့် ငါက တွေးမိတာပဲ မင်းမှာ နေစရာမဲ့ စားစရာမဲ့ဖြစ်နေလို့ ဘာဘက ခေါ်ထားတာလားလို့.."



www.burmeseclassic.com

www.burmeseclassic.com



စာသား မျက်ခုံးနှစ်ဖက်တွန့်လျက် သူ့ကို မျက်လွှာပင့်ကြည့်သ

"မင်းက သူများအကြောင်း တော်တော် စိတ်ဝင်စားတာပဲ"

မင်းကြည်ဖြူ မျက်နှာ တင်းခနဲ ဖြစ်သွားကာ နီလည်းနီ

"မင်း ငါ့ကို ဘယ်လို ခေါ်လိုက်တာလဲ..၊ စကားပြောတာဆို ကအစ ဘယ်လိုပြောရမယ်၊ ဆိုရမယ်ဆိုတာ နားမလည်ဘူးလား

စောစောက ရင်နိုးဟန်နှင့် မဆီမဆိုင် လာရောက်ချိုးမွဲပြော တာတွေ ချက်ချင်းကြီး ပြောင်းလဲသွားခဲ့ပြီး...

"မင်း တော်တော်ရိုင်းတဲ့ကောင်မှန်း ငါ ခန့်မှန်းမိပါတယ်၊ ဒါ မယ့် နောက်တစ်ခါ ပြောတာဆိုတာ ဆင်ခြင်ပါ၊ ငါက သိပ်သည်း တတ်ဘူး"

"ဟုတ်လား..၊ ဒါဆို သည်းမခံတတ်တဲ့လူချင်းတွေပဲ၊ ငါက စပ်စုတာကို မကြိုက်ဘူး၊ မင်းနဲ့ ငါနဲ့ ပြောတာ မကျေနပ်ရင် စက မပြောဖြစ်အောင်နေကြဖို့ လိုတယ်၊ မင်းနဲ့ငါ ပတ်သက်ဖို့မှ မရှိ

"ဘာကွ!.."

မင်းကြည်ဖြူ ဒေါပွသွားကာ စာသား အကျီရင်ဘတ်ကို ဆ ခနဲ ဆောင့်ဆွဲ၏။

"မင်းနဲ့ငါ ပတ်သက်မှုမရှိရအောင် မင်းက ငါ့အိမ်ထဲက အလု သမား..၊ ငါ ခေါ်မယ်၊ ခိုင်းမယ်၊ ဒါတွေ မပြောလို့ရမလား"

"ဟွန်း..."

သူ ဆွဲထားလျက်နှင့် စာသား က ဒီတိုင်းနေလိုက်ကာ ဂရုမစို သည့်အပြုံးနှင့် စိုက်ကြည့်၏။ အကျီကို ဆုပ်ဆွဲထားသဖြင့် မျက် ချင်းက နီးနီးလေး..။ ဒီလိုအကြည့်မျိုးနှင့် စိုက်ကြည့်ခံလိုက်ရတော မင်းကြည်ဖြူ မျက်လုံးချင်းဆုံရင်း အံ့ကြိတ်သည်။

"ပြောစမ်း..၊ မင်း ဘာကောင်လဲ၊ ဘာရည်ရွယ်ချက်နဲ့ ခြံ ရောက်အောင် ဝင်လာခဲ့တာလဲ၊ ဟိတ်ကောင် ပြောစမ်း.."





စာသား က ထပ်၍မဲ့လိုက်ကာ သူ့လက်ပေါ်က ဆုပ်ကိုင်ပြီး ဆွဲလွှန်ပစ်လိုက်သည်။ အမှတ်တမဲ့မို့ မင်းကြည်ဖြူ ကိုယ်ကြီးပါ ကော့ ခနဲ ပါသွား၏။

"မရှိလို့ အလုပ်လုပ်စားတာပေါ့..၊ ဘာတွေ လာမေးနေတာလဲ"

ကျိုးကြေမတတ် နာကျင်သွားသည့်လက်ကို ဖိဆုပ်ထားရင်း မင်း ကြည်ဖြူ ရင်ထဲက သံသယတွေ ကြီးထွားနှန်း မြန်ဆန်သွား၏။

'မရှိလို့ လုပ်စားတာတဲ့' ဒါ ဖြစ်နိုင်ရဲ့လား..၊ စာသား ကို စိုက် ကြည့်ရင်း လက်နှစ်ဖက်က ဘေးမှာ တွဲလွဲကျသွားခဲ့ပြီး...

"အေး..၊ နေတတ်သလို နေပေါ့ကွာ..၊ ငါက မင်းတို့လို ခပ်ကြမ်း ကြမ်း အရိုင်းအစိုင်းမဟုတ်တော့ ဂကယဗလတွေ မထုတ်တတ်ဘူး၊ ဒါပေမယ့် ကလစ်(click)တစ်ချက်နှိပ်တာနဲ့ ကမ္ဘာပြိုသွားအောင် လုပ် ဝစ်နိုင်တဲ့လူမျိုး..."

"ဟွန်း.."

"မင်းရဲ့ကမ္ဘာလေး ပြိုမသွားအောင် ထိန်းထား..."

အပြတ်အသတ် ကြိမ်းဝါးပြီး ခင်းကြည်ဖြူ ထွက်သွားသည်။

ကမ္ဘာပြို၊မပြိုတော့ မသိပေမယ့် စာသား ရင်ထဲမှာ ပြိုကျသွား သည့် အပိုင်းအစတွေကို ထိန်းချုပ်ရခက်နေခဲ့၏။

ဒေါသတွေ..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

"သွားပါ အိမ်လေး ရယ်..၊ ဘဘလူ က အဖျားကြီးနေတာ.. အိမ်မှာ ညီမလေး ကျန်ခဲ့ရင် ပိုပြီး စိတ်မချစရာ ဖြစ်ဦးမယ်၊ ကျုပ် စောင့်မယ်..၊ မြန်မြန်သွားခေါ်.. သွား..."

ပုလဲအိမ် ချီတုံချတုံနှင့် ဓာတ်မီးကောက်ကိုင်မိသည်။ အောက်ထပ်ကို ဆင်းခဲ့စဉ် မင်းကြည်ဖြူ အခန်းက မီးလင်းနေပေမယ့် ဘာသံမှ မကြားသည်မို့ အိပ်နေသည်ထင်၏။ ဒီလူကို အကူအညီတောင်းဖို့ စိတ်ထဲမှာမရှိဘဲ ခြေလှမ်းတွေက အိမ်တံခါးကြီးဖွင့်ထွက်ရင်း စာသား ဆီကိုပဲ သွက်လက်စွာ လှမ်းခဲ့မိသည်။

ခြံစောင့်အတွက် တဲလုံးကလေးက သစ်ပင်နှယ်ပင်တွေအောက်မှာ ပျောက်လုလုပါ။ ဒါပေမယ့် သူ ရောက်လာမှ အားလုံး ရှင်းလင်းသွားခဲ့ပြီ..။

ခုတော့ သေသေသပ်သပ်လေး ရှိနေပြီဖြစ်၏။ လရောင်ဝိုးတဝါး အောက်မှာ တဲလုံးလေးက မှောင်မည်းကာ သတ္တဝါတစ်ကောင် ငုတ်တုတ်ထိုင်နေသည်နှင့် တူနေ၏။ ဓာတ်မီးကို သေးကို လွှဲထိုးလာလိုက်ကာ...

"စာသားညီ..."

"ဘာကိစ္စလဲ.."





နှစ်ခွန်း၊သုံးခွန်းတော့ ခေါ်နိုးရမည်ဟု ထင်ထားသဖြင့် ငေါက် ဆက်ဆက်အသံကြီးထွက်လာတော့ ပုလဲအိမ် 'အမယ်လေး'ဟုပင် ယောင်အော်မိမတတ်..။ အထဲက လှုပ်ရှားသံတစ်ချက် ကြားလိုက်ရပြီး...

"ဘာလဲ..."

တဲလုံးလေးထဲက ထွက်လာသည့် စာသား မှာလဲ လက်ထဲမှာ ဓာတ်မီးနှင့်..။

"ဘဘ အရမ်းဖျားနေလို့..၊ ဆေးတိုက်တာလဲ ကိုယ်ပူမကျဘူး၊ အဲဒါ ရွာထဲမှာ ဆရာဝန် သွားပင့်ပေးစမ်းပါ"

"တစ်ယောက်မှမရှိဘူး..၊ ဒေါက်တာ နေပိုင် ကပဲခူးသွားတာ မနက်ကျမှ ပြန်လာမှာ၊ ဒေါက်တာ ဒေါ်အေးအေးချစ် ကလဲ ကလေး မွေးနေတယ်"

"ဘယ်တုန်းက မွေးတာလဲ"

"ဘယ်သိမလဲ.."

"ဒီနေ့ မဟုတ်ဘူးမို့လား..၊ ကလေးမွေးတာ နာရီပိုင်းလောက်ပဲ ကြာတာဥစ္စာ.."

"ဟား!...၊ ကျွတ်!.."

စာသား စုတ်သပ်ပြီး စိတ်မရှည်သလို ဆတ်ခနဲ လှည့်သွားသဖြင့် ပုလဲအိမ် ဒေါသဖြစ်သွားကာ...

"ရှင်က ဘာဖြစ်တာလဲ..၊ ဘဘ အရမ်းဖျားနေတာ၊ ဆရာဝန် မခေါ်လို့ မရဘူး"

"မင်း တော်တော်ဒုန်းဝေးပါလား ပုလဲအိမ်..၊ ဒေါက်တာက ကလေးမွေးနေတဲ့ဥစ္စာ၊ မီးနေခန်းထဲကနေ မင်းနောက် ထလိုက်လာမလား.."

"ဟင်!... ဒေါက်တာက မွေးနေတာ..."



www.burmeseclassic.com

www.burmeseclassic.com



ပုလဲအိမ် အံ့သြသွား၏။ တကယ်ဆို ဒီရွာမှာ ဒေါက်တာနှစ်ယောက် ရှိနေတာလည်း သူမ မသိခဲ့ပါ..။ ကျန်းမာရေးဆေးခန်းမှာ ထိုင်သည့် ဒေါက်တာ နေပိုင် ကိုတောင် ယောကျ်ားဆရာဝန်ဆိုတာပဲ သိကာ နာမည်ကို အမှတ်တမဲ့..။

"ဦးလေးက ဘာဖြစ်သွားတာလဲ.."

တစ်ယောက်ပုံရိပ် တစ်ယောက် မှန်းဆကြည့်ရင်း စကားပြောလို့ အားမရဖြစ်တိုင်း ရှေ့တိုးလာကြတော့ နှစ်ယောက်သား လက်တစ်ကမ်းအကွာလောက်ကို ရောက်လာကြသည်။

ထိုအခါ စူးလက်နေသည့် မျက်ဝန်းတွေချင်း ဆုံမိကြပြီး...

"ညနေက သုံးနာရီကျော်မှ ရေချိုးပြီး နောက်ဖေးဝရန်တာမှာ သွားနေတယ်၊ အဲအားပတ်သွားတာပါ၊ ကျွန်မလဲ ရွာထဲကို သွားနေတာနဲ့ သတိမထားလိုက်မိဘူး"

"ငါ လိုက်ကြည့်ပေးမယ်၊ ဖြစ်မလား.."

"ဟင်!..."

ပုလဲအိမ် ဖျတ်ခနဲမော့ကြည့်၏။ စာသား က သဘောပေါက်သွားကာ...

"ကိုယ်တွေပူနေတယ်မို့လား၊ နဖူးပေါ် ရေပတ်လေးအုပ်ပေးလိုက်..၊ ပြီးတော့ ခြေဖဝါးကို နာနာနှိပ်၊ ခြေဖဝါးအလယ်က အကြောဆုံကို လက်မနဲ့တွန်းဖိပြီး ကြာကြာလေး နှိပ်ခြေပေး၊ အဲဒီကနေ ခြေကျင်းဝတ်ကို နှိပ်..၊ ငါ လိုက်မယ်ဆိုတာက မင်းတို့ မိန်းကလေးတွေကျတော့ နှိပ်အားနည်းမှာစိုးလို့၊ အခု ပြန်သွားပြီး ငါ ပြောတဲ့အတိုင်း လုပ်လိုက်ပါ.."

"ဒါဆိုလဲ ရှင်ပဲ လိုက်ခဲ့ပါ..၊ ကျွန်မ အကြောတွေ ဘာတွေလဲ မသိဘူး"

သူ ပါလာတော့ အလာတုန်းက စမ်းတဝါးဝါး တထိတ်ထိတ်နှင့်





ထွက်ခဲ့ရသည့်လမ်းက ဘာမှမဟုတ်လိုက်ဘဲ အိမ်ပေါ် ပြန်ရောက်လာ၏။

"ဟယ်!..."

စာသား ပါလာတော့ မနှင်းအု က နောက်ကို လည်ပင်းလေးရှည်ကြည့်ကာ စာသား ကိုလည်း တအံ့တသြကြည့်၍...

"ဆရာဝန် သွားမခေါ်ဘူးလား"

ဟု ပုလဲအိမ် ကို ပြန်မေးသည်။

"ဟင့်အင်း..."

ရေစလုံနှင့် ပဝါလေးတစ်ထည် ပြေးယူပြီး ရေပတ်အုပ်ဖို့လုပ်တော့ မနှင်းအု က ပျာပျာသလဲ ဝင်လုပ်သည်။

"ဒါ... ကျုပ်လုပ်တတ်တယ်..၊ ဟိုမှာ ဝိုင်းကူ နှိပ်လိုက်ပါ"

ဝိုင်းကူဆိုပေမယ့် စာသား က သူ့ဘာသာသူ အာရုံစိုက်လုပ်နေတာ် တစ်ချက်မှ မော့မကြည့်သဖြင့် ပုလဲအိမ် ဘဘ ဘေးမှာထိုင်ကာ လက်တွေကိုပဲ ဆုပ်နယ်ပေးနေမိသည်။

"ဆေးတိုက်ထားလား.."

မေးစရာရှိမှ မော့လာသည်။

"တိုက်ထားတယ်၊ ကိုယ်ပူက သိပ်မကျဘဲနဲ့ ခေါင်းရင် ထူးတယ်၊ စကား လုံးဝ မပြောဘူး၊ မျက်လုံးလဲ မဖွင့်ဘူး.."

"ကိုယ်ပူ နည်းနည်းကျသွားပြီ ထင်တယ် အိမ်လေး..၊ လာ... လည်ပင်းကို စမ်းကြည့်ပါဦး"

စာသား မေးတာကို ဖြေနေတုန်း မနှင်းအု ၏ ဝမ်းသာအားရ အသံ ခပ်အုပ်အုပ်လေး ထွက်လာ၏။ စမ်းကြည့်လိုက်တော့ တကယ် သိသိသာသာ ကျသွားတာပါ..။ သိပ်မကြာသေးမီ ဘဘ၏ ခပ်စောင်းစောင်းမျက်နှာ ပက်လက်ပုံစံဖြစ်သွားပြီး မျက်လုံးတွေ ဖွင့်လာသည်၊

"သမီးတို့ မအိပ်ကြသေးဘူးလား..၊ ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



စာသား ကို မြင်သွားတော့ မီးရောင်အောက်မှာ ဟုတ်ရဲ့လားဆို သည့် မျက်နှာနှင့် သေချာကြည့်၏။

"ဘဘ မျက်လုံးမဖွင့်တော့ သမီးတို့ စိုးရိမ်ပြီး သွားခေါ်လာတာ ပါ၊ ဘဘရဲ့ခြေဖဝါးကို သူ နှိပ်ပေးနေတာလေ.."

"သြော်…၊ အင်း…"

ဦးလှမော်အောင် စိုးရိမ်သည့်မျက်နှာ ရိပ်ခနဲ ဖြစ်သွားပေမယ့် ပြန်ပျောက်သွား၏။ မျက်ဝန်းတွေ ခပ်မှေးမှေး ပြန်မှိတ်သွားရင်း…

"ကျေးဇူးတင်ပါတယ်ကွာ..၊ ကျုပ် အအေးပတ်သွားတာ ထင် တယ်၊ ရပါပြီ..၊ သွားအိပ်ကြတော့လေ.."

"ခဏကော့ အနှိပ်ခံလိုက်ပါ၊ သွေးလေမျှသွားမှ စိတ်ချရမှာ"

စာသား က ပြောပြီး ဆက်နှိပ်နေ၏။ ဦးလှမော်အောင် အနှိပ်ခံ ရင်း အုံ့သြနေသည့်စိတ်က ပိုပိုကြီးထွားလာ၏။ တစ်ကိုယ်လုံး ထူပိန်း ပိန်း ပူထူထူနှင့် ကိုက်ခဲနေတာကြီးက စာသား လက်ချောင်းတွေနှင့် ဖိထောက်လိုက်တိုင်း ခြေဖဝါးကတစ်ဆင့် ကိုယ်ထဲမှာ ဖျင်းခနဲ ရှိန်းခနဲ ဖြစ်နေသည်။

ဘယ်လိုခံဟားမှုမျိုးနဲ့မှမတူဘဲ ဝေဒနာ စုဝေးနေသည့်နေရာတွေ ဆီမှာ တစ်စစီ ပြိုကွဲနေသလိုပဲ..။ ဒီကောင်လေး ဒီပညာတွေ ဘယ်က ရထားတာလဲ..၊ ဝေဒနာနှင့် ရောထွေးနေပေမယ့် ကျေးဇူးတင်သည့်စိတ် ကတော့ သပ်သပ် ခံစားချက်ဖြစ်သည်။

"ရပါပြီ စာသား ရယ်..၊ မင်း ပြန်အိပ်ပါတော့၊ အရမ်းကို ကျေးဇူး တင်ပါတယ်ကွာ.."

ည တစ်နာရီခွဲနေကာမှ ကိုယ်ပူကျပြီး စိတ်ချရသည့်အခြေအနေ ရောက်၏။

"သမီး တံခါးတွေ သေချာစစ်ပိတ်.."

"ဟုတ်ကဲ့ ဘဘ"





စာသား နှင့် ပုလဲအိမ် လေ့ကားပေါ်ကနေ အတူတူ ဆင်းလာခဲ့ ကြပြီး တံခါးနားရောက်မှ…

"ရှင်.. အဲဒီလိုလုပ်တတ်နေတာ သင်ထားတာလားဟင်"

စာသား က တံခါးအပြင်ရောက်မှ ပြန်လှည့်ကြည့်ကာ…

"တံခါးပိတ်ပြီး ပြန်တက်တော့…"

ပြောပြီး ရှာခနဲ လှည့်ထွက်သွား၏။

ပုလဲအိမ် အောင့်သက်သက်နှင့် ကျန်ရစ်ခဲ့သည်။ 'လူတကာနှင့် အမြဲတမ်း မသင့်မြတ်ရပါလို၏'လို့များ သစ္စာဆိုထားသလား မသိ..။ တည့်အောင်ပေါင်းဖို့ တကယ်မလွယ်တဲ့လူ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း( ၂၁ )

"အမယ်လေး..."

တောထဲကို တစ်ယောက်တည်း ကိုယ့်သဘောနှင့်ကိုယ် ဝင်လာပြီးမှ ထိတ်လန့်စိတ်နှင့် သတိထားနေရသည့်အထဲ သစ်ပင်အောက်မှာ လူတစ်ယောက်လုံးကြီးကို ရုတ်တရက် မြင်လိုက်ရတော့ ပုလဲအိမ် လန့်သွား၏။

စာသား က ဂျင်းဘောင်းဘီကို ခြေသလုံးလောက်ထိ လိပ်တင်ထားကာ ရုပ်အကျႌအပြာကွက်နှင့် ဖြစ်သည်။ ဆံပင်က မြင်နေကျအတိုင်း သိပ်မရှည်ဘဲနဲ့ ခပ်ပွပွ ထိုးထိုးထောင်ထောင်..။

"ရှင် တောထဲ ရောက်နေတယ်"

"အဲဒါ မင်းကို ငါက မေးရမှာ..၊ ဒီထိ ဘာလာလုပ်တာလဲ"

"ဆေးမြစ် လာရှာတာ..."

"ဘာဆေးမြစ်လဲ.."

"ဂမုန်းဥပါ.."

"ဂမုန်းဥလိုချင်တာ ရွာထဲကို သွားပါလား၊ အိမ်တိုင်းမှာ ဂမုန်းပင်တွေ ရှိတယ်"

"အဲဒီလောက် မလွယ်လို့ပေါ့..၊ ဘဘရဲ့မသေဆေးက အဲဒီဂမုန်းဥပဲ..၊ လိပ်စားဂမုန်းတဲ့၊ အရွက်တွေက နေလောင်နေသလိုပဲ..၊ အိမ်တွေမှာ အဲဒီဂမုန်း မစိုက်ကြပါဘူး"





ပုလဲအိမ် က မျက်စောင်းထိုးချင်နေသည့် မျက်နှာနှင့် ဖြစ်၏။ နေရာတကာ သူပဲသိ..၊ သူပဲတတ်တာလား..။

"အဲဒီဂမုန်း ငါ သိတယ်..၊ ဒီဘက်မှာလဲ မရှိဘူး..၊ မင်း ပြန်တော့..."

ပုလဲအိမ် ငိုင်သွားသည်။ တကယ်မရှိတာလား၊ ပြန်စေချင်လို့ အမင်ပြောတာလား..။

"မင်းကို ညာပြောနေတယ် ထင်လို့လား..၊ ဒီနေရာမှာ အန္တရာယ်ရှိတယ်၊ ရှာချင်ရင်လဲ မင်း သဘောပဲ"

သူက နောက်ပြန်လှည့်ဖို့ ခြေလှမ်းပြင်၏။

"ရှင်ကရော ဘာလုပ်နေတာလဲ"

"အဲဒီထက်ကောင်းတဲ့ ဆေးမြစ် ရှာနေတာ..."

ဒါဆို ဘဘအတွက်ပဲပေါ့၊ ပုလဲအိမ် ဝမ်းသာအားရ ဖြစ်သွားတာ...

"ဘဘအတွက်မို့လား..၊ ကျွန်မလဲ ဝိုင်းရှာမယ်လေ..၊ ဘာပုံစံလဲ ပြော..."

"ဆေးမြစ်ရှာတာနဲ့ မင်းအဘအတွက် ဖြစ်ရောလား..၊ တောထဲရောက်တိုင်း ငါ ဆေးမြစ်ရှာတယ်၊ လိုအပ်တဲ့လူအတွက် ပေးဖို့..."

သူ့ရည်ရွယ်ချက်က ကိုယ့်ကို ပြန်စေချင်တာမှန်း ပုလဲအိမ် သိလိုက်သည်။ သူ့ကိုမြင်လိုက်တော့ ကြောက်စိတ်တွေလဲ ပြယ်သွားကာ ဒီတစ်ခါ အတိုက်အခံလုပ်ဖို့ စိတ်ကူးတွေဖြစ်လာရင်း...

"ဘဘက သူများအားကိုးတာ မကြိုက်ဘူး၊ အထူးသဖြင့် မိန်းကလေးဆိုပြီး အားမငယ်တတ်ရဘူးတဲ့၊ ဒါကြောင့် ကိုယ်ခံပညာသင်ဖို့တောင် ခွင့်ပြုခဲ့တာ ကြည့်ပါလား"

"အဲဒီတော့ ဘာဖြစ်လဲ.."

"ဆေးမြစ်ရှာဖို့ထွက်လာပြီး ကြောက်လို့ လှည့်ပြန်တာလာတယ်ဆိုရင် ကောင်းမလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဆေးမြစ်ရှာဖို့ ဦးလေးက ခိုင်းလိုက်တာလား.."

"မခိုင်းပေမယ့်..."

ဘာဆက်ပြောရမလဲ..၊ စကားရပ်သွားပြီး မျက်လုံးက သူ့ဆီ ဝေ့သွားမိသည်။ တသား က တစ်ချက်စိုက်ကြည့်ပြီး ဘာမှဆက်မပြောတော့ဘဲ နောက်လှည့်လျှောက်သွား၏။

ပုလဲအိမ် နောက်ကနေ ဆက်လိုက်သွားခဲ့ပြီး...

"ဘာဆေးမြစ် ရှာနေတာလဲ.."

"မင်းမသိတဲ့ ဆေးမြစ်..."

"သိအောင် ပြောလေ..၊ နှစ်ယောက်ရှာတော့ မျက်လုံးလေးလုံး..."

"မင်းခြေထောက်တွေ တောထဲကိုပဲ ခြေဦးလှည့်ချင်လို့ဆိုရင် ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်လိုက်ခဲ့..၊ အပိုစကားပြောရတာလောက် စိတ်ပျက်ဖို့ကောင်းတာ မရှိဘူး"

"ရှင်လဲ လူဖြစ်ပြီး တော်တော် လူဖြစ်ရှုံးရတာ့ပဲနော်.."

"ဘာ!..."

တသား ခြေလှမ်းရပ်ပစ်လိုက်သဖြင့် ပုလဲအိမ် ကို စောင့်ခေါ် လိုက်သလို ဖြစ်သွားသည်။ နှစ်ယောက် တစ်တန်းတည်း ဖြစ်သွားကာ...

"ဟုတ်တယ်လေ..၊ ပါးစပ်ပါပြီး စကားလဲ မပြောချင်၊ ပြောတော့လဲ ပြေပြေပြစ်ပြစ် မရှိ..."

"မင်း ငါ့ကို ဘာဖြစ်လို့ ဝေဖန်နေတာလဲ..၊ ငါ ဘာကောင်ဖြစ်နေနေ..၊ ဘယ်သူတွေ ဘယ်လိုမြင်မြင် နေတတ်သလိုနေတာ စိတ်ချမ်းသာတယ်.."

"နေတတ်သလို နေလို့မရဘူး၊ လူ့ပတ်ဝန်းကျင်ဆိုတာ ရှိတယ်၊ ကျွန်မဆိုရင် ဒီထက်တောကျတဲ့ ဒေသတစ်ခုမှာ ကြီးပြင်းခဲ့ရတာ.."

ပုလဲအိမ် က ကြီးကြီးကျယ်ကျယ်ပုံစံလေးနှင့် လက်နှစ်ဖက်





ပစ်ပြီး တသား ရှေ့ကနေ ခပ်မော့မော့လေး လျှောက်ထွက်သွားတာ...

"အသက်ကြီးမှ ကျောင်းတက်ရတယ်၊ မိုးမလင်းခင်ထပြီး မိုးစုပ်ချုပ်မှ အိမ်ပြန်ရောက်တဲ့အထိ ကျောင်းနဲ့အိမ်ကို ပင်ပင်ပန်းပန်း သွားခဲ့ရတာ..၊ အလယ်တန်းတက်တော့ တစ်ရွာတစ်ကျေးမှာလေ..၊ များအိမ်မှာနေပြီး စာသင်ရတယ်၊ သားသမီးလိုချစ်လို့ ကျောင်းထားတယ်ဆိုပေမယ့် သူများကြည်လင်အောင် အိမ်အလုပ်တွေ ခါးချိုးအောင် လုပ်ခဲ့ရတယ်၊ အဖေ့ကိုတော့ စိတ်ဆင်းရဲမှာစိုးလို့ ဘာမှပြန်ပြောခဲ့ပါဘူး၊ ဒါတောင် အဖေက အသက်တိုတယ်၊ အမေ့လက်ထဲက ဘာဘ လောခေါ်ခဲ့တာ၊ ခုတော့ အမေလဲ မရှိတော့ဘူး..."

တသား က စိတ်မဝင်စားသည့်ပုံနှင့် တစ်လှမ်းချင်း လှမ်းထွက်သော်လည်း မပြောနဲ့လို့တော့ မတားဆီးတာမို့ ပုလဲအိမ် က ဆက်ပြော၏။

"ကျွန်မ ပြောချင်တာက အဲဒီလိုဘဝနဲ့ ကြီးပြင်းခဲ့ရတဲ့ ကျွန်မကောင်မှ ဘဝဆိုတာကို နားလည်အောင် ကြိုးစားတယ်၊ လူ့ပတ်ဝန်းကျင်အကြောင်း ဘာဘ ပြောသမျှ မှတ်ထားတယ်"

တသား က သွားနေရာကနေ တုံ့ခနဲ ရပ်ပစ်လိုက်ပြီး ငုံ့ကြည့်တာ...

"ငါ့မှာ လူ့ဘဝအကြောင်း အထူးတလည် ဝေဖန်ပိုင်းခြားကြည့်ဖို့ အချိန်မရှိဘူး၊ ငါသိတာ ငါ့ဘဝနဲ့ငါ အစပ်အဟပ်တည့်နေဖို့ပဲ"

"ဒါက မကြည့်လို့ မမြင်တာပါ၊ ရှင်..."

"တော်တော့ ပုလဲအိမ်..၊ ငါ့အဖေဆီကတောင် ဒီစကားမျိုးတွေကို ငါ နားမထောင်ဘူး၊ လူဖြစ်လာပြီဆိုကတည်းက ဘဝတစ်ခုကို ပိုင်ဆိုင်ခဲ့ကြတာ..၊ ကိုယ်ကျင်လည်နေခဲ့တာ ကိုယ့်ဘဝ၊ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး..."



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရင် ဖွတ်..၊ ပုလဲအိမ် ဆက်မပြောဘဲ နေလိုက် သူလည်း အသံတိတ်သွားသည်။ ရှေ့ဆက်လျှောက်သွားရင်း စာ က ဟိုထိုင်ဒီထိုင်နှင့် သစ်ပင်တွေကို တူးဆွကြည့်လိုက်..၊ နမ်းကြ လိုက်..။

ဘာကိုရှာမှန်းလည်း မသိ..၊ မေးလည်း မမေးချင်တော့သည် ပုလဲအိမ် ဟိုဒီလိုက်ကြည့်ရင်း တောနက်လာတာကို သတိထားမိလာ

ဒီနေရာထိ တစ်ခါမှ မရောက်ခဲ့ဘူးပေ..၊ မနှင်းအု နှင့်နှစ်ယော ဟင်းရွက်ခူးထွက်ဖြစ်ရင်တောင် ဒီလောက်ထိ ဝင်ဖို့ စိတ်မကူးခဲ့ဖူး

လူသွားလမ်းမရှိပေမယ့် သွားလာကောင်းတဲ့အခြေအနေမျိုး ရှိနေသေးသည်။ သစ်ပင်အနိမ့်အမြင့်တွေ မညီတော့ အုပ်ဆိုင်းနေ အထိ တောက မထူထပ်ပါ။

ဒါပေမယ့် သစ်ပင်ငယ်တွေ စုကျပ်နေတဲ့နေရာကျတော့ အ တွေကို နင်းဖြတ်လျှောက်နေရတာ နည်းနည်းတော့ အသည်းယား

"တွေ့ပြီ..."

စာသား ဆီကအသံ ကြားသဖြင့် ပြန်လှည့်ကြည့်လိုက်မိ ထိုအခါ မျက်လုံးက စာသား ကိုကျော်၍ ဟိုဘက် သစ်ပင်ခွမှာ ရစ် နေသည့် မြွေကြီးကို မြင်လိုက်မိကာ...

"စာသား...၊ စာသား.. ဟိုမှာ..."

စာသား က ကြားသည်နှင့် ဒီဘက်ကို လှည့်မကြည့်ဘဲ ခုန်ပစ်လို သည်။ ပြီးမှ ပြန်လှည့်ကြည့်၏။ မြွေက သူတို့ကို ရန်ပြုဖို့ တာစူနေ ဖြစ်၏။

သစ်ကိုင်းကနေ လျှောဆင်းဖို့ တစ်ရစ်ချင်း ဖြေချနေသည်။ တွဲ ကျနေသည့်ခေါင်းက တုတ်ချောင်းလို ဓိုက်ခနဲ တန်းဆင်းသွားလို မတ်ခနဲ ပြန်ထောင်ပြီး နာမှုတ်လိုက်..။

"စာသား သွားမယ်လေ..၊ ဘာလုပ်နေတာလဲ..."





ပြော၍ ပုလဲအိမ် က စာသား လက်မောင်းကို ဖြေးကိုင်သည်။ သား က ဖယ်ချပစ်လိုက်ကာ ကိုင်ထားသည့် ဓားမြှောင်ကို ဆွဲ၍..

"ပြေးလို့ မရဘူး၊ ဒီကောင် သစ်ကိုင်းကိုလွှတ်ပြီး ပြေးချလာ သိပ်မြန်တာ.."

"ဟင်!..."

ပုလဲအိမ် သွေးပျက်မတတ် ချောက်ချားသွား၏။ စာသား က ည်း ဓားကို ဆ,နေပြီး စိတ်လှုပ်ရှားနေတာကို ထိန်းချုပ်နေသည့် ကနှာနှင့်...

"ငြိမ်ငြိမ်နေ..."

မြွေသည် သစ်ပင်ကိုင်းမှာ နောက်ဆုံးကျန်သည့်အရစ်ကို ဖြုတ်ချ တော့မည့်ဆဲဆဲ ပါးပျဉ်းခွက်ထားသည့်ခေါင်းကို မတ်ခနဲ ထောင်လိုက်ချင်...

"ဂွစ်.."

"ဒုတ်.."

"အမယ်လေး..."

"ဟာ.."

မြွေကို ဓားနှင့်ပစ်ပေါက်လိုက်ပြီး နောက်ကိုခြေတစ်လှမ်းအဆုတ် မှာ သူ့ကျောပြင်နှင့် နီးကပ်စွာရပ်နေသည့် ပုလဲအိမ် ကိုယ်နှင့်တိုက်မိ သွား၏။

နှစ်ယောက်စလုံး ဒယိမ်းဒယိုင်တွေ ဖြစ်သွားကြစဉ် ပုလဲအိမ် က နောက်ကနေ ခါးကို သိမ်းကျုံးဖက်ပစ်လိုက်သဖြင့် မြေပြင်ပေါ်သို့ တိုက်ရိုက်သက်ဆင်းကြလေသည်။

"အား..."

အောက်ကနေ ပက်လက်ကလေးဖြစ်နေသည့် ပုလဲအိမ်မှာ နာ ကျင်မှုကြောင့် မြွေအန္တရာယ်ကိုတောင် မေ့လျော့သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်ပေါ်မှာ နောက်ပြန်ဖိလျက်သား ကျသည့် တာ... ကတော့ မမှေပေ..။ မြွေကို သူပစ်လိုက်သည့်ဓားက ကိုယ်ခွေ... သေးစွန်းကျကျကို ဖောက်ကာ သစ်ကိုင်းမှာ စိုက်ဝင်နေတာ ဖြစ်...

နာကျင်နေသည့်မြွေက ဒေါသတကြီး ရုန်းနေသည်မို့ မကြာ... ကာလမှာ လွတ်ထွက်သွားမှာ သေချာသည်။

"နာမနေနဲ့ ထ..၊ ထ... ဟိုကောင် ပြုတ်ကျလာရင် ပြေး... လွတ်မှာ မဟုတ်ဘူး"

"အား... မရဘူး..၊ ရှင့်ကိုယ်ကြီး တက်ထိုင်မိတဲ့ဥစ္စာ၊ အ... လေး... သေပါပြီ.."

"ကဲကွာ.."

"အား..."

နာပါသည်ဆိုမှ ပုလဲအိမ် ကို ချိုင်းကနေ ဆွဲမ,ပစ်လိုက်... မတ်တတ်ဖြစ်သွားကာမှ ဇွေ့ခနဲ ဆွဲဇွေ့သည်။

ဒီလောက် သေရေးရှင်ရေးဖြစ်နေပြီမှန်း တွေးလိုက်မိကာ သူ... လက်ထဲကနေ ပုလဲအိမ် လှမ်းကြည့်လိုက်မိ၏။

မြွေသည် မရိုမဆုံ ရုန်းဆန်နေရာမှ သစ်ကိုင်းကနေ လျှော... ပြုတ်ကျသွား၏။ လက်မောင်းလုံးလောက်ရှိသည့် မြွေတစ်ကိုယ်လုံး... အထွေးလိုက် ပြုတ်ကျသွားသံက 'ဗုန်း'ခနဲ မြည်သွား၏။

"ကျ... ကျသွားပြီ..၊ ဟိုမှာ..."

လိုက်လာပြီလို့ ပြောလိုက်သေးဝေမယ့် အသံက တိမ်ဝင်သွ... ၏။ သစ်ပင်စိမ်းစိမ်းတွေ တရှဲရှဲ တိုးလှုပ်ပါလာတာကိုသိကာ သူမျ... ပွေ့ချီထားသည့်လက်ပေါ်မှာ ပုလဲအိမ် သတိလစ်မတတ် ဖြစ်သွား၏။

တသား သည် သစ်ပင်ငယ်တွေ ဖုံးလွှမ်းနေသည့်ဧရိယာက လွှ... မြောက်သည်နှင့် ခပ်ခြောက်ခြောက် မြက်ဖုတ်တွေပေါ်မှာ ပုလဲအိ... ကို ချလိုက်သည်။





ပုလဲအိမ် သည် မျက်လုံးကြောင်တောင်နှင့် သတိလစ်နေသူကဲ့သို့ ...ထားတစ်စွန်းမှ မထွက်နိုင်။

ဝါးခုတ်လာသည့်လူတွေ ခုတ်ထစ်စွန့်ပစ်၍ ကျန်ရစ်သော ဝါးတို ...ချောင်းကို ချုံထဲက ပြေးဆွဲကာ တသား ဒီတိုင်း မတ်တတ်ရပ် ...င့်၏။

သူတို့နှင့် ဝါးတစ်ရိုက်လောက်အကွာမှာ သစ်ပင်လေးတွေ ...လှုပ်လှုပ်ဖြစ်နေပေမယ့် ရှေ့ဆက်တိုးမလာတော့ပေ..။

ဒဏ်ရာကြောင့် ဒေါသစိတ်မွှန်ပြီး လိုက်ခဲ့ပေမယ့် ဒီနေရာမှာပဲ ...ရဲ့ခံနိုင်ရည်အားက ကုန်သွားသည်ထင်၏။

အကြာကြီး ကြည့်နေပြီး သစ်ပင်တွေ လှုပ်ရှားမှုက တစ်ဖက်ဆီ ...ို လမ်းကြောင်းပြောင်းသွားမှ တသား သက်ပြင်းရှည်ကြီး ဟူးခနဲ ...ထုတ်သည်။ ပြီးတော့ ပုလဲအိမ် ဘေးမှာ ပစ်စလက်ခတ် ထိုင်ချ ...ိုက်ရင်း...

"တော်တော် ဒေါသကြီးတဲ့ကောင်..၊ ကံကောင်းလို့..."

သူ ပြောတော့ ပုလဲအိမ် မျက်နှာလေး သူ့ဘက်လှည့်လာ၏။

တစ်စုံစုံ မေးတော့မလို နှုတ်ခမ်းလေးလှုပ်နေပြီး ဘာမှမဟုတ်ဘဲ အကြောင်သား ကြည့်နေသဖြင့်...

"ဘာဖြစ်နေတာလဲ.."

"ဟင်!..."

"ပြုံသနာပဲ..၊ မြွေမြင်တာနဲ့ အတိတ်ပါ မေ့သွားပြီလား မသိဘူး၊ ...ာဂသတ္တိပဲ.."

မာနကို ထိပါးလာပြီဆိုမှ တကယ် ပြူးတိပြူးကြောင်ဖြစ်သွား ...သည့် ပုလဲအိမ် အသိတွေ ကိုယ်မှာပြန်ကပ်သည်။

"ရှင် ဘာပြောတာလဲ.."

"မကြားလိုက်ဘူးမို့လား၊ အဲဒါကို ပြောနေတာ၊ ဟွန်း..."



www.burmeseclassic.com

www.burmeseclassic.com



စာသား က ကျကျနန မဲ့ရွဲ့ကာ...

"ဒါနဲ့များ သင်တန်းမှာ ကိုးယိုးကားယားတွေ လာကစားသွား လေးတယ်"

"ဘာဖြစ်လဲ...၊ ကြောက်စရာမြင်တာ မကြောက်ရဘူးလား။ သို သင်တာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့...၊ မြွေတွေ့ရင် ခံကိုက်ရ မဟုတ်ဘူး..."

"ဟား.. ဟား.. ဟား..."

သူ ရယ်ပြန်ပြီ..၊ ပုလဲအိမ် ဒေါသ ထောင်းခနဲဖြစ်သွား ဝါသနာမပါသည့် ကိုယ်ခံပညာဆိုတာကို ကျားကုပ်ကျားခဲ ကြိုး သင်နေတုန်းမှာလည်း ဒီလိုရယ်သံကြောင့်ပဲ ပညာတစ်ပိုင်းတစ်စနှင့် တစ်ခန်းရပ်ခဲ့ရ၏။

အပြုံးအရယ်ခဲ့သည့်ထင်ရသည့် မျက်နှာက ဒါမျိုးကျတော့ ရယ် နေလိုက်တာ ဝါးလုံးကွဲ..။ စာသား က ရယ်လက်စမျက်နှာနှင့် စို ကြည့်ကာ...

"မင်းကို ပြောသားပဲ..၊ မလိုက်ပါနဲ့လို့..၊ ကြောက်လို့ လှည့်ပြ ရမှာစိုးတယ်ဆိုပြီး ဟား.. ဟား.. ဟား..."

နောက်ထပ်ရယ်တော့ ပုလဲအိမ် မခံနိုင်တော့ပေ..။

"ရှင် မရယ်နဲ့.."

"ရယ်စရာမို့ ရယ်တာလေ..၊ မင်းကို ငါက ပွေ့ပြီးပြေးရတာ လူပေါ်ကလိုက်ပြီး မင်း သတိလစ်နေတာ ဝန်မခံဘူးလား"

"သိပ်ကြွားမနေနဲ့..၊ ရှင့်ကို ကျွန်မ မကယ်ရင် ခုလောက်ဆို ရှင့်ငယ်ထိပ် မြွေပေါက်လို့ လည်ပင်းကနေ ကြိုးချည်ပြီး တုတ်ထောက် ရင်တောင် အသက်မီမှာ မဟုတ်ဘူး"

ပုလဲအိမ် က ရန်တွေ့ကောင်းနေသည်။ စာသား က စိုက်ကြည့် နေပြီးမှ ဟိုဘက်လှည့်ပြုံးသည်။





"ထိုယ့်ကျေးဇူးရှင်မို့ ကိုယ် ထမ်းပြေးရတယ်မှတ်လိုက်..၊ ကျေ

"မင်းကို ဘယ်သူက ကျေးဇူးတင်ခိုင်းလို့လဲ"

"ရှင်ပဲ ကြွားနေတာလေ.."

စာသား က ဆတ်ခနဲ ခေါင်းညိတ်ကာ ထိုင်ရာကနေ မတ်တတ် ချ၏။ ပြီးတော့ လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်ခါနေကာ...

"ကောင်းပြီ..၊ ဒါဆို အခု ကျေပြီဆိုတော့ ဘယ်သူ့ကိုမှ ငဲ့ဖို့ ရှိတော့ဘူး၊ ငါ သွားမယ်"

"ဟင်!.. ဘာ...၊ နေဦး.."

သူ တကယ် ထွက်သွားတော့ ပုလဲအိမ် ပျာပျာသလဲ ထရပ်ဖို့ ပြင်သည်။

"အား..၊ သေပါပြီ.."

ပေါင်ရော..၊ ခါးရော ဘာဖြစ်သွားမှန်းမသိဘဲ ညွတ်ခနဲ ပြန်ထိုင် ကျ၏။ စာသား က ခြေနှစ်လှမ်း သုံးလှမ်းသွားပြီးမှ ပြန်ငဲ့ကြည့်သည်။

ညှာတာစာနာမှုကင်းသော သူ့ရဲ့ပင်ကိုမျက်နှာအတိုင်း...

"ဒီမှာ ဒုက္ခရာရနေတာကို ရှင် ပြန်ရွဲ့တယ်ဟုတ်လား..၊ တော် တော် အကြင်နာမဲ့တဲ့လူ..."

"မင်းကို ကြင်နာပါ့မယ်လို့ ပြောမိလို့လား"

"မိန်းကလေးတစ်ယောက်ကို စာနာဖို့ ပြောနေတာ..၊ ဟွန့်... ရှင်ဟာလေ ကျေးဇူးတင်မခံချင်သလိုလိုနဲ့ တမင် ထင်အောင်လုပ်နေ တာ.."

စာသား က ပြန်လှည့်လာပြီး သူမဘေးမှာ ခြေဖျားထောက်ထိုင် လိုက်သည်။

"ဟုတ်တယ်..၊ ငါက ပေးပြီးရင် ပြန်ရမှ ကြိုက်တာ..၊ မှားသွား ရင် ဝန်ခံရဲသလို..၊ လိုချင်ရင် လက်ဖြန့်တောင်းယူရဲတဲ့သူပဲလဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါ လူကောင်းဟုတ်ချင်မှ ဟုတ်မယ်၊ ဒါပေမယ့် ငါ့မှာ
မရှိဘူး..."

မျက်လုံးချင်း ဆုံနေခဲ့ကြပြီး ဘယ်သူကမှ မလွှဲ..။ ပါးကွက်
ရေးရေးလေးနှင့် ဝင်းမွတ်နေသည့် မျက်နှာနုနုလေးကို စာသား ပိုက်
တိုက် ကြည့်ပစ်လိုက်သည်။

အလှတရားသည် ထူးခြားပေါ်လွင်တာမျိုးမှုဟုတ်တဲ ဖြေ
ပြစ်ပြစ် နုနုယဥ်ယဥ်လေး ဖြစ်သည်။

နှုတ်ခမ်းပါးလေးတွေ နီးမြန်းငဲ့နေတာထိ အားမနာတမ်း စိုက်
ကြည့်မိ၏။ သူမလေးဟာ ပုလဲအိမ် အစစ် မဟုတ်ပါ။ သူမ ဖြေ
စကားအရ တောမှာပဲ ကြီးပြင်းခဲ့ရတာ ဖြစ်သည်။

ဒါပေမယ့် နုနုဖတ်ဖတ်လေး လှနေသည်။ ထို့ပြင် အနိုင်မ
အရှုံးမပေးချင်သည့်ဉာဥ်လေးလည်း ရှိနေပြန်၏။

တကယ်တမ်းကျတော့ သူမဘဝဟာ ငါးစာချခံထားရသည်နှင့်
တူမှန်း သူမ သိရဲ့လား..။

ပုလဲအိမ် ဖျတ်ခနဲ မျက်နှာလွှဲပစ်လိုက်မှ သူ သတိရသည်။ ထား
မိသည့် ဒေါသတွေ..၊ ပြောမိသည့်စကားတွေလဲ အားလုံး ပျောက်ရှ
ပျက်စီးခဲ့ပြီး...

"ကဲ... ထ.."

"နည်းနည်း ထူပေးဦး..."

လက်မောင်းလေး နစ်ဖက်ကနေ အသာဆွဲထူလိုက်တော့ သူမ
ကိုယ်လေး ပါလာသည်။

"လျှောက်ကြည့်..."

လက်မောင်းတစ်ဖက်ကို သူ ကိုင်ပေးထားသော်လည်း လမ်း
လျှောက်တော့ ပေါင်ထိပ်မှာ မခံရပ်အောင် နာသွားသည်။

ကြိတ်မှိတ်လှမ်းနေရင်း ဘယ်လိုမှ မခံနိုင်တော့ဘဲ...





"ကျွန်မ အရမ်းနာနေပြီ..၊ ဘယ်လိုလုပ်မလဲ..."

ပုလဲအိမ် အသံလေး ငိုသံပါလာသဖြင့် စာသား က ငုံ့ကြည့်
တော့...

"မင်းခါးကို ငါ ဖက်ထားပြီး ထိန်းပေးမယ်၊ ဖြစ်မလား..."

"ဟင်!..."

ပုလဲအိမ် ဖျင်းခနဲ ဖြစ်သွားစဉ် သူက လက်မောင်းအောက်ကနေ
ဆက်လျှို၍ ခါးကို သိမ်းဖက်လိုက်၏။

"အို!... ရှင်..."

ရုတ်တရက် ရင်ချင်းအပ်မတတ် ဖြစ်သွားကာ အလန့်တကြား
မော့ကြည့်လိုက်မိ၏။ သူ့မျက်နှာတစ်ပြင်လုံးလဲ နီမြန်းမြန်း ဖြစ်နေ၏။
ပုလဲအိမ် လည်း မျက်နှာလွှဲဖို့ မေ့နေသည်။

တစ်ယောက်မျက်ဝန်းထဲကို တစ်ယောက်ငေးရင်း ပတ်ဝန်းကျင်
တစ်ခုလုံးကို မေ့သွား၏။ စိမ်းသက်သည့် ရင်ခုန်သံတစ်ရပ်သည် လေ
ပြည်လေညင်းနှင့် တောပန်းတို့နောက်မှာ ပုန်းလျှိုးကွယ်လျှိုးနှင့်ချောင်း
မြောင်း ကြည့်ရှုနေခဲ့သည်လား..။

ထိုအခါ ဆက်ရန်ရှိသေးသည့် ရင်ခုန်သံများက..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၂ )

ဦးမြင့်အောင် မျက်နှာမှာ ကြည်နူးပေမယ့် မပြုံးရဲသော မအိ မလည် ရုက်ပြုံးကြီးနှင့် ငွေကို ငုံ့ကြည့်သည်။ ပြီးတော့ သားဆီကို မော့ကြည့်ကာ...

"မင်း သုံးဖို့ ယူထားဦးလေ.."

"ယူထားတယ်..၊ အဲဒါ အဖေယူထား..၊ ကျန်းမာရေး လုံ့ဝ ပြန် မကောင်းဘဲနဲ့ တောထဲ မဆင်းပါနဲ့..၊ အသက်ကလဲကြီးပြီ..၊ တစ်ခုခုဖြစ်ရင် အဖေ့ကို ဘယ်သူမှ လာကယ်နိုင်မှာ မဟုတ်ဘူး"

"ငါ သိပါတယ်ကွာ..၊ ဒါပေမယ့်..."

"ဒါပေမယ့် မနေနဲ့..၊ အဖေ ကိုယ့်ကိုယ်ကိုယ်မှ ညှာတာရမှန်း မသိရင် ခံရမှာပဲ.."

စာသား စကားတွေက နားဝင်ဆိုးပေမယ့် တုံ့ကယ့်စေတနာတွေ နှင့်။ ဦးမြင့်အောင် နားလည်သည်။ ဘယ်အချိန်ဖြစ်ဖြစ် ဒီကလေးဟာ မဆိုင်သလိုနေမိရင် အရှင်း..၊ သူပါပြီဆို ဘယ်သူမှ ဝင်ပြောဖို့မလို အောင် စေ့စပ်တဲ့သူ..။

သားတွေ အားမကိုးရဘူးဆိုတဲ့ စိတ်နှင့် မမျှော်လင့်ခဲ့မိဘဲ မကြာ ခဏ ဝင်ရောက် ကူညီပေးခဲ့ဖူးတာလည်း စာသား ပဲ ဖြစ်၏။





"မင်းကိုလဲ အဖေ မှာချင်တယ်ကွား..၊ မင်းရဲ့စိတ်ကို သိပေမယ့် မြင်တဲ့တွေ့တဲ့အာရုံမှာ ငြိမိမှာစိုးလို့ပါ.."

ဦးမြင့်အောင် စကားစလိုက်တော့ စာသား နောက်ဖေးဝင်မလိုပြု မှ ပြန်လှည့်ကြည့်၏။

"ဒီလိုကွာ..၊ ပိုက်ဆံချမ်းသာတဲ့အိမ်ကြီးမှာနေပြီး မမြင့်ဖူး၊ မတွေ့ ဖူးတာတွေ မြင်ရတွေ့ရတော့ စိတ်ဖောက်ပြန်တတ်တယ်၊ အဲဒီစိတ်ကို ထိန်းနိုင်အောင် ထိန်းပါ..၊ သူများပစ္စည်းကို သူများခြံဝင်းထဲမှာ အမှိုက် ထဲက ကောက်ရရင်တောင် ပြန်ပေး..."

စာသား ဘာမှမပြောတော့ဘဲ နောက်ဖေးမီးဖိုချောင်ထဲ ဝင်ခဲ့ သည်။ အိမ်က သိပ်မကြီးမားသည်မို့ အိမ်ရှေ့ကပြောသမျှ နောက်က အကုန် ကြားနေရ၏။

လစာငွေက များနေသည်မို့ အဖေ စိတ်ပူသွားတာမှန်း သူ သိ သည်။ ဒါပေမယ့် မလိုအပ်ဘဲ ရှင်းပြရတာတွေကို ဘယ်တုန်းကမှ စိတ်မရှည်ခဲ့သည်မို့ ထားလိုက်တာ ဒီတိုင်း..။

"မင်းအတွက် ဘာမှရှိမှာ မဟုတ်ဘူး..၊ ရေ အရင်သွားချိုးပါ လား..၊ ငါ လမ်းထိပ်ရောက်ရင်း သွားဝယ်လိုက်မယ်၊ ဘာစားမလဲ ပြော..."

စာသား က နောက်လှည့်မကြည့်ဘဲ ခေါင်းခါသည်။ ရှိတဲ့ထမင်း ကို ပန်းကန်ထဲထည့်လိုက်ပြီး အင်္ကျီအိတ်ထဲမှာပါလာသည့် ငြေပဲလှော် နှစ်ထုပ်ကို ထမင်းထဲ ဖောက်ထည့်၏။

ဦးမြင့်အောင် က ကပျာကယာလာပြီး ကြောင်အိမ်လေးထဲက ဆီမွှလင်းကို ထုတ်ယူပေးသည်။ ဒါပေမယ့် ဆီက မပါ..။

"လာပါကွ..၊ နည်းနည်းပါးပါးတော့ စစ်လို့ရပါတယ်"

"နေပါစေ..၊ ရတယ်..."

စာသား က ထမင်းပန်းကန်မှာ နှုန်းတပ်ပြီး ဒီတိုင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



၏။ ဦးမြင့်အောင် က ဆိုင်ကလင်းနှင့် အပြင်ကို ထွက်သွားလျှင်...

"အဖေ ဘာလုပ်မလို့လဲ.."

"ဆီ ဝယ်လိုက်မယ်လေ..၊ နောက်လဲ ဝယ်ရမှာပဲဟာ..."

"နောက်မှပဲ ဝယ်ပါ၊ ကျွန်တော် မလိုတော့ဘူး၊ အဖေနဲ့ စကား ပြောမလို့.."

ဘယ့်နယ်..၊ တေမိမင်းသားက ထူးထူးဆန်းဆန်းပါလား..။ ဦးအောင်မြင့် အံ့သြသွားကာ ခပ်လှုပ်လှုပ် ပြန်လှည့်လာပြီး...

"ထမင်းနဲ့ မြေပဲနဲ့ အခြောက်တိုက်ကြီး စားသွား ရှာ..၊ ဟိုဘက် တစ်အိမ်ကျော်လေးပဲ သွားရမှာကို..."

စိတ်မကောင်းစွာနှင့် ရေရွတ်ရင်း ရှေ့မှာ ပြန်ထိုင်၏။

"ကိုကြီးတို့ ပြန်မအိပ်ကြဘူးမို့လား..."

"အေး... ဟုတ်တယ်..၊ ဟိုဘက်ရွာမှာ လက်ဖွဲ့ပွဲရှိတယ်ဆိုပြီး နှစ်ယောက်စလုံး ပျောက်သွားတာပဲ..၊ မနေ့ညနေကတည်းက ခုထိ ပြန်ရောက်မလာဘူး၊ မင်း ဘာကြားလို့လဲ.."

"အဖေ့သား နှစ်ယောက်စလုံး ရွာမကြီးရဲ့စခန်းကို ရောက်နေကြပြီ..."

"ဘာ၊..."

ဦးမြင့်အောင် မျက်စိမျက်နှာပျက်လျက် ကိုယ်ကြီး တောင့်မတ်သွား၏။ 'ဘယ်သူ့ဆီက ကြားလာတာလဲ' လို့ မေးဖို့ပေမယ့် သူ ပြောတာပဲ နားထောင်တာ အကောင်းဆုံးမို့ ဦးမြင့်အောင် မမေးဘဲ နားစွင့်နေမိ၏။

"လက်ဖွဲ့ပွဲကို သွားကြတာ မဟုတ်ဘူး၊ ကိုကြီး ဖဲဝိုင်းမှာ ရန်ဖြစ်တာနဲ့ ညီအစ်ကိုနှစ်ယောက်စလုံး ပါသွားတာ..."

"သူတို့ကိုပဲ ဖမ်းထားတာလား.."

"တစ်ဝိုင်းလုံး ဖမ်းသွားတယ် ပြောတာပဲ..၊ အဖေ အဲဒါ တစ်





ယောက်တည်း လိုက်မသွားနဲ့..၊ တခြားလူတွေ ဘာလုပ်ကြမလဲ နည်းနည်း နားစွင့်ဦး.."

"ပါသွားတဲ့လူတွေကိုရော မင်း သိလား သား..."

စာသား က စားပြီးသွားသည့် ပန်းကန်ကို စားပွဲပေါ် ပြန်ချလိုက်ကာ ရေ ထသောက်သည်။ ပြီးမှ ပြန်လှည့်လာကာ...

"ဟိုဘက်ရွာက လူကြီးသားတစ်ယောက် ပါတယ်..၊ ဒီဘက်က တော့ ချစ်ကို တို့အုပ်စု ပါတယ်လို့ ပြောတာပဲ၊ ကျန်တဲ့လူတွေတော့ မသိဘူး၊ ချစ်ကို တို့အိမ်ကို ကျွန်တော် အခု သွားလိုက်မယ်၊ ပြီးရင် အဖေ့ဆီ ပြန်လာခဲ့မယ်၊ သွားဖို့လာဖို့တွေ အဖေတို့ စီစဉ်ကြပေါ့.."

"အေး... အေး..."

အားကိုးတကြီး ခေါင်းညိတ်ရင်း ဒီသားကိုပဲ ကျေးဇူးတွေ အထပ်ထပ် တင်နေမိသည်။ လကုန်ရက်တုန်းက တစ်ချက်တော့ မျှော်မိခဲ့သေးသည်။ သားက လူပျိုလူလွတ်မို့ လစာလေးများ လာအပ်မလား လို့ပါ..။

ရောက်မလာတော့လည်း မထူးတဲ့အဖြစ်တစ်ခုပဲမို့ ဖြေနိုင်ခဲ့သည်။ သားသမီးလုပ်စာဆိုတာ စားထိုက်မှ စားရတာကိုး..။

အခု တစ်ပတ်ကျော်ဖြစ်သွားမှ လစာတွေ အကုန်လာချပေးကာ သူ့အစ်ကိုတွေပြဿနာဖြစ်ကြတာကို ကြားလိုက်လို့ ဖြစ်မည်။

ဘာကြောင့်ဖြစ်ဖြစ် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်မိပါ၏။ စိတ်ထဲမှာလဲ တွေးဖြစ်သည်။

ငါ အားကိုးမမှဲသေးဘူး..။



www.burmeseclassic.com

## အခန်း ( ၂၃ )

သလင်းမြစ် ဟုခေါ်သော ဖြူဖပ်ဖပ် နီကြင်ကြင် ဆေးမြစ်ကို ကျောက်ပျဉ်မှာသွေးနေသည့်အသံ နားထောင်ရင်း ဦးလူမော်အောင် မျက်လုံးတွေက ထိုဆီ ရောက်သွားကာ...

"ဆေးမြစ်က အဆင်းလှသလောက် အနံ့လဲ မဆိုးဘူး၊ လိမ်းလိုက်တော့လဲ နွေးသွားပြီးမှ တစိမ့်စိမ့် တမြမြ အေးနေတာ..."

ဆေးပေးသည့်သူကို မှန်းဆ ကျေးဇူးတင်ရင်း ခေါင်းတညိတ်ညိတ် ဖြစ်နေမိသည်။

အချိန်မမှန် ရေချိုးမိသည့်အခါ ဒါကို သွေးလိမ်းထားရင် စိတ်ချရသည်တဲ့..။ စာသား ဒါပေးထားတာ ဖြစ်သည်။

"ရပြီ ဘဘ၊ ဆေးလိမ်းရအောင်..."

"အေး..."

ဆေးသွေးသည့်နေရာကနေ ပုလဲအိမ် ရွှံ့ရွှံ့မဲ့မဲ့လေး ထ,ရပ်သည်။

"အား..."

မတ်တတ်ရပ်ပြီးမှ ခွေခနဲဖြစ်သွားစဉ် အနားကို ဘယ်လိုရောက်လာမှန်း မသိသည့် မင်းကြည်ဖြူ က လက်မောင်းတစ်ဖက်ကို ဆွဲကိုင်ထားလိုက်၏။





"ဘယ်လိုဖြစ်တာလဲ ပုလဲအိမ် ရယ်..၊ ခြေထောက်က မသက်သာသေးဘူးလား.."

"နည်းနည်းပဲ ရှိတော့တာပါ.."

ပုလဲအိမ် မျက်နှာလေး တည်သွားကာ ဘဘ ခုတင်ခြေရင်းမှာ ထိုင်ချလိုက်ပြီး လက်ကို ရန်းပစ်လိုက်၏။ အားလုံး သိထားတာက တောထဲကို ဟင်းရွက်ခူးသွားရင်း ခြေခေါက်လဲလာသည်ဟု..။

"ကိုယ်က တောထဲကို စိတ်အပန်းဖြေ လမ်းလျှောက်ချင်နေတာ၊ မင်းခြေထောက်က ခုထိ မသက်သာဘူး၊ နစ်ရက်ရှိပြီ ထင်တယ်.."

"တောထဲကို လမ်းလျှောက်ချင်တာ ကိုယ့်ဘာသာ သွားပေါ့..၊ ကျွန်မနဲ့ ဘာဆိုင်လဲ..."

ပက်ခနဲ ပြောလိုက်တော့ မင်းကြည်ဖြူ ခပ်ပြုံးပြုံးမျက်နှာနှင့် ဦးလူမော်အောင် ကို လှမ်းကြည့်သည်။ ဦးလူမော်အောင် က အကျီကြယ်သီးတွေ နှိုက်ဖြုတ်နေသဖြင့် မျက်လုံးချင်း မဆုံပါ..။

တမင် မဆုံအောင်နေတာလား..၊ အမှတ်တမဲ့လားဆိုတာတော့ သူမှ သိလိမ့်မည်။ မင်းကြည်ဖြူ မျက်လုံးတစ်ချက်ကစား၍ ပြုံးကာ ခုံမှာ ဝင်ထိုင်လိုက်၏။ ပြီးမှ...

"ကျွန်တော် ဒီတစ်ခေါက် ရန်ကုန်ကိုပြန်ရင် ပုလဲအိမ် ကို ခေါ်လာခဲ့ဖို့ ဖေဖေက မှာတယ်၊ အဲဒါ ဘဘ ကိုပြောဖို့ မေ့နေတာ..."

ဦးလူမော်အောင် အံ့သြသည့်မျက်နှာနှင့် မော့လာကာ တဖြည်းဖြည်း တည်သွားလျက်...

"ဘာအတွက်လဲ.."

"ဟာ... ဘဘကလဲ..၊ ဟိုမှာလဲ သူ့ဦးလေးပဲဟာ..၊ တစ်ခါတလေ မြို့ကြီးပြကြီးကို အလည်အပတ်သွားတာ ဘာဖြစ်လဲ..၊ သူ့မှာ တောကြိုအုံကြားမှာနေရတဲ့အထဲ ဒီအိမ်ကြီးနဲ့ တောထဲအပြင် ဘယ်မှမသွားလာဖူးဘူး"

www.burmeseclassic.com



ဦးလှမော်အောင် က နှုတ်ခမ်းမဖွင့်ဘဲ ပြုံးလိုက်ရင်း မင်းကြည်ဖြူ ကို ဓေ့ခဲ့ကြည့်ကာ...

"သူ လိုက်ချင်တယ်ဆိုရင် ခေါ်သွားပါ.."

ရှင်းရှင်းလင်းလင်းကြီး လမ်းဖွင့်ပေးလိုက်သဖြင့် မင်းကြည်ဖြူ မျက်နှာကြီး ဝင်းထိန်သွားကာ ပုလဲအိမ် ကို လှမ်းကြည့်၏။

"ဘဘက ခွင့်ပြုနေပြီ ပုလဲအိမ်..၊ ဘယ်လိုလဲ..၊ မြို့မှာ မင်း လိုချင်တာအားလုံး မရတာ မရှိစေရဘူး.."

"ဟွန့်.. မြို့ကိုသွားစရာမလိုဘဲ ကျွန်မရှေ့ကို မြို့ကြီးတစ်မြို့လုံး ရွှေ့လာပေးမယ်ဆိုရင်တောင် ကျေးဇူးမတင်ဘူး၊ လူတိုင်းအတွက် ကိုယ် မလိုချင်တဲ့အရာဟာ ဖွဲဆန်ကွဲပဲ၊ ကျွန်မက တောကြိုအုံကြားမှာ ပဲ ပျော်တဲ့သူ.."

တူဝရီးနှစ်ယောက်ကြားမှာ မင်းကြည်ဖြူ အလူးအလိမ့် ဖြစ်သွား၏။ အခြေအနေအရ ရှိနေရပေမယ့် ရင်ထဲမှာ မာန်မာနတို့ကြောင့် တင်းကျပ်နေသည်။

ဒီလိုသွား..၊ ဒီလိုနေဆိုတာတွေကို ဖေဖေပဲ ညွှန်ကြားခဲ့တာ ဖြစ်သည်။ နောက်ထပ် ညွှန်ကြားချက်တွေ ရှိနေသေးတာလည်း သူပဲ သိသည်။ သူ့ဘဝမှာ ဒီအဖေသာ ကျေးဇူးရှင်..၊ ဘဝရဲ့ မီးရှူး တန်ဆောင်ဟာ ဖေဖေ..။

သူ့ဘဝမှာ ဘယ်လိုအောင်မြင်မှုတွေပဲ ဆင့်ကဲ ဆွတ်ခူးနေနိုင်ပါ စေ ဖေဖေ လက်ညှိုးညွှန်တဲ့အတိုင်း ခေါင်းညိတ်နာခံဖို့ အမြဲတမ်း အဆင်သင့်..။

ထို့ကြောင့် မပျော်သည့်နေရာမှာ လာနေရသည်။ မနှစ်သက်ပေ မယ့် သူမကိုပဲ လက်ထပ်နိုဖို့ ကြိုးစားရမည်။

ကိုယ့်လိုပဲ သူမဘက်ကလဲ နှစ်သက်နိုင်ခြင်းမရှိသည့်အဖြစ်က တော့ ဒီကျမှကြုံရတာပါ။





တောသူ ထူအအလေးတစ်ယောက်ကို ကိုယ့်အဆင့်အတန်း ...ရှုပ်ရည်နှင့်ချဉ်းကပ်ဖို့ ဒီလောက်ထိ ခဲယဉ်းလိမ့်မည်ဆိုတာ ကြို ...င် တွေးထားသည့်အထဲမှာ လုံးဝ မပါ..။

ခုတော့ ချစ်ခင်ရင်းနှီးမှုကင်း၍ လုံးဝ စိမ်းသက်သည့်ဒေသတစ်ခု ...မလိုလားသူတွေနှင့် နေ့စဉ် ပြောဆိုဆက်ဆံနေရသည့်အဖြစ်..။

အကယ်၍သာ တာဝန်နှစ်ရပ်အနက်မှ တစ်ခုခုသာ ပြီးမြောက် ...င်မြင်ခဲ့လျှင်တော့..။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

"ဘဘ"

"ဒေါက်... ဒေါက်..."

"ဘဘ လား..."

စာကြည့်ခန်းတံခါးကို အထဲက ပိတ်ထားသည်ဟု မနှင်းအု ပြောသဖြင့် ရေချိုးပြီးစ သနပ်ခါးလိမ်းဖို့တောင် သတိမရဘဲ အ ကမန်းကတန်းဝတ်ပြီး ထွက်လိုက်လာခဲ့တာဖြစ်သည်။

ဘဘကို သွားကြည့်တော့လည်း အိပ်ခန်းထဲမှာ ဘဘ မရှိပေ ထို့ကြောင့် စာကြည့်ခန်းဆီ ပြန်ပြေးလာပြီး မနှင်းအု နှင့် ပုလဲအိမ် တစ်ယောက်တစ်လှည့် ခေါ်နေမိကြသည်။

"ဘဘ.."

ဘယ်လိုခေါ်ခေါ် တုံ့ပြန်သံ မကြားရသဖြင့် မနှင်းအု နှင့် တ ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ခဏ တိတ်ကျသွားသည်။

ပုလဲအိမ် မျက်နှာလေးမှာ စိုးရိမ်စိတ်ကြောင့် မျက်ဝန်းလေးတွေ ဂနာမငြိမ်ဖြစ်နေခဲ့လျက်...

"အထဲမှာ ဘဘများ မူးမိုက်လဲနေလား မသိဘူး၊ ကျွန်မတို့ ဘာလုပ်ကြမလဲ..ဟင်"





"မပြောကောင်း မဆိုကောင်း အိမ်လေး ရယ်..၊ ဘဘကြီး တက်များ ဆင်းသွားလားမှ မသိတာ.."

"ဘဘ ဒီအချိန် အောက်မဆင်းတတ်ဘူးဆိုတာ မနှင်း သိရဲ့သား နော်"

ပုလဲအိမ် ငိုသံလေး ပါလာ၏။ ထိုစဉ် အထဲက ဂျက်ဖြုတ်သံ ထွက်လာပြီး အခန်းတံခါး ပွင့်သွား၏။ ရှေ့မှာ မားမားမတ်မတ် ပေါ် လာသူကို မြင်လိုက်ရလျှင် ပုလဲအိမ် မျက်နှာ ချက်ချင်း ပြောင်းသွား ခဲ့၏။

"မင်းကြည်ဖြူ..."

"ဟုတ်တယ်..၊ အထဲမှာ ကိုယ် အိပ်ပျော်သွားလို့.."

"အိပ်ပျော်သွားတယ်..၊ ဟုတ်လား..."

သူ့ကိုကျော်၍ အထဲကို လှမ်းကြည့်လိုက်မိလျှင် စာအုပ်စင်ကြီးရဲ့ အထပ်တွေပေါ်မှာ တင်ရှိနေသည့်စာအုပ်တွေက ပုံစံပျက်ယွင်းနေ လျက်..။ သူမ ဘာမှမပြောရသေးခင် မင်းကြည်ဖြူ က ရှေ့ကိုလှမ်း ထွက်လာတော့ ခြေလှမ်းရွှေ့၍ လမ်းဖယ်ပေးလိုက်ရ၏။

ဆံပင်တွေ ပွသလိုဖြစ်နေတာမှလွဲ၍ မျက်နှာထက်မှာ အိပ်ပျော် ထားသည့်အရေးအကြောင်း ဘာမှမရှိ..။ မနှင်းအု က မင်းကြည်ဖြူ ထွက်သွားသည့်နောက်ကို သမင်လည်ပြန်လိုက်ကြည့်ရင်း...

"အိပ်တယ်တဲ့..၊ အိပ်ပျော်တဲ့ပုံလဲ မရှိဘဲနဲ့..၊ စာကြည့်ခန်းထဲဝင် ပြီး ဘာလုပ်နေတာလဲ မသိဘူး၊ ခေါ်မကြား၊ အော်မကြား..."

မကျေမနပ် ရေရွတ်နေသည်။ ပုလဲအိမ် စာကြည့်ခန်းထဲဝင်လာ ရင်း စာအုပ်ထပ်တွေကို သေချာဆွဲချပြီး စစ်ကြည့်သည်။

ပျက်ယွင်းနေသည့်ပုံက တစ်အုပ်ချင်း ယူကြည့်ပြီး ရှာဖွေ ထားတာနှင့်မတူဘဲ လေး,ငါးအုပ် အထပ်လိုက်တွေ ဆွဲချပြီး ပြီသလို ပြန်တင်ထားတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်စင်ကြီးက ငါးထပ်တောင် ရှိသည်။ အပေါ်ဆုံးထပ်ကနေ အောက်ဆုံးထပ်ထိ အကုန်လုံးကို ဖွထားတာ သေချာသည်။

"ဘာဖြစ်လို့လဲ သမီး.."

ဦးလှမော်အောင် တောင်ဝှေးတစ်ဖက်နှင့် ဝင်လာတော့ မနှင်းအေး အောက်ပြန်သွား၏။

"စာကြည့်ခန်းကို ဟိုလူ အကုန်ဖွထားတယ် ဘဘ"

"ဟုတ်လား..."

ဦးလှမော်အောင် မျက်လုံးတွေကလည်း စာအုပ်စင်ဆီ စူးစိုက်ဝေ့ဝဲသွား၏။ ပြီးတော့ ခေါင်းတညိတ်ညိတ်နှင့်...

"ဒီလိုလုပ်မှာပဲဆိုတာ ဘဘ ထင်ပြီးသားပါ..၊ ဒါ ခုမှ ခြေလှမ်းအစပဲရှိသေးတယ်..၊ နောက်ဆို သမီးမှာပါ အန္တရာယ် ရှိလာလိမ့်မယ်၊ သတိထား..."

ပုလဲအိမ် မျက်မှောင်ကြုတ်လျက် ငြိမ်နေ၏။

ဒီလူတစ်ယောက်တည်းကို ဒီလောက်ထိ ကြောက်ရွံ့ သတိထားနေဖို့ လိုသလား..။





## အခန်း( ၂၅ )

ထမင်းစားနေတုန်း သေးမှာ အရိပ်ကျလာသဖြင့် မော့ကြည့်လိုက်တော့ ပုလဲအိမ်..၊ သူ့မလက်ထဲမှာ ဟင်းပန်းကန်လေး ကိုင်လျက်..။

"တော်သေးတာပေါ့.. စားမပြီးသေးလို့..၊ ဒီမှာ မှို၊ ကန်စွန်းရွက် ကြော်ထားတာလေး လာပို့တာ"

ပြောရင်း မျက်နှာစာတစ်ခြမ်းပဲ အကာရှိသည့် ခြံစောင့်တဲလေးထဲ ကို ဝင်လာသည်။ တစ်ဖက်ခြမ်းထဲမှာပဲ ကွပ်ပျစ်ထိုးထားသော ပျဉ်ခင်းထားသည့်အပေါ်မှာ စာသား ထမင်းစားနေတာ ဖြစ်သည်။

"ခဏ ထိုင်မယ်နော်.."

ဟု ခွင့်တောင်းလိုက်မှ စာသား က မေးဆတ်ညိတ်ကာ နေရာ အကျယ်ကြီးရှိလျက်နှင့် ဟိုဘက် ထပ်ရွှေ့၏။ ပုလဲအိမ် က ဟင်းပန်းကန်ကို အရင်ချပေးလိုက်ပြီးမှ တင်ပါးလွှဲလေး ဝင်ထိုင်ကာ...

"ထမင်းစားတာလဲ နည်းလိုက်တာ..၊ အဲဒါ ရှင် လက်နဲ့အားပါး တရ မစားလို့ဖြစ်မယ်၊ လက်နဲ့စားပါလား..၊ ဟိုဘက်မှာ ရေမှုတ်ကြီး တစ်ခုလုံးရှိသားနဲ့၊ ပြီးရင် ပြန်ဆေးလို့ရတာပဲ.."

"အိမ်မှာလဲ ဒီလိုပဲ စားတာ.."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ မပြောလောက်ဘူးဆိုတာတော့ သိသည်။ ဒါပေမယ့် ယုံဖို့ ခက်နေသည်။ ရွာက ဆက်သွယ်ရေးလွယ်ကူသည့်နေရာမို့ သိပ်မခေါင်ပေမယ့် တောသူတောသားတွေပါပဲ..။ လက်လုပ်လက်စား လူကြမ်းတွေဘဝမှာ နည်းနည်းပါးပါး စားလို့လည်း မရ..၊ ဖွန်းကလေးနှင့် တိုင်းတာစားသောက်ရအောင်လည်း ဘယ်သူမှ ကဗျာမဆန်ကြပေ..။

စာသား ကို ထမင်းပို့တိုင်း မနှင်းအု က ပြောသည်။

"တဖြည်းဖြည်း လျှော့လျှော့ ပို့နေရတာ၊ ကြာတော့ ကြောင်စာသာသာပဲ ရှိတော့တယ်၊ ယောကျာ်းလေးဖြစ်ပြီးတော့ စားတော့လဲ ဇွန်းနဲ့ သိလား..၊ တော်တော် ကညာစစ်တဲ့ကောင်လေး..၊ သူ့ကိုယ်သူ မင်းသားများ မှတ်နေသလား မသိဘူး"တဲ့..။

တကယ် မြင်ရမှပဲ ပုလဲအိမ် ယုံတော့သည်။ ငါးခူစဉ်းကောဟင်းနှင့် မှျစ်ချဉ်အရည်သောက်က နှစ်မျိုးတည်းပေမယ့် လိုက်ဖက်သည့်ဟင်းလျာတွေပါ..။

တင်ပျဉ်ခွေထိုင်လျက် ဇွန်းတပ်ထားသည့် ထမင်းပန်းကန်ကို ဒူးပေါ်တင်ထားသည့်လက်နှင့် ကိုင်ထား၏။

ဇွန်းတစ်ဖက်နှင့်စားနေပုံက ပါးစပ်ထဲရောက်သွားသည့် ထမင်းတွေ ပါးစပ်ထဲမှာပဲ အရည်ပျော်ခြင်းသို့ရောက်မှ နောက်တစ်ဖွန်း ပြင်တာမျိုး..။

"စာသား..၊ ရှင် ထမင်းမဆာဘဲ စားနေရလို့လားဟင်.."

မနေနိုင် မထိုင်နိုင် မေးမိသည်။ စာသား က ခေါင်ခါပြပြီး မဖြေ..။

"မဟုတ်ဘူးလေ..၊ ကျွန်မ ပြောတာက ရှင် အရင် စားနေကျအချိန်နဲ့ ကျွန်မတို့ လာပို့တဲ့အချိန် အရမ်းကွာနေသလားလို့ပါ"

"ဘာလုပ်မလို့လဲ..၊ ထမင်းစားတဲ့အလုပ်ကို ပုံကြီးချဲ့ပြီးတော့..."

"ပုံကြီးချဲ့တာ မဟုတ်ဘူးလေ..၊ ရှင်က လူစိမ်းမို့လား၊ ပြော





ကောင်း ဆိုမကောင်းတာတွေရှိလို့ မျိုသိပ်ထားရမှာစိုးလို့ မေးတာ၊ ယောကျာ်းလေးတစ်ယောက်က ထမင်း ဒီလောက်လေးစားတယ် ဆိုတာ..."

"ဘာဖြစ်သွားနိုင်တာလဲ"

အမြဲတမ်း ဘုကျကျပြောနေကျမို့ သူ့ လှည့်ကြည့်မေးလိုက်တာကို ပုလဲအိမ် စိတ်ဆိုးဖို့ သတိမရ..။

"တကယ် ဆာတဲ့အချိန်ကျတော့ မစားရဘဲ ဖြစ်သွားမှာပေါ့.."

ပြောနေရင်းနှင့် မှိုကန်ဇွန်းရွက်ကြော်ကို သူ မနှိုက်ဘဲနေတော့ ရှေ့ကို ထပ်တိုးပေးလိုက်တာ...

"ပြီးတော့ ရှင် ဘာကြိုက်လဲ ပြောထားလေ..၊ ကြိုက်တာလေးနဲ့ စားရတော့ ပိုဝင်တာပေါ့"

စာသား က မှိုကန်ဇွန်းရွက်ကြော်ကို နည်းနည်းခပ်ယူပြီး ထမင်းပေါ်မှာ ပုံလိုက်ရင်း...

"အစားအသောက်ကို ငါ ဘယ်တော့မှ ကြေးမများဘူး၊ ဘယ်လောက်ဆာနေနေ အများကြီးလဲ မစားတတ်ဘူး.."

"ဒါဆို ဒီတိုင်းပဲ အမြဲစားတာပေါ့.."

"ဟုတ်တယ်.."

ပုလဲအိမ် ဘာထင်သွားမလဲတော့ မသိ..၊ တကယ်တော့ ဒါဟာ တလေကချေ အကျင့်တစ်ခုလို့ပဲ ပြောချင်ပါ၏။

ယောကျာ်းတွေချည်းမွေးထားတော့ ဖေဖေကလည်း အကျင့်စာရိတ္တ မဖောက်ပြားရေးကိုပဲ အဓိကဆုံးမတတ်ပြီး စားသောက်နေထိုင်တာတွေ မပါပေ..။

ရှိတာနှင့် ဝယ်သည်။ လွယ်သလို ချက်သည်။ မရှိလို့ မစားရသော အချိန်တွေ မကြုံဘူးပါ။ ဒါပေမယ့် ဘယ်တော့မှ မဖွယ်ရာသော ထမင်းဝိုင်းမှာ မိသားစုမျက်နှာချင်းဆိုင် စားသောက်တဲ့အထိလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ဖူးပေ..။

ညီအစ်ကိုတွေ အရွယ်ရောက်လာကြတော့ အဖေ ဆုံးမတာ ညာဘက်က နားထောင်ပြီး ဘယ်ဘက်က ထွက်ပစ်၏။

သူများပစ္စည်း ခိုးဝှက်ဆိုးမိုက်တဲ့အထိက မဖြစ်ခဲ့ကြသော်လည်း လူပေလူတေလေးတွေအဖြစ် ရင့်သန်ခဲ့ကြ၏။

"မင်းတို့ ကိုယ့်ဝမ်းကိုယ်ကျောင်း"ကြလို့ အဖေက မပြော ရောက်တတ်ရာမှာနေ ကြသလို စားသောက်ကြ၏။ အိမ်ပြန် ထမင်းအိုးဖွင့်တဲ့အခါဆိုတာ မရှိသလောက်ပဲ ဖြစ်လေသည်။

ဒါတွေဟာ ထမင်းစားနည်းရခြင်းအကြောင်းနဲ့ သိပ်မဆိုင် မယ့် ပုလဲအိမ် မေးမြန်းနေတာတွေကြောင့် ပြန်တွေးကြည့်မိခြင်း ဖြစ်၏။

"ပေး..၊ ကျွန်မဘာသာ သိမ်းမယ်.."

သူ စားပြီးသွားတော့ ပုလဲအိမ် က သူမပဲ ပန်းကန်ခွက်ယော တွေကို စုထပ်သိမ်းဆည်းကာ...

"ရှင် ပေးတဲ့ ဆေးမြစ်ကို ဘဘက အရမ်းသဘောကျနေတာ.."

"မင်းခြေထောက် သက်သာသွားပြီလား.."

မေးဖော်ရလာတော့ ပုလဲအိမ် ပြုံးလိုက်မိသည်။

"သက်သာပါတယ်၊ ဒါပေမယ့် အဲဒီနေ့က ရှင် ကျွန်မအသက် ကယ်ခဲ့တဲ့အကြောင်းတော့ ဘဘကို ပြောမပြခဲ့ဘူး၊ ရှင့်ကို ကျေးဇူးတင် ပေမယ့် ကျွန်မ အဆူခံရမှာ..."

"ငါ့ကို လာနှုတ်ပိတ်တာလား.."

ပုလဲအိမ် က မလုံမလဲလေး ပြုံးပြီး ငုံ့ပစ်လိုက်ကာ...

"ရှင် အမှတ်တမဲ့ ပြောလိုက်မိမှာ စိုးလို့ပါ..၊ အဲဒီနေ့က ရှင် ပစ်လိုက်တဲ့ဓားသာ မြွေကိုမထိရင် ကျွန်မတို့ ဘာဖြစ်ကြမလဲ မသိ ဘူးနော်.."





"ဘာမှမဖြစ်ဘူး.."

"ဘယ်လို!.."

"ဒီနည်းမဟုတ်ဘဲ နောက်တစ်နည်း ထွက်လာမှာပေါ့၊ အသက် ညာဏ်စောင့် တဲ့.."

"ဓားပစ်တာ ဆရာကြီး သင်ပေးတာလားဟင်.."

"မဟုတ်ပါဘူး.."

"ကိုယ့်ဘာသာ ကျင့်တာပေါ့.."

"တောထဲရောက်တဲ့အခါ အလုပ်မရှိအလုပ်ရှာရင်း ဟိုပစ်ဒီပစ် လုပ်ခဲ့တာတွေပါ..၊ အဲဒါကြောင့် သေချာမထိတာပေါ့.."

"ရှင် အပြင်သွားတိုင်း ဓားတွေပါတာပေါ့၊ ဟုတ်လား..."

စာသား က ပလုတ်ကျင်းနေသည့်ရေကို ထွေးထုတ်ပစ်လိုက်ပြီး တည့်တည့်လှည့်ကြည့်သည်။ သူ ဘာပြောတော့မယ်ဆိုတာ ပုလဲအိမ် ကလည်း သိလိုက်သည်။ ဒါပေမယ့်...

"မင်း သိချင်တာတွေ များလှချေလား ပုလဲအိမ်..၊ ငါက သူများ မေးတိုင်း ဖြေချင်တာ မဟုတ်ဘူး.."

ပုလဲအိမ် နှုတ်ခမ်းလေးကို မဲ့ပစ်သည်။ သူ ကြည့်နေမှန်းသိလျက် နှင့် တမင်ကို မဲ့ရွဲ့ပစ်တာဖြစ်၏။ တော်တော်ကြီးကျယ်တဲ့လူ..။

ဘဝင်မြင့်လိုက်တာလည်း ဘာ့ပုမြင့်စရာမရှိဘဲနှင့်ကို မြင့်နေ တာ..။ ငယ်ငယ်တုန်းက သူ့အမေ သူ့ကို ပုခက်ချိတ်တာ အိမ်ထဲက ထုတ်တန်းမှာမချိတ်ဘဲ ကောင်းကင်ကြိုးနှင့် တက်ချိတ်ခဲ့သလား မသိ..။

အိပ်မက်တွေ မက်ပြီးတော့..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၆ )

"ပုလဲအိမ်.."

လှူရိပ်မြင်လိုက်တော့ စာသား မဟုတ်ဘဲ ပုလဲအိမ် ဖြစ်နေ၏။ တေးချို က လက်ခုပ်လေးတီးကာ ခေါ်လည်းခေါ်၏။

"ဟိုတ်ကောင် ဘာဖြစ်လို့ လက်ခုပ်သွားတီးတာလဲ.."

နောက်မှာ ရပ်နေသည့် သာယာအောင် က သူ့အကျီပခုံးစကို ဆွဲ၍ သတိပေးသည်။

ပုလဲအိမ် ကို မကျေမနပ်ဖြစ်သွားသည့်ဒေါသက နောက်ပြန် လှည့်လာကာ...

"လက်ခုပ်တီးနေတာတောင် ဟိုကောင်မလေး လှည့်မကြည့် ဘူး..၊ မမြင်ဘူးလား.."

"မကြည့်လဲ ဒီလိုပဲ စောင့်ခေါ်ရမှာပေါ့ကွ..၊ ဒီအိမ်မှာ ဘယ်လို စည်းကမ်းတွေ ထုတ်ထားသလဲ မင်း သိလို့လား..၊ တော်ကြာ ဟိုကောင် ဒုက္ခရောက်ဦးမယ်.."

ညီအစ်ကိုနှစ်ယောက်တည်းနှင့် မညီညွတ်နိုင်ဘဲရှိစဉ် ဝေါခနဲ ဆိုင်ကယ်သံတစ်ချက်ကြားရကာ ချက်ချင်း ဘေးမှာရောက်လာ၏။

"ဟိုတ်လူတွေ ဘာချောင်းနေကြတာလဲ.."





တေးချို တို့ လှည့်ကြည့်လိုက်ကြသည်။ စပို့ရှပ်အနီရဲရဲ၊ ဘောင်း ဘီ[illegible]အနက်နှင့် ဆိုင်ကယ်ပေါ်မှာ မျက်မှန်နက်ကို တပ်ထားသေး သည်၊ ဘယ်သူမှန်းမသိကြပေမယ့် ဒီလူ ချောတော့ချောသားပဲဟု နှစ်ယောက်စလုံး အသိအမှတ်ပြုလိုက်မိကြသည်။

"မေးနေတာ မကြားဘူးလား၊ ဒီမှာ ဘာချောင်းနေကြတာလဲ.."

နောက်ထပ် မေးလိုက်မှ ဒီမေးခွန်း မဖွယ်ရာပါလားလို့ တွေးမိ သည်...

"ခြံတံခါးကြီးရှေ့မှာ မတ်တတ်ရပ်နေတာမြင်သားနဲ့ ချောင်း ဘယ်လို့ မေးစရာလား..၊ အထဲမှာ လှူရိပ်မမြင်လို့ ရှပ်စောင့်နေတာ..."

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ..."

"စာသား..."

ဆိုင်ကယ်ပေါ်ကနေ ခြေထောက်တလှုပ်လှုပ်နှင့် မချိုမချဉ်မဲ့ သည်။ ပြီးတော့ တေးချို တို့ကို ခြေဆုံးခေါင်းဆုံးပြန်ကြည့်၍...

"ခြံစောင့်နဲ့ တွေ့ဖို့လား..၊ တစ်ညလုံး ခြံစောင့်နေရတဲ့သူဆိုတော့ ဒီအချိန် အိပ်နေပြီပေါ့..၊ ဘာလုပ်မလို့လဲ..၊ ဘာကိစ္စလဲ..."

သာယာအောင် ဒေါသထွက်သွားသည်။ ဒီလူ ဒီအိမ်ကြီးထဲက ဖြစ်မယ်မှန်း သိပေမယ့် မိသားစုဝင် မဟုတ်နိုင်မှန်းလည်း သိသည်။ ဘာဖြစ်ဖြစ် ဒီလောက်ထိ မယဉ်ကျေးတာကိုတော့ သည်းမခံနိုင်..။

"ဘာလုပ်မလို့လဲဆိုတော့ ငါ့ညီနဲ့တွေ့ဖို့ ရှိလို့လေ..၊ ဘာကိစ္စဆို တာ မင်းကို မပြောနိုင်ဘူး.."

"မပြောနိုင်ရင် နောက်မှလာ..၊ အခု ပြန်တော့.."

"ဘာကွ !.."

မင်းကြည်ဖြူ က ဆိုင်ကယ်ကို နောက်ပြန် အသာလှည့်သွားပြီး လမ်းကြောင်းပြောင်းဖို့ ပြင်၏။ ဒီဝင်ပေါက်ကြီးက ဘယ်တုန်းကမှ ဖွင့်ခဲ့တဲ့ထုံးစံ မရှိ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အပြင်လူတွေ သိနိုင်မှာ မဟုတ်ပေ..၊ ပိုဆိုးတာက စာသား ညီ ဆိုတဲ့ကောင်ရဲ့ ညီအစ်ကိုတွေမို့ သိပ်ကြည့်မရချင်..။ ပုံစံတွေက တစ်ပုံစံတည်းတွေ..။

ကိုယ်လုံးဖြောင့်ဖြောင့်၊ ခပ်တောင့်တောင့်တွေမို့ ပုံစံတွေ မသဲမကွဲ မရပ်ရှိကြပေမယ့် ကလေးကချေဆန့်သည့်လက္ခဏာမျိုးတော့ မရှိကြ။

ဒီညီအစ်ကိုတွေ ရိုးမှရိုးကြရဲ့လား..၊ စာသား လိုပဲ ဒီလူတွေမှာ ကိုယ်ခံပညာတတ်ကြသည်ဆိုလျှင်...

"ကိုကြီးတို့ ဘာလဲ..."

"စာသား..."

ခြံအတွင်းဘက်ကနေ စာသား မျက်နှာ ပေါ်လာတော့ သာယာအောင် တို့ ဝမ်းသာသွားကြသည်။ မင်းကြည်ဖြူ မျက်နှာပျက်သွားကာ နောက်ဆုတ်သွားပြီးမှ ပြန်လှည့်လာ၍...

"ဟိတ်..၊ ဒီအိမ်မှာ ညှိသည် လက်ခံခွင့် မရှိဘူးနော်..၊ ပြောစရာရှိရင် အပြင်ထွက်ပြော..."

ပြောပြီးသည်နှင့် စာသား ဘာမှမပြောရသေးခင် ဆိုင်ကယ်ကို ဝေါခနဲ ဝိုက်ကွေ့သွား၏။

"ဒီကောင် ဘာကောင်လဲကွ..၊ ဟွန်း.. လက်သီးကို ယားနေတာပဲ.."

တေးချို က လက်သီးကိုဆုပ်၍ လက်ဖဝါးတစ်ဖက်ထဲ ဖိထိုးလိုက်ရင်း ကြိမ်းသည်။ သာယာအောင် က တံခါးချပ်ကြီးကိုကိုင်၍ ရှေ့တိုးလိုက်ကာ...

"ငါတို့ကို တံခါး ဖွင့်မပေးတော့ဘူးလား..၊ အထဲထိ မဝင်ပါဘူး၊ ခဏ စကားပြောရုံပဲ.."

"ဒီတံခါးကို ဖွင့်မှာစိုးလို့ ပြောသွားတာ မကြားဘူးလား..၊ ဒီတိုင်းပဲ ပြော..."





စာသား က တံခါးဖွင့်လို့မဖြစ်တဲ့အကြောင်းပဲပြောကာ ဘယ်ဘာ့မှ ဒီတံခါးကို မဖွင့်ခဲ့ကြတဲ့အကြောင်းကိုတော့ မပြောဘဲ နေလိုက်၏။

နောက်ထပ် မေးခွန်းတွေ ပါလာမှာစိုးလို့ ဖြစ်သည်။ သာယာအောင် ကတော့ ဒါတွေကိုမသိဘဲ သူ့ညီ ပြောင်းလဲသွားတာကို အံ့သြနေသည့်မျက်နှာနှင့် ကြည့်၏။

သူများအမိန့်ပေးတိုင်း မနာခံတတ်သည့် စာသားညီ..၊ ဘယ်လိုဖြစ်သွားတာလဲ..၊ တကယ်ဆို... စာသား ရဲ့စိတ်ရင်းအမှန်အတိုင်းမှာ သူများရဲ့ ခြံစောင့်အဖြစ် ဝင်ရောက်လုပ်ကိုင်နေတာတောင် ထူးဆန်းနေပြီဖြစ်သည်။

"စောစောကကောင်က ဒီအိမ်ကလား..၊ ပြန်လာပြီးမှ ဘာဖြစ်လို့ ပြန်လှည့်သွားတာလဲ.."

"ပြောစရာရှိတာ ပြောပါ..၊ ဘာလို့ သူများအကြောင်း စိတ်ဝင်စားနေတာလဲ.."

"မင်းကို အနိုင်ပိုင်း ပြောသွားလို့ပေါ့..၊ ဒီအိမ်မှာ မင်း အကုန်လုံးကို ကြောက်နေရတာလား.."

စာသား မျက်နှာမှာ စိတ်ပျက်ခြင်းတွေ ဖြစ်သွား၏။ ဒါကို တေးချို က သိကာ...

"ဟုတ်သားပဲ ကိုအောင် ရာ..၊ မင်းကလဲ လိုရင်းကိုပြောလိုက်ရင် ပြီးတာပဲဟာ..."

သာယာအောင့် ကိုပြောရင်း သူ့ဘက် ပြန်လှည့်ကာ...

"စာသား..၊ ငါတို့ကို ပိုက်ဆံ နည်းနည်းလောက် လှည့်စမ်းပါ"

"ဘာလုပ်ဖို့လဲ.."

"မင်းကလဲ မေးနေသေးတယ်ကွာ..၊ တစ်ပတ်ပဲ သုံးမှာပါ၊ ပါတို့ အတိအကျ ပြန်ဆပ်ပါ့မယ်.."



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး"

တေးချို စိတ်ဆင်းရဲသွား၏။ အဖေ့ကို လစာထုတ်သမျှ အကုန်လာပေးသွားတယ်ဆိုတာ ကြားပြီးပါပြီ..၊ အဖေ့မှာလည်း သူတို့အတွက် ကုန်ခန်းသွားသည်မို့ ရဲရဲမတောင်းဝံ့ဘဲ စာသား ဆီ လာခဲ့တာဖြစ်သည်။

"လုပ်ပါကွာ.. မင်းကလဲ..၊ ငါတို့ အရေးကြီးလို့ပါ၊ မင်းအလုပ်ရှင်ဆီက ကြိုငွေဖြစ်ဖြစ် ယူလိုက်စမ်းပါ.."

နှစ်ယောက် မတွဲစဖူး တွဲနေတာကို စိုက်ကြည့်၍ စာသား ခေါင်းခါလိုက်သည်။

"ပြန်ကြတော့..၊ နောက်ထပ် ကျွန်တော် သူများပြောတာ မ[illegible]ချင်ဘူး.."

ပြောပြီး လှည့်ထွက်သွားသဖြင့် သာယာအောင် လည်ပင်းရှည်ကြည့်ကာ...

"ဘာပြောစရာရှိလို့လဲကွ..၊ လူတိုင်း မိသားစု ဆွေမျိုးဆိုတာ ရှိကြတာပဲ..၊ ဒါတွေ အဆက်အသွယ်ဖြတ်ထားရအောင် မင်းအလုပ်က ဘာအလုပ်မို့လို့လဲ.."

စာသား သမ လည်ပြန် တစ်ချက်ကြည့်ပြီး ဆက်လျှောက်လာခဲ့သည်။

သာယာအောင် တို့နှစ်ယောက် ဘာတွေဖြစ်ကျန်ခဲ့မယ်မှန်း မသိပေမယ့် ငွေလိုနေတာဟာ ကောင်းရောင်းကောင်းဝယ် သုံးစွဲဖို့မဖြစ်နိုင်မှန်း သူ သိသည်။ ထို့ကြောင့် မေးနေဖို့လည်း စိတ်မဝင်စား..၊ ဘယ်လိုထင်ထင် ရှင်းပြဖို့လည်း မလိုအပ်ဟု တွက်လိုက်သည်။

မင်းကြည်ဖြူ ကတော့ အိမ်ထိမသွားဘဲ သူသွားမယ့်ရှေ့ကနေ ဆိုင်ကယ်နဲ့ ပိတ်စောင့်နေခဲ့၏။ သူ လျှောက်လာတာကို စူးစိုက်ကြည့်နေလျက်...





"မင်းက အုပ်စုတော်ဖွဲ့လှချေလား စာသား..၊ အချိန်းအချက်လုပ်ပြီး ဘာတွေ ကြံစည်နေကြတာလဲ.."

စာသားညီ က ခနဲ့သည့်အကြည့်နှင့် ပြုံးသည်။ ပြီးတော့... မင်းကြည်ဖြူ နှင့် အနီးဆုံးထိ လျှောက်သွားကာ...

"မင်း ကြံစည်နေတာကို အရင်ပြောလေ..၊ မင်း ပြီးရင် ငါ ပြောပြမယ်.."

"မင်း ဘာပြောလိုက်တယ်..."

ဒေါသတကြီးဖြစ်သွားကာ ဆိုင်ကယ်ပေါ်ကနေ လ[illegible]ခနဲ ဆင်းလာသည်။ ထိုးတော့ကြိတ်တော့မလို အနားရောက်လာပြီး ရပ်တန့်သွား၏။ စာသား က ပြုံးလိုက်ပြီး...

"ကြံစည်ပါတယ်ဆိုမှ သူများကို ပြောလို့ဖြစ်မလား..၊ မေးခွန်းတိုင်းမှာ အဖြေရှိနိုင်ပေမယ့် တစ်ခါတလေ အမေးမတတ်ရင် ကိုယ့်ဘက် ပြန်လှည့်လာတတ်တယ်..၊ သတိထားဖို့ ပြောတာ.."

"တောက်..."

မျက်နှာပုံစံကိုက အချိုးမပြေတဲ့ကောင်..။

မင်းကြည်ဖြူ ဒေါသဖြစ်တိုင်း ပေါက်ကွဲလို့မရဘဲ တက်ခေါက်ပြီး လက်သီးဆုပ်၏။

"မင်းကို ငါ ကြည့်နေတာကြာပြီ စာသား..၊ မင်း..."

"ငါ့ကို စောင့်ကြည့်ပေးတတ်တဲ့အတွက် ကျေးဇူးပဲ..၊ ဒါပေမယ့် ငါကတော့ မင်းကို စိတ်မဝင်စားဘူး.."

"မင်းကလား.. ငါ့ကို..."

လက်သီးတစ်ချက် ရိပ်ခနဲ ပြေးဝင်လာသည်။ စာသား မျက်နှာတိမ်း၍ ရှောင်ပေးလိုက်၏။ နောက်ထပ် လက်သီးဝိုက်တတ်လာတော့ အသာလေး ပုတ်ထုတ်ပစ်လိုက်သည်။

"မင်းကြည်ဖြူ..၊ မင်း မရပ်သေးဘူးဆိုရင် ဒီတစ်ခါ ငါ့အလှည့်



www.burmeseclassic.com

www.burmeseclassic.com



နော်..."

စာသား က ပြောပြီးသည်နှင့် ပိတ်ကန်ပစ်လိုက်သည့် မင်းကြည်ဖြူ ခြေထောက်ကို လက်ပြန်ရိုက်ထုတ်ပစ်လိုက်သည်။

ထို့နောက် ယိုင်ထွက်သွားသည့်ကိုယ်ကို ပတ်ကန်ပစ်လိုက်သဖြင့် ခါးစပ်ကို ကျကျနန ထိသွား၏။

"အင့်.."

မင်းကြည်ဖြူ ညည်းသံသဲ့သဲ့နှင့် ဘေးတိုက် လဲကျသွားသည်။ စာသား က ဒီတိုင်း ရပ်ကြည့်နေလိုက်ပြီး...

"မင်းနေရာမှာ ငါဆိုရင် ခြံစောင့်ဆိုတဲ့ကောင်နဲ့ လက်သီးပြိုင် မထိုးဘူး"

"ခြံစောင့်လုပ်စားပြီး မင်းလို အချိုးမပြေတဲ့ကောင်လဲ ငါ ခုမှ တွေ့ဖူးတယ်..၊ ဘာအားကိုးနဲ့ ငါလိုကောင်ကို မင်း တုံ့ပြန်ရဲတာလဲ.."

"အားကိုးရှိမှ သူများကို ရန်စရဲတာနဲ့စာရင် အားကိုးမရှိပေမယ့် တုံ့ပြန်ရဲတယ်ဆိုတာ သိက္ခာရှိပါတယ်.."

"ဘာသိက္ခာလဲ..."

မင်းကြည်ဖြူ နေရာမှထရပ်လိုက်ပြီး သူ့ကို စူးစူးဝါးဝါး ကြည့်သည်။

"အခု မင်း စားနေတာတွေက သိက္ခာတွေ မဟုတ်ဘူး..၊ အဲဒါ ရော နားလည်ရဲ့လား..၊ လူဆိုတာ ကိုယ်မျိုချရမယ့်ဟာ အဆိပ်မှန်း ဆေးမှန်းတော့ သိရမှာပေါ့.."

"မင်းကိုယ်မင်းပဲ သိအောင် ကြိုးစားပါ၊ ကျားမြီးနဲ့ ကြောင်မြီး မှားမဆွဲမိအောင်..."

မင်းကြည်ဖြူ တနုံ့နုံ့နှင့် ကျန်ရစ်၏။ ဒီကောင် လူပါးဝတတ်မှန်း သတိထားမိနေတာ ကြာပြီ..။ ဒီအိမ်မှာ ဘယ်လိုအခွင့်အရေးတွေ ရထားလို့ မာရေကျောရေ ဖြစ်နေတာလဲ..။





ထိုကိစ္စကို မကျေနပ်ခြင်းက ဦးလှမော်အောင် နားထဲကို တိုက်ရောက်သွားတဲ့အထိပင်..။

"ကျွန်တော်က စိတ်ပူလို့ ပြောတာပါ..၊ ရန်ကုန်ကို ကျွန်တော် ...တ်,သုံးရက် ပြန်မှာဆိုတော့ အိမ်မှာ ယောကျ်ားသူစိမ်းတစ်ယောက် ...မိန်းကလေးတွေ တစ်ခြံတည်းရှိနေရတာ မကောင်းဘူးလေ..၊ ဘာဘ... ရှတ်တရက် သွားလာနိုင်တာလဲ မဟုတ်ဘူး.."

ပြောတော့ ဦးလှမော်အောင် က လက်ခံသည့်မျက်နှာနှင့် ခေါင်း ...တ်သည်။

"မင်း စိတ်ပူတာကို ကျုပ် နားလည်ပါတယ်..၊ ဒါပေမယ့် စာသား ...အွက်တော့ မပူပါနဲ့..၊ သူ့အဖေနဲ့ သူ့မိသားစုတွေက ကျုပ်ရဲ့ကျေးဇူး ...င်းတဲ့သူတွေ..၊ ပြောရရင် သူတို့အပေါ်မှာ ကျုပ် သြဇာညောင်း ...တယ်.."

ဦးလှမော်အောင် ပြောတာကို မင်းကြည်ဖြူ မယုံနိုင်ဘဲ ဖြစ်နေ... သြဇာညောင်းတယ်ဆိုရင် ဒီကောင် ဒီလိုပုံစံ ပြောဆိုနေထိုင်တာ ...တော့ ဘာဖြစ်လို့ မဆုံးမတာလဲ..။

ရင်ထဲမှာ ယားကျိကျိဖြစ်နေပေမယ့် ကျွန်တော့်ကိုတော့ ဒီလို ...ပြောပါတယ်..၊ ဒီလို ကိုယ်ထိလက်ရောက် စော်ကားပါတယ်လို့ သူ ပြောရဲပေ..။

ဤနည်းအားဖြင့် ကိုယ်ခံလိုက်ရတဲ့အကြောင်းကို ဖွင့်ချမပြရှင်..။ ...ပေ နိုင်းထားသည့်ကိစ္စတွေကိုလည်း အောင်မြင် ပြီးဆုံးချင်ပါပြီ..။

ဤတော ဤနေရာမှာ သူ ဘယ်လိုမှ မပျော်မွေ့နိုင်..။ တောသား ...သည့် မိုက်တိမိုက်ကန်းကောင်တွေကြားထဲမှာ လူကုံထံဆိုသည့် ...ဉ်ကျေးမှုတွေကို ဖက်၍ အနိုင်ယူဖို့ မရနိုင်မှန်းလည်း ကြာလေ ...သောပေါက်လေ..။

"ကိုယ်က မင်းအတွက် စိတ်ပူလို့ ပြောတာပါ.."



www.burmeseclassic.com

www.burmeseclassic.com



အပြင် ပြန်ထွက်လာတော့ ဘာဘာအတွက် ထမင်းပွဲယူလာ သည့် ပုလဲအိမ် နှင့်ဆုံသည်။ သူမထွက်လာအောင် စောင့်ပြီးမှ အော ထပ်ကို အတူဆင်းခဲ့ရင်း ပြောပြတော့…

"ပူမနေပါနဲ့…၊ ကျွန်မတို့ ခြံတံခါး အမြဲပိတ်နေပေမယ့် ဒီရွာသ တွေပဲ…၊ အားလုံးနဲ့ ရင်းနှီးတယ်"

"ဟုတ်တယ်လေ…၊ ဒါက ကိုယ့်စည်းကိုယ့်ဝိုင်းထဲမှာ နေနိုင်တ အချိန်ကို၊၊ ဟိုတစ်ညက ဘာဘ အသည်းအသန်ဖြစ်တုန်းကလို ကို မရှိတုန်း အဲဒီလိုဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

လေကားအဆုံးရောက်မှ ပုလဲအိမ် က ခြေလှမ်းရပ်ပစ်လိုက်ကာ

"အဲဒီညကရော ဘာတွေဖြစ်သွားခဲ့မှန်း ရှင် သိလိုက်လို့လား

"မဟုတ်ဘူး၊ ကိုယ်ဆိုလိုတာက ကိုယ် ထကြည့်သည်ဖြစ် မကြည့်သည်ဖြစ်စေ ကိုယ်ရှိနေတာကို သိနေတော့ သူများ မစော် ရဲဘူးပေါ့"

သူများဆိုတာ စာသား ကို ရည်ရွယ်မှန်း ပုလဲအိမ် က သိသည် ထို့ကြောင့် သူ့ကို အေးဆေးပဲ ပြန်ကြည့်လိုက်ကာ…

"ရှင် သွားမယ့်လမ်းကို ဖြောင့်ဖြောင့်သွားပါ၊ တစ်သက်လုံ ကျွန်မတို့ ဒီလိုပဲ နေလာတာ"

စကားမရှည်ချင်တော့၍ နေရာမှ လှည့်ထွက်လာခဲ့မိသည်။

သူ့ကိုယ်သူတော့ လူကောင်းသူကောင်းလိုလို အရှက်လည်း မ ဘာဘက ဘယ်သူ့ကိုမှ ယုံကြည်မထားဖို့ ပြောခဲ့ပေမယ့် သူ့ထက် လျှင် စာသား ဟာ လူဆိုးတော့ မဟုတ်နိုင်ဘူးလို့ ယုံကြည်သည်

မှန်,မမှန် ဆိုတာကတော့..။





## အခန်း ( ၂၇ )

ဒီအဖေ ညွှန်ကြားသမျှ အမြဲတမ်း ကျေနပ်ကြည်ဖြူစွာ လိုက်နာခဲ့တာပါ။ ဒါပေမယ့် ဒီလိုအရေးကိစ္စမှာတော့ သူ ဘယ်လိုမှ ရှေ့မဆက်ချင်တော့ဘဲ ဖြစ်နေ၏။

"အေး…၊ ဖေဖေကလဲ ဒီကိစ္စမှာ ဖေဖေတစ်ယောက်တည်း စီစဉ်ဆောင်ရွက်နေလို့ မဖြစ်တော့မှ မင်းကို ထည့်လွှတ်လိုက်တာ၊ ရန်ကုန်နဲ့တော အသွားအပြန်လုပ်ပြီး ခရီးသွားနိုင်း ဆော့ခိုင်းနေတာ မဟုတ်ဘူး"

ဦးရာဇ ကလည်း ဒေါသကြီးတဲ့သူ…၊ ဒါ ဒီလိုရှိနေတယ် ပြောပြထားတာတောင်မှ အဲဒီကိစ္စ ပြောကြပြီဆို မင်းကြည်ဖြူ တို့ လိုလားတာ တစ်ခါမှ မရှိ..။

"မင်း ငါ့ကို ပြတ်ပြတ်ပြောစမ်း သား…၊ ပုလဲအိမ် ကို မလိုချင်တာလား၊ အမွေပစ္စည်းတွေကိစ္စကို လုံးဝ စိတ်မဝင်စားတာလား"

"မဟုတ်ပါဘူး ဖေဖေရာ.."

"မဟုတ်ရင် ဘာလဲ..၊ မင်းအတွက် ဥစ္စာရော.. ကြင်ရာရော.. တစ်ပြိုင်တည်း ပြီးပြည့်စုံသွားမယ့်ကိစ္စ၊ ဘာကြောင့် မျက်စိပျက် မျက်နှာပျက် ဖြစ်နေရတာလဲ"

တောက ခဏပြန်လာတယ်ဆိုပြီး အိမ်ကိုမပြန်ဘဲ ကုမ္ပဏီရုံးခန်းထဲထိ ရောက်လာတော့ ပြဿနာတစ်ခုခုရှိလာပြီမှန်း ဦးရာဇ ရိပ်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သားတော်မောင် ပါးစပ်က ဘာမှထွက်ကျမလာဘဲ အရင်ဆူပစ်လိုက်တာ ဖြစ်၏။

မင်းကြည်ဖြူ မျက်နှာမသာမယာနှင့် ငုံ့နေကာ ဘာမှလဲမပြော။

"ပုလဲအိမ် က ငါ့တူမအရင်း၊ ပြီးတော့ အမွေတွေကို နစ်ပုံစေ့ဆုံး သူ့ရမှာ၊ ရုပ်ရည်၊ ပညာ၊ ဥစ္စာ မင်းအတွက် ဘာမှမလိုတဲ့မိန်းမကို လက်ညှိုးထိုးပြလိုက်တာတောင် မင်းရုပ်ရည် အရည်အချင်းနဲ့ ပိုင်နိုင်အောင် မလုပ်နိုင်ဘူး၊ ကဲ… ပြော.. ဘာတွေ ဖြစ်လာခဲ့သလဲ"

"အဲဒါတွေအားလုံးက ပြောသလောက် မလွယ်ဘူး ဖေဖေ၊ ဘဘကအခု ကျွန်တော့်ကို မျက်လုံးစိမ်းနဲ့ကြည့်နေတာ၊ ပုလဲအိမ် က ကျွန်တော် အနားသွားရင် ရွံသလိုလို ရှာသလိုလိုနဲ့၊ လက်ထပ်ပေးမှာဆိုရင်လဲ နုပုံ လက်ထပ်ပေးပါ ဖေဖေရာ၊ ဒီပုံစံကြီးနဲ့ အဲဒီရွာမှာ ကျွန်တော် သွားမနေချင်ဘူး"

"မင်း မသွားချင်တာကို ဖေဖေ သိတယ်၊ ဒါပေမယ့် လွှတ်နေရတာ ဘာကြောင့်လဲဆိုတာ မင်း သိနေတာပဲ၊ ပုလဲအိမ် အတွက် ရှိနေတဲ့အမွေတွေကို အစ်ကိုကြီး မပေးရဲအောင် ဥပဒေနဲ့၊ သက်သေနဲ့ ဘယ်လိုပဲ ငါ တားဆီးနေနေ တကယ် ပေးပစ်လိုက်ရင် ဘာမှမတတ်နိုင်ဘူး၊ တစ်နေ့နေ့ အစ်ကိုကြီး ပေးကိုပေးမှာပဲဆိုတာလဲ သေချာတယ်၊ ဒါကြောင့် သူ လှုပ်လို့မရအောင် ချည်ပြီးတုပ်ပြီး လုပ်နေရတာ သူ မရိုးသားလို့ ငါလဲ မရိုးသားဘူး၊ အဲဒါ ဘာဖြစ်လဲ..၊ မင်း ဘာမှ လိပ်ပြာငယ်ဖို့ မလိုဘူး"

"ကျွန်တော်က ဘယ်လောက်ထိ နေရမှာလဲ ဖေဖေ"

"ပုလဲအိမ် ကို မင်း မသိမ်းပိုက်နိုင်မချင်း…"

"ဖေဖေရာ..၊ မိန်းမတစ်ယောက်ရဖို့ အဲဒီလောက်ကြီးတော့ မကြမ်းရမ်းချင်ပါဘူး"

"ဖေဖေ ပြောပြီးပြီပဲ၊ အသာတကြည် လက်ထပ်ပေးဖို့ ပြောတာ





ဘယ်မခံဘူးလေ၊ အဲဒါကြောင့် လူငယ်ချင်း ရင်းနှီးသွားရင် လက်ထပ်ပေးပါလို့ပြောပြီး မင်းကို လွှတ်ထားခဲ့တာ၊ မင်းမှာ ယောကျ်ားမာနတွေ အပြည့်ပြင်းထန်ပြီး ဒီမိန်းမမျိုးကို မလိုချင်ပါဘူးဆိုရင်တော့ အမွေတွေ ဘယ်မှာ ဝှက်ထားသလဲဆိုတာ ကိုယ်နည်းကိုယ့်ဟန်နဲ့ သိရအောင် ကြိုးစား…"

"သိရတော့ရော သူ့ဝင်းသူ့ခြံထဲကပစ္စည်းကို ကျွန်တော်တို့ ဘယ်ဆိုယူမလဲ"

"ဒါ ဖေဖေ လုပ်ရမယ့်ကိစ္စပါ၊ မင်းဘက်က ဖေဖေ ညွှန်ကြားတဲ့ နေရာတွေမှာ ခွဲနပဲနဲ့ ရှာဖွေဖို့ပဲ၊ တောက်…"

ဦးရာဇ က ပြောနေရင်း တက်ခေါက်သည်။ လူငယ်တစ်ယောက် လို တက်ကြွသားနားစွာ ပြင်ဆင်ဝတ်ထားသဖြင့် နုပျိုချောမွေ့နေသည့် မျက်နှာဟာ မကျေမနပ် အံကြိတ်နေခြင်းကြောင့် နီရဲ သုန်မှုန်လျက်…

"ငါဆိုတဲ့ကောင်ကလဲ မိန်းမဆိုရင် အပျော်အပါးသဘောလောက်ပဲ ထားခဲ့တော့ အိမ်ထောင်မရှိ၊ သားထောက်သမီးခံ မရှိ၊ ညီအစ်ကို သုံးယောက်ပေါင်းမှ အမွေဆက်ခံမယ့်သူဆိုလို့ ဒီဟာမလေး တစ်ယောက်တည်း ရှိနေတယ်"

"အဲဒါတောင် ဖေဖေက ဘာဖြစ်လို့ မချစ်တာလဲ"

"ဟင်!… ဩော်… မင်းကစပြီး ဒီလိုမေးခွန်းမျိုး မေးတယ် ဟုတ်လား"

"မေးတာက ဒီလိုပါ..၊ တကယ်လို့ ဖေဖေကသာ ဘဘ ပုလဲအိမ် ကို ချစ်သလိုချစ်ခဲ့ရင် ကျွန်တော့်ကို တူမနဲ့ မွေးစားသားကို ပေးစား လိုက်ရအောင်လို့ ပြောကြည့်၊ ဘဘက ပေးစားမှာပဲ၊ ခုတော့ အမွေကိစ္စတွေနဲ့ ပတ်ရှုပ်ပြီး ဖေဖေ့ကို အမြင်မကြည်တော့ လွယ်လွယ် လေးနဲ့ ပြီးရမယ့်ကိစ္စက မပြီးတော့ဘူး"

"ဟော့… 'မချစ်သော်လည်း အောင့်ကာနမ်း' ဆိုတဲ့ စကားဟာ



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့သာ လွယ်တာ၊ လက်တွေ့ မင်း လုပ်ကြည့်ပါလား၊ ချစ်မှ မချစ်တာကို အောင့်ပြီးနမ်းလို့ ရကိုမရဘူး”

ဖအေ ဒေါသထွက်နေတော့ မင်းကြည်ဖြူ ပြုံးစိစိဖြစ်သွား၏။ တကယ်ဆို ခရီးရောက်မဆိုက် အဆူခံရတာက သူ..။

ပြန်လာခဲ့ရသလားဆိုပြီး ဒေါသဖြစ်နေလိုက်တာ ပြီးပဲ မပြီးနိုင်..။

“ဒီကောင်မလေးကို တော်တော် အရွယ်ရောက်နေမှ တောကြို အုံကြားက သွားဆွဲထုတ်လာတာ၊ ပြီးတော့ ငါ မသိအောင် ဖုက်ထားပြီး မွေးတယ်၊ အခု သတင်းကြားမှ ပြေးကြည့်လိုက်တော့ ဒီအရွယ်ရောက်နေပြီ၊ ကိုယ် ချီပိုးထိန်းကျောင်းခဲ့ရတဲ့ ကလေးလဲ မဟုတ်ဘူး သူ့ ယုံကြည်လို့ ခေါ်လာပေမယ့် ကိုအိုး ရဲ့သမီးဆိုပြီး ငါ လုံး၀ ချစ်လို့ မရဘူး”

“ဖေဖေက မယုံလို့လား၊ ပုလဲအိမ် က တောမှာကြီးပြင်းခဲ့ပေမယ့် အဲဒီရွာသူတွေနဲ့တော့ မတူဘူး ဖေဖေ၊ နုနုဖက်ဖက် အိအိစက်စက်လေး..”

“ဟိတ်ကောင် တစ်သွေးတစ်မွေးလို့ပြောလိုက်ရင် ရပြီ”

ကြည့်..၊ ဒီကောင်မလေးနဲ့ လက်ထပ်ပေးဖို့ သူပဲ ကြိုးစားနေပြီး ဖွဲ့.နွဲ့.ညွှန်းဆိုတာလည်း မကြိုက်..။

ဖေဖေ့ရင်ထဲမှာ မေတ္တာအရင်းခံတွေ ဘယ်လောက်ရှိနေသလဲဆိုတာ သူ ယုံကြည်သွားသည်။ ထို့ကြောင့် တူမအရင်းထက် ပိုမိုသော မေတ္တာတွေနှင့် သူ့အပေါ်မှာ တွယ်တာခဲ့သည်မှန်းလည်း ပို၍ နားလည်မိခဲ့၏။

“ဒီလောက်တောင် ကြည့်နေခဲ့တော့ မင်းက ကြိုက်နေပြီလား”

သူ့စကားကို ထောက်ပြီး ဦးရာဇ က ဖြတ်မေးလိုက်၏။ မင်းကြည်ဖြူ က ခေါင်းခါ၍...

“အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဖေဖေပဲ ကျွန်တော်နဲ့ လက်ထပ်ပေးမှာဆို...”





“ဟုတ်တယ်..၊ ဒါပေမယ့် ငါ့အစီအစဉ်က နှစ်မျိုး၊ သုံးမျိုး ရှိနေခဲ့အတွက် မင်း သံယောဇဉ်တွေ သိပ်ဖြစ်နေလို့ မရဘူး”

ဦးရာဇ သည် စကားလုံးတွေကြမ်းသွားလျှင် ‘ငါ’လို့ပြောတာနူးညံ့သွားပြန်တော့ ‘ဖေဖေ’ ဖြစ်သွားတတ်၏။

ရုံးခန်းထဲမှာ လက်နှစ်ဖက် နောက်ပစ်ရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေလျက်...

“တို့တွေ ဦးတည်ထားတဲ့ အဓိကပစ်မှတ်က အစ်ကိုကြီး ဖုက်ထားတဲ့အမွေတွေပဲ၊ ပစ္စည်းတွေ ဘယ်မှာရှိတယ်ဆိုတာ သိတာနဲ့ မင်း ဒီကောင်မလေးကို မကြိုက်ရင် မယူဘဲနေလို့ ရတယ်”

“ဟာ!... မဟုတ်သေးဘူးထင်တယ် ဖေဖေ၊ သူ့ပစ္စည်းကို သူ ပေးဘဲ ဘယ်လိုလုပ်ယူမလဲ၊ ပြီးတော့ ပုလဲအိမ် ရှိနေသားနဲ့ ကျွန်တော်တို့ လုပ်ချင်သလိုလုပ်လို့ရော ရမလား”

“ဟား... ဟား... ဟား...”

ဦးရာဇ ဘာကို သဘောကျသွားမှန်းမသိဘဲ ဟက်ဟက်ပက်ပက် ရယ်သည်။ ပြီးတော့ စားပွဲရှေ့ခုံမှာ ထိုင်နေသည့် မင်းကြည်ဖြူ ပခုံးကို ဖျတ်ခနဲ ပုတ်ပစ်လိုက်ကာ...

“ငါတို့လုပ်ရမှာ အဲဒါပဲကွ..၊ မင်း မဆိုးဘူး”

မင်းကြည်ဖြူ နားမလည်သေးပါ။ ဒါပေမယ့်...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၈ )

ချောင်းစပ်ကို ဦးတည်လျှောက်လာခဲ့စဉ် 'ဘုန်း' ခနဲ မြည်သံတစ်ချက် ကြားလိုက်ရ၏။ ခြေလှမ်းတွေရပ်သွားကာ အသံဆီ မျက်လုံးရောက်သွားသည်။

တောင်ဝက်လောက်ရှိသော ငါးရံ့တစ်ကောင်သည် သစ်ရွက်ခြောက်တွေပေါ်မှာ ဖျိုးဖျိုးဖျပ်ဖျပ် လူးပုံလျက်..။ မြောက်ခနဲ ခုန်လိုက် ဖုတ်ခနဲ ပြန်ကျလိုက်..။

စာသား တအံ့တသြဖြစ်သွားကာ ငါးမှ ဟုတ်ရဲ့လားလို့ တွေးမိပြီး ရှေ့ကို သေချာတိုးကြည့်လိုက်၏။

ဟုတ်သည်..၊ ငါးရံ့ကြီးပဲဖြစ်လျက် တစ်ကောင်တည်းလည်း မဟုတ်။ တစ်ကိုယ်လုံး သစ်ရွက်ခြောက်တွေ ကပ်နေကာ မခုန်မပျံနိုင်တော့ဘဲ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေသည့် ငါးရံ့တစ်ကောင်က နောက်ထပ်တစ်လံလောက်မှာ ဘာတွေဖြစ်ကုန်တာလဲဆိုသည့် အတွေးနှင့် ချောင်းရိုးလေးကို လှမ်းကြည့်လိုက်မိသည်။

သူ ပို၍ အံ့သြသွားလေသည်။ ချောင်းထဲမှာ ဒူးထောက်ထိုင်လျက် ငြိမ်သက်နေသည့် ပုလဲအိမ်..၊ သူမ ဘာလုပ်နေတာလဲ..။

အစကတည်းက သူ့မျက်လုံးတွေကို ချောင်းဆီ အရောက်ပို့လိုက်လျှင် ပြီးသွားမယ့်ဟာ။ ငါးနှစ်ကောင်ကနေ တစ်ဆင့်ချင်း သွားနေရသဖြင့် ငါးတွေနှင့်သူမကို ရုတ်တရက် မဆက်စပ်မိဘဲ ဖြစ်သွားသည်။





ပုလဲအိမ် က တိတ်တိတ်နေဖို့ မျက်ရိပ်ပြလိုက်မှ သဘောပေါက်သွား၏။ သူမ ငါးဖမ်းနေခြင်း ဖြစ်သည်။

ထူးဆန်းသည့်မြင်ကွင်းမို့ သူ ရှေ့ကိုထပ်တိုးကာ သေချာ လက်ဝိုက်ကြည့်နေမိသည်။ ပုလဲအိမ် သည် ချောင်းရေတိမ်တိမ်မှာ ဒူးထောက်ထိုင်လျက်ရှိကာ ရေကိုဆန်၍ မျက်နှာမူထား၏။

ရေထဲမှာချထားသည့် သူမလက်ထဲမှာ ဘယ်လိုလက်နက် ရှိနေသလဲတော့ မသိ။ နောက်ထပ် အချိန်တော်တော်ကြာသွားပြီးလျှင် ရေဗွက်တွေ လူးလူးလိမ့်လိမ့်ဖြစ်သွားကာ သူမ လက်တစ်ဖက် မြောက်တက်လာ၏။

လက်ထဲမှာ အမြီးတဖျပ်ဖျပ်လူးခါလျက် ငါးရံ့ကြီးတစ်ကောင်..။

"ရှင် ဖယ်..."

လို့ပြောပြီး ငါးကို ဗိုးခနဲ လွှဲပစ်လိုက်၏။ စာသား မျက်နှာမှောပစ်လိုက်ပြီး ရှောင်တာတောင် ရေတွေ ဖွားခနဲ စဉ်သွားသေးသည်။

ငါးက မြေကြီးပေါ် ပစ်ကျပြီး အမြင့်ကြီးရောက်အောင် ခုန်ပစ်လိုက်တော့ နှစ်ခါသုံးခါ နောက်ထပ် ခုန်ပေါက်နေသော်လည်း သိပ်မြင့်မြင့် မရောက်တော့ဘဲ သစ်ရွက်မှိုက်တွေနှင့် မြေပြင်မှာ လူးခါနေလေသည်။

အရင် ငါးနှစ်ကောင်ကတော့ မခုန်ပျံနိုင်တော့ပေမယ့် မျက်လုံး အပြူးသားနှင့် တလှုပ်လှုပ် ရှိနေ၏။ သူ ကြည့်နေဆဲ ပုလဲအိမ် တရေတစ်ပိုင်းစိုလျက်နှင့် သူ့နား ရောက်လာသည်။

"မင်း လက်နဲ့ ဖမ်းတာလား"

"အင်းလေ..၊ ကျွန်မ လက်ထဲမှာ ဘာတွေ့လို့လဲ"

ပညာကတော့ မခေပါလား..၊ စာသား မျက်ခုံးနှစ်ဖက် ပင့်သွားပြီး ပြုံးသည်။

"ဆက်ဖမ်းပါလား၊ ဘာလို့ တက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီလေ..၊ ဘာဘ အိပ်နေတုန်းမို့လို့ ထွက်လာတာ၊ ဘာဘက ဟင်းစားအတွက် ငါးဖမ်းတယ်ဆိုရင် အရမ်းဆူတာ၊ ရွာထဲမှာ အမဲသားငါးပေါ်လို့ သူများလာရောင်းရင်တောင် ဝယ်တယ်၊ အဲဒီတော့ ဟင်းစားတော်တော်ပေါ၊ ဘာထူးလို့လဲနော်၊ သူများလာရောင်းလဲ ဝယ်စားရတာပဲဥစ္စာ"

"ထူးတာပေါ့..၊ လာရောင်းတာကျတော့ ကိုယ်တိုင်သတ်ပြီးစားတာနဲ့ မတူဘူး၊ ပြီးတော့..."

"အဲဒါတွေ ဘာဘ အထပ်ထပ်ပြောလွန်းလို့ နားတွေလဲ ညည်းနေပါပြီ၊ တော်ပါတော့..၊ ဘာဘ တားလဲ ရွာထဲကလာရောင်းတာဆိုပြီး ကျွန်မ ဒီချောင်းမှာ ဒီလိုပဲ လာဖမ်းနေကျ..."

ပြောနေရင်း ငါးတွေကို လိုက်ကောက်သည်။

ဒီလောက် ချော်ချွတ်နေတာတောင် လက်နှင့်အုပ်မိလိုက်တာနှင့် တစ်ချက်ပဲ ဖြစ်သည်။ ပြီးတော့ အဆင်သင့်ယူလာပုံရသည့် ပလတ်စတစ်အိတ်အထူကြီးထဲကို ထည့်၍ သစ်ပင်မှာ ချိတ်လိုက်၏။

"ရှင် ဘာလုပ်မလို့ ဒီနား ရောက်လာတာလဲ"

"ဒီရယ်လို့ မဟုတ်ပါဘူး။ ရေတံခွန်လေးဘက်ကို သွားနေတာလေ၊ ခုမှ ဒီချောင်းနားက ဖြတ်ဖြစ်သွားတာ"

တကယ်တော့ ရေတံခွန်ရယ်လို့လည်း မဟုတ်ပါ။ ကုန်းမြင့်ထက်ကနေ စိမ့်၍စီးဆင်းနေသည့် ရေကြောင်းငယ်လေးတွေ ဖြစ်သည်။

ထိုမှနေ၍ ဒီချောင်းငယ်လေးကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။ တောင်ကျစမ်းချောင်းလေးလို ဖြစ်သော်လည်း ရေကတော့ သိပ်မကြည်လင်ပေ။ ထို့ပြင် ချောင်းဖြစ်ပေမယ့် သိပ်ရှည်လှတာလည်း မဟုတ်။ ဘယ်ကစီးလာပြီး ဘယ်ကြိုဘယ်ကြားမှာ ဆုံးသွားမှန်းမသိ..။

ဒီချောင်းရိုးလေးမှာ ပုလဲအိမ် က ငါးဖမ်းနေကျဆိုပါလား..။

"မင်းပုံစံကြည့်ရတာ ငါးဖမ်းတာ တော်တော်ကျွမ်းကျင်တဲ့ပုံပဲ၊





အထိလိုတတ်နေတာလဲ"

စာသား မေးလိုက်တော့ ပုလဲအိမ် က ရှိုးမွမ်းလိုက်တာကို ကျေနပ်သွားသည့်မျက်နှာလေးနှင့် လက်ဖဝါးနှစ်ဖက်ကို သူ့မဘာသာ ဖြန့်ကြည့်နေ၏။ ပြီးမှ လက်ဖဝါးချင်း ပွတ်လိုက်ကာ...

"ကျွန်မ ငါးဖမ်းတတ်ခဲ့တဲ့ချောင်းက ဒီချောင်းထက် ကျယ်တယ်၊ နက်လဲ နက်တယ်၊ တစ်ရွာလုံးပဲ အဲဒီချောင်းကနေ ဝမ်းစာရှာကြရတာလေ"

ပုလဲအိမ် က အဆင်သင့်တိုင်း သူမ ဘဝအကြောင်းလေးတွေကို ဆည့်ပြောတတ်ရှာသည်။ ဒါပေမယ့် ပုလဲအိမ် အစစ်နဲ့ သူမဘဝ လဲလှယ်ခံခဲ့ရတဲ့အကြောင်းတော့ မပါပေ။

"အဖေကတော့ အဲဒီရွာသားတွေနဲ့ မတူဘူး၊ ကျွန်မကို ငါးရှာ၊ စားရှာဘဝနဲ့ ပြီးဆုံးသွားမှာစိုးတယ်ဆိုပြီး အရွယ်ရောက်တာနဲ့ ကျောင်းတွေ အဆင့်ဆင့်တက်နိုင်ဖို့ ကြိုးစားခဲ့တယ်၊ ပညာလဲ သင်ခဲ့ရပါတယ်၊ ဒါပေမယ့် ကျွန်မက သူများတွေလိုပဲ ပျော်ပျော်နေချင်တာ၊ အဲဒါကြောင့် သူငယ်ချင်းတွေနဲ့ ဟိုလိုက်ဒီလိုက် လျှောက်သွားရင်း ဒါတွေတတ်နေတာပေါ့"

ဒီထိပြောတော့ သူ မမေးဘဲ မနေနိုင်တော့ဘဲ...

"ဦးလေးပြောတော့ သူတို့ညီအစ်ကိုသုံးယောက်က မြို့က လူချမ်းသာတွေပါ၊ မင်းအဖေကျမှ ဘာဖြစ်လို့ ဒီလောက် ခေါင်တဲ့တောထဲကို ရောက်သွားတာလဲ"

ပုလဲအိမ် က သူ့ကို ဖျတ်ခနဲ မော့ကြည့်၏။ ပြီးတော့ ပြောသင့်၊ မပြောသင့် စဉ်းစားနေသည်လား ဒါမှမဟုတ် အတိတ်ကိုတွေးပြီး စိတ်မကောင်းဖြစ်သွားတာလား မသိဘဲ ခဏ တိတ်ကျသွား၏။

"အဖေက မြို့သားလို့တော့ ပြောတာပဲ၊ ဒါပေမယ့် အဖေ့ဆီ 'တုံးကြီး' ရွာသူလေး အမေနဲ့ ခဏတစ်ဖြုတ်ပါလာရင်းကနေ ဒီရွာထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပိုးထိပြီး ခြေထောက်တစ်ဖက် ဖြတ်ထုတ်လိုက်ရတယ်၊ အဲဒီကစပြီး ဘယ်မှမပြန်ဖြစ်တော့ဘဲ တောထဲမှာ နေလိုက်တာ၊ အမေကလဲ ဆွေမျိုးချင်းတွေများတော့ ဆုံးသွားတဲ့အစ်မရဲ့ သမီးနှစ်ယောက်ကိုပါ ကြည့်ရှုထားရတယ်၊ ကျွန်မနဲ့ဆို ညီအစ်မဝမ်းကွဲတွေပေါ့၊ နောက်တော့ ဘာအကြောင်း၊တွေထပ်ရှိပြီး အဖေ မပြန်ဖြစ်တော့တာလဲ ကျွန်မ မသိတော့ဘူး"

"မင်းကို ဒီခေါ်လာတော့ မင်းရဲ့မိဘတွေက ကြည်ဖြူကြတယ်ပေါ့"

"ဘယ်လို!..."

"ပုလဲအိမ် အဖြစ် ဒီကိုလိုက်နေဖို့လေ..."

သူမမျက်နှာလေး ငေးငိုင်သွားသည်။ တစ်ဖက်ကိုလှည့်သွားပြီး တော်တော်နှင့် ပြန်လှည့်မလာတော့ပေ..။

"ဆောရီး..၊ ငါမေးတာ မှားသွားတယ်၊ ဒီလိုပါ..၊ မင်း ဒီမှာနေတဲ့အတွက်..."

အန္တရာယ်များတယ်လို့ ပြောမလို့ဖြစ်ပြီးမှ ပြန်ပိတ်လိုက်ရသည်။ သူမဘက်က ဗိလောက်ထိပြောပြနေတာတောင် လွန်နေပါပြီ။ တကယ်ဆို သူမနဲ့ သူ သိပ်ရင်းနှီးသေးတာ မဟုတ်..။

ထို့ပြင် လူချင်းလဲပြီး နေရာချထားသည့်ကိစ္စမှာ သူမဘက်က ဘယ်လိုပုံစံမျိုးနှင့် သိထားခဲ့သည် မသိ..။

"ဘဘက ရှင့်ကို ဘာတွေ ပြောပြထားသလဲဟင်"

သူ စဉ်းစားနေတုန်း ပုလဲအိမ် က ဖြတ်မေးလိုက်သဖြင့် ဒီတိုင်းပြောလိုက်ရမလား၊ ဖုံးဖိထားရမှာလား။ ရုတ်တရက် ဘာဖြေရမှန်းမသိဖြစ်သွားသည်။

"ပြောသင့်သလောက်ပါပဲ၊ ဒါနဲ့ မင်းရေစိုကြီးနဲ့ ကြာနေပြီ၊ ပြန်တော့လေ"





စကားလမ်းကြောင်းလွှဲပစ်လိုက်တော့လည်း ပုလဲအိမ် က အမှတ်တမဲ့ အလိုက်သင့်ပါလာသည်။

"ဒီလိုပဲ ကျွန်မ နေနေကျပါ၊ တစ်ခါတလေ ငါး ခုနစ်ကောင်၊ ရှစ်ကောင်ရမှ ပြန်တာ"

"ဒီနေ့ ငါ့ကြောင့်လား"

"မဟုတ်ဘူး..၊ ဘာတ သိပ်နေမကောင်းတော့ ထွက်လာကတည်းက သိပ်စိတ်မပါတာ.."

နှစ်ယောက်သား ငါးဆီ စိတ်ရောက်သွားပြန်ကာ...

"ငါးရဲ့တွေချည်းပဲနော်၊ မင်း တော်သားပဲ"

"တမင် ငါးရဲ့လိုချင်လို့ ချုံစပ်နဲ့နီးနီးမှာ ထိုင်စောင့်နေတာလေ..၊ ဒီကောင်တွေက ရေကူးပြီးရင် ချုံတိုးဖို့ ပြန်လာတယ်၊ ရေစပ်စပ်ရှိတဲ့နေရာမှာလဲ သူတို့က အသက်ရှင်တာပဲ၊ ငါးရဲ့တွေက မရှားပါဘူး၊ ငါးကြင်းလုံးလေးတွေကျတော့ အကောင်ကြီးလာတာနဲ့ ဖမ်းရခက်လာတယ်"

"မင်း ရေပြင်ပေါ်ကနေကြည့်ပြီး ဘယ်လိုဖမ်းတာလဲ"

"အဲဒါက ကိုယ်တိုင်ဖမ်းကြည့်မှပဲ သိမှာ၊ ရေလှိုင်းတွေ ပြောင်းလဲသွားတာကို မှတ်ရတယ်၊ ပြီးတော့ ရေထဲကလက်မှာ တိုးဆောင့်လာတဲ့ရေဂယက်ပေါ့၊ ရေက စီးနေတော့ တော်တော် အကျင့်မရှိဘဲ သိဖို့မလွယ်ဘူး"

"ယုံပါတယ်"

"ကြွားတာမဟုတ်ဘူး၊ တကယ်ပြောတာ..၊ ကူးလာပုံကြည့်ပြီး ဆူးတောင်ကြီးတဲ့ငါးမျိုးဆို အသာလေး ငြိမ်နေရတယ်၊ သွားဖမ်းလိုက်တာနဲ့ လက်ဖဝါး ဟက်တက်ကွဲပြီ"

"ဖမ်းကိုင်မိရင်လဲ လက်မြဲဖို့ လိုမှာပေါ့"

"လိုတယ်..၊ အဲဒါလဲ အကျင့်ပဲ.."



www.burmeseclassic.com

www.burmeseclassic.com



ပုလဲအိမ် က ငါးတွေကို ပြန်ဖြုတ်ယူပြီး ငုံ့ကြည့်ကာ...

"အိမ်ရောက်ရင် ဒီကောင်တွေကို ရွှံ့နဲ့မံပြီး မီးကင်မယ်၊ ရှင် စားဖူးလား"

"ဟင့်အင်း"

စာသား က ခေါင်းခါလိုက်ပြီး ရယ်သည်။ အသံတိတ် ရယ်တာ သည့် သူ့မျက်နှာကို ပုလဲအိမ် က သေချာလှည့်ငေး၏။

"ငါ အဲဒါမျိုး မစားဘူး"

"ဘာ!..."

"ဟုတ်တယ်၊ တောထဲဝင်ရင်လဲ အကောင်ပလောင်လေးတွေကို ပစ်ဖူးတယ်၊ ဒါပေမယ့် ကိုယ့်ဘာသာ ပစ်ထားတဲ့အကောင်ကိုတော့ မစားဘူး"

"အဲဒါ ဘာလဲ"

"မသိဘူး၊ ကျလာရင် ကောက်တယ်၊ အိမ်မရောက်ခင် တစ် ယောက်ယောက်ကို ပေးခဲ့တာပဲ၊ စိတ်ကကို က မစားချင်တာ"

"ရှင့်အဖေကျတော့ မုဆိုးပဲ..၊ လမ်းပြလဲ လုပ်တယ်ဆို..."

"မဆိုင်ဘူးလေ..၊ အဖေက ယုန်တို့ဘာတို့ အကောင်ပလောင်လေးတွေကို မပစ်ဘူး၊ ရလာတဲ့အမဲတွေကိုလဲ ငါတို့မြင်ရရင် ဟင်းအိုးထဲရောက်မှ မြင်ရတာ များတယ်၊ ရောင်းချပြီးပိုရင် အခြောက်လှန်းတယ်၊ ကြပ်တိုက်ထားတယ်"

"သူများ လုပ်ကိုင်ထားပြီးတာကို စားတယ်ပေါ့"

"အဲဒါလဲ မသိဘူးကွ..၊ စားတယ်,မစားဘူးဆိုတာကို သေချာ ကန့်သတ်ထားတာ မဟုတ်ဘဲနဲ့ စားဖြစ်တာတွေ၊ မစားဖြစ်တာတွေ ဖြစ်ကုန်တာ"

သူ့ဘာသာပြောပြီး ရယ်သည်။ ပြီးတော့ နဖူးပေါ်မှာ ရှုပ်ပွကျနေသည့် ဆံပင်တွေကို ထိုးသပ်တင်၏။





"အမေ!..."

သူ့မျက်နှာကို မော့ကြည့်လွန်းတော့ နှယ်ခွေနှင့်တုပ်ပြီး ပုလဲအိမ် ဆစ်ထိုးလဲမလို ဖြစ်သွား၏။ စာသား က လက်ဖဝါးတစ်ဖက်ကို မြှင်သလို ဖမ်းဆွဲထားလိုက်ကာ...

"အောက်ကို ကြည့်လျှောက်လေ..."

"ဟုတ်တယ်..၊ ရှင့်ကိုကြည့်နေမိလို့ ခလုတ်တိုက်တာ"

ရှက်ရှက်နှင့် ဝန်ခံလိုက်ရသည်။ စာသား က နှုတ်ခမ်းမဖွင့်ဘဲ ပြုံး၏။

"မာန်တက်မသွားနဲ့ဦး၊ ရှင် လူလိုသူလို ရယ်တတ်တာကို အံ့ဩလို့ ကြည့်မိတာ"

"ဟုတ်လား..၊ အစက ရယ်ရင် ဘာကောင်နဲ့ တူနေလို့လဲ"

"တူတယ်..၊ ဘာနဲ့တူမှန်း မသိဘူး၊ သူများကို ဟားတိုက်ရယ်ဖို့ ဝါးစပ်ကြီးဖြဲပြီးတော့လေ..."

စာသား သဘောပေါက်သွားသည်။ သူကလည်း သူ့ဝါပဲ။

"စာသား"

"ဘာလဲ"

"ရှင်နဲ့ ကျွန်မ မိတ်ဆွေဖြစ်သွားပြီလို့ ပြောနိုင်လား"

"ဘယ်တုန်းက ရန်သူဖြစ်ခဲ့လို့လဲ"

"ဒါပေမယ့် ရှင်ကတော့ အမြဲတမ်း ရန်လိုနေတာပဲ"

သူ့မျက်နှာမှာ တည်တာတင်းတာတွေ ပြန်ဖြစ်သွား၏။ ပြီးတော့မှ သူမကို ငုံ့ကြည့်ကာ...

"ငါ့မျက်နှာက အမြဲတမ်း ဒီတိုင်းပဲ၊ ဘာဝဆိုတာလဲ ရယ်နေ စရာမှ မကောင်းတာ"

"ဒီလိုတမ်းတနေတိုင်းရော လိုချင်တာကို ရတတ်လို့လား [illegible] ဟိုငယ်စဉ်တုန်းကဆိုရင် ငါ့လောက်ကံဆိုးတဲ့လူ မရှိနိုင်ဘူးလို့ တွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ညတိုင်းပဲ ငိုရတယ်၊ ဒါပေမယ့် အဖေက အားမငယ်တတ်အောင် သင်ပေးတယ်၊ အဲဒီလို ခံစားလာရတဲ့အခါ ကိုယ့်ထက် အမြင့်ကြီးကို မော့ကြည့်ပြီး ကိုယ်နဲ့မနှိုင်းယှဉ်ရဘူးတဲ့၊ ငါ့ထက်ဆိုးတဲ့လူတွေ အများကြီးပဲ ရှိသေးတယ်ဆိုတာကို သတိရတဲ့၊ မကောင်းတဲ့စိတ်ဆိုတာကို နိုင်အောင် ဖျောက်ဖျက်နိုင်တာကမှ လူတော်တဲ့၊ ငယ်ငယ်တုန်းကတော့ အဲဒီလောက် စကားလေးကို နားထောင်ရတာနဲ့ပဲ မျက်ရည်တိတ်ခဲ့ရတယ်၊ ရှင်က ယောကျ်ားပဲ၊ စိတ်ခံတတ်မာကျောဖို့ ပိုပြီး မလိုဘူးလား"

"ငါ့ကို ပျော့ညံ့တယ်လို့ မင်းက ပြောတာလား"

"ရှင်က အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် တစ်ခုခုဆိုရင် အစွန်းရောက်အောင် ဆွဲယူတွေးတတ်တဲ့သူမျိုး ထင်တယ်၊ ရှင့်မျက်နှာက အဲဒီလိုပဲ ပေါ်နေတယ်"

စာသားက မတည်မပြုံးမျက်နှာနှင့် ဘာမှမပြောဘဲ နေ၏။ ကိုယ့်အပေါ် စေဖန်ခံရခြင်းကို အပြုံးမပျက်ရှိနေခဲ့တာလဲ သူ့အတွက် ဒါ ပထမဆုံးဆိုတာ သူမကို သိစေချင်သေးသည်။

ဘာပဲဖြစ်ဖြစ် သူမနဲ့ပတ်သက်လာမှ ပထမဆုံးတွေ အများကြီး ရှိလာခဲ့၏။

ဘယ်သူမပြု မိမိအမှု..။





## အခန်း ( ၂၉ )

ဆိုင်ကယ်တွေ ထည်လဲယူလာလိုက်၊ ကား ထည်လဲစီးလာလိုက်နှင့် ရွာလမ်းမမှာ လူတွေ မျက်စိနောက်နေမှာ သေချာပါသည်။

အပေါ်ထပ် ပြတင်းတံခါးကနေကြည့်နေရင်း ဦးလှမော်အောင် သက်ပြင်းချနေမိသည်။ တစ်သက်လုံး ဒီရွာမှာ ခေတ်မြှုပ်ပြီး အေးအေးချမ်းချမ်း နေသွားချင်သည်။ ဦးရာဇ ကြောင့် ဘယ်လိုမှမရဘဲ ဖြစ်လာခဲ့၏။ အခု ထပ်ရှုပ်လာတာက ကလေးတွေလက်ထပ်ဖို့ကိစ္စ ဖြစ်သည်။

ထိုကိစ္စကြောင့်ပဲ မင်းကြည်ဖြူ ကို ဒီအိမ်မှာ ပို့ထားခဲ့တော့ ရန်ကုန်နှင့်ရွာကို ကူးသန်းနေလိုက်တာ အိမ်ဦးနှင့်ကြမ်းပြင်..။

ရွာထဲမှာ ဒီအိမ်အိုကြီးနှင့် တစ်ထီးတစ်နန်းနေခဲ့တာ မှန်ပေမယ့် ဘယ်သူကမှလဲ ဂရုတစိုက်ရှိခဲ့ကြတာ မဟုတ်ဘဲ မင်းကြည်ဖြူ တို့ ပြေးလွှားသွားလာနေကာမှ အားလုံး သတိထားမိလာကြ၏။

အိမ်အို၊ အိမ်စုတ်ကြီးလို မြင်ထားသည့်လူတွေအားလုံးက စိတ်ဝင်တစား သတိထားကြည့်လာကြ၏။

မြို့ကလူတွေနှင့် ဒီအိမ်ကြီး ဘယ်လိုပတ်သက်ကြတာလဲ ဘာတော်ကြတာလဲ စသဖြင့် မေးမြန်း စပ်စုလာကြတဲ့အထိ..။



www.burmeseclassic.com

www.burmeseclassic.com



"ရွာထိပ်က စတိုးဆိုင်မှာ သမီးတို့အိမ်အကြောင်း ပြောနေကြ တယ် ဘဘ၊ သူတို့နောက်မှာ သမီးရောက်သွားတာကို မသိကြဘဲ ဝေဖန်နေကြတာ၊ သမီးတို့က အိမ်စောင့်တွေတဲ့၊ မြို့က သူဌေးတွေက ခုမှပြောင်းကြမှာတဲ့၊ တစ်ယောက်ကလဲ မဖြစ်နိုင်ပါဘူးဆိုပြီး အမျိုးမျိုး ပြောနေကြတာ..."

ရွာထဲမှာ သွားလာနေကျဖြစ်သည့် ပုလဲအိမ် က ကြားခဲ့သမျှကို ပြန်ပြောပြသည်။ အိမ်ထဲမှာ လူမမာဖြစ်နေရတဲ့ဘဝမှာတောင် တစ်နေ့ မှ စိတ်ချမ်းမြေ့မှုမရခဲ့ပေ။ အပေါ်ယံကြည့်လျှင်တော့ မင်းကြည်ဖြူ နှင့် ပုလဲအိမ် ကို လက်ထပ်ပေးခြင်းဟာ အသင့်တော်ဆုံးဖြစ်ပေမယ့် ဦးရာဇ တို့ဘက်က မရိုးသားမှုတွေကို သိနေခြင်းကြောင့် ဦးလူမော် အောင် ရှိသမျှအင်အားနှင့် တွန်းလှန်နေခဲ့တာပါ။

ပစ္စည်းတွေ ရလိုမှုနှင့် လူကို အပိုင်သိမ်းမည်။ ပြီးလျှင် ဒီ မိန်း ကလေးရဲ့ဘဝကို ဘယ်လို စီရင်ချေဖျက်ကြမည် မသိ။

ညီအစ်ကိုအရင်းချင်းမို့ ဦးရာဇ အကြောင်းကို သူ သိသည်။ ဒါတွေကို ပြန်တွေးတိုင်း မရှိသည့်ရောဂါတွေ ဝင်လာသလို ခံစားရ သည်။ ကြည်လင်ချမ်းမြေ့နေသည့်ရင်ထဲမှာ ချက်ချင်း အသက်ရှူ ကျပ်၏၊

"ဘဘ..."

သူ ပင့်သက်ရှိုက်မိစဉ် နောက်မှာ ပုလဲအိမ် ရောက်လာသဖြင့် လှည့်ကြည့်လိုက်မိ၏။

"မင်းကြည်ဖြူ ရောက်လာပြီမို့လား"

"ဟုတ်ကဲ့"

"ဘဘ မြင်တယ်၊ ဘဘအကြောင်းကိစ္စတွေပဲပါလာလာ နောက်မှ ပြောလို့၊ ဘဘ အနားယူနေတယ်လို့..."

"ဟုတ်ကဲ့"





ပုလဲအိမ် ပြန်ထွက်လာခဲ့သည်။

မင်းကြည်ဖြူ ကားကြီးမောင်းဝင်လာကတည်းက ဘဘ အပေါ် ...နေ လှမ်းကြည့်နေပုံရသည်။

...ည်းနှောင်မထားသည့် ဆံပင်တွေကို လက်တစ်ဖက်နှင့် ထိုးသိပ် ...း မင်းကြည်ဖြူ ကြောင့် တစ်အိမ်လုံး စိတ်ညစ်နေရတာကို မကျေ ... တွေးလာမိ၏။

လူကြီးတွေက စီစဉ်တော့ ဘာဖြစ်လဲ..၊ ဒီက မကြိုက်တဲ့ပုံ ဒီ ...က်ပြနေကာမှ နောက်ဆုတ်သွားပါတော့လား..။

လူငယ်တစ်ယောက်ဖြစ်ပြီး သိက္ခာလည်း မရှိ၊ မာနလည်း မရှိ၊ ...ား သူ့ကိုယ်သူ မြို့မှာ ဒိတ်ဒိတ်ကြဲ သူဌေးတဲ့..။

"ဘဘ အိပ်နေသလား အိမ်လေး.."

အခေါ်အဝေါ်တွေပြောင်းလျက် မျက်နှာက ပိုပြီး မုန်းစရာကောင်း ...။ ပုလဲအိမ် မျက်နှာကို တည်ထားကာ...

"ဘဘ အနားယူနေတယ်၊ ရှင် ပါလာတာတွေ နောက်မှပေး..."

စားပွဲပေါ်တွင် အိတ်ကြီး,အိတ်ငယ်နှင့် မြို့ကပါလာသည့် လက် ...င်တွေဘေးမှာ သူက ထိုင်နေရင်း ခေါင်းညိတ်သည်။

"ဖြစ်ပါတယ်၊ မင်း ဒီမှာ ခဏလောက် ထိုင်ပါဦး"

"ကျွန်မ မအားသေးဘူး"

"အားပါတယ်ကွာ..၊ နေ့လယ်ခင်းကြီး ချက်ပြုတ်တဲ့အချိန်လဲ ...တ်ဘဲနဲ့၊ လာပါ..၊ ခဏပါ"

လှမ်းဆွဲမတတ် ခေါ်နေသဖြင့် ပုလဲအိမ် ဝင်ထိုင်လိုက်သည်။ ...ကြည်ဖြူ က သူ့ရှေ့မှာထိုင်လိုက်သည့် ပုလဲအိမ် ကို စိုက်ကြည့်ပြီး ...ပြသည်။ ပြီးတော့ အိတ်တွေထဲက အကြီးဆုံးအိတ်ကို သူ့လက်နှင့် ...တ်ပြ၍...

"ဒါတွေက မင်းအတွက် အဝတ်အစားနဲ့ အလှပြင်ဖို့ ...



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ ကျွန်မအတွက် သနပ်ခါးတုံးနဲ့ နှကျောက်ပျဉ်ရှိ
ဖြစ်တယ်"

"ဟုတ်တယ်၊ အဲဒါက အိမ်နေရင်းလေ၊ မင်္ဂလာဆောင်ဖို့ကျတေ
ဒီလို မရဘူး"

ပုလဲအိမ် မျက်နှာပျက်သွားတာကို 'သိပြီးသား'အကြည့်နှင့် ကြ
၍ မင်းကြည်ဖြူ က ဟက်ခနဲ ရယ်သည်။

"ဒီလကုန် ဒါမှမဟုတ် နောက်လဆန်းပိုင်းမှာ ဖေဖေတို့
မယ်၊ ရွာကိုပဲ စွဲလမ်းနေတဲ့ မင်းတို့တူဝရီး စိတ်ချမ်းသာအောင် ရွာမှ
လက်ထပ်ဖို့ လူကြီးတွေအစုံ ပင့်ဖိတ်ပြီး တစ်ခါတည်းလာမှာ..."

"နေပါဦး၊ ဒါတွေ စီစဉ်ခဲ့ပါလို့ ရှင်တို့ကို ဘဘက ပြောခဲ့လို့လာ

တစ်ဖက်သတ် အပိုင်စီစဉ်နေသည့်လူစုကို ဒေါသဖြစ်လွ
သဖြင့် ပုလဲအိမ် မျက်နှာတစ်ပြင်လုံး နီရဲလာသည်။ ယောကျ်ားမပီ
ခြင်း ဖြစ်လောက်အောင် နုမွတ်သည့်မျက်နှာချောချောကို စက်ဆုပ်ရွံ
စွာ ကြည့်၏။

"ရှင့်ကို ဘဘက လိုလားမှာမဟုတ်သလို ကျွန်မကလဲ ဘ
တော့မှ လက်ခံမှာ မဟုတ်ဘူး"

မင်းကြည်ဖြူ က နှုတ်ခမ်းခပ်တွန့်တွန့်နှင့် စိုက်ကြည့်ကာ

"မင်း လက်ခံတာ,မခံတာ ငါ့အတွက် အရေးမပါဘူး အိမ်ထေ
သေချာပေါက်ဖြစ်ဖို့ ရှိနေတာက မင်းနဲ့ငါ လက်ထပ်ဖို့..."

"ဟွန်း..."

ပုလဲအိမ် ဆတ်ခနဲ ထရပ်လိုက်တော့ သူကလည်း ထရပ်သည်
ရှေ့ကို တစ်လှမ်းတိုးလိုက်သဖြင့် နှစ်ယောက်က လက်တစ်က
တောင် မကွာ..။

"မမိုက်ချင်နဲ့ ပုလဲအိမ်..၊ မင်းနေတတ်မှ ချမ်းသာမှာ၊ မနေတ
ရင်တော့ မင်းရဲ့အနာဂတ်ကို ပုံဖော်ကြည့်ခွင့်မရလိုက်ဘဲ ဖြစ်သွားမယ်





"ရှင် ဘာအစီပွာယ်နဲ့ ပြောတာလဲ.."

"ခုတော့ အတိအကျ မပြောနိုင်သေးဘူး၊ ဒါပေမယ့် ဖြစ်လာမယ့်
အဓိပ္ပာယ်တွေအားလုံးက မင်းအပေါ်မှာ မူတည်တယ်"

မင်းကြည်ဖြူ က ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ထား
ရင်း ဟန်ပါပါ လျှောက်ထွက်သွား၏။

ပုလဲအိမ် ဒီတိုင်းရပ်နေရင်း မျက်နှာလေး တဖြည်းဖြည်း ငယ်ကျ
သွားသည်။

ဘဘကို စိုးရိမ်ကြီးသိုက်တာဟု တစ်ခါတစ်ခါ ထင်ခဲ့ဖူးသည်။
ခုတော့ ဒါတွေဟာ အလကားမဟုတ်မှန်း နားလည်လာခဲ့၏။

ဒီသားအဖတွေမှာ ဘယ်လို အစီအစဉ်တွေ ရှိနေသေးလဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၀ )

နေ့လယ်ပိုင်း အဆာပြေစားပြီး ခြံထဲဆင်းချင်သည့်စိတ် ဖြစ်[illegible] သဖြင့် ဦးလူမော်အောင် အခန်းထဲက ထွက်ခဲ့သည်။

မင်းကြည်ဖြူ ပြန်ရောက်လာကတည်းက စကားလက်ဆုံ[illegible] ချင်တာကြောင့် အပြင်ကို မထွက်ဘဲနေခဲ့တာ သုံးရက်ရှိပြီ ဖြစ်[illegible]

လူကြီးမို့ အခန်းအောင်းနေလိုက်တာနှင့် ကျန်းမာရေးက သိ[illegible] စွာ ချို့တဲ့သွား၏။ ဒီနေ့တော့ အပြင်ထွက်ဖို့ စိတ်ကူးနှင့် လှေကား[illegible] ရောက်အောင် ထွက်လာခဲ့သည်။ အောက်ထပ်မှာ လူသံသူသံ မကြား[illegible] သဖြင့် ခဏရပ်ပြီး နားစွင့်ကြည့်လိုက်စဉ်…

"ညောင်…ဝမ်.."

"ဘုန်း.."

"ဟာ!…"

ကြောင်သံက စူးစူးဝါးဝါး အရင်ထွက်၏။ ပြီးမှ လည်ကုပ်[illegible] ကို မည်းခနဲ ခုန်အုပ်ပစ်လိုက်တာဖြစ်သည်။

ဦးလူမော်အောင် လည်ပင်းမှာ ကြောင်လက်သည်း၊ ကြောင့် ဖြ[illegible] ထန်စွာ နာကျင်သွားကာ ကြောင်တစ်ကိုယ်လုံး၏ အလေးချိန်က [illegible] ပိုးကို အုပ်ပစ်လိုက်သလိုပင်..။

လူက ရှေ့ကို စိုက်ခနဲ ငိုက်ကျသွားသဖြင့် လက်က မိရာကိုလှမ်း ဆွဲလိုက်သည်။





လှေကားလက်ရန်းကို ဖမ်းဆုပ်မိလိုက်သော်လည်း ပစ်စလက် [illegible] ပြိုကျလာသည့်ကိုယ်ကို မထိန်းလိုက်နိုင်..။

"အား…"

"ဒုန်း… ဒုန်း…"

ဦးလူမော်အောင် ၏အော်သံကြီးကြောင့် အားလုံး ပြေးထွက်လာ ကြရာ ပုလဲအိမ် နှင့် မနှင်းအု တို့က အနားကို အရင်ရောက်၏။

ထို့နောက် အပေါ်ထပ်မှ ပြေးဆင်းလာသည့် မင်းကြည်ဖြူ နှင့် အိမ်တံခါးဝရောက်မှ ခြေလှမ်းတန့်သွားခဲ့သည့် စာသား တို့က ပြိုင်တူ မျက်နှာချင်းဆိုင်..။

"ဘဘ ဘာဖြစ်သွားတာလဲ"

မင်းကြည်ဖြူ က ပြေးဆင်းလာပေမယ့် စာသား က ထိုနေရာမှာပဲ ရပ်ကြည့်နေ၏။

"ဘဘ..၊ ဘဘရေ…"

ပုလဲအိမ် ဦးလူမော်အောင် ကို အထိတ်တလန့် ပွေ့ယူလိုက်ပြီး တတွတ်တွတ် ခေါ်သည်။

"ဘဘ ဘာဖြစ်သွားလဲ မသိဘူး၊ စာသား… စာသား လုပ်ပါဦး..၊ ကြည့်ပါဦး…"

ရှေ့ရောက်လာသည့်လူကို ဂရုမစိုက်မိဘဲ စာသား ကိုပဲ လှမ်း ခေါ်၏။ မင်းကြည်ဖြူ မျက်နှာပျက်သွားတာကို တစ်ချက်ကြည့်ကာ စာသား အထဲကို ဝင်လာသည်။

"ဦးလေး…"

"ဘဘ… ဘဘ…"

နဖူးမှာ သွေးတွေ စို့ရွဲလျက် ဦးလူမော်အောင် သည် [illegible] လှုပ်ခေါ်နေမှ မျက်လုံးတွေ နေးကွေးစွာ ပွင့်လာ၏။

"ဟယ်!… ဘဘ သတိရလာပြီ..၊ ဘဘ…"



www.burmeseclassic.com

www.burmeseclassic.com



ပုလဲအိမ် က ဦးလူမော်အောင် နဖူးက သွေးတွေကို သူမ လက်ဖဝါးလေးနှင့် တယုတယ ပွတ်သုတ်မစ်ကာ...

"ဘဘ သတိရလာပြီနော်..၊ ဘဘရယ်... အောက်ဆင်းချင်လို့ သမီးကို ခေါ်လိုက်ပါလား"

သတိရလာပြီဆိုမှ ပုလဲအိမ် ချုံးပွဲချငို၏။ ဦးလူမော်အောင် သည် ဘေးမှာရှိနေသူတို့ကို အင်အားနည်းစွာ ဝေ့ကြည့်ပြီး...

"အား..."

"ဘဘ..."

"ခြေထောက်..၊ ခြေထောက်က နာတယ်"

"နာမှာပေါ့..၊ လှေကားအမြင့်ကြီးကနေ ပြုတ်ကျတဲ့ဥစ္စာ"

မင်းကြည်ဖြူ က ပြောလိုက်ပြီး ရှေ့တိုးသည်။ ပြီးတော့...

"နဖူးကဒဏ်ရာ သွေးထွက်လွန်ဦးမယ်၊ ဘဘကိုတွဲပြီး အိပ်ရာထဲ ပို့ရအောင်"

စာသား ထိကိုင်နေတာကို မလိုလားသည့်ပုံနှင့် ဦးလူမော်အောင် ၏လက်တစ်ဖက်ကို ပခုံးပေါ်ထမ်းကာ ချိုင်းကနေ ဖက်၏။

"အား..."

သူ တွဲထူရင်း ထရပ်လိုက်ပေမယ့် ဦးလူမော်အောင် ကိုယ်ကြီးတလုံးဝ ကြွပါမလာပေ။ အဘယ်ကြောင့်ဆိုလျှင် ပုလဲအိမ် က ရင်ဘတ်ကနေ သိုင်းဖက်ထားလိုက်သောကြောင့် နှစ်ဦး ဆွဲနေကြသည့်ကြားမှာ လူနာက မသက်သာ..။

"ပုလဲအိမ်..၊ မင်း ဖက်မထားနဲ့လေ"

"ဖက်ထားလို့ မဟုတ်ဘူး၊ ဘဘ ခြေထောက်နာနေပါတယ်ဆိုတာ ရှင်က မတ်တတ်ရပ်နိုင်းဖို့ စဉ်းစားသေးတယ်၊ ဒီမှာ ခေါင်းထဲမှာ ဒဏ်ရာကြီးနဲ့ ဘယ်လို ရပ်နိုင်မှာလဲ၊ ရှင် ဖယ်ပေး..."

ပုလဲအိမ် က မင်းကြည်ဖြူ လှေကားပေါ်က ဆင်းလာတာ တွေ့





ထားတည်းက မသက်သာခဲ့တာ ဖြစ်၏။ ပြီးတော့ 'လှေကားအမြင့်ကြီးကနေ ပြုတ်ကျတာ နာမှာပေါ့'လို့ ပြောလိုက်တာကိုလည်း သတိထားမိခဲ့သည်။

ဘဘ ဟိုးအမြင့်ကနေ ပြုတ်ကျတာလား..၊ အောက်ရောက်ခါနီးမှ မှုးလဲတာလား.. ဘယ်သူမှ မြင်လိုက်တာမဟုတ်ဘဲ သူက ဘာလို့ သိနေတာလဲ..။

မျက်ရည်ပြည့်အိုင်သော မျက်ဝန်းမှ သံသယအရိပ်တွေ လျှံထွက်နေတာကို မင်းကြည်ဖြူ ကလည်း သိသည်။

ထို့ကြောင့် ပခုံးပေါ် ထမ်းတင်လိုက်ပြီးသည့် ဦးလူမော်အောင် ၏ လက်တစ်ဖက်ကို ပြန်ချပေးလိုက်ပြီး...

"တွဲမခေါ်လို့ ဘယ်သူက ဘာတတ်နိုင်မှာလဲ..မင်းဟာ စေတနာစော်ကားဖို့ပဲ ထိုင်စဉ်းစားနေတဲ့ မိန်းမ..."

"ရှင် ဒါပဲ တတ်နိုင်တယ်မို့လား၊ ကိုယ့်ကိုယ်ကိုယ် သိရင် ဘေးဖယ်နေလိုက်..၊ စာသား လာပါ၊ ဘဘကို တစ်ဖက်က ပွေ့ပေးပါ"

ပုလဲအိမ် က စာသား ကို တစ်ခါတည်း လှည့်၍ အကူအညီတောင်းသည်။ စာသား က ခေါင်းညိတ်ကာ...

"သူနဲ့ငါပဲ မ,လို့ရမယ်၊ မင်း ဖယ်နေ..."

ဦးလူမော်အောင် က လူမမာမို့ သူ့ဘာသာ အားစိုက်ပြီး ထွေ့ထူလိုက်လို့ ရပါသည်။ ဒါပေမယ့် ဒီနေရာမှာ ဤနည်းအားဖြင့် သူနေရာမယူချင်။ ထို့ကြောင့် မင်းကြည်ဖြူ နှင့် ခြေတစ်ပိုင်း ခေါင်းတစ်ပိုင်း နေရာယူပြီး ဦးလူမော်အောင် ကို ပွေ့ယူခဲ့ကြသည်။

ရွာထဲက ဆရာဝန်ပြေးပင့်တော့ ချက်ချင်း ရောက်လာသည်မို့ ဒဏ်ရာသွေးထွက်မလွန်ခင် အချိန်မီပဲ ဖြစ်သည်။

"ဒဏ်ရာကတော့ စိတ်ချရပါပြီ၊ အောက်ပိုင်းတွေ အဆင်မပြေ အောင် နာနေတာကတော့ မြို့တက်ပြီး အရိုးအကြောသမားနဲ့ ပြ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါ၊ လောလောဆယ် လူနာ ဝေဒနာသက်သာအောင် ဆရာ ဆေး ထိုးပေးထားတယ်"

"ဟုတ်ကဲ့"

စာသား က ဆရာဝန်သွားပင့်ပေးပြီး အပြင် ပြန်ထွက်သွားတော့ ပေါ်မလာတော့ပါ။ ပုလဲအိမ် ကတော့ မျက်ရည်တွေပဲ ကျနေတော့ သုတ်ပစ်တိုင်းလဲ မနိုင်..။

"ဒေါက်တာ..၊ ဟို... ပါရဂူတွေနဲ့ သွားမပြနိုင်သေးခင် လူနာ အခြေအနေ ဘယ်လိုဖြစ်လာနိုင်လဲဟင်"

မင်းကြည်ဖြူ က မေးတော့ ဒေါက်တာ နေပိုင်က ဆေးသေတ္တာ ပိတ်လိုက်ရင်း မော့ကြည့်ကာ...

"အသက်အန္တရာယ်ကတော့ လုံးဝ စိတ်ချရပါပြီ၊ နောက်ထပ် ဘာလုပ်ဖို့လိုသလဲဆိုတာကတော့ လူနာရဲ့အခြေအနေနဲ့ ကြည့်ပြီး ဆုံးဖြတ်ရမှာပဲ၊ သိပ်စိတ်မပူပါနဲ့..၊ လှေကားပေါ်က လိမ့်ကျပြီး အသက်အန္တရာယ် ကင်းဝေးသွားတာပဲ ကံကောင်းခြင်းတစ်ရပ်လို့ ယူဆပါ၊ ဒီလောက်အမြင့်ဆိုရင် အကျမတော်ရင် မတွေးရဲစရာ..."

ဒေါက်တာနေပိုင် က ဆေးသေတ္တာဆွဲ၍ ထ,ရပ်လိုက်တော့ ပုလဲအိမ် က သေတ္တာကို ပြောင်းယူလိုက်ကာ...

"ကျွန်မ လိုက်ပို့ပါ့မယ် ဆရာ.."

"ဘာလုပ်ဖို့လဲ..၊ ဒီမှာ လူနာရှိသေးတယ်လေ၊ အပြင်မှာ ခြံစောင့် ရှိတယ်မို့လား"

ဒေါက်တာ အပြင်ကိုရောက်သွားတော့ ပုလဲအိမ် လက်ကိုဆွဲထားပြီး မင်းကြည်ဖြူ က ခပ်ကြိတ်ကြိတ် တားသည်။

မျက်ရည်မတိတ်သေးသည့် ပုလဲအိမ် ၏မျက်လုံးတွေ မီးဝင်းဝင်း တောက်သွား၏။ လက်ကို ဆောင့်ရုန်းပစ်လိုက်ရင်း...

"ရှင် သူများကို ခိုင်းချင်တာလား၊ အားကိုးနေတာလား"





"ကိုယ်က ဘာကို အားကိုးရမှာလဲ..၊ အဲဒါ မင်းကိုယ်မင်းပဲ ပြန်မေး ပုလဲအိမ်..၊ လိုတာထက် ပိုနေတာက မင်း..."

"လိုအပ်လာတိုင်းရော ရှင် တတ်နိုင်တာ ဘာရှိလဲ.."

ဒေါက်တာ ပြန်ပို့ဖို့ကိစ္စကို ခဏမေ့ထားကာ နှစ်ယောက်သား ရန်စ,က မငြိမ်းနိုင်..။ မင်းကြည်ဖြူ က ကျကျနန ခါးထောက်ပြီး ပုလဲအိမ် ကို မဲ့ကြည့်၏။

"ဘာကို ပြောချင်တာလဲ၊ ဆရာဝန် ပြေးပင့်လာတာကိုလား၊ အဟွန်း... ကိုယ်က ညည့်သည်ပဲ၊ သူ့ရွာအကြောင်း သူသိလို့ ပြေးခေါ် လာတာ မဟာကျေးဇူးရှင်ကြီး ဖြစ်သွားသလား.."

"တောက်!..."

ပုလဲအိမ် စကားတွေ ရှည်နေမှာစိုးကာ အပြင်ကိုထွက်ဖို့ ပြင် လိုက်ပေမယ့် သူက မပြီးနိုင်..။

"မင်း မျက်လုံးထဲမှာ အဲဒီခြံစောင့်ကောင်က တကယ့်ကို မဟာ ကမ္ဘာတည်နေပုံပဲ၊ ဒါပေါ့လေ..၊ ချေးထဲကလောက် ချေးထဲမှာပဲ ပျော် တယ်ဆိုတာ..."

"ရှင် ဘာစကားပြောလိုက်တာလဲ"

နောက်ကို ချာခနဲ ပြန်လှည့်လိုက်စဉ် သူမလက်ထဲက ဆေး သေတ္တာကို တစ်ယောက်က လာဆွဲယူသွား၏။

ကြည့်လိုက်တော့ စာသား..။ ထိုအခါ မင်းကြည်ဖြူ ၏ ဟွန့်ခနဲ မဲ့သံကြီးနှင့်အတူ အနိုင်နှင့်ပိုင်း၍ ထွက်ခွာသွားသည့် ကျောပြင်ကြီးက သူမမျက်လုံးထဲမှာ မီးလောင်ပြင်ကြီးနှယ်..။

ပြောသွားလိုက်တာ..၊ ချေးတွင်းထဲကလောက် တဲ့..။ မသေခင်က တည်းက လောက်တက်နေတာကျတော့ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

'ခြေချော်ကျတာ' လို့ပဲ အများသိကြပေမယ့် မဟုတ်ဘူးဆိုတာ ဦးလှမော်အောင် ကိုယ့်ကိုယ်ကိုယ် သိနေသည်။

အိမ်မှာ ကြောင်မမွေးခဲ့ပါ။ ဒါပေမယ့် တောကြောင်ကြီးတွေ တစ်ခါတစ်ခါ ဝင်လာတတ်တာ ရှိသည်။ လူနှင့် မျက်နှာချင်းမဆိုင်ဘဲ ခေါင်းမိုးကနေ ချောင်ကြိုချောင်ကြားဝင်ပြီး ရိုပ်ခနဲ..၊ လွှားခနဲ ပျောက်သွားခဲ့တာပဲမို့ သူတို့ဝင်ထွက်နေတာကိုတောင် ဂရုစိုက်မနေမိတော့ပါ။

သူ လှေကားထိပ်ရောက်တော့ ကုပ်ပေါ်ကို ခုန်ချလာသည့် ကြောင်က နည်းတဲ့အကောင်ကြီး မဟုတ်။ တောကြောင်ကြီးဆိုတာ သေချာသိလိုက်ပေမယ့် ကိုယ့်ပေါ်ကို ခုန်ချလာတာကိုတော့ ခုထိ စဉ်းစားမရပါ..။

ဒါဟာ မဖြစ်နိုင်ဘူးလို့ ပြောမရသည့်တိုင် ဖြစ်နိုင်သည်ဆိုရင်လည်း ဘာကြောင့်ဖြစ်နိုင်သည်ဆိုတာ တွေးလေ.. မရလေ..။

ဘဝသည် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာ ဇက်ိုတဘဝကို ပြောင်းလဲသွားခဲ့ပေမယ့် ဦးလှမော်အောင် ထူးခြားစွာ ကြေကွဲခြင်းတော့ မဖြစ်တော့ပါ..။

အခု အိပ်ရာထဲမှာ ဝက်လက်ဖြစ်သွားသည်။ ဟိုတုန်းကရော ဘာထူးလို့လဲ..၊ သွားနိုင်လာနိုင်ပေမယ့် သူဟာ ဘဝအတွက် ဘယ်လို





ဆောင်မှုမျိုးမှ မပြုနိုင်ခဲ့တဲ့လူ..။ ပုလဲအိမ် က မြို့တက်ပြီး ဆေးကု နဲ့ တွတ်တွတ်ပြောရှာသည်။ ပြောမရတိုင်းလည်း ငိုခဲ့၏။ ဒါပေမယ့် ဦးလှမော်အောင် ခေါင်းခါနေခဲ့သည်။

သူ မြို့ကိုသွားလို့ မဖြစ်သလို ဒီအိမ်၊ ဒီခြံမြေကို စွန့်ခွာခဲ့လို့လည်း မဖြစ်..၊ အကြောင်းများစွာကို တစ်ယောက်တည်း ကြိတ်မှိတ်ခံစားရင်း ကိုယ့်အတွက် ပူတာမဟုတ်ဘဲ ပုလဲအိမ် အတွက် ရတက်မအေးနိုင် ဖြစ်လာ၏။

"ဘဘ ဆေးသောက်ရအောင်"

ပုလဲအိမ် အသံလေးကြားလိုက်မှ သူ့စိတ်ကူးတွေ ပြတ်တောက်သွားသည်။ လက်တစ်ဖက်ထောက်၍ ကိုယ်ကိုကြွဖို့ ကြိုးစားပေမယ့် ခါးအောက်ပိုင်းတစ်ခုလုံးက မလှုပ်နိုင်သည်မို့ ပင်ပန်း၍ ချွေးပြိုက်ပြိုက်ကျသွားတာပဲ ရှိသည်။ အလကား..။

"ဘဘရယ်..၊ သမီး ထူပေးတာကို ခဏလေး စောင့်ပါဦး.."

ဆေးနှင့်ရေခွက်ကို စားပွဲပေါ်မှာ ကမန်းကတန်းချ၍ ဦးလှမော်အောင် ကို ပြေးထူသည်။ ခေါင်းအုံးနှစ်ဆင့်ခံကာ ကျောနောက်မှာ ခုပေးမှ ဆေးသောက်လို့ရသည့်အနေအထားကို ရသည်။

ဦးလှမော်အောင် ဆေးသောက်ပြီးသည်အထိ စောင့်နေပြီးမှ...

"ညက ဘဘ အပေါ့အပါးသွားရတာ အဆင်မပြေဘူးမို့လားဟင်၊ မင်းကြည်ဖြူ က သေချာ ပိုင်ပိုင်နိုင်နိုင် မတွဲလို့ သမီး စိတ်ပူနေတာ"

ဦးလှမော်အောင် ဘာမှပြန်မပြောဘဲ မျက်နှာမကောင်း ဖြစ်နေသဖြင့် ပုလဲအိမ် သဘောပေါက်သွား၏။ မင်းကြည်ဖြူ ဟာ လူမမာတစ်ယောက်ကို ထူတွဲပေးမ,ပြီး ကရိုကထခံ ပြုစုပေးဖို့ထိ စိတ်ရှည်တဲ့ သူ မဟုတ်ပေ..။

မနက်မိုးလင်းသည်နှင့် ရှံ့မဲ့ညည်းညူပြီး အိပ်ခန်းထဲဝင်သွားလိုက်တာ နေ့လယ်စာ စားခါနီးမှ ဆင်းလာဖော်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘဘအတွက် ငါ့သမီးလဲ စိတ်ပင်ပန်း လူပင်ပန်း ရှိလှပါပြီ"

"မဟုတ်ပါဘူး ဘဘရယ်..၊ သမီးက ဘဘ ဘေးမှာပဲ နေ့ရော ညရော နေချင်တာပါ၊ ဘဘက ဘာဖြစ်လို့ ညဘက်မှာ မနေခိုင်းတာ လဲဟင်.."

ဦးလှမော်အောင် မဖြေဘဲနေတော့ ပုလဲအိမ် အားမလိုအားမရနှင့် လက်မောင်းကို ဆုပ်ကိုင်ဖက်တွယ်၍...

"မသင့်တော်ဘူးလို့ ပြောချင်တာလား..၊ ဒါမှမဟုတ် ဘဘကို သမီးက မထူနိုင်၊ မတွဲနိုင်ဖြစ်မယ် ထင်လို့လား၊ ဘာဖြစ်လို့လဲဟင်..၊ ဘဘက သမီးကို ဘာဖြစ်လို့ အနားကပ်တာ မကြိုက်တာလဲ၊ ခုလို ဘဘ ဖြစ်နေတဲ့အချိန်မှာ ဘဘနဲ့ အရင်းနှီးဆုံးသွေးသားဆိုလို့ သမီးပဲ ရှိတာ မဟုတ်ဘူးလား"

ဦးလှမော်အောင် ခေါင်းတညိတ်ညိတ်နှင့် ပြုံးမဲ့မဲ့ကြီးဖြစ်ကာ ငိုနေသည့် ပုလဲအိမ် ခေါင်းလေးကို တယုတယ ပွတ်သပ်၏။

"သမီး အရမ်းပင်ပန်းနေပြီ၊ မငိုနဲ့တော့..."

"ဘဘ သမီး မေးတာကို ဖြေပါ.."

"ဟုတ်ပါပြီရယ်..၊ ဘဘကို သမီး မနိုင်မနင်း ထူမ,နေရမှာ စိုးလို့ပါ၊ ဘဘ စဉ်းစားမိတာ တစ်ခုရှိတယ်၊ အဲဒါ..."

"ဟင်...၊ ပြောလေ... ဘဘ..."

"စာသား ကို ခြံထဲမှာမထားဘဲ အိမ်ပေါ်ခေါ်တင်ထားမလားလို့"

ပုလဲအိမ် အံ့ဩသည့်မျက်နှာလေးနှင့် မျက်ရည်သုတ်ဖို့ မေ့နေ၏။

"ခုကျတော့ မင်းကြည်ဖြူ လဲ ညှိုသည်လို မနေရဘူး၊ စိတ်မပါတဲ့သူအတွက် လူမမာကို ပြုစုနေရတာ ပိုပင်ပန်းတာပေါ့ကွယ်၊ ဘဘ သူ့ကို အပြစ်မတင်ပါဘူး၊ ဒီဘဝမျိုးကို ရောက်ခဲ့ရတဲ့ ကိုယ့်ကိုယ်ကိုယ် ပဲ ရင်နာမိတာ"

"ဘယ်သူက ဖြစ်ချင်မှာလဲ ဘဘရယ်..၊ အဲဒါတွေကို မတွေးပါနဲ့၊





သား ကို ခေါ်ဖို့ကိစ္စကိုသာ စဉ်းစားပါ၊ သူကရော လူမမာကိုပြုစု စိတ်ရှည်ပါ့မလား ဘဘ.."

"ဘဘက ပြုစုခံနေမှာ မဟုတ်ပါဘူး၊ ထိုင်တာ ထ,တာလေးပဲ အညီလိုချင်တာ၊ အောက်ပိုင်းတစ်ပိုင်းလုံး သေသွားတယ်ဆိုတော့ တဲ့လူကို မှီနေရုံနဲ့ မရဘူး၊ ယီးလေးခိုသလိုကြီး ဖြစ်နေတယ်၊ တော်ရုံ ဘယ်စိတ်ရှည်ပါ့မလဲကွယ်"

ပုလဲအိမ် က စဉ်းစားသလိုလေးလုပ်နေကာ မျက်ရည်ခြောက် သည့် ပါးလေးနှစ်ဖက်ကို လက်ဖဝါးနှင့် ထပ်ပွတ်ပစ်လိုက်ရင်း...

"စာသား က အပြောဆိုးပေမယ့် စကားတစ်လုံးကို တည်တည် တံ့ ပြောတတ်တဲ့လူပါ၊ သမီး ပွင့်ပွင့်လင်းလင်းပြောပြီး မေးကြည့် တ်ပါ့မယ်၊ သူက ခေါင်းခါပြီးရင်တော့ ပြန်ပြင်မှာ မဟုတ်ဘူး"

ပြောရင်း နေရာမှ ထ,ပြီး၍ ဗီရိုထဲမှာ ပုဆိုးအကျီတစ်စုံ သွား တ်ယူသည်။ ပြီးတော့ ပြန်လှည့်လာကာ...

"ဘဘ ဆေးလိမ်းရအောင်နော်..၊ ပြီးရင် အကျီ လဲရမယ်"

ပုလဲအိမ် က ဦးလှမော်အောင် ကို အညင်သာဆုံး ထိကိုင်ခြင်းဖြင့် အကျီ လဲပေးသည်။ ထိုစဉ် ဦးလှမော်အောင် ၏ကုပ်ပိုးအောက်စပ်မှ သွေးစင်းကြောင်းကြီး နှစ်ကြောင်းကို တွေ့သွားကာ...

"ဟင်!... ဘဘ ဒါကြီးတွေက ဘာဖြစ်တာလဲဟင်၊ အို နည်းတာ ကြီးတွေ မဟုတ်ဘူး"

ဟိုနေ့တွေကတော့ ဦးလှမော်အောင် က အပေါ်အကျီကို သူ ဘာသာ ယူဝတ်ပစ်လိုက်တာမို့ ဒါကို ဘယ်သူမှ မမြင်ခဲ့ပေ။

ဒီနေ့ နည်းနည်း အနာသက်သာနေသဖြင့် အကျီလဲဖို့ကိစ္စကို မေ့သွားခဲ့တာဖြစ်၏။

"ဘဘ..၊ ဘဘ ဒီဒဏ်ရာတွေကို မသိလိုက်ဘူးလား၊ ပေါ်ကကျတုန်းက ဖြစ်တာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမော်အောင် ပြီးပြီးရော တွေးကာ ခေါင်းညိတ်လိုက်ဖို့ စိတ်ကူးလိုက်မိစဉ်...

"မဖြစ်နိုင်ပါဘူး..၊ ဟိုလူ မင်းကြည်ဖြူ မှာလဲ ရင်ဘတ်မှာရော လက်ကောက်ဝတ်မှာရော ဒီလို အစင်းတွေပဲ..."

"ဟင်!..."

ဦးလှမော်အောင် ကိုယ်ကြီး မတ်သွား၏။ ပုလဲအိမ် က သတိမထားမိပေး..။

"ဟိုလူကပြောတော့ သူ့ဘာသာ တောထဲဝင်ပြီး လမ်းမှားလို့ ဟိုတိုးဒီတိုးနဲ့ ဆူးခြစ်မိတာတဲ့၊ ဒဏ်ရာတွေက အကောင်တစ်ကောင်ကောင် ကုတ်ထားသလိုပဲ၊ ဘဘက ဘာဖြစ်တာလဲဟင်.."

"မသိလိုက်ပါဘူး သမီးရယ်..၊ လေကအားပေါ်ကကျတုန်းက ပွန်းပဲ့ ကုန်တာ ဖြစ်မှာပေါ့"

ရင်ထဲမှ ကတုန်ကယင်တွေဖြစ်ကာ ရောဂါအရှိန်နှင့် မျက်လုံးတွေပါ ဝေတေတေဖြစ်လာခဲ့၏။ တိတ်တခိုး ခံစားနေရသည့် သံသယက မှန်နေခဲ့ပြီပဲ..။

မင်းကြည်ဖြူ ကြောင်ကို ဖမ်းဆီးချုပ်နှောင်ပြီး တမင်တကာ အလစ်ငိုက်ကိုဖမ်း၍ လုပ်ကြံတာ ဖြစ်သည်။

ဒါ ဘယ်သူ့အကြံဉာဏ်လဲ..၊ မြို့ကိုပြန်သွားပြီးမှ ပြုခဲ့ခြင်းသည် ရာဇ ၏အကြံဉာဏ်ပဲဖြစ်ကြောင်း ဖော်ပြနေခဲ့၏။

ခန္ဓာကိုယ်တစ်ခုလုံးမှာ သွေးတွေက အနီရောင်မဟုတ်တော့ဘဲ အစိမ်းရင့်ရောင် ပြောင်းကုန်ပြီထင်သည်။

သေကြောင်းကြံလာတဲ့အထိ လောဘရမ္မက်တွေ ဖုံးလွှမ်းလာပြီမို့ ကိုယ့်ဘက်က ကာကွယ်ဖို့ အင်အားမဲ့နေ၏။

စည်းစိမ်ဥစ္စာ၏ လွှမ်းခြုံမှုသည် 'ကြောက်ပါပြီ ယူပါတော့'လို့လည်း လိုချင်သူကို ပုံမပေးလိုက်နိုင်..။





လုံခြုံအောင် ထုပ်ပိုးသိမ်းဆည်းထားပါလားဆိုတော့လည်း စိတ်ချ တုန်ခန်းနေပြီဖြစ်၏။ သူ ဘယ်လို ကာကွယ်ရမလဲ..၊ ဒီ အမွေအနှစ် ရတနာတွေနှင့် မိန်းမပျိုလေးတစ်ယောက်ကို စိတ်မချနိုင်စွာ ရှေ့ သေလောက်အောင် ရောဂါသည်းလာရင်တောင် မျက်စိမှိတ်နိုင်ပါ့ မလား မသိ..။

စိတ်ထောင်းလို့ ကိုယ်ကျေသည်လို့ ပြောမလား..၊ ဦးလှမော်အောင် အနာဂတ်ကို တွေးနေရင်း ရင်ထဲမှာ ကျုပ်လာသည်။ မျက်လုံးတွေ ဝေနေတာကို မျက်တောင်တွေ ခတ်ထုတ်ပစ်ပေမယ့် မရ..။

အကယ်၍သာ လေကအားပေါ်ကနေ သတိလက်လွတ် ခေါင်းစိုက်ကျခဲ့လျှင် ခုလောက်ဆို သူ့ခန္ဓာကိုယ် မြေကြီးထဲ ရောက်နေလောက်ပြီ..။

ဒါဆို အခု ဘာတွေဆက်ပြီး လုပ်ကြံဦးမှာလဲ..၊ လူမသေပေမယ့် အဝသေသွားခဲ့ပြီမို့ ဒီတစ်ခါ ပစ်မှတ်က ပုလဲအိမ် လား..။

ပူလောင်မှုကြောင့် ရင်ထဲမှာ ယောက်ယက်ခတ်သွား၏။ သူ့မှာ ဒီတူမလေးနှင့် ရတနာတွေကို မြေပေါ်လည်း မပုံရက်..၊ ချုံပေါ်လည်း တောင်ရက်..၊ ဘယ်သူ့ကို ဘယ်လို ယုံကြည်ရမှာလဲ..။

'ကလေးကိုတော့ လူယုတ်မာတွေလက်ထဲ မရောက်ပါစေနဲ့'လို့ ငိုယိုပြီး ခြေသလုံးဖက် တောင်းပန်လိုက်ချင်သော်လည်း ကံကြမ္မာဆိုတာ မြင်ရတာ မဟုတ်..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၂ )

"အိမ်လေး ရေ..၊ မင်းကြည်ဖြူ ဖျားနေတယ်"

"ဟင်!... ဟုတ်လား..."

မနှင်းအု ခမျာ မင်းကြည်ဖြူ ရှေ့မှာတော့ ဒီလို မခေါ်ရဲရှာပါ။ မီးဖိုချောင်ထဲမှာ လာကပ်ပြောပြီး သောမှာထိုင်ကာ...

"နင့်ကိုပဲ မေးနေတယ်..၊ ဘာစားမလဲ သွားမေးတာ အိမ်လေးကို လွှတ်လိုက်တဲ့.."

"ဘာတွေ ခုတ္တပေးဦးမလို့လဲ မသိဘူး၊ မနှင်း အဲဒီ ငါးခြောက်တွေ အရိုးထွင်ထားလိုက်ဦး..."

"အေးပါ..."

ပုလဲအိမ် အပေါ်ထပ်ကိုတက်ခဲ့ရင်း ဘဘ အခန်းကိုလည်း ကြည့်လိုက်သေးသည်။ မနက်စာ စားပြီးတိုင်း စာဖတ်နေကျပေမယ့် ဒီနေ့ ဘဘ စာမဖတ်ဘဲ မှိန်းနေတာမြင်တော့ စိတ်ထင့်သွားမိသည်။

ဘဘ နေကောင်းရဲ့လားဆိုသည့်စိတ်နှင့် မင်းကြည်ဖြူ အခန်းရှေ့ရောက်တော့ ခြေလှမ်းကမရပ်ဘဲ ရှေ့ဆက်လှမ်းသွားမိ၏။

"ကိုယ့်ဆီလာတာ မဟုတ်ဘူးလား"

"အမေ့!..."

လက်ကို ဖမ်းဆွဲပစ်လိုက်သဖြင့် ဘာမှ မတုံ့ပြန်လိုက်နိုင်တဲ့ သူ့ အခန်းထဲကို တန်းရောက်သွားသည်။





"ရှင် ဘယ်လိုလုပ်လိုက်တာလဲ..၊ လွှတ်..."

လက်ကိုဆောင့်ရုန်းတော့ သူ့ကိုယ်ကြီးပါ ငိုက်ပါလာကာ နှာခေါင်းချွန်က ပါးကွက်လေးနှစ်ဖက်နှင့် ပုလဲအိမ် ပါးပြင်လေးနားမှာ...

"ရှင်... ရှင်... လွှတ်..၊ လက်ကို..."

"ကိုယ် တကယ် နေမကောင်းတာကို သတင်းတစ်ချက်တောင် မော်မရဘူး၊ ကိုယ်က မင်း လက်ထပ်ရမယ့် ခင်ပွန်းလောင်းဆိုတာ သတိရရဲ့လား.."

ရုန်းလေ ပို၍ ဖိဆုပ်ထားလေမို့ နှစ်ယောက် ရုန်းရင်းဆန်ခတ်ဖြစ်း ပုလဲအိမ် ကိုယ်လေး ပျဉ်ထရံပေါ်မှာ ကျောအပ်မိသွား၏။ မင်းကြည်ဖြူ မျက်နှာက ရမ္မက်ခိုးဝေနေတာမျိုးမဟုတ်ဘဲ မခံချင်ဒေါသနှင့် ကိုယ်ပူရှိန်တွေ ပေါင်းစပ်ကာ နီရဲ တင်းမာနေ၏။

မိန်းမတစ်ယောက်ကို ဒီလိုနည်းနဲ့ ရယူဖို့ထိ သူ မယုတ်မာပါ။ သမယ့် ခုတော့ ယုတ်မာဖို့ ဆုံးဖြတ်ထား၏။

ဒီအိမ်မှာ သူဟာ ဘာမှမဟုတ်တဲ့လူတစ်ယောက်အဖြစ် ရှိနေရည့်ခံစားမှုက နူးညံ့ခဲ့သည့်သွေးတို့ကို ပွက်ပွက်ဆူစေခဲ့သည်။

ထို့ပြင် ဂရုမစိုက်ချင်ပေမယ့် မစိုက်ဘဲ မနေနိုင်အောင် ချစ်စဖွယ်သးဖြစ်နေသော ပုလဲအိမ် ဆိုသည့် ကောင်မလေးကိုလည်း မဆိုင်လို မနေနိုင်တော့ဘဲ ဖြစ်လာ၏။

တောသူဆိုသည့် ကောင်မလေးက ဖြူဖြူနုနုလေးနှင့် မှန်ညက်အောင်.လှသည်။ မျက်ခုံးတွေ၊ မျက်လုံးတွေက ထူးခြားလှပသည်ဟုတ်ဘဲ အလွန် ရန်တွေ့ကောင်းသည့် နှုတ်ခမ်းလေးတွေ နီမြန်းနေသာ ချစ်ဖို့ကောင်း၏။

သူမနှင့် လက်ထပ်ဖို့အရေးဟာ အမွေတွေကို ပိုင်ဆိုင်ဖို့ပဲ ဖြစ်၏။ ကပိုင်းမှာ 'မင်း စိတ်ချမ်းသာသလို နေ'တဲ့..။

ဖေဖေက အကုန်အစင် ဖွင့်ပြောခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးနှင့် ရင်ခုန်သံတွေကို နားထောင်လို့ရတယ်ဆိုရင့်လည်း
မဆိုးပါ..။

"ရွှပ်.."

"အား..."

သူ အာရုံတွေများနေစဉ် မေးဖျားကို ခေါင်းနှင့်ပစ်တိုက်လိုက်
သဖြင့် မျက်လုံးထဲမှာ မီးပွင့်သွား၏။ လျော့ရိလျော့ရဲလက်ထဲက
ပုလဲအိမ် ရုန်းထွက်သွားသည်။

"မင်းက စမ်းတယ်ပေါ့"

"အို..၊ လွှတ်..၊ လူယုတ်မာ..."

ပုလဲအိမ် လက်မောင်းကို ပြန်ဆောင့်ဆွဲကာ မင်းကြည်ဖြူ
ရှုံ့ထိုး ဖြစ်လာ၏။ နောက်ထပ်တစ်ခါ ပုလဲအိမ် နံရံမှာ ကပ်မိသွား
လျှင်...

"မင်း မရှက်ဘူးလား မင်းကြည်ဖြူ..."

ဟ,လျက်ရှိနေသည့် တံခါးက ဒိုင်းခနဲ ပွင့်သွား၏။ မဟားတ
နမ်းဖို့ကြိုးစားနေသည့် မင်းကြည်ဖြူ ၏နောက်က အင်္ကျီစကို စ
က ဆောင့်ဆွဲပစ်လိုက်သည်။

ဖိချုပ်ထားသည့်လက်တွေ လျော့ကျသွားသည်နှင့် ပုလဲအိမ်
ထွက်လိုက်ကာ တံခါးအပြင်မှာ သွားရပ်နေလိုက်၏။

အခန်းထဲမှာ စာသား နှင့် မင်းကြည်ဖြူ..။

"ဟိတ်ကောင်..၊ မင်းက ငါ့အိမ်ပေါ် ဘာတက်လုပ်တာလဲ.."

"ဦးလေးကိုယ်တိုင် ခွင့်ပြုလို့ ငါ ရောက်လာတာ"

စာသား က မင်းကြည်ဖြူ နှုတ်ခမ်းထောင့်မှာ ကျနေသည့်
ကို စိုက်ကြည့်သည်။

မင်းကြည်ဖြူကို သူ ဘာမှ မတိုက်ခိုက်ရသေးပါ။

ဒီဒဏ်ရာဟာ ပုလဲအိမ် ၏ ပြန်လည်ခုခံချက်ပဲ ဖြစ်လိမ့်မည်





"မင်း ခု ထွက်သွားစမ်း ဟိတ်ကောင်..၊ ဘာဘာက ဒုက္ခိတ၊ မင်းကို
တာတွေ၊ ခွင့်လွှတ်တာတွေ ဘာမှမလုပ်နိုင်ဘူး၊ ဒီအချိန်မှာ ဒီအိမ်
ငါ့အမိန့်အောက်မှာ..."

"ရှင့်လို လူယုတ်မာကို ဘယ်သူက တစ်အိမ်လုံး ဝ,ကွက်အပ်
လို့လဲ"

ပုလဲအိမ် က စာသား ကိုယ်ကို တွန်းဖယ်ပြီး မင်းကြည်ဖြူ ရှေ့
ပြန်ရောက်လာသည်။

"ဘာဘ ဘယ်ဘဝရောက်နေနေ ဒီအိမ်မှာ ရှင် ဩဇာအာဏာပေး
မလိုဘူး၊ ရှင့်ကိုလဲ ဘယ်သူကမှ လက်မထပ်ဘူး၊ ကိုယ့်ကိုယ်ကိုယ်
ရှင်လို သဘောထားပြီး ရူးမနေနဲ့..."

"ဘာပြောတယ်.."

မင်းကြည်ဖြူ ရှေ့တက်လာသည်။ ပုလဲအိမ် က တစ်ချက်မှ
နှံ့ဘဲ ဒီတိုင်း ရပ်နေ၏။

"စာသားညီ..၊ မင်းကို ငါ အခု ပြောမယ်၊ ဒီအိမ်မှာ မင်းအလုပ်
ဘာလဲ..."

"ဘာဖြစ်ဖြစ် ရှင်မေးဖို့ မလိုဘူး..၊ လာ.. စာသား.."

ပုလဲအိမ် က ပြန်လှည့်ထွက်လိုက်လျှင် မင်းကြည်ဖြူ က လက်
ကို ဖျတ်ခနဲ ဖမ်းဆွဲကာ...

"ငါ မင်းနဲ့ ဆွေးနွေးစရာ ရှိတယ်"

"လူလိုသူလို ဆွေးနွေးချင်ရင် အောက်ထပ်ဧည့်ခန်းကို လာခဲ့.."

လက်ကို ဆောင့်ရုန်း၍ ပုလဲအိမ် ပြန်ထွက်သွား၏။

"စာသားညီ..."

နောက်မှာ ပြတ်ကျန်ရစ်သည့် စာသား ခြေလှမ်းတွေ
သွား၏။ မင်းကြည်ဖြူ က ကျောခိုင်းနေသည့် စာသား မျက်
ကောက်အောင်သွား၍...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ပေါ်တက်လာဖို့-မင်းကို ဘယ်သူ ခိုင်းတာလဲ.."

"ဒါကိုပဲ မင်း စိတ်ဝင်စားနေလား"

"ဟုတ်တယ်..၊ ခြံစောင့်က အိမ်ပေါ်ကို တက်ခွင့်မရှိဘူး"

"လူမမာအတွက် လိုအပ်တာရှိလို့ ငါ့ကို ခေါ်ထားတာ..."

မင်းကြည်ဖြူ မျက်နှာ ရှုံ့မဲ့သွားကာ ကျွတ်ခနဲ ခါပစ်၏။ ပြီး... ပြန်လှည့်လာကာ...

"မင်းကို ဘဘရဲ့ ပုဆိုးကောက်၊ ချေးကျုံးဖို့ ခေါ်တာလား"

စာသား မျက်နှာ ရဲခနဲ ဖြစ်သွား၏။ စူးစိုက်ကြည့်လိုက်သ... မျက်ဝန်းတွေက အံကြိတ်ပစ်လိုက်သည့်နောက်မှာ အေးစက် ခက်... သွား၏။

"မင်းက မနိုင်ရင် ခြေသလုံးကိုက်မယ်ဆိုတဲ့ ကောင်မျိုးပါလ... ယောကျ်ားချင်းပဲ ဘာဖြစ်လို့ အယုတ်အပတ်စကားတွေ ပြောတာလ... အခု မင်းနဲ့ငါ နှစ်ယောက်တည်း ရှိတယ်၊ ဘာဖြစ်ချင်လဲ ပြော..."

ရှေ့ကိုတိုးလိုက်ပြီး ကပ်ပြောတော့ မင်းကြည်ဖြူ မျက်နှာ ... သွားသည်။

"စာသား ရေ..၊ ခဏ လာပါဦး၊ ဘဘ အရမ်းမူးနေလို့..."

ပုလဲအိမ် က လှမ်းခေါ်ပြီး အခန်းထဲ ပြန်ဝင်သွား၏။ စာသ... လှည့်ထွက်သွားတော့ မင်းကြည်ဖြူ တနုံ့နုံ့ ကျန်ရစ်၏။ ပြီးတော... နှုတ်ခမ်းသားတွေ နာကျင်နေတာ သတိရပြီး လက်ခုံနဲ့ထိကပ်ကြ... လိုက်တော့ သွေးတွေ..။

ပုလဲအိမ် ခေါင်းနဲ့ ဆောင့်တိုက်လိုက်တုန်းက နှုတ်ခမ်းပေါ်... သွားတာ ဖြစ်သည်။ ဒီအိမ်မှာ သူက ဘာလဲ..၊ ညှိသည်လိုလည်... အထူးဂရုစိုက် အရေးပေးခြင်းမခံရ..။

ဦးလှမော်အောင် ဆိုသည့်လူကြီးသည် ဖေဖေ့ကို ပြန်မလှန်... သည်မှလွဲလျှင် သူ့အပေါ်မှာ ဂရုစိုက်မှု အနည်းငယ်မျှပင် မရှိခဲ့...





သူ့မျက်နှာ တဖြည်းဖြည်း တင်းမာသွားခဲ့ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချသည်။ ဒီနေ့မှစ၍ ဦးလှမော်အောင် အပါအဝင် ဘယ်သူ့အပေါ်မှ ဟန်ဆောင်ပြုံးပြနေဖို့ မလို..။

အမိကထားခဲ့သည့် လာရင်းကိစ္စပြီးမြောက်ဖို့အတွက်သာ တည့်တည့် ရှေးဆက်မည်။ အကျႌအိတ်ထဲက ဖုန်းကို ထုတ်ကိုင်လိုက်တော့ မျက်လုံးက ဖုန်းကိုမဟုတ်ဘဲ လက်ကောက်ဝတ်မှာရှိနေသည့် ကြောင်ထုတ်ရာ အစင်းကြောင်းတွေဆီ ရောက်သွားသည်။

တချို့ နက်သည့်အစင်းကြောင်းပေါ်မှာ ပြည်တည်နေတာတွေပါရှိကာ ဒဏ်ရာက နီရဲညိုမှောင်နေ၏။

ဒီဒဏ်ရာမျိုးတွေ သူ့ရင်ဘတ်မှာလည်း ရှိသေးသည်။ ဒါတွေကြောင့် အနာရင်းပြီး အဖျားဝင်ခဲ့တာ ဖြစ်၏။ ခုတော့ သူ့မှာ လူနာမေးမည့်လူတောင် မရှိပါလား..။

နာကြည်းသည့်မဲ့ပြုံးနှင့် မျက်နှာက အကျည်းတန်သွားသည်။

ပုလဲအိမ်..၊

သူမကို အမှတ်တမဲ့ အပျော်ရင်ခုန်စရာ မိန်းကလေးတစ်ယောက်အဖြစ်ထက် သူ့ရင်ထဲမှာ ဘာမှပိုမရှိခဲ့ဘူးပေ..။

ကိုယ့်အဆင့်အတန်း၊ ကိုယ့်လိုလူကို စာသား လိုကောင်လောက်တောင် အရေးမထားတော့ ရင်ထဲမှာ နာကြည်းချက်တွေ ပြင်းထန်လာ၏။

မင်း တစ်နေ့ သိမယ်..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၃ )

လက်ခုံပေါ်မှာ ထပ်၍ ဆုပ်ကိုင်လိုက်သည့်လက်ကို သူ ငုံ့ကြည့်မိသည်။ အကြောပြိုင်းပြိုင်းထလျက် တုန်ယင်အားနည်းနေသည့်လက်တစ်ဖက်သည် ဦးလှမော်အောင် ၏လက်ဖြစ်ကာ နွေးမနေဘဲ အေးစက်နေသည့်အဖြစ်အတွက် စာသား စိတ်မကောင်းဖြစ်သွား၏။

"စာသား..."

"ပြောပါ ဦးလေး...၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပါ"

"ကျုပ်... ကျုပ် ပွင့်လင်းချင်ပါတယ်၊ ဒါပေမယ့်..."

ဦးလှမော်အောင် သည် ခေါင်းအုံးနှစ်လုံးဆင့်ထားသည့်ပေါ်မှာ ကျောခကပ်မှီလျက်မှ သူ့ကိုယ်ကြီးကို ရှေ့တိုးလာအောင် ကြိုးစား၏။ ပြီးမှ...

"မင်းကို ကျုပ် ပြောမပြနိုင်တာတွေ ရှိသေးတယ်၊ အဲဒီအတွက် ချန်လှပ်ပြီး မင်း ကျုပ်ရဲ့တူမလေးကို စောင့်ရှောက်ပေးပါ၊ ဒီအိမ်ကနေ ဘယ်သူ ဘာပြောပြော ထွက်မသွားပါနဲ့၊ ကျုပ်ကို ဒါတစ်ခုတော့ ကူညီပါကွယ်.."

ဦးလှမော်အောင် သည် ပုလဲအိမ် ကိုယ်စား လူစားထားတာပေမယ့် ဒီကောင်မလေးအပေါ်မှာတော့ စိတ်ပူရှာသားပဲ..။ ဘာဖြစ်ဖြစ် ဒီအကြောင်း အစပေါ်လာတိုင်း လူစားထိုးထားသည့်အဖြစ်ဟာ မတရားသဖြင့် ဖန်တီးထားသလို ဖြစ်နေမှန်းတော့ ပြောချင်စိတ်တွေ ဖြစ်လာ





သော်၏။ သူများကိုစွ၊ သူများအကြောင်းပေမယ့် သူ ဝင်ပါနေရသည်မို့ အခါတစ်ခါကျတော့ ဒါ ဒီလိုရှိနေတာကို ပြောပြချင်သည်။

ပုလဲအိမ် အဖြစ် နေပေးခဲ့တဲ့ မိန်းကလေးကလည်း မကြောက်မရွံ့ ရှိနေခဲ့လျက်..။ သူမကိုယ်သူမ လူစားထိုးထားတဲ့သူဆိုတာကို မေ့နေသလိုပင်..။

"ကျွန်တော် တစ်ခုတော့ ပြောချင်ပါတယ်"

စိတ်ထဲမှာ ပြင်းပြလာသည့်အဖြစ်ကြောင့် စာသား မျိုသိပ်မထားနိုင်တော့ပေ..။

"ပြောပါ...၊ မေးချင်တာရှိရင်လဲ မေးပါ"

"ဒီလိုပါ...၊ အခု ဦးလေးကလဲ မသန်စွမ်းတဲ့ဘဝမျိုး ဖြစ်နေတယ်၊ မင်းကြည်ဖြူ ကလဲ ပုလဲအိမ် နဲ့လက်ထပ်ရမယ့်သူလို့ သတ်မှတ်ပြီးသား..."

"ကျုပ်က မသတ်မှတ်ပါဘူး၊ ပုလဲအိမ် ကလဲ သူ့ကို ဘယ်တော့မှ ကြည်ဖြူမှာ မဟုတ်ဘူး၊ အဲဒါ ကျုပ် သိတယ်၊ သူတို့ဟာ လူကို မလို ရွှေကိုလိုတဲ့ လူတွေ..."

စာသား က ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် မြင်ပါတယ်၊ ဦးလေး ပြောပြထားလို့ ဘေးကျပ်နံကျပ် ဖြစ်နေရတဲ့အကြောင်းတွေကိုလဲ နားလည်တယ်၊ ဒါပေမယ့် တကယ်တမ်း ရင်ဆိုင်ကြပြီဆိုရင် ဦးလေးက လူမမာ၊ ကျွန်တော်တို့က မဆိုင်တဲ့သူတွေ..."

ဦးလှမော်အောင် ငိုင်သွားသည်။ အားကိုးတကြီး ထပ်ဆုပ်ထားသည့်လက်ကို ခပ်ဖြည်းဖြည်း လွှတ်ကာ ဗိုက်ပေါ် အသာတင်၏။

စာသား က လက်ကိုပြန်ရုတ်ကာ ဒူးပေါ်မှာ တင်ထားသည့်လက်နှင့် ဆုပ်လိုက်ပြီး...

"ကျွန်တော်က ထင်သလိုနေ ထင်သလိုပြောတတ်တဲ့ [illegible] ရှိတယ်၊ အစကတည်းက ရိုင်းခဲ့တဲ့ဘူပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မရိုင်းပါဘူး၊ မင်းရဲ့စကားလုံးတွေကို ကျုပ် နားလည်တယ်"

"နားလည်တယ်ဆိုလို့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် နားမလည်တဲ့ပြဿနာတစ်ခုမှာ ကြားမညပ်ချင်ဘူး၊ ဇော်ကားမော်ကား ပြောဆိုလာတာကို မျိုသိပ်နေလိုက်ရတာလောက် လှုံဖြစ်ရှုံးတာ မရှိဘူး"

ပြောချင်တာက ပုလဲအိမ် ကို မညှာမတာ လူစားထိုးထားတဲ့ကိစ္စ ကိုပါ။ ဒီမိန်းကလေး အချိန်မရွေး ဘဝပျက်သွားနိုင်သည်။ ဒါမှမဟုတ် လည်း ရှုပ်ထွေးမှုတွေထဲမှာ တစ်ခုခု အတိမ်းအစောင်း ဖြစ်သွားနိုင်၏။

ကိုယ်မှ ပိုင်ပိုင်နိုင်နိုင် မပြောဆို၊ တားဆီးလို့ မဖြစ်တာ။ ဘာလုပ် နေရမှာလဲ...

"မင်းပြောတာ မှန်ပါတယ်၊ ကျုပ်ဘက်ကလဲ ဒီအဖြစ်တွေထဲက နေ လောလောဆယ် ရုန်းမထွက်နိုင်သေးဘူး"

"အခု ဦးလေး ဒီအခြေအနေ ဖြစ်သွားတဲ့အတွက် ပိုရှုပ်ကုန်တော့ မယ်ဆိုတာရော ဦးလေး သတိထားမိလား"

ဦးလှမော်အောင် ခေါင်းညိတ်သည်။

"သိတယ်..၊ အဲဒါကြောင့် မင်းကို တောင်းပန်တာပေါ့၊ ဘာမသိ ညာမသိ ဖြစ်လျက်နဲ့ဘဲ မင်း ကူညီပေးပါ၊ အဲဒီအတွက် မင်းရဲ့မိသားစု တစ်စုလုံးကိုပါ ပြည့်စုံအောင် စောင့်ရှောက်ထားပါ့မယ်"

ပုလဲအိမ် တစ်ယောက်ကို စောင့်ရှောက်ဖို့အတွက် မိသားစုတစ်စု လုံးကိုပါ စောင့်ရှောက်မည်တဲ့။ စာသား မျက်မှောင်ကြုတ်နှင့် ငြိမ်နေ၏။

ပုလဲအိမ် နှစ်ယောက် ရှိနေတဲ့အဖြစ်ကို ပေါ်သွားမှာ စိုးတာလား၊ ဒီကောင်မလေးအပေါ်မှာ တကယ် ကာကွယ်ပေးချင်တာလား..။

သိချင်စိတ်တွေ ရင်ထဲမှာ ဖြစ်လာ၏။ ထိုအခါကျမှ ကိုယ့်ကိုယ် ကိုယ် သတိထားမိလာခဲ့သည်။ သူ တော်တော် စပ်စုတတ်နေပြီပဲ..။





## အခန်း( ၃၄ )

မင်းကြည်ဖြူ အပြင်ကို ခဏခဏထွက်နေပြီး မကြာမီ ညှို့သည် နှစ်ယောက် တိုးလာ၏။ နှစ်ယောက်စလုံးက ကျားကျားလျားလျား လူလတ်ပိုင်းတွေပဲဖြစ်ကာ မြို့ကလား..၊ တောကလား ခွဲရခက်လောက် အောင် ဝတ်စားပုံတွေက ဟိုမရောက်ဒီမရောက်..။

"မင်းကြည်ဖြူ..၊ ရှင် ဧည့်သည်တွေခေါ်တင်လာတာကို ကျွန်မ မပြောဘူး၊ အိမ်မှာ အရက်ဝိုင်းဖွဲ့သောက်တာက မလွန်လွန်းဘူးလား"

အိမ်နောက်ဖေး ကွပ်ပျစ်ပေါ်တွင် အကောင်းစား အရက်ပုလင်း ကြီးတွေထောင်လျက် အမြည်းတွေ တို့တို့တိတိ လျှောက်နှိုက်နေသော မင်းကြည်ဖြူ လက်တွန့်သွား၏။ ပြီးတော့ မော့ကြည့်သည့်မျက်နှာက ညနေခင်းမှာ အညိုရောင်သမ်းနေကာ...

"ကိုယ့်ကို ပြောတာလား.."

"ဟုတ်တယ်..၊ ရှင့်ကို..."

"မပြောနဲ့လေ..၊ မင်းတို့အိမ်မှာ အားလုံး တညီတညွတ်တည်းရှိ နေကြပြီး တစ်ယောက်တည်း ဘက်ပဲ့နေတာက ကိုယ်..၊ အဲဒါတော့ မင်းတို့လဲ ထင်သလိုနေ၊ ကိုယ်လဲ ကိုယ့်လွတ်လပ်ခွင့်နဲ့ ... ထိုင် ပါ..၊ အေးဆေး.."

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်သည့်ရယ်ခြင်းနှင့် သူ့လူတွေကိုတောင် ဖန်ခွက်ကိုင်ပြီ မြှောက်ပေးလိုက်သေးသည်။ အားလုံး၏မျက်လုံးတွေက ပြုံတိတိ ရီဝေဝေ..။

ဒီလူတွေကိစ္စကိုလည်း ပုလဲအိမ် မျိုသိပ်နေရဦးမှာပါ..။

အိပ်ရာထဲမှာ လဲနေရှာကာ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ သည့် ဘဘကို စိတ်ဒုက္ခမပေးချင်..။ ဘဘခမျာ ကိုယ့်ရောဂါနှင့်ကိုယ် ခံစားနေတာတောင် သူမအတွက် ရတက်မအေးရှာ..။

"ဟော.. အတော်ပဲ အိမ်လေး..၊ ထမင်း တစ်ခါတည်း ဝင်စား လိုက်တော့၊ မင်းကြည်ဖြူ ရော မပါဘူးလား"

နောက်ဖေးတံခါးကနေ တက်လိုက်တော့ အိမ်ရှေ့တံခါးကနေ ထမင်းစားခန်းထဲ ဝင်လာသည့် စာသား နှင့် မျက်နှာချင်းဆိုင်မိ၏။

မနှင်းအု က ထမင်းပွဲတွေပြင်နေရင်း နှစ်ယောက်စလုံးကို ကြည့် ပြောဖြစ်တာ ဖြစ်သည်။

"ဟင်!... မင်းကြည်ဖြူ ကို သွားခေါ်တာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး..၊ နောက်ဖေးမှာ အရက်ဝိုင်းဖွဲ့နေတာ အနံ့တွေ ပျံ့နှံ့နေလို့ သွားပြောတာ..."

ပုလဲအိမ် မျက်နှာလေးအိုကာ စားပွဲမှာ စိတ်ပျက်လက်ပျက် ထိုင် လိုက်၏။

"စာသား လာလေ မောင်လေး..၊ အားလုံး အဆင်သင့်ပဲ"

နောက်ထပ်ခေါ်မှ စာသား က ဝင်လာသည်။ အမြဲတမ်းပဲ သူ တစ်ယောက်တည်း စားနေကျမို့ ဒီနေ့ ပုလဲအိမ် နဲ့လာဆုံနေတော့ ထွက်သွားမလို့ဖြစ်သည်။

"လာ မောင်လေး၊ ထိုင်.."

ပုလဲအိမ် နှင့် မျက်နှာချင်းဆိုင်မှာ မနှင်းအု က ထမင်းပွဲချပေးပြီး ဟင်းပန်းကန်တွေကိုပါ နှစ်ယောက်စလုံး အဆင်ပြေအောင် တိုးရွှေ့





ပေး၏။

စာသား ကိုတော့ 'မောင်လေး'လို့လည်း ခေါ်ရဲသည်။ 'ကောင် လေး'လို့လည်း ခေါ်နိုင်သည်မို့ နွေးထွေးလို့ ရသည်။ ပြီးတော့...

ဒီအိမ်မှာ စာသား ရှိနေသည့်အတွက် အင်အားတစ်ရပ် ဖြစ်နေ သည်ကို မနှင်းအု နားလည်၏။

"ကဲ... စားကြနော်..၊ ဒီမှာ ထမင်းတွေ အုပ်ထဲမှာအပြည့်ပဲ၊ ကျုပ် အပြင်မှာ အဝတ်တွေ ထွက်ရုပ်လိုက်ဦးမယ်"

မနှင်းအု ထွက်သွားတော့ ဘာရယ်မဟုတ်ဘဲ မျက်လုံးချင်း ဆုံ သွားမိကြ၏။ စာသား က အရင်မျက်နှာလွှဲကာ ပန်းကန်ထဲက ထမင်း တစ်ဝက်ကို အုပ်ထဲ ပြန်ထည့်သည်။ ပုလဲအိမ် က ပြောင်းဖူးကြော် ပန်းကန်ထဲကို လှမ်းခပ်ရင်း စိုက်ကြည့်နေကာ...

"တော်ပါတော့ရှင်..၊ ဒီလောက်မှမစားရင် ရှင့်ကိုယ်လုံးကြီးနဲ့ ဘယ်လိုလုပ် ဝ,မလဲ"

ထမင်းတွေကို တစ်ဝက်ကျော်အောင် ဖယ်ချပစ်တော့ မနေနိုင် မထိုင်နိုင် ပြောမိသည်။

"ရှင် အရက်များ သောက်ချင်နေတာလားဟင်"

စာသား မျက်လုံးတွေ တန်းခနဲ ရောက်လာသည်။

"ဘာဖြစ်လို့လဲ.."

"အရက်သမားတွေဆိုရင် အရက်ထက် ဘာမှမမက်တော့ဘူးတဲ့"

စာသား မျက်နှာတင်းသွားပြီး စကားသံ တော်တော်နှင့်ထွက် မလာ..။

"ရှင့်ကို အရက်သမားမဟုတ်မှန်း သိပါတယ်၊ ဒါပေမယ့် [illegible] စေချင်လို့..."

"မလိုပါဘူး..၊ ငါ ဘာစားစား၊ ဘာသောက်သောက် [illegible] ယောက်ကို ကြောက်ရွံ့ရှောင်ရှားပြီး မျိုသိပ်နေရတာ [illegible]"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက..."

"ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါ၊ မင်း ခုပဲ သူများကိစ္စကို ဝင်စွက်ဖက်လို့၊ အပြောခံလာရတယ်မို့လား.."

"ဟင်!..."

ပုလဲအိမ် အသံလေးပါ ထွက်သွား၏။ သူ့ကို အံ့ဩဟန်နှင့်ကြည့်တော့ စာသား က မျက်နှာငံ့သွားပြီဖြစ်သည်။ ဇွန်းကိုင်လိုက်ပေမယ့် ပန်းကန်ထဲမှာ ဟင်းမရှိသေးသည်မို့ ပုလဲအိမ် က ပြောင်းဖူးကြော် တစ်ဇွန်း ခပ်ပြီး လှမ်းထည့်ပေးလိုက်ကာ...

"အဲဒါကို ရှင် သိတယ်ပေါ့"

စာသား က မဖြေ..၊ ဒါပေမယ့် ပုလဲအိမ် ကျေနပ်သွားမိသည်။ ကိုယ့်ကို ဂရုတစိုက်ရှိလာတာမို့ နှုတ်ခမ်းလွှာလေးတွေမှာ ပြုံးယောင်သမ်းသွားတဲ့အထိ..။

"ပြောင်းဖူးကြော်ချည်းပဲ စားမနေပါနဲ့..၊ ရော့... ဒါက ငါးရှဉ့်ကျပ်တိုက်ကို မွပြီး ငရုတ်သီးလေးပါးပါးနဲ့ ကြော်ထားတာ၊ ဘာဘအတွက်လေ..၊ ရှင် ကြိုက်တယ်မို့လား"

"ရပါတယ်"

ဖြေပုံက မလှုပ်တလှုပ်..၊ ထည့်ပေးမိတော့လည်း ဘာမှ ထပ်မနှိုက်ဘဲ ပန်းကန်ထဲရောက်လာတာနှင့်ပဲ စားနေတော့သည်။

"ပဲ ကြိုက်တယ်မို့လား၊ ဒီမှာ ပဲကြော်ဆံ..၊ ဒါက ငါးချဉ်သုပ်၊ နည်းနည်းသက်တာလေးကြိုက်ရင် ခွေးတောက်ရွက်နဲ့ ကြက်ခြေထောက်ဟင်းရှိ..."

ဟင်းတွေရှိသမျှကို ကိုယ်က ဖွယ်ဖွယ်ရာရာ ရွတ်ပြနေပေမယ့် စာသား မျက်နှာက နားညည်းလိုက်တာလို့ ထ,အော်မို့ နီးစပ်လာပြီမှန်း ပုလဲအိမ် သိလိုက်၏။

"မေ့နေလို့..၊ မေ့နေလို့ အိမ်လေး ရေ..."





နောက်ထပ်စကားများမည့် မနှင်းအု က ပြန်ရောက်လာပြန်ကာ မီးဖိုချောင်အိမ်လေးထဲက ဟင်းပန်းကန်တစ်လုံး ထုတ်ယူလာပြီး ချပေး၏။

"ကြက်သားဟင်းလေ..၊ ဘာဘကြီးက အသည်းအမြစ် မစားချင်ဘူးဆိုလို့ ပြန်သိမ်းထားတာ"

ဟင်းပန်းကန်ထားခဲ့ပြီး မနှင်းအု ထွက်သွားတော့ ပုလဲအိမ် က ပန်းကန်ကို အနားတိုးယူကာ အသည်းဖတ်ကိုခပ်ယူပြီး စာသား ထဲကို လှမ်းထည့်ပေး၏။

"နေပါစေ၊ တော်ပြီ.."

"စားပါ..၊ ဘာဖြစ်လို့လဲ.."

"များနေလို့.."

သူ့ပန်းကန်ထဲမှာ တကယ်ပဲ ဟင်းတွေများနေတာဖြစ်ပေမယ့် ပုလဲအိမ် ကလဲ သူ့ကိုပဲ စားစေချင်တာမို့ ခေါင်းရမ်းပြကာ...

"ဟင်းများပေမယ့် အသားမှ မပါသေးတာ..၊ စားပါ..."

"မင်းပန်းကန်ထဲမှာ ဟင်းတောင်မရှိသေးဘဲနဲ့၊ ရော့... ပြန်ယူ.."

"ဟင့်အင်း..၊ စားပါဆိုမှ..."

ပန်းကန်ထဲပြန်ရောက်လာသည့် အသည်းဖတ်ကို ပြန်ပေးမလို့ ကိုင်လိုက်တော့ စာသား က ထိုလက်ကလေးကို ဖျတ်ခနဲ ဆုပ်ကိုင်ထားကာ...

"မပေးနဲ့တော့..."

မျက်လုံးချင်းဆုံသွားတော့ စာသား က လက်ကို ဖြည်းဖြည်း လွှတ်လိုက်ရင်း မျက်ဝန်းတွေကို တိမ်းဖယ်သွား၏။

သူက အဓိပ္ပာယ်တစ်မျိုးကောက်ပြီး သူ့ဆန္ဒကို ဖော်ပြလိုက်တာလား..၊ ကိုယ်ကတော့ သူ့ကို စားစေချင်တဲ့စေတနာ ရိုးရိုးနဲ့ပါ..။

ပုလဲအိမ် မျက်နှာလေးငယ်ကာ ချက်ချင်း ငုံ့သွားတာကို စာသား



www.burmeseclassic.com

www.burmeseclassic.com



က ကြည့်နေသည်။ ထမင်းကိုမစားဘဲ ဒီတိုင်း ဖွန့်ယ်ရင်း ငြိမ်ကျသွား တာကိုလည်း သတိထားမိကာ...

"ဒီမှာ ဟင်းတွေ တကယ်များနေလို့ပါ..၊ ပြီးတော့ ငါတို့က ဖြစ် သလို စားသောက်လာခဲ့တဲ့အကျင့် ရှိတယ်၊ အသီးအရွက်နဲ့ဖြစ်ဖြစ် အသားငါးနဲ့ဖြစ်ဖြစ် ဟင်းတစ်မျိုးရှိရင် ဖြစ်တယ်.."

"ဟုတ်ပါပြီ.."

ပုလဲအိမ် က မျက်နှာမမော့ဘဲ ခေါင်းညိတ်သည်။ ပြီးတော့ ထမင်းစားခြင်းကို ဟင်းမပါဘဲ ပါးစပ်ထဲထည့်သည်။ ဟင်းထပ်ယူ တာလည်းမရှိဘဲ ဒီတိုင်းနှင့်စား၏။ ထမင်းစားရင်း လှမ်းကြည့်ဖြစ်ရင်း စာသား ထမင်းပြီးသွားခဲ့သည်။ ပုလဲအိမ် က တစ်ဝက်မကျိုးသေးဘဲ လက်စသတ်ပြီး ထရပ်ကာ...

"ခဏနေဦး..၊ ငှက်ပျောသီး ရှိသေးတယ်.."

လို့ မကြည့်ဘဲပြောပြီး ငှက်ပျောသီးနှင့် ထန်းလျက်ပန်းကန်ကို ချပေး၏။ သူမကတော့ ပန်းကန်တွေကို ထပ်ယူလိုက်ကာ လှည့်ထွက် သွားဖို့ပြင်လျှင်...

"ပုလဲအိမ်..."

စာသား က သူမဘေးမှာ လာရပ်လိုက်ပြီး မျက်လွှာချထားသည့် မျက်နှာလေးကို စိုက်ကြည့်သည်။

"မျက်နှာမော့ပါ"

ပုလဲအိမ် မျက်တောင်ဖျားလေး တစ်ချက်လှုပ်သွားပေမယ့် တော် တော်နှင့် မော့မလာခဲ့ပေ။ ပြီးတော့မှ မျက်စုံလေး ခပ်တွန့်တွန့်နှင့် ရှုပွပွလေး မော့လာသည်။ တစ်ယောက်မျက်လုံးထဲကို တစ်ယောက် စိုက်ကြည့်ရင်း စာသား က ဘာမှမပြောတော့မှ ဖျတ်ခနဲ မျက်နှာလွှဲကာ—

"ဘာလဲ..."

"မျက်နှာကြီး အဲလို လုပ်မထားပါနဲ့.."





"ရှင့်ကျတော့ရော..."

"ငါက အမြဲတမ်း ဒီတိုင်းပဲ၊ စပ်စပ်စုစုတွေ လုပ်..၊ စကားတွေ ထွက်လာတာတောင် မင်းတို့အိမ်ရောက်မှ..."

သူ ပြောတာလို့ပဲ ယူဆလိုက်ပြီး ပုလဲအိမ် မျက်နှာလေးကြည် သွားသည်။ နှုတ်ခမ်းတွေနဲ့မဟုတ်ပေမယ့် မျက်ဝန်းလေးတွေ ပြုံးကြည့် သွားတာကို စိုက်ကြည့်ပြီး စာသား က ပြုံးလိုက်သည်။

ထိုအခါ ဘာမှလည်းမဟုတ်ဘဲ နှစ်ယောက်လုံး ပြုံးဖြစ်သွား ကြ၏။ ဘာမှမဟုတ်ဘဲ တဒိတ်ဒိတ် ခုန်သွားသည့် ရင်ခုန်သံကတော့ ဘယ်သူ့ဆီကမှန်း မသိ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၅ )

မှောင်နှင့်မည်းမည်းထဲမှာ ဓာတ်မီးရောင်က ဝင်းခနဲ ဝင်းခနဲ ပြေးလွှားနေ၏။ တစ်နေရာအရောက်မှာ မီးရောင်က ရှူးရိုက် ရပ်တန့်သွားကာ...

"ဟိတ်..၊ ဘယ်သူတွေလဲ..."

စာသား က ဓာတ်မီးထိုးထားပြီး ပြေးသွား၏။ လှုပ်လှုပ်ရှားရှား အရိပ်တွေကလည်း မပြေးပါ။ စာသား အနားရောက်လာတဲ့အထိ ရပ်စောင့်နေပြီးမှ...

"ခွေးသူတောင်းစား..."

မင်းကြည်ဖြူ ၏အသံနှင့်အတူ လက်သီးတစ်ချက် ပြေးဝင်လာ၏။ ပြီးတော့ ဘေးကနေ ဝှီးခနဲ လွှဲရိုက်လာသည့် ဝါးရင်းတုတ်တစ်ချောင်း...၊

စာသား ဘေးကို ခြေတစ်လှမ်းရွှေ့၍ ပခုံးပါ တိမ်းပေးလိုက်လျှင် အချင်းချင်း ရိုက်ချက်, ထိုးချက်တွေ ရှုပ်ကုန်ကာ မင်းကြည်ဖြူ ၏ ညည်းသံသဲ့သဲ့ ထွက်လာ၏။

အချင်းချင်း ထိသွားပြီမှန်းသိသည်နှင့် သူတို့ဘာသာ လှုပ်ရှားမှုတွေ ရပ်ကုန်ကြသည်။ မင်းကြည်ဖြူ သည် တုတ်စာမိသွားသည့် သူ့ရဲ့ညာဘက်လက်ဖျံကို ရင်ခွင်ထဲမှာ ပိုက်ဆုပ်ထားရင်း အံတင်းတင်းကြိတ်လျက်...





"ဟိတ်ကောင်..၊ မင်းအပြစ် ဘယ်လောက်ကြီးသွားပြီလဲ သိလား"

စာသား က သူ့ကို ဂရုမစိုက်ဘဲ သစ်ပင်အောက်မှာ တူးဆွပစ္စည်းနှင့် မြေကြီးပွနေတာကို ဓာတ်မီးနှင့် သေချာထိုးကြည့်၏။

"ဟိတ်ကောင်..."

မင်းကြည်ဖြူ က ဒေါသမထိန်းနိုင်တော့ဘဲ နောက်ကနေ ပြေးဝင်တော့သည်။ စာသား က လက်ပြန်ပုတ်ထုတ်ပစ်လိုက်သဖြင့် သူ့ပဲ ...ဒယိုင် လဲပြိုမတတ် ဖြစ်သွား၏။

"ဒီကောင် ဘာကောင်လဲ ကိုမင်း..."

တုတ်ကိုင်ထားသည့်လူက တုတ်ကိုတဆဆနှင့် ရှေ့တိုးသလို ...က်တစ်ယောက်ကလည်း လက်သီးဆုပ်လက်နှစ်ဖက်ကို ပိုက်၍ ကျစ်...ကာ ရှေ့တက်လာသည်။

"နေကြဦး..."

မင်းကြည်ဖြူ က နှစ်ယောက်စလုံးကို တားဆီးလိုက်ပြီး ကိုယ့်ကို ...တ်ရပ်သည်။ ဒီပုံစံနှင့် သူတို့ စာသား ကို မနိုင်ဘူးဆိုတာ သဘော...က်သွားပြီမို့ နိုင်ကွက်ကို ရှာရ၏။

"ဟိတ်ကောင် စာသား..၊ မင်း ဒီနားက ခုထွက်သွားလိုက်.."

"ငါက..."

စာသား က မျက်နှာလှည့်လာရုံမက ဓာတ်မီးနှင့်ပါ ဝေ့ထိုးလိုက်...ဖြင့် မင်းကြည်ဖြူ မျက်နှာကို လက်နဲ့ ဖျတ်ခနဲ ကာလိုက်သည်။

အလုပ်ရှင်ကို မလေးမစား စော်ကားလိုက်တာမှန်း သိပေမယ့် ...တစ်ခါ မင်းကြည်ဖြူ မလှုပ်ရှားဘဲ နေ၏။ စာသား က ခပ်မှုံမှုံအပြုံး...နှင့် စိုက်ကြည့်၍...

"အဲဒါ ငါက ပြောရမှာ..၊ ဒီခြံကို ငါ စောင့်နေတာ၊ ဒါ ငါ့ရဲ့ ...လုပ်ချိန်..၊ မင်းတို့ ကိုယ့်ပစ္စည်းတွေ ကိုယ်ကောက်ပြီး ပြန်—"

"ဘာကွ!.."



www.burmeseclassic.com

www.burmeseclassic.com



"လူပါး၀,လိုက်တာကွာ..၊ ဟိတ်ကောင် မင်းက ဘာလဲ.."

စောစောက မေးသည့်လူပဲ ဖြစ်သည်။ စာသား က မာတ်မီး မပိတ်ဘဲထားသဖြင့် သူတို့မျက်နှာတွေကိုတော့ မြင်နေရ၏။ ရှ ဆံပင်ကောက်ကောက်၊ ဖုတ်သိုက်နှင့် ညာဘက်ပါးရိုးနားမှာ ကျည်းစေ့လောက် အမှတ်မည်းကြီး ရှိနေသည်။

စာသား က ထိုသူကို စေ့စေ့စပ်စပ်ကြည့်၍...

"မင်းက ငါ့ကို မသိပေမယ့် ငါက မင်းကို သိတယ်၊ ပြောပြ မလား..."

"ဟေ့..."

မင်းကြည်ဖြူ ပျာပျာသလဲ ဖြစ်သွားသည်။ သူ တကယ် ထိတ် လန့်သွားတာဖြစ်၏။ ဒီလူနှစ်ယောက်ကို မြို့က သွားခေါ်လာသည် အားလုံးကို အသိပေးထားခဲ့တာ။ ထို့ကြောင့် ရုပ်ပျက်ဆင်းပျက် ထိတ် လန့်သွားခဲ့ပြီးမှ သတိရကာ...

"စာသား..၊ မင်းကို လူမမာဆောင်မှာနေဖို့ တာဝန်ပြောင်းထားတာ မို့လား၊ ခြံထဲ ဘာဆင်းလုပ်တာလဲ..."

မေးလိုက်ပြီးမှ မှားပြန်ပြီကို သိသည်။

"အဟွန်း..၊ ဦးလေးက သူ့ကို ကူညီချင်ရင် ခြံကိုလဲ စောင့်ရှောက် ပါတဲ့.."

မင်းကြည်ဖြူ မျက်နှာ ကွက်ခနဲ ပျက်၏။

"သူ့တူလေးဖြစ်တဲ့ မင်းကို ကူညီပြီး လိုအပ်တာ ဖြည့်ဆည်းပါ တဲ့.."

ပြောပြီး မြေသားတွေပွနေတဲ့ဆီ မျက်နှံပင့်ပြကာ...

"ဘာတူးနေတာလဲ..၊ ငါ ကူပေးမယ်..."

"မင်း..."

မင်းကြည်ဖြူ မျက်လုံးပြူးသွားပြီးမှ မျက်နှာ ဖျတ်ခနဲ လွှဲ၍





တွတ်သည်။ ပြီးတော့ ပြန်လှည့်လာသည့်မျက်နှာမှာ အဆမတန် သများနှင့် လက်ညှိုးငေါက်ငေါက်ထိုးကာ...

"ဟိတ်ကောင်..၊ မင်း... မင်း ထွက်သွားစမ်း.. သွား..၊ ငါဟာ ဘာလုပ်နေနေ မင်းကို ရှင်းပြနေဖို့ မလိုဘူး.."

"ကိုမင်း..၊ ဒီကောင်မျိုးကို နည်းနည်းပညာပေးဖို့ လိုတယ်နော်"

အရေးထဲမှာ ဒီသတ္တဝါတွေက တစ်မျိုး..။ မင်းကြည်ဖြူ မျက်နှာ ပြီး မာတ်မီးရောင်အောက်မှာ ပြုတ်ပြတ်ကျမတတ်ရှိကာ...

"ပြောနေတာ ကြားလား စာသား..၊ မင်း ငါနဲ့ ဒီလောက်ထိ တိုက်အခံဖြစ်ရဲနေတာ ဘာလဲ.."

စာသား က မာတ်မီးနှင့် ဟိုဝေ့ဒီဝေ့ထိုးလိုက်ပြီး ရယ်သည်။ နောက်ကလူနှစ်ယောက် ကြိမ်းမောင်းနေတာကို စိုးရိမ်ပုံလည်း မရ၊ ရှလည်းမစိုက် ကျောပေးထားသည့် အနေအထားကနေ နည်းနည်း လေးမှ ငဲ့မကြည့်ဘဲ နေ၏။ ပြီးမှ...

"သိပ်ပျာမနေနဲ့ မင်းကြည်ဖြူ..၊ စာသားညီ ဆိုတဲ့ကောင်က ဆိုင်ဘူးထင်ရင် လူစင်စစ်ကနေ ချိုပေါက်နေတယ်ဆိုရင်တောင် စိတ်မဝင်စားဘူး၊ ငါ့အတွက် အလုပ်ရှင်တွေ၊ အလုပ်သမားတွေဆိုတဲ့ ည်းလဲ မရှိဘူး၊ ဒီအိမ်မှာ ငါ စိတ်ဝင်စားတာ ဦးလူမော်အောင် ဆိုတဲ့ လူမမာ..."

ပုလဲအိမ် ရောမပါဘူးလားလို့ မေးလိုက်ချင်သည့်မျက်နှာ မချို မချဉ်ကို စာသား က စိုက်ကြည့်၏။

"ဒီခြံကို ဂရုစိုက်ဖို့ ငါ့မှာ တာဝန်ရှိတဲ့အတွက် ဒီခြံထဲက မြေ တစ်မှုန်တောင် လေမတိုက်ဘဲ မလွင့်ရဘူး"

ပြောနေရင်း တူးထားသည့်မြေချိုင့်ဆီကို မာတ်မီးထိုးလိုက်

"မင်း ဘာရှာနေတာလဲဆိုတာ စိတ်မဝင်စားပေမယ့် လူပန်းမဖြစ်ရအောင် ငါ ပြောပြမယ်..."



www.burmeseclassic.com

www.burmeseclassic.com



စာသား က ခြံစပ်တစ်နေရာက ကုက္ကိုပင်ကြီးဆီကို ဓာတ်မီး လှမ်းထိုးပြလိုက်ပြီး မျဉ်းဆွဲသလို ဖော့ဝိုက်ဆွဲချသွားကာ...

"ဟောဟို ကုက္ကိုပင်ကြီးကနေ ဒီနားအထိပဲ အစက ခြံ ရှိတာ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ နောက်က ကန်စွန်းခင်းပိုင်ရှင် အခင်းကို တစ်ဝက်ခြမ်းရောင်းသွားလို့ ဒီခြံနောက်ကို တိုးခတ်လိုက် တာ..."

မင်းကြည်ဖြူ မျက်လုံးတွေက စာသား လှုပ်ရှားပြနေသည့် ဓာ မီးရောင်အတိုင်း ဟိုဒီ ပြေးလွှားလိုက်ပါနေကာ စကားတစ်ခွန်းမှလည် မပြောနိုင်..။ စာသား က သေးကို နှစ်လှမ်း,သုံးလှမ်း လျှောက်သွား ပြန်လှည့်ကြည့်ကာ...

"ရှေးဟောင်းရတနာပစ္စည်း တစ်ခုခုများ တူးဖော်နေတာဆို တော့ နေရာလွဲနေပြီ.."

သိသိကြီးနှင့် ခနီးခနဲ့ပြောတာကို ခံနေရသဖြင့် မင်းကြည် ခံရခက်နေ၏။ သူ ဘာရှာနေတာလဲဆိုတာ ဒီကောင် သိနေပြီလား

ဒါဆို.. ဖေဖေရယ်..၊ ဘာဘာရယ်..၊ သူနှင့် ရှုပ်ထွေးရစ်ပတ် ကြသည့်ကိစ္စတွေကိုရော သိထားသလား..၊ ဒါမဖြစ်နိုင်..။

ဒီလောက်အထိ အတွင်းရေးတွေကို ပြောပြတဲ့အထိတော့ ဘာ မဖြစ်နိုင်ပေ။ ချောက်ချားသွားသည့်စိတ်ကို အရှိန်မီ ပြန်ထိန်းလိုက် သည်။ ဒါပေမယ့် ဟန်ကိုယ်ဖို့ မာန်သူဖို့ဆိုသည့် စကားကြီး စကား ကျယ်တွေပြောဖို့ ရုတ်တရက်စကားရှာမရဘဲ ဖြစ်နေ၏။

စာသား က သူ့ကိုပဲ စိုက်ကြည့်နေကာ...

"ဆန္ဒရှိရင်တော့ ဆက်တူးပေါ့..၊ ဒါပေမယ့် ဒါတွေ မလိုပါဘူး ဖို့ထားတဲ့မြေကြီးတွေပဲ လက်နဲ့ယက်ထုတ်ရုံနဲ့ ဝင်အိပ်လို့ရတယ်"

"အောင်မာ!... မင်းက..."

"တောက်.."





လှည့်ထွက်လာခဲ့ပေမယ့် နောက်မျက်စိက ကြားနေသမျှကို သူ သိနေသည်။ မင်းကြည်ဖြူ တို့ သူ့ကို ရန်ပြုဖို့ထိ မလှုပ်ရှားကြပါ။ တက်ခေါက်သံကတော့ လူစေ့အောင် ခေါက်နေသလို ခပ်ဝေးဝေး ရောက်တဲ့အထိ ကြားနေတုန်း..။

မင်းကြည်ဖြူ မျက်မှောင်ကြီးကြုတ်လျက် မှောင်မည်းမည်းထဲ ပြေးလွှားဝေးကွာသွားသည့် စာသား ၏ဓာတ်မီးရောင်ကို ငေးနေခဲ့သည်။

တစ်ယောက်က စိတ်မရှည်သည့်မျက်နှာနှင့် ဖွင့်ထားသည့် မီးအိမ်လေးကို မှိတ်ပစ်လိုက်၏။

"မင်းက ဘာလုပ်တာလဲကွ.."

"မသိဘူးလေ..၊ ဘာဆက်လုပ်ရမှန်းမသိလို့ပေါ့၊ သူ စဉ်းစားနေ တုန်း မီးပိတ်လိုက်တာ၊ တော်ကြာ အားကုန်သွားရင် ဘယ့်နှယ်လုပ် မလဲ"

သူ့ကို မမေးရဲဘဲ နှစ်ယောက်သား ဖြစ်နေကြတာတွေကို မင်း ကြည်ဖြူ ကြားသည်။ ဒါပေမယ့် သူ ဘာမှမပြောဖြစ်ဘဲ ဒီတိုင်း ငိုင် နေဆဲဖြစ်သည်။

သူ့စိတ်ထဲမှာ အထူးတလည် တွေးနေတာက စာသား ဆိုတဲ့ ကောင် ဘာကောင်လဲ..၊ ဒီခြံကြီးထဲမှာ သူ ဘာရှာနေသလဲဆိုတာကို သိနေသည့် မျက်လုံးတွေက ရူးရူးရဲရဲ။ မဟုတ်သေးပါဘူး..၊ ညကြီး မင်းကြီး သူကိုယ်တိုင်က မသင်္ကာစရာလုပ်နေခဲ့လို့ ဒီလို ပြောသွား တာပါ..။

သူ့ရင်ထဲမှာ စာသား က အကောင်ကြီးဖြစ်လိုက် ဘာမှမဟုတ်တဲ့ အကောင်သေးသေးလေး ဖြစ်သွားလိုက်..။

ပြီးတော့ နောက်ကနှစ်ယောက်ကို လှည့်ကြည့်မိပြန်သည်။ သူတို့ ကတော့ မင်းကြည်ဖြူ တစ်ခုခု အမိန့်ပေးခိုင်းစေတော့မည့်အခါကို စောင့်ဆိုင်းနေကြသော နှစ်ယောက်စလုံးက နားစွင့်သည့်မျက်နှာတွေနှင့်..။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြည်ဖြူ သည် အတိတ်မေ့သွားသူကဲ့သို့ ကြည့်နေရင်း
တဲ့အတိုင်း သူ့အတွေးနှင့်သူ မျက်နှာပြန်လွှဲသွား၏။ သူ့ခေါင်းထဲ
စာသားညီ..။

ဒီနစ်ယောက်ကို သိနေရက်နှင့် ဘာမှမပြောဘဲ ထားခဲ့သည်
တော့ ကျန်တာတွေကို မသိဘူးဆိုတာ ဖြစ်နိုင်ရဲ့လား..။

ခေါင်းတစ်ခုလုံး ထုံပူလာသလိုပင်..၊ သူ ဘာဖြစ်နေသည်၊
ဆက်လုပ်ရမည်ဆိုတာ ညွှန်ကြားနိုင်သူ တစ်ယောက်တည်း ရှိသည်
ထိုသူက...





## အခန်း ( ၃၆ )

"ဘာ... စာသားညီ..၊ ဟုတ်လား..."

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းတောင် မသိလိုက်ဘဲ ကန်ထဲ ထည့်ဖို့ ဖွင့်ထားပြီးသည့် ဆပ်ပြာဘူးက လွတ်ကျသွား၏။

"နေဦး.. နေဦး...၊ တောက်... ခွီးတဲ့မှပဲ.."

ဦးရာဇ ကိုယ့်လက်ကို ဒေါသဖြစ်ရင်း ကမန်းကတန်း လိုက်ကောက်သည်။ ဒါတောင် ထွက်ကျကုန်တာ မနည်းမနော..။

ဆပ်ပြာဘူးကို ဘေစင်မှာပြန်တင်ကာ ရေချိုးဖို့ ပြင်ထားသည့်အတိုင်း ဘောင်ပတ်လျက်နဲ့ပဲ အပြင်ကို ပြန်ထွက်လာမိသည်။

အိမ်မှာ အလုပ်သမား များများမရှိပေ။ ထမင်းချက်အမျိုးသမီးကြီးတစ်ဦးနှင့် သူ တောက်တိုမယ်ရခိုင်းသည့်အပြင် ကားလည်း မောင်းရသော မောင်ဝင်း ဆိုသူတစ်ယောက် ဒါပဲရှိ၏။

ထို့ကြောင့် ရေချိုးဖို့ အသေးအမွှား ဗာဟီရလုပ်ကိုင်ပေးရန်ဆို ကိုယ်ထူကိုယ်ထပဲ..။

"ဖေဖေ..."

"ပြော.. ဆက်ပြော..."

"စာသား ဆိုတာနဲ့ ဖေဖေ ဘာဖြစ်သွားတာလဲ၊ ဒီထောင် [illegible]
သိလို့လား.."



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့..."

"အစကတည်းက ငြိမ့်ခဲ့တာလား"

"အစက ဘာမှ..."

"အဲဒါများ ဖေဖေရာ..၊ ဒီလိုကောင်နဲ့ ဘာညာရှိခဲ့တာတွေ၊ နည်း နည်းပါးပါး ပြောပြပါတော့လား..၊ ကျွတ်!... ဒါ မေ့နေစရာလား"

"ဟော့ မင်းကြည်ဖြူ..၊ မင်းအဖေ ငါပြောဖို့ထားပါဦး၊ ဘယ့်နှယ် မင်းပဲပြော..၊ မင်းပဲဖြေ.."

"မြန်မြန်ပြော ဖေဖေရာ..၊ ဒီကောင့်ကို ကျွန်တော် အစိမ်းလိုက် ဝါးစားချင်နေတာ"

ကိုယ့်သားအသံ ကြားကတည်းက ဘယ်လောက်ထိ ဦးနှောက် ခြောက်နေရပြီမှန်း ဦးရာဇ တွေးမိလိုက်၏။

စာသားညီ..၊ မင်းလိုကောင် တောကြိုအုံကြားရောက်နေလို့ တော် သေးတာပါလား။ လမ်းပြအတွက် တောထဲကို အတူခေါ်သွားစဉ် သတိ တရ မမေ့နိုင်စရာအဖြစ်တွေကို ပြန်တွေးမိသည်။

တောနက်ပြီး သူကိုယ်တိုင် မျက်စိလည်သွားတော့ ရှောရှော ဦးဆောင်ခေါ်သည်။ လမ်းမှန်ရောက်ကြတော့ ငွေချေထားသည့် ရထ စေ့ပြီဆိုပြီး ချက်ချင်း ပြန်လှည့်သွား၏။

"ငါတို့ ဘယ်မှာမှ မသွားရသေးတာ..."

"ဟုတ်တယ်..၊ မင်းကြောင့်ပဲ မျက်စိလည်နေတာ.."

"မျက်စိလည်သွားတာ ခင်ဗျားတို့ ကံကောင်းတာပါ၊ မဟုတ်ရင် အဲဒီနေရာမျိုးကို ရွှေနဲ့စက်ခေါ်တာတောင် ကျုပ် မလိုက်ဘူး"တဲ့..။

အပြောကလည်း ပြတ်သည်။ လုပ်သွားတာလည်း ရှင်းပါသည်။ တောကြီးထဲမှာ ဦးခန့်စည် ကို တောဝက်လိုက်တော့ သူသာမရှိရင် မလွယ်..။ သေနတ်ပါတယ်ဆိုပေမယ့် တကယ့်အသက်ဘေးနှင့်တွေ့ တော့ အတွေ့အကြုံမရှိ၊ ပညာမကြွယ်ဘဲ ခုခံဖို့လည်း သတိမရ





သတိရလို့ လှည့်ပစ်တော့လည်း မထိ။

ပြီးတော့ နောက်တစ်ယောက်ကို မြွေပေါက်ခံရသည်။

"ထိုင်လိုက်..၊ ငြိမ်ငြိမ်လေးနေပြီး မျက်လုံးမှိတ်ထား..၊ အသက် မှန်မှန်ရှူ..."

"ဒီလောက်နာနေတာကို အသက်မှန်မှန်ရှူနိုင်မလားကွ.."

"သေချင်ရင်တော့ ကယောင်ချောက်ချား အော်ပေါ့.."

အပြောဆိုးပေမယ့် သေမှာကြောက်တော့လည်း ကိုဇော့် ခများ ချက်ချင်း ပါးစပ်ပိတ်သွား၏။ ခြေကျင်းဝတ်အထက်ကနေ ကြိုးနှင့် ချည်လိုက်ပြီး သူ့ခါးကြားထဲက ဓားမြှောင်ကို မီးကင်နေတာ ညိုလဲ့လဲ့ ရဲလာတဲ့အထိ..။၊

"မင်း... မင်း... ဘာလုပ်မလို့လဲ.."

ကိုဇော် မေးနေတာ မဆုံးသေးခင် မြွေစွယ်ရာတွေရှိနေသည့် ပတ် လည်ကို ဓားနှင့် ထိုးခွဲပစ်လိုက်၏။ ကိုဇော် ထွန့်ထွန့်လူးသွားကာ အသံကျယ်ကြီး ထ,အော်တော့...

"ဒီတိုင်း ရပ်နေလိုက်ရမလား.."လို့ မေးတာ မခံချင်စရာ..။

"ကဲ... လုပ်ပါ၊ မင်းကို ဆရာတင်ပါတယ်ကွာ.."

ကိုယ့်မိတ်ဆွေကို စိုးရိမ်စိတ်နှင့် သူကိုယ်တိုင် ဝင်တောင်းပန်ခဲ့ ရသည်။ စာသား ဆိုတဲ့ကောင် အနေစုတ်ပေမယ့် ကလေကချေရှုပ် ပေါက်နေတာလည်း မဟုတ်ပါ..။

စိတ်ဓာတ်မမှန်ဘူး ပြောရအောင်ကလည်း စကားကို အမျိုးမျိုး ပြောင်းလဲပြောဆိုနေတာမဟုတ်ဘဲ ဒါ့ဆိုဒါ..၊ တစ်ထစ်ချ တစ်ယူသန် လွန်းလို့ ခက်နေသည်။

ဒီလောက် လူနဲ့သူနဲ့ မဆက်ဆံတတ်အောင် ဘယ်လိုမိဘက မဆုံးမ မပြုပြင်ဘဲ မွေးထားသလဲ..။

သူ ဒီတိုင်း တွေးခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိလည်ခဲ့သည့်ရေိယာက လွတ်မြောက်လာသည်နှင့် လမ်းပြ ဆို လမ်းပြရုံသက်သက်ပဲနေကာ ဘာမှသူ ဘာဖြစ်နေလို့မှ စောင့်ရှောက် ဖော် မရ..၊ ငဲ့မကြည့်..၊ မကူညီ..။

တစ်နေရာမှာ ဦးပြည်တန် ဆူးခြစ်မိပြီး ခြေထောက်တစ်ဖက် ထုံကျဉ်လာသည်ဟု ဆို၏။

"ငါလဲ ဖြစ်ပြီကွ..၊ ဆူးခြစ်မိတုန်းက နာရုံပဲမှတ်တာ၊ ခြေထောက် တစ်ချောင်းလုံး ဆွဲလာပြီး လှမ်းလို့မကောင်းတော့ဘူး၊ လုပ်ပါဦး— ဘာဖြစ်တာတုံး..၊ ဒီဆူး အဆိပ်ပြင်းသလား..၊ ဘာဖြစ်လာနိုင်သလဲ—"

ဦးပြည်တန် အကြီးအကျယ်ထိတ်လန့်ကာ ခြေထောက်ထောနင်း ထောနင်းနှင့် စာသား ကိုပဲ ပြေးလိုက်မေးသည်။

"ဘယ်သိမလဲ..၊ ကျွန်တော်က သစ်ကိုင်း,သစ်ရွက်ကအစ သိရှ ရအောင် သမားတော်မှ မဟုတ်တာ.."

ပြောပြီး တကယ်ပင်လှည့်မကြည့်ဘဲ သွား၏။ ဒီထဲမှာ လူ ကောင်းအတိုင်းကျန်သည့် ဦးရာဇ သာ နှစ်ယောက်ပေါင်း လွယ်ပိုးစရာ တွေကို သူပဲ သယ်ရတော့သည်။

ရွာမှာကတည်းက 'ပစ္စည်းမသယ်နိုင်ဘူး'လို့ ပြောခဲ့ပြီးသားမို့ ဒီလောက်ပြတ်သားသည့်လူကို သူလည်း အကူအညီ မတောင်းခဲ့ပါ။ တောင်းလည်း အလကားဆိုတာ သိပြီးသား..။

သမားတော်မဟုတ်ဘူးဟု ပြောခဲ့သည့်လူက ဦးပြည်တန် လုံးဝ လမ်းမလျှောက်နိုင်ဘဲ ငုတ်တုတ်ထိုင်ကျသွားသည့် အခြေအနေကျမှ...

"အဲဒါ မျောက်မူးဆူး..၊ ဘာမှမဟုတ်ဘူး၊ ခင်ဗျား တံကောက် ခွက်က သွေးကြောဆုံနဲ့ငြိသွားလို့ ခံရတာ၊ အသက်နဲ့ အဝေးကြီး"တဲ့..။

ဦးပြည်တန် မျက်လုံးကြီးပြူးထွက်လာတာကို သူ ခုထိ မြင် ယောင်နေပါသေးသည်။

"မင်း ငါ စူးမိတဲ့ဆူးကို သိတယ်ပေါ့..၊ ငါ ဘယ်ကို ထိသွား





ဘယ်ဆိုတာရော ဘယ်လိုလုပ်သိလဲ.."

ဦးပြည်တန် မေးမှ သူတို့ပါ အံ့သြကြရသည်။ ဆူးစူးမိလို့ ဦးပြည်တန် 'အား'ခဲနဲ့ အော်လိုက်တာတော့ ရှိသည်။

အော်လိုက်တုန်းက လှည့်ကြည့်လိုက်တာပဲထား ခြစ်မိတဲ့နေရာ ကို ပြောနိုင်တာတော့ အံ့သြစရာပါ။ စာသား က ဘာမှမဖြေဘဲနေ တော့...

"မျောက်မူးဆူးဆိုတော့ မူးရုံပဲ မူးတာပေါ့..၊ ကျုပ်ခြေထောက် ဒုက္ခတော့ မဖြစ်နိုင်ဘူးပေါ့နော်"

"ဟုတ်တယ်..၊ ဒါပေမယ့် နှစ်ဆယ့်လေးနာရီတော့ ခံနေရမှာပဲ"

"တော်သေးတာပေါ့ကွာ.."

ဟု အားရပါးရပြောပြီး ကျေနပ်နေကြတုန်းပဲ ရှိသေးသည်။ ဘယ်ကနေဘယ်လို ထွက်လိုက်ရင် လမ်းမြင်ရပြီလို့ပြောကာ စာသား တို့ ထွက်ဖို့ပြင်၏။

"ဒီမှာလဲ လူမမာနဲ့ကွာ..၊ မင်း မရှိဘဲ ဖြစ်မလား၊ မတော်လို့ လင်း မတွေ့ရင် ကျုပ်တို့ ဘယ်လိုလုပ်မလဲ.."

"အေးလေ..၊ မင်းက ဝင်လာတဲ့လမ်းပေါ် ရောက်ပြီသာဆိုတယ် ငါတို့ မှတ်မိထားခဲ့တာလဲ ဘာမှမတွေ့ဘူး၊ တို့ ဒီည ဒီနားမှာ နားမယ် ကွာ..၊ လူမမာလဲ ရှိတော့..."

"နားပေါ့..၊ ကျွန်တော် ငွေယူထားတဲ့ရက်က ဒီမနက်ထိပဲ၊ အဲဒါ ကြောင့် စောင့်မပေးနိုင်ဘူး"

"မင်း တော်တော် ငွေစကားပြောပါလား စာသားညီ..."

"ငွေကြောင့် ခင်ဗျားတို့ လမ်းပြခေါ်တဲ့နောက် လိုက်တာလေ... စေတနာ၊ မေတ္တာတွေနဲ့ လမ်းခင်းစရာ ဘာလိုလို့လဲ.."

"ဒါပေမယ့် ကျုပ်တို့က လူကြီးတွေကွ..၊ မင်းအစောင့်အရှောက် ကြတာ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အဖေက စားစရာမရှိမှ အသက်နဲ့ရင်းပြီး တောထဲဝင်ဝမ်းစာရှာတာ..၊ အပျော်ခရီးထွက်ဖို့ တောထဲကို တစ်ခါမှ မဝင်ဘူး"

"ဘာပဲဖြစ်ဖြစ် ငါတို့လိုလူတွေရှိနေလို့ မင်းတို့ ငွေကိုင်ရတာ မဟုတ်ဘူးလား.."

"ဟွန်း..၊ လိုချင်တာ အဲဒါပဲ၊ ဟုတ်တယ်.. ငွေက အဓိက..၊ အခု ထပ်နေစေချင်ရင် နေဖို့အတွက် ထပ်ပေး..၊ မပေးရင် မနေနိုင်ဘူး"

"တောထဲတောင်ထဲလာတာ ဘာသုံးဖို့မှ မရှိတဲ့ဟာ၊ ကျုပ်တို့က ပိုက်ဆံအိတ်ကြီး ဆောင်လာပါ့မလား..၊ အပြန်ကျရင် မင်း ရစေရမယ်"

"အပြန်က အခုလောက် မသေချာဘူး ဦးရာဇ..၊ ကျုပ်ခေါင်းထဲမှာ မသေချာတာဆိုရင် လက်ခုပ်တီးလိုက်ဖို့တောင် စိတ်မဝင်စားဘူး" တဲ့..။

စာသား ဆိုတဲ့ကောင် အဲဒီလောက်ထိပါ။ တောထဲမှာပဲ ဦးရာဇ ကိုယ်တိုင် စိန်လက်စွပ်ကိုချွတ်ပေးပြီး အပေါင်ထားခဲ့ရသည်။

ဘာဖြစ်လို့မှန်း မသိပေမယ့် ဒီလိုကောင်မျိုးက ကလိမ်ကကျစ် လုပ်မယူလောက်ဘူးဆိုတာကိုပါ ယုံကြည်ပြီးသား ဖြစ်နေခဲ့သည်မို့ လက်လွှတ်စပယ် ချွတ်ပေးခဲ့တာဖြစ်၏။ သမိုင်းကြောင်းက ဤသို့ ရှိခဲ့သော စာသားညီ..။

ဒီကောင်က ဘာဖြစ်လို့ အစ်ကိုကြီးအိမ်ထဲ ရောက်သွားတာလဲ..၊ မျက်စိထဲမှာ အစ်ကိုဖြစ်သည့် ဦးလူမော်အောင် ကို မြင်ယောင်လာ၏။ အစ်ကိုကြီးကိုယ်တိုင် လူမိုက်ငှားထားတာမှလွဲ၍ ဘာမှမဖြစ်နိုင်..။

ဖုန်းကိုင်ရင်း ဘာစကားမှမပြောနိုင်ဘဲ ဟိုဘက်ကနေ မင်းကြည်ဖြူ စိတ်ပျက်ညည်းညူနေသမျှကိုလည်း ကြားနေရကာ ဦးရာဇ အတန်ကြာ ဆွံ့အနေခဲ့၏။

"ဖေဖေ ကြားလား..၊ အဲဒီကောင် အဲဒီလောက်ထိ စွက်ဖက်နေပြီ၊ ပုလဲအိမ် ကအခု သူ့ကိုကျတော့ ကြည်ကြည်ဖြူဖြူ..၊ ကျွန်တော်က





တားကောင်..."

"... ... ..."

"ခြံထဲမှာရှာတာလဲ သုံးနေရာရှိပြီ၊ ဘာမှ မရှိဘူး..၊ အိမ်ပေါ်မှာလဲ ကြည့်ခန်းဆိုလို့ ရှာနေတာ..၊ ကြမ်းတစ်ချောင်းချင်း လှန်ရုံပဲ ရှိတော့ တယ်.."

"... ... ..."

"အဲဒါ ဖေဖေ အစမကောင်းခဲ့တာ၊ ဒီကောင်မလေးကို စေတနာ ရှိတာတွေ၊ အမွေတွေ မပေးချင်တာတွေ အများကြီး ပြောခဲ့တာကိုး..၊ ကျမှ သားနဲ့ လက်ထပ်ပေးချင်တယ်ဆိုတော့ ဘယ်သူက ယုံတော့မှာ ကျွန်တော့်မှာလဲ တောခနပုဒ်ကျမှ ကိုယ့်ကိုယ်ကို ဘာကောင်ဖြစ် နေမှန်းတောင် မသိတော့ဘူး"

"သား.. နေဦး..၊ ခဏ နေဦး..."

"နေပါတယ်..၊ ဖေဖေက ဘာတစ်ခွန်းမှ မပြောလို့၊ ပြောနေ ရတာ..."

"ပစ္စည်းတွေ ဘယ်မှာရှိတယ်ဆိုတာ ရှာဖို့ကို စိတ်ပျက်လို့ မရဘူး သား..၊ ဒါပေမယ့် ဒီကိစ္စကို အလောတကြီးသွားလုပ်လို့လဲ မဖြစ်ဘူး..၊ မင်းလုပ်လိုက်တာတွေ၊ ခြေလှမ်းစိပ်သွားတာကိုး..."

"မဟုတ်ဘူး စာသားညီ ဆိုတဲ့ကောင် မရှိရင် ဒါဟာ တော်တော် မျှင်းစရာကောင်းတဲ့ ကစားပွဲဖြစ်နေမှာ..၊ ခုတော့ ဒီကောင် ဖေဖေ..."

"ဟုတ်တယ်..၊ ဒီကောင်ရှိနေလို့ လုံးဝ မဖြစ်ဘူး၊ ဘာဖြစ်လို့ ရှိနေရတာလဲဆိုတာ ဖေဖေကိုယ်တိုင် အစ်ကိုကြီးကိုမေးမှ ဖြစ်မယ်၊ ရှင်းစရာရှိတာကို မရှင်းလို့ မဖြစ်ဘူး၊ မင်းပစ္စည်းတွေကိုတွေ့ရင် ကျန် တဲ့ကိစ္စတွေ အသေးအဖွဲတွေပါ၊ ဒေါသဖြစ်စရာကောင်းတာက ဒီ ကောင် စာသား ကို ခေါ်ထားတဲ့ကိစ္စပဲ..၊ တစ်သက်လုံး အစုတ်အပြတ် လို သူမျှားထင်အောင် တမင်နေလာပြီးတော့ ခုမှ ဘာဖြစ်ချင်လဲ..၊



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင် ဒုက္ခတဖြစ်နေရင်တောင် ကြားလို့ကောင်းသေးတယ် ခုတော့..."

"ဖေဖေ..."

"ဟင်..၊ ဘာလဲ.."

"ကျွန်တော် ဝန်ခံစရာ ရှိတယ်"

"ဘာလဲ..၊ ပြောလေ..."

တစ်ဖက်က စကားသံ ချက်ချင်းထွက်မလာတော့ ဦးရာဇ စိတ်ဝင်စားသွား၏။

"သား...၊ ပြောလေကွာ..."

"ကျွန်တော် ဖေဖေ့အမိန့်ကိုမစောင့်ဘဲ ပြစ်မှုတစ်ခု ကျူးလွန်မိတယ်"

"ဟော!..."

ဦးရာဇ ထိတ်လန့်သွား၏။

ဘာလဲ..၊ ဒီကောင် ကောင်မလေးကို မတော်မတရား ပြုလိုက်ပြီလား..၊ စိုးရိမ်နေတုန်း မင်းကြည်ဖြူ ဝန်ခံလာသည့်စကားသံတွေ တစ်လုံးချင်း နားထဲဝင်နေ၏။

စိုးရိမ်သည့်မျက်နှာမှာ နှုတ်ခမ်းဖျားပါ ဖွင့်ဟသွားခဲ့ပြီ...

"မင်း... မင်း... အစ်ကိုကြီးကို.. ဟုတ်လား..၊ မင်း မိုက်လှချည်လား မင်းကြည်ဖြူ"

ဦးရာဇ အသံတွေ တုန်နေ၏။ လောဘသက္ကာယတွေကြောင့် သူ့အပြုအမူ၊ အပြောအဆိုတွေ မှားချင်မှားမည်၊ ရိုင်းခဲ့တာလည်း ရှိနိုင်သည်။ ဒါပေမယ့် အစ်ကိုတစ်ယောက်လုံးကို သေကြောင်းကြံဖို့အထိတော့ မမိုက်သေးပါ..။

ကိုယ်ထိလက်ရောက်မဟုတ်ဘဲ ကြောင်ကို အသုံးချခဲ့လို့ သူ့မှာတောင် ဒုက္ခရာတွေ့ရခဲ့သည်ဟု မင်းကြည်ဖြူ က တောင်းပန်သလို





ပြောနေ၏။

"ဖေဖေက ဖေဖေ့အစ်ကိုကို ထိတော့ ကျွန်တော့်ကိုတောင် အပြစ်ခြင်သွားပြီပေါ့"

"မဟုတ်သေးဘူး သား..၊ ဒါပေမယ့်..."

"ဖေဖေ ကျွန်တော့်နေရာမှာ စထားနေကြည့်စမ်းပါ၊ ဘဘ ပြောတာဆိုတာတွေက သူ့တူအရင်းမဟုတ်ဘူးဆိုတဲ့ မာနမျက်လုံးတွေနဲ့ သိပ်မောက်မာတာ..၊ စာသား လိုကောင်နဲ့တောင် တန်းတူ မဆက်ဆံခဲ့ဘူး၊ အဲဒါကို ကျွန်တော် မခံစားနိုင်တော့လို့ မှားခဲ့တာ..."

ဒါဆို မှန်းလို့ပေါ့..။

လူသားပီပီ ငယ်လည်းငယ်သေးတဲ့အရွယ်မို့ လောဘစိတ်နှင့် မှားသွားပါသည်ဆိုရင်တောင် တော်သေးသည်။

"ဖေဖေနဲ့ ဘဘ ဘယ်လို နားလည်မှုတွေနဲ့ ပတ်သက်နေကြသလဲတော့ မသိဘူး၊ သူ့မျက်နှာကြီးက ကျွန်တော့်ကို ဖေဖေနဲ့ပတ်သက်ပြီး ငဲ့ကွက်စရာလူလို့တောင် သတ်မှတ်ထားပုံ မပေါ်ဘူး"

ကိုယ်က သားလို ချစ်ရပေမယ့် တူအရင်း မဟုတ်ဘူးဆိုသည့် အသိနှင့် အစ်ကိုကြီးကတော့ စိမ်းမှာပေါ့။ ဒါကို ကြည့်ရခြင်းအားဖြင့် အစ်ကိုကြီးက ဘယ်လောက်ထိ ညီဖြစ်သူအပေါ်မှာ သည်းခံနေခဲ့သလဲ ဆိုတာ သိသာသည်။

တကယ်ဆို အမွေကိစ္စတွေက အားလုံး ပုံခြမ်းရခဲ့ပြီးသား။ ဒါကို အမွေဖြတ်ခဲ့သည့်သတင်းစာတစ်စောင်ကို ကိုင်ထားပြီး အိုးအိမ် ဆိုသည့် အစ်ကိုရင်းတစ်ယောက်လုံးက မွေးခဲ့သည့်သမီးကို အမွေမပေးရေးအတွက် သူ အပြင်းအထန် တားဆီးခဲ့သည်။

ထို့ပြင် အစ်ကိုကြီးရဲ့အမွေတွေကိုပါ သူပဲ လိုချင်ခဲ့၏။ မဖြစ်ဖြစ်တဲ့နည်းနဲ့ တားဆီးမည်၊ ရယူမည်ဆိုတာတွေနဲ့ ခြိမ်းခြောက်ခဲ့တာလည်း သူပဲ..။ သူ ဆိုးရွားမိုက်ရိုင်းနေသမျှ အစ်ကိုကြီးက သည်းခံခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏။ ဒါဟာ ညီအငယ်ဆုံးဆိုသည့် သံယောဇဉ်မေတ္တာတွေနှင့်ဆို သိနေလျက်နှင့် မသိသလို လုပ်ခဲ့သည်။

ကိုယ့်ဘာသာ ထင်သလို အနိုင်ယူနေတော့ သတိမရခဲ့ပါ။ ကိုယ်မွေးထားတဲ့ သားကြောင့် အစ်ကိုကြီး ဒုက္ခတဘ၀ကို ရောက်ရပြီ..။

သိသိသာသာ နင့်သီးသွားသည့်ရင်ထဲမှာ ဘာစကားမှ မထွက်နိုင်အောင် ဖြစ်သွားခဲ့သည်။

နောက်ထပ် သူမသိအောင် လုပ်ထားတာတွေများ ရှိနေသေး လား..။

"သား..."

"ပြောပါ ဖေဖေ..၊ ဖေဖေ ကျွန်တော့်ကို စိတ်ဆိုးသွားတာလား ပြောစရာရှိတာ ပြောချလိုက်ပါ.."

"မင်း နောက်ထပ်..."

ဘာတွေလုပ်ထားသေးလဲလို့ မေးမယ့်စကားက ထစ်ငေါ့နေ၏။

တစ်သက်လုံးက ရင်ဝယ်သားလို ချစ်ခဲ့ရသည့်သားအပေါ် 'ဘာ ဖြစ်လို့ လုပ်ရက်တာလဲ'ဆိုသည့် နားမလည်နိုင်ခြင်းက စည်းခြားသွား သလိုပင်..။

"ဩော်... ဆရာ ရှိသလား..၊ ကျွန်တော်က ရေသံကြားလို့..."

သူ ဖုန်းပြောနေသည့် မလှမ်းမကမ်းကို မောင်ဝင်း ကပျာကယာ ပုံစံနှင့် ရောက်လာပြီးမှ ကိုယ်ရှိန်သတ်သွားကာ...

"ကန်ထဲမှာ ရေပြည့်နေပြီ ထင်တယ်၊ ကျွန်တော် ဝင်ပိတ်လိုက် ရမလား ဆရာ.."

သူ ခေါင်းခါပြလိုက်မှ ပြန်လှည့်ထွက်သွားသည်။

ဦးရာဇ ဖုန်းကိုင်ရင်း ပြောမထွက်သည့်စကားကြောင့် ခြေလှမ်း တွေက ရေချိုးခန်းထဲကို အလုပ်မရှိ မလုပ်ရှာ၍ ရောက်လာသည်။





"ဖေဖေ..၊ ဖေဖေ ဘာပြောလိုက်တာလဲ..၊ သိပ်မကြားရတော့ ဘူး—"

ဦးရာဇ ကတော့ အကျယ်ကြီး ကြားနေရ၏။ ရေကျသံကြောင့် ဖြစ်မည်ဟုတွက်ကာ ရေပိတ်ရန် နောက်ထပ် တစ်စိတ်ဝင်လာသည် ကြောင့် လှုပ်ရှားနာကျင်နေသည့်စိတ်နှင့် ရှုပ်ထွေးကာ အရာအားလုံးကို သတိမေ့ခဲ့၏။

သူကိုယ်တိုင် လွှတ်ကျပြီး ဆပ်ပြာရည်တွေ မှောက်ကျထားတာ ကို မေ့လျော့ခဲ့သည်မို့...

"ဟ!... အား..."

ခြေထောက်နှစ်ဖက်စလုံး ချော်ထွက်သွားပုံက တစ်စုံတစ်ယောက် က စုသိမ်းကိုင်မေါက်လိုက်သလို..၊ ပြီးတော့...

ခေါင်းထဲမှာ အုန်းခနဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၇ )

"အေးအေးချမ်းချမ်း ရှိရဲ့လား သမီး.."

"ရှင်!..,"

ဘဘအတွက် ယူလာသည့် ထမင်းပွဲကိုချလိုက်ပြီး ရုတ်တ
ကောက်မေးလိုက်သဖြင့် ပုလဲအိမ် ဘာဖြေရမှန်း မသိ..။

"ဘဘ ဘာလဲဟင်.."

"အစစအရာရာပေါ့ သမီးရယ်..၊ မင်းကြည်ဖြူ ပဲဖြစ်ဖြစ်၊ အ
သူ့ကြောင့်ဖြစ်ဖြစ်ပေါ့၊ အိမ်မှာ ဘာတွေဖြစ်ပျက်နေတာ ဘဘက အ
ပြောမှ သိရမှာ..."

"သြော်... ဟုတ်ကဲ့..၊ အေးချမ်းပါတယ် ဘဘ"

ပြောပြီး မျက်နှာ မသိမသာ ငုံ့သွားတာကို ဦးလှမော်အေ
က တည်ငြိမ်ရိုးစေနေသည့် မျက်ဝန်းများနှင့် အကဲခတ်နေ၏။

"မင်းကြည်ဖြူ အိမ်မှာပဲမို့လား"

"ဟုတ်..."

စုတစ်လော သူ့ဆီကို လုံးဝ ရောက်မလာတာ ကြာပါပြီ။ ဒါလည်
ကောင်းတော့ကောင်းသည်။ ဟန်ဆောင်အပြုံးတွေကို သူ မမြင်ချင်

မင်းကြည်ဖြူ ဆိုသည့်လူငယ်ကို မမြင်မတွေ့ရလေ အရာ
အေးချမ်းလေပါ။





ဒါပေမယ့် ကိုယ့်ဆီရောက်မလာဘဲ လေဖိအားနည်းရပ်ဝန်း
မှာ သွားဖြစ်နေမှာတော့ စိုးရိမ်သည်။

"ဘဘကို စိတ်ဆင်းရဲမှာစိုးလို့ ဘာညာနဲ့ ဒုက္ခ အခက်အခဲဖြစ်နေ
ကို သမီး မပြောဘဲ မထားပါနဲ့၊ သမီးက ရင်ဆိုင်နေရတဲ့သူပေမယ့်
မှာတစ်ခုရှိလာရင် ခွဲခြားဆုံးဖြတ်တဲ့အလုပ် သမီး မလုပ်နိုင်ဘူး၊
တို့ဘဝမှာ အပူမျိုးစုံ၊ ဒုက္ခမျိုးစုံကို ကြုံခဲ့ ကျော်ဖြတ်ခဲ့ရပြီးပြီ၊
ပြီး ဆင်းရဲပင်ပန်းလဲ ဘာမှဖြစ်ဖို့ မရှိတော့ဘူး၊ အဲဒါကြောင့်
မှာ ဘာတွေဖြစ်နေနေ ဘဘ သိပါရစေ၊ မခြွင်းမချန် ပြောပါ.."

ပုလဲအိမ် ဦးလှမော်အောင် ဘေးမှာထိုင်ကာ နားသယ်စပ်မှာ ဖရို
ဆင်းနေသည့် ဆံစလေးတွေကို နားနောက်ထဲကို သိမ်ပြီးရင်း သိမ်၊
ပြီးရင်းညှပ်ရင်းနှင့် တုံတွေးမျိုချနေသည်။ ပြောစရာတွေ အများ
ရှိနေသည်။ ပြောလည်း ပြောချင်နေသည်။ ဘဘကို စိတ်မဆင်း
ချင်လို့ပါ။ ခုလို မေးနေပြီဆိုတော့...

"ပြောလေ သမီး..၊ မင်းကြည်ဖြူ နဲ့ သမီး အဆင်မပြေဘူးမို့
၊ ဒီကောင်လေး ဘာတွေ လုပ်နေလဲ.."

"သူ... ဟို... ညှို့သည့်နှစ်ယောက် ခေါ်ထားတယ် ဘဘ.."

"ဘာ!..."

ဦးလှမော်အောင် ၏ 'ဘာ..'သံက အကျယ်ကြီး မဟုတ်ပါ။
ညြလွန်းသဖြင့် နှုတ်များကနေ လေသံမျှလောက်သာ ထွက်သွားတာ
..။

"ဘယ်ကလူတွေလဲ..၊ ဘာလုပ်ဖို့လဲ..."

"မြို့ကလို့ ပြောတာပဲ ဘဘရယ်..၊ သမီး မသိဘူး၊ ညနေတိုင်း
ရောက်ဝိုင်းဖွဲ့တယ်၊ ညညဆိုလဲ ခြံထဲမှာပဲ ဘာတွေလုပ်နေကြမှ
သိဘူး.."

ဦးလှမော်အောင် မျက်ခုံးထူထူကြီးနှစ်ဖက် စုကုတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



"ဘဘ ထမင်းတွေ အေးကုန်လိမ့်မယ်၊ အရင် စားလိုက်နော်..."

လှမ်းယူဖို့ပြင်လိုက်စဉ် ဦးလူမော်အောင် က လက်ကာပြလို[…] သဖြင့် ပုလဲအိမ် လက်လေး ပန်းကန်ဆီမရောက်ဘဲ ရပ်တန့်သွား[…]

"ဘဘ ပျားရည်နဲ့ဆေး သောက်ထားတယ် သမီး၊ မဆာဘူး"

လို့ပြောပြီး လေးနက်တည်ကြည်သောမျက်နှာမှာ တင်းမာခြင်း[…] တွေ မသိမသာ ဖုံးလွှမ်းလျက်...

"နေ့တိုင်း အရက်ဝိုင်းဖွဲ့နေတယ် ဟုတ်လား.."

ပုလဲအိမ် က ခေါင်းညိတ်ကာ...

"သမီး တစ်ခါ ပြောတယ်၊ သူ့ကို အဖက်မလုပ်ကြလို့၊ သူ့ဘ[…] သာ အဖော်ရှာတာတဲ့..."

"စာသား နဲ့ရော ဘာဖြစ်ကြသေးလဲ.."

"သမီးလက်ကို အတင်းဆွဲ... အဲ့..."

လွှတ်ခနဲ ပြောပြီးမှ ကိုယ့်နှုတ်ခမ်းကို လက်နှင့်ပြန်ပိတ်မိသည်။ တကယ်ပါ..၊ ဦးလူမော်အောင် မျက်ဝန်းတွေ ရှူးရှူးရဲရဲ တောက်လ[…] သွားလျက်...

"ဘာ!... ဒီ.. ဒီကောင်..."

"ဘာမှမဖြစ်ဘူး ဘဘ၊ သူ ဘာမှမကြံစည်ရသေးဘူး စာသား ရောက်လာလို့ ထိုးမယ်ကြိတ်မယ်ဖြစ်ကြတယ်၊ ပြီးတော့လေ စာသား က ပြောတယ်၊ သူတို့အရက်သောက်တာဘာညာ ဘာလုပ်နေနေ သွား[…] မပြောနဲ့တဲ့.."

"ဟင်း..."

သက်ပြင်းရှည်ကြီးချကာ ဦးလူမော်အောင် ခေါင်းအုံးပေါ်မှာ မှေး[…] ကော် မျက်လုံးတွေကိုပါ မှိတ်ပစ်၏။

ညီသားညီ...။ ဒီကောင်လေးကို သူ ယုံကြည်ထိုက်ပြီလား..၊ ရွှေ[…] အေးချမ်းမှု မမြင်ဘူးခဲ့တဲ့ တောသား၊ အမိမဲ့ ကြီးပြင်းခဲ့တဲ့ လူငေ[…]





[…]တလေး..။

သင်းရဲ့ဗီဇ ဘယ်လိုအခြေခံရှိခဲ့သလဲ..၊ စိတ်သွားတိုင်း ကိုယ်မပါ[…]နိုင်တော့သည့်ဘဝမှာ 'ကယ်ပါ၊ ယူပါ'လို့ အော်ဟစ်ပစ်ချင်စိတ်တွေ [ဖြစ်]ခဲ့သည်။ ဘယ်သူလာလာ ဘယ်သူ့ကိုမှလည်း မယုံကြည်..။

ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက် ကျန်ရစ်ရှာသည့် မိန်းကလေး [အ]တွက် ဒုက္ခပေးမည့်သူတွေပဲ ဝိုင်းဝိုင်းလည်နေသည်လား..။

မင်းကြည်ဖြူ သည် ဘယ်လိုလက်နက်နှင့် ဘယ်လို တိုက်ခိုက် [ရ]မည် မသိသလို စာသား ကို အနီးကပ်ထားခြင်းဖြင့် မြွေပွေး [ခ]ါးပိုက်ပိုက်သလို မဖြစ်ဘူးလည်း မပြောနိုင်..။

ဒါပေမယ့် လောလောဆယ်မှာ စာသား က ကာကွယ်ပေးတဲ့ [ဘ]က်မှာ ရှိနေတဲ့ သူ..၊ မပြောမဖြစ်လို့ ပြောပြထားခဲ့ရတဲ့ အမွေအနှစ် ထိစ္စတွေကို သိထားတဲ့သူမို့ သူ့ရင်ထဲကို ဘယ်လို မြင်အောင်ကြည့် ရလဲ..။ ယုံကြည်ချင်ပါသည်။ ဒါပေမယ့် ယုံလို့မဖြစ်ပေ..။

နောက်ဆုံး စိတ်ကူးထဲမှာ ဖျတ်ခနဲ ဝင်လာသည်က မင်းကြည်ဖြူ ဟာ သားအရင်း မဟုတ်ပေမယ့် ညီအရင်းခေါက်ခေါက်က မွေးစား လာခဲ့တဲ့ သား..။ ဒီညီဟာ သူ့တူမဆိုသည့် အသိစိတ်လေးတော့ ရှိကို ရှိနေမှာ ဖြစ်သည်။

ဦးရာဇ ကိုခေါ်ကာ သူလည်း ဒီဘဝ ရောက်နေပြီမို့ အမွေနှင့် တကွ တူမကိုပါ အပ်မည်၊ သစ္စာရှိရှိ ရာသက်ပန် ပေါင်းသင်းပါတော့ လို့ အရှုံးပေး ဒူးထောက်လိုက်သည်ဆိုလျှင်...

"သမီး..."

"ရှင်..."

"မင်းကြည်ဖြူ ရှိနေလား.."

"ခြံထဲမှာ သူ့လူတွေနဲ့ရှိတယ် ဘဘ.."

"ခဏ ခေါ်ပေးစမ်း.."



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်မလို့လဲဆိုသည့် မျက်နှာလေးနှင့် ပုလဲအိမ် ရုတ်တရက် မထပြစ်ပေ..။ ထိုစဉ် မနှင်းအုံ နှာနုတ်သီးစိတ်တွေပါသည့် ပန်းကန် လေးကိုင်၍ ဝင်လာသည်နှင့် ပုလဲအိမ် က ပန်းကန်ကိုလှမ်းယူကာ တစ်ဆင့် ပြန်နိုင်းလိုက်၏။

မင်းကြည်ဖြူ မကြာခင် အခန်းထဲ ရောက်လာသည်။

နို့စိမ်းရောင် ရှပ်အကျီလက်တိုပွပွ၊ ဘောင်းဘီရှည် အညိုရောင်နှင့် မျက်နှာက ရိုကျိုးဟန်နည်းပါးသော မှန်ကုတ်ကုတ်၊ ခပ်တည် တည်..။ သူ့ကိုယ်သူ လူမဟာ ဝင်မေးဖော်မရခဲ့သည့်လူအဖြစ် အားတုံ့ အားနာ ဝင်လာတာမျိုး မဟုတ်ဘဲ အလုပ်ပိုလုပ်နေရလို့ စိတ်ရှုပ်ထွေး သည့်ပုံ..။

"မင်းကြည်ဖြူ..၊ ငါ ရာဇနဲ့ တွေ့ချင်တယ်၊ အကြောင်းကြား လိုက်ပါ..."

"ဗျာ!..."

မျက်နှာသည် ချက်ချင်းပြောင်းလဲသွားလျက် မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ပင့်တက်သွားသည်။ ပြီးတော့ ဦးလှမော်အောင် ကို ကြည့် တာက မယုံနိုင်သလို..။

"ဖေဖေ့ကို..."

"ဟုတ်တယ်..၊ ငါ သူနဲ့ အရေးတကြီး ဆွေးနွေးစရာရှိတယ်.."

"မဖြစ်ဘူး.."

မျာမျာသလဲပြောပြီးမှ စကားထစ်သွားတာ...

"ဖေဖေ နိုင်ငံခြားထွက်သွားတယ်.."

"ဟင်!..."

ဦးလှမော်အောင် က မင်းကြည်ဖြူ ကို စိုက်ကြည့်၏။ သဘော မတူနိုင်ပါဟု ခါးခါးသီးသီး ငြင်းခဲ့ပြီးမှ ကိုယ်ပဲ ပြန်စ,ရတာမို့ စ,ရ ခက်နေတာက သူပါ..။





မင်းကြည်ဖြူ ရုတ်တရက်ကြားပြီး အံ့ဩဝမ်းသာသွားပြီဟု ထင် [illegible]ပြီးမှ မျက်နှာပျက်နေတာကို မသကာ်ဘွာ ကြည့်မိသည်။

"နိုင်ငံခြားသွားတယ် ဟုတ်လား..."

"ဟုတ်တယ်..၊ ကြာလဲ ကြာမှာတဲ့..၊ အလုပ်အရေးကြီးလို့ သူ့ကို [illegible]အနှောင့်အယှက်ဖြစ်အောင် ဖုန်းလဲ မဆက်နဲ့၊ ဘာအကြောင်း [illegible]ဲ လူကြုံမပါးနဲ့တဲ့..၊ တစ်ခါတည်းမှာသွားတာ..."

မဂ်လာကိစ္စကို လက်ခံပြီဆိုတာနှင့် ချက်ချင်း အကြောင်းကြားပါ ဆို့ ပြောသွားပြီးမှ...

"ဘယ်လောက် ကြာမှာတဲ့လဲ"

"မသိဘူး..၊ ပြန်လာရင်လဲ ကြိုအကြောင်းမကြားဘူးတဲ့၊ ကျွန် တော် ဒီကနေ သွားကြိုနိုင်မှာလဲ မဟုတ်တော့ မထူးဘူးလေ..၊ ပြန် ရောက်ရောက်ချင်း ဒီကို တန်းလာမယ်လို့တော့ ပြောတာပဲ..."

"ဒါဆို ရန်ကုန်က အလုပ်ကိစ္စတွေက မင်းလဲ မရှိဘဲ ဘယ်လို လုပ်မှာလဲ.."

"လူယုံတွေ အများကြီး ရှိပါတယ်"

မင်းကြည်ဖြူ က မျက်နှာခပ်လွှဲလွှဲနှင့် ထိုင်လည်းမထိုင်၊ ဦးလှ မော်အောင် ကလည်း ဝင်လာကတည်းက ထိုင်ပါလို့ တစ်ခွန်းမှ မဆို ခဲ့ပေ..။ တစ်ဦးမေတ္တာ တစ်ဦးအပေါ်မှာ ထင်ဟပ်လျက် နွေးထွေးခြင်း က ညှိ့သို့ရှိ၏။

"အေးလေ..၊ ဒါဆိုလဲ ပြန်လာမှပေါ့..၊ တစ်ခုတော့ရှိတယ် မင်း ကြည်ဖြူ...၊ အိမ်မှာ ငါက ဒုက္ခိတပါ၊ ကျန်တာ မိန်းကလေးနှစ် ယောက်တည်း၊ ညှိ့သည်စောင်သည် ခေါ်လာရင်လဲ စည်းနဲ့ကမ်းနဲ့ နေပါစေ၊ ပြီးတော့..."

ဦးလှမော်အောင် က ပုလဲအိမ် ကို တစ်ချက်ကြည့်ကာ [illegible] မပြောသင့် တုံ့ဆိုင်းသွားပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"ပုလဲအိမ် ကို ငါနဲ့လက်ထပ်ရမယ့် မိန်းကလေးပဲလို့ တွက်ပြီး လိုတာထက်ပိုတဲ့ ခေါ်ပြောရင်းနှီးမှုတွေ၊ အပြုအမူတွေကို တတ်နိုင်သမျှ ဆင်ခြင်ပါ၊ နောက်တစ်ခုက တစ်နေ့ကျရင် ကိုယ့်ဇနီးဖြစ်လာမယ့် မိန်းကလေးဆိုတဲ့အသိနဲ့ တန်ဖိုးထားပြီး သူများမထိပါး၊ မစော်ကားအောင်လဲ မင်း စောင့်ရှောက်ပါ.."

မင်းကြည်ဖြူ ၏ ရှိုင်းနိုင်းမောက်မာသည့်မျက်လုံးတွေ ဝင်းခနဲလက်သွား၏။ ဦးလှမော်အောင် က လက်ကာလိုက်၍...

"မစားရတဲ့အမဲ သဲနဲ့ပက်တာ၊ ငါမျိုးတဲ့ပန်း ငါ ဘယ်လိုနူးနူး ဘယ်လိုခြေခြေဆိုတဲ့သဘောထားတာ၊ ဒါတွေဟာ လူယဉ်ကျေးတွေရဲ့အလုပ် မဟုတ်ဘူး၊ အလှ၊ မင်္ဂလာဆောင်ဆိုတာမျိုးက ဖြစ်တော့မယ်ဆိုရင် အဖူးကိုရှိလာတတ်သလို လွယ်လွယ်လေးနဲ့ ဖြစ်မြောက်ပြီး ဆုံးသွားတာတွေ ရှိတယ်၊ ငါတို့လူကြီးချင်း ဘာမှမဆုံးဖြတ်ရသေးတဲ့ ကိစ္စတွေမှာ ဒီလက်ထပ်ပွဲ ဖြစ်လာခဲ့သည်ဖြစ်စေ၊ မဖြစ်မြောက်ခဲ့ဘူးဖြစ်စေ ဘယ်သူ့ဘယ်သူမှ မျက်နှာပျက် မနစ်နာစေချင်ဘူး.."

"အဟွန်း... ဟွန်း..."

မထင်မှတ်ဗွာ မဲ့ရွဲ့လှောင်ရယ်လိုက်သည့် မင်းကြည်ဖြူ ရယ်သံကြောင့် ဦးလှမော်အောင် မျက်နှာကြီး ညှို့ခနဲ မှောင်သွားသည်။

ဒီမဲ့ပြုး၊ ဒီမျက်နှာဟာ မင်္ဂလာပွဲကို လုံးဝ စိတ်မဝင်စားဘူးလို့ ပြောလိုက်တာထက် ပိုရှင်းနေသည်။ ထို့ပြင် နောက်ထပ် မရိုးသားခြင်းတွေဘာတွေ ဖြစ်နိုင်သလဲဆိုတာတော့ ဆုပ်ဖမ်းကြည့်လို့မရဘဲ ဖြစ်နေ၏။ မင်းကြည်ဖြူ သည် ရယ်လျက်နှင့် ပုလဲအိမ် ကိုပါ ငဲ့ကြည့်လိုက်ပြီး....

"ဘာဘ ပြောချင်တာ ဒါပဲဆိုရင် ကျွန်တော် သွားလို့ရပြီလား"

ဦးလှမော်အောင် ခေါင်းမညိတ်ပါ။ ထို့ပြင် မျက်တောင်ဖျားလေးတောင် တစ်ချက်မှမခတ်ဘဲ စိုက်ကြည့်နေခဲ့၏။





မင်းကြည်ဖြူ က သူ့ဘာသာ နှုတ်ဆက်၍ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ကာ အလေးပြုသလို ခေါင်းငုံ့လိုက်သေးသည်။

ပြီးတော့မှ လှည့်ထွက်သွားခဲ့၏။

"ဘာဘ..၊ ဘာဘ ဘာတွေပြောလိုက်တာလဲဟင်..၊ ဒီလူနဲ့ သမီးကို လက်ထပ်ပေးမယ့်စိတ်ကူးမျိုး ရှိသွားတာလား..၊ သမီး လုံခြုံအောင် တမင်ပြောလိုက်တာလား.."

လက်မောင်းကို ကိုင်လှုပ်၍မေးနေသော ပုလဲအိမ် လက်ကလေးကို ဆုပ်ကိုင်ပြီး ဦးလှမော်အောင် ပြည်းလေးစွာ ခေါင်းခါသည်။

ဘာအတွက် ခါလိုက်မိမှန်း သူကိုယ်တိုင်ပင် နားမလည်တော့ပါ။ ရည်ရွယ်ခဲ့တာတွေလည်း မခိုင်မြဲ..။ ဆုံးဖြတ်ချက်တွေလည်း မမှန်တော့ပါ..။ မင်းကြည်ဖြူ မျက်နှာပေါ်က ပြောင်းလဲမှုတွေဟာ ကောက်ကွေ့ရှုပ်ထွေးနေသည့်စိတ်တို့ကို ပို၍ ထွေပြားစေခဲ့၏။

လူတွေ သွားရည်ကျလောက်အောင် ပိုင်ဆိုင်နေခဲ့သော ကိုယ့်ရဲ့ ချမ်းသာခြင်းတွေကိုပဲ နာကျည်းမိတော့သည်။

သူသာမကဘဲ ပုလဲအိမ် အတွက်ပါ မေတ္တာစစ်နှင့် ဝေးရပြီဖြစ်၏။ ငွေကိုလည်း ယူပါ..၊ လူကိုလည်း ယူပါ ဆိုတာတောင်..။

ဩော်... နိုးသားကိုယူမိလို့ လက်ဝတ်ရတနာတွေချွတ်ခိုင်းပြီး တောင်ပေါ်က တွန်းချခံရရှာတဲ့ သူဌေးသမီးလို အဖြစ်မျိုးပါလား..။

ဒါပေမယ့် မင်းကြည်ဖြူ ဟာ ခိုးသားမှ မဟုတ်ခဲ့ဘဲ..၊ ဦးလှမော်အောင် မျက်တောင်တွေ စင်းကျမှေးမှိတ်သွား၏။ ရင်ထဲမှာ ကတုန်ကယင် လှုပ်ရှားလာမြင်းက သောကတွေပဲ ဖြစ်သည်။

ချမ်းသာခြင်းဟာ ဒုက္ခပါလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၈ )

"ရပြီ စာသား...၊ ရပြီ...၊ မင်း သွားအိပ်ပါတော့..."

ညလယ်လောက်ဆို တစ်ရေးနိုး အပေါ့အပါးသွားတတ်သည့် ဦးလူမောင်အောင် အတွက် စာသား ၏နိုးကြားမှုက အတော်ကြီး အဆင်ပြေပါသည်။

အခန်းထဲမှာ အတူအိပ်တာမဟုတ်ဘဲ ဦးလူမော်အောင် နိုးပြီဆို စာသား အခန်းထဲ ဝင်လာတတ်သည်။ 'မင်း မအိပ်ရသေးဘူးလား'လို့ မေးတိုင်း 'အိပ်နေတာပါ'လို့ ဖြေပေမယ့် ဟုတ်ရဲ့လားလို့ ဦးလူမော်အောင် အမြဲတမ်း တွေးဖြစ်သည်။

စာသား ရဲ့မျက်နှာဟာ အိပ်ထားသလား၊ မပျော်ဘူးလားဆိုတာ အကဲခတ်ရတာ သိပ်မလွယ်...။ သူများတွေ အိပ်ရေးမဝလို့ မကြည်လင်သည့်မျက်နှာမျိုးက သူ့မှာ အချိန်မရွေး ဖြစ်နေတတ်တာမို့ ဘာကြောင့် မကြည်လင်ခြင်းဖြစ်နေမှန်း ဘယ်လိုလုပ် သိနိုင်မှာလဲ...။

ပြီးတော့ ဆံပင်တွေ...။ သူ့ဆံပင်က ပုံဆိုးပန်းဆိုး ရှည်လျားရှုပ်ပွနေတာ မဟုတ်ပေမယ့် ဖြီးသင်ရှင်းလင်းထားတာနဲ့ တူနေတာလည်း ဘယ်တုန်းကမှ မတွေ့ပါ...။

ရေချိုးတိုင်း ဆပ်ပြာတိုက် ခေါင်းလျှော်လာတာကိုတော့ ဆပ်ပြာနှင့် ရေစိုနေသည့်ဆံပင်တွေကြောင့် သိသာသည်။





ခေါင်းဖြီးဖို့ကတော့ ဒီလောက် ဖျတ်လတ်နိုးကြားနေသူဟာ ဖျင်းလို့ မဖြီးတာ မဖြစ်နိုင်...။ ဝါသနာကို မပါတာ ဖြစ်လိမ့်မည်။

"ညညဆို မောင်ရင် ကောင်းကောင်း အိပ်ပျော်ရဲ့လား"

မနေနိုင်သည့်လူက စကားစ,ရသည်။ ညဥ့်နက်နေပြီပေမယ့် မိုးမလင်းခင် ပျောက်သွားတတ်သူမို့ စကားပြောဖြစ်တာ သိပ်မရှိ...။

ဦးလူမော်အောင် ကို ခုတင်ပေါ်မှာ သက်သောင့်သက်သာ ဖြစ်အောင် တင်ပေးလိုက်ပြီး ပြန်ထွက်သွားဖို့ပြင်ပြီးမှ စာသား က လှည့်ကြည့်သည်။

ဘက်ထရီနှင့်ထွန်းသော နှစ်ပေမီးချောင်းလေးက အခန်းထဲမှာ လင်းနေသည်မို့ ငုတ်တုတ်ထိုင်နေသည့် ဦးလူမော်အောင် မျက်နှာ ကြည်လင်နေတာကို မြင်ရ၏။

"ဒီလိုပါ...၊ နေရာထိုင်ခင်းတွေ အမျိုးမျိုး ပြောင်းနေရတော့ မင်း အဆင်ပြေမှာ မဟုတ်ဘူးလေ၊ ပြီးတော့ ကျုပ်အမြင်မှာလဲ မင်း အိပ်နေတာ တစ်ခါမှ မမြင်သလိုပဲ"

စာသား က ဘာမှမဖြေဘဲ ဒီတိုင်းရပ်နေပြီးမှ ပြန်လှည့်လာသည်။

"ကျွန်တော်က ကြုံသလို ကျသလို နေတတ်တဲ့သူပါ၊ တောထဲ ဝင်တဲ့အခါ မပြန်ဖြစ်ရင် သစ်ပင်အောက်မှာပဲ နှစ်ည,သုံးည ငုတ်တုတ် ငိုက်ရတာမျိုးတွေလဲ ရှိတယ်.."

"ဟင်...၊ မင်းက အမဲလိုက်တာလား.."

စာသား က ခေါင်းခါ၍...

"သွားချင်စိတ်ရှိရင် သွားတာမျိုးပါ.."

ဘယ်လိုဖြေမှန်းမသိပေမယ့် အိပ်ရာဘေးမှာ ခုံဆွဲပြီး ထိုင်လိုက်တော့ ဦးလူမော်အောင် ကျေနပ်သွားသည်။

လူကြီးလည်းဖြစ်၊ ကျန်းမာရေးကလည်း မကောင်းတော့ နိုးနေပြီဆို ပြန်အိပ်ပျော်ဖို့ မလွယ်တော့ပေ...၊ ထိုအခါမျိုးမှာ စကားပြောဖော်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေခြင်းဟာ ချမ်းသာခြင်းတစ်မျိုး...။

"ဦးလေး ခုလို အိပ်ရာထဲမှာ ကိုယ်တစ်ပိုင်းတည်း လဲ့လိုက်၊ ထိုင်လိုက် နေ့စဉ်ရက်ဆက် နေနေရတာ စိတ်ဆင်းရဲနေမှာပဲလို့ ကျွန်တော်ထင်တယ်"

"ဘယ့်နှယ် ပြောပါလိမ့်ကွာ...၊ လူက မကျန်းမာ၊ စိတ်ကမချမ်းသာနဲ့ နေရတာပါ"

"လူတစ်ယောက်ဟာ ကျရှုံးခြင်းတစ်ခုကို ကြီးကြီးသေးသေး ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်ရတဲ့အခါ စိတ်ရောလူရော မှုံးမှုံးချနေလိုက်ရင် အားလုံးဆုံးပြီ..."

ဦးလှမော်အောင် က စာသား ဘာ့ပြောချင်နေသည်ဆိုတာကို မျက်လုံးထဲမှာ ရှာကြည့်၏။ မြင်တဲ့အတိုင်း ပြောရမည်ဆိုလျှင် သူ့ကိုကဲ့ရဲ့ရှုတ်ချနေခြင်းတွေ၊ ပြီးတော့ ဒေါသအမျိုးအစားထဲက တစ်ခုခု...။

"ပြောပါ...၊ မောင်ရင် စကားတစ်ခွန်းကို သိုင်းဝိုင်းမပြောတတ်ဘူးဆိုတာ ကျုပ် သိတယ်၊ အခု ကျုပ်အတွက် နားဝင်ဆိုးစေမယ့် စကားမျိုးပြောဖို့ ရှိနေမယ်ထင်တယ်၊ တည့်တိုးပြောလဲ ရပါတယ်"

ဦးလှမော်အောင်၏ မြင်တတ်ခြင်းကြောင့် စာသား မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တွေ ရှပ်တိုက်ပြေးသွားသည်။

"ကိုယ်တစ်ပိုင်း သေသွားတယ်ဆိုပေမယ့် တစ်ပိုင်း ကျန်နေပါသေးတယ်၊ သေတယ်ဆိုတဲ့အပိုင်းက ပုပ်ရိကွာကျပြီး ကိုယ်ကို စွန့်ခွာသွားတာလဲ မဟုတ်ဘူး၊ သူတောင် ကျန်နေတဲ့အပိုင်းအတွက် ရှင်သန်ခွင့်ကို ပေးနိုင်သမျှ ပေးနေသေးတာ၊ ဦးလေး အိပ်ရာထဲမှာ ဒီလောက်နေ့ရက်ရှည် နစ်မွန်းမနေသင့်ဘူး..."

"ကျုပ်..."

"အပြင်လောကကို ပြတင်းတစ်ချပ်ကနေ လှမ်းကြည့်ရုံနဲ့ မမြင်နိုင်ဘူး၊ ကိုယ့်နားထဲကို ဝင်လာတဲ့ လေတိုးသံတွေမှာလဲ လောက





အကြောင်း သတင်းစကား မပါဘူး"

ဦးလှမော်အောင် မျက်နှာမှာ နစ်မြုပ်သောအပြုံးကြောင့် ကြည်လင်သွား၏။ ပြီးတော့ ခေါင်းတညိတ်ညိတ်...။

"ဦးလေး အပြင်ကိုထွက်ဖို့ ကြိုးစားသင့်တယ်၊ ငှက်တွေထဲမှာတောင် ခြေထောက်တစ်ချောင်းတည်းနဲ့ ဝမ်းစာရှာ ပျံသန်းနေကြရတာ ရှိတယ်၊ ဦးလေးရဲ့ရှင်သန်မှုဟာ ဝမ်းစာထက် အရေးကြီးပါတယ်၊ အဲဒါကို ဦးလေး သိတယ်..."

"သိပါတယ်...၊ ဒါပေမယ့် တောကြိုအုံကြားမှာ ဖြစ်လာတဲ့ ကျုပ်ရဲ့ရောဂါက..."

"တောကြိုအုံကြားမှာပေမယ့် ဦးလေးက ကျူရိုးတိုင်ထူပြီး နေပူမှာ ဖြစ်သလို ကျောခင်းနေရတဲ့ဘဝမျိုးမှ မဟုတ်တာ..."

စာသား ဘာကိုပြောနေမှန်း သူ နားလည်သွားသည်။ ဒါပေမယ့်...

"ကျုပ် အိမ်ထဲမှာ နေပူနေတာ၊ မိုးရွာနေတာ၊ တခြားဘယ်သူမှ မသိစေချင်ဘူး"

"ဒါက နေပူဖို့၊ မိုးရွာဖို့မှ မဟုတ်တာ၊ ဘဝနှစ်ခု ရှင်သန်ဖို့ပါ၊ ဦးလေး ဗိုးလ်ချဲနဲ့နေမှ ရမယ်၊ ပြီးတော့ အပေါ်ထပ်မှာ မနေဘဲ အောက်ထပ်အိပ်ခန်းမှာ ပြောင်းနေသင့်တယ်"

ဦးလှမော်အောင် ငြိမ်သက်စွာ နားထောင်နေ၏။

"အိမ်ထဲနဲ့ ခြံထဲကို သွားလာနေရမယ်၊ ဦးလေးရဲ့ နီးကြားရှင်သန်မှုဟာ ပုလဲအိမ် ရဲ့ လုံခြုံမှုပဲ.."

"ကျုပ် စိတ်ဓာတ်ကျသွားခဲ့တာပါ၊ ဟုတ်တယ်...၊ ကျုပ် အများကြီးမှားသွားတယ်၊ ကျုပ်တူမလေးရဲ့ဘဝကို ကျုပ် ကာကွယ်နိုင်သေးတာပဲ"

"ဟုတ်တယ်...၊ လူတစ်ယောက်ကို တိုက်တွန်းဖို့အတွက် ကျွန်တော် ဝန်လေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ကိုယ်တိုင်က မနာခံတတ်တဲ့အကျင့် ရှိနေလို့...၊ ကျွန်တော့်ဘဝမှာ ဘာကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



တွဲတွဲလွှလွှနဲ့ မပြုစုခဲ့ဖူးဘူး..."

"ကျုပ် သိပါတယ်၊ မင်းကို မပြောဖြစ်ပေမယ့် ကျေးဇူး..."

"မဟုတ်ဘူး ဦးလေး..၊ ကျေးဇူးက လောလောဆယ် နတ်ရေ ကြီးတစ်ကန့် ထ,ဖြစ်လာမှာ မဟုတ်ဘူး၊ ကျွန်တော် ဒီစကားတွေ နေတာ ကျေးဇူးဆိုတဲ့စကားသံ ထွက်လာဖို့လဲ မဟုတ်ဘူး၊ ဒီနေရာ ဒီအလုပ်မျိုးနဲ့ ကျွန်တော် ကြာရှည်နေမှာ မဟုတ်တဲ့အတွက် ဦးလေ နဲ့ ပုလဲအိမ် ပြင်ဆင်ထားဖို့ပါ.."

ဦးလှမော်အောင် မျက်နှာပျက်သွား၏။ စာသား လိုလူကို ဒီ နိုင်းလို့ မရဘူးဆိုတာလည်း မသိလို့ မဟုတ်ပါ။ ဘယ်လိုလူစားထဲ တာကို အကဲခတ်ရင်း လောလောဆယ် အနီးဆုံးမှာ ယုံကြည်သင့် လူလည်း ဖြစ်လို့..။

"ကျွန်တော့်ဘက်က ဒါ လုပ်သင့်တယ်လို့ မြင်ခဲ့တဲ့ အကြော အမျိုးမျိုးတွေထဲမှာ ထပ်ပြီး ရှုပ်ထွေးလာပြီ၊ အဆိုးဆုံးက စကား ခွန်းကို မနိုင်ဘဲ ကျွန်တော် ဘယ်တော့မှ မစ,ဘူး"

မင်းကြည်ဖြူ ထံမှ ချိုးနှိမ်စော်ကားသော စကားတွေထဲမှာ ဘက်က ပြောခွင့်မရှိတာတွေ အများကြီးဖြစ်ခဲ့သည်။ ပြောဆိုခွင့်ဆို ကိုလည်း သူ မမျှော်လင့်ပါ။

ဦးလှမော်အောင် ဆိုသည့်လူကြီး ဘယ်လို ရင်ဆိုင်နေရသည ဘယ်လို သံသယကြီးတက်သည်ဆိုတာ မျက်လုံးထဲမှာပဲ ကြည့်လို့ သည်။ သူ ဒီအလုပ်ကို မလုပ်လိုခြင်းဟာ နားလည်ခြင်းတွေနှင့် သည်။ ထို့ကြောင့် ကိုယ့်ကိုလည်း နားလည်မည်ဟု ထင်သည်မို့..

"ကျွန်တော် ပြောတဲ့စကားတွေကို ဦးလေး ဆင်ခြင်ကြည့်နိုင်မယ် ထင်ပါတယ်"

"ကြည့်နိုင်ပါတယ်..၊ မင်းကြည်ဖြူ နဲ့ မင်း ရင်ဆိုင်နေရတဲ့ အခြေအနေကိုလဲ ကျုပ် သိတယ်၊ ဒါပေမယ့် ကျုပ် ထပ်ပြီး အကူအညီ





င်းတာပါ၊ မင်း ထွက်မသွားပါနဲ့ဦး"

စာသား က ပြောင်းလဲမသွားသည့်မျက်နှာနှင့် ကြည့်ကာ ခေါင်း ည်း မညိတ်..။

"ကျုပ် ဒီကိစ္စကို ရှင်းမှာပါ၊ မင်း ခဏတော့ သည်းခံစောင့်ပေးပါ ၊ ကျုပ် ဖွင့်ပြောခဲ့တဲ့အတိုင်း ရှုပ်ထွေးနေတဲ့ကိစ္စတွေကြားမှာ ချိန်မတန်ခင် ကြွေလွင့်ရတဲ့ ပန်းတစ်ပွင့်လို ကောင်မလေး ဖြစ်သွား မှာလို့ပါ၊ ပုလဲအိမ် ကို မင်းလဲ ကိုယ့်ညီမလေးလို သဘောထားပြီး င့်ရှောက်နေတာ သိပါတယ်၊ သူ့ကို တူမလေးအစား ထားရပေမယ့် ဘဝလေးကို ထိခိုက်မခံနိုင်ဘူး၊ ဒီလို စွန့်လွှတ် အနစ်နာခံပေးခဲ့ တွက်တောင် ကျုပ်က သူ့ဘဝ မြင့်မားဖို့ မြေတောင်မြှောက်ပေးရဦးမှာ..."

ဦးလှမော်အောင် ရင်ထဲမှာ ပုလဲအိမ် အတွက် ဘယ်လိုအစီအစဉ် ရှိနေမှန်းမသိပေမယ့် ခုချိန်မှာတော့ ပုလဲအိမ် ဘဝဟာ နာရီ၊ နဲ့မရွေး ကြွေလွင့်ပျက်စီးသွားနိုင်သည့် အခြေအနေ..။

ဒါတွေကို ဦးလှမော်အောင် မသိဘဲတော့နေမှာ မဟုတ်ပါ။ ဒီ မှာ သူ နားမလည်ဆုံးက ဦးလှမော်အောင် နှင့် ပုလဲအိမ် ပဲဖြစ်သည်။ ဘယ်လို ဖွဲ့စည်းချည်နှောင်မှုတွေနှင့် ဒီလိုပေးဆပ်ပြီး ကျေနပ် ကြတာလဲ..၊ ပုလဲအိမ် ဒုက္ခရောက်နေတာကိုမြင်တိုင်း သူ့ရင်ထဲမှာ ကောင်းပေ..။

ဒီကောင်မလေးကို သူ ကာကွယ်ချင်ပေမယ့် သူ့မှာ ဒီလိုအခွင့် ရေး မရှိ..။ မင်းကြည်ဖြူ ဒီထက် ခြေလှမ်းကျဲလာပြီဆိုရင် သူ့ဘက် တတ်နိုင်တာ ဘာရှိလဲ..၊ ဒီမြေဒီမြေမှာ သူ မပျော်တော့တာ ဘာဖြစ် လဲဆိုသည့် အကြောင်းရင်းကို မရှာချင်ပါ..။ ဒါပေမယ့် ရှိနေသည် ဘာလဲဆိုတာကတော့..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၉ )

တစ်ခုခုကို စိတ်ဝင်စားနေတုန်းမှာ နှောင့်ယှက်ခံလိုက်ရ
လောက် ဒေါသဖြစ်ဖို့ကောင်းတာ မရှိ..၊ နောက်ကနေ ပခုံးကို ဖတ်
ပုတ်ပစ်လိုက်ပြီး အသံနှင့်လည်း နှောင့်ယှက်သေးသည်။

"သတင်းစာကို သဲကြီးမဲကြီး ဖတ်နေလိုက်တာ အထူးအ
ပဲကွာ..."

သူ့ရှေ့မှာ ဝင်ထိုင်လိုက်သူက ခေတ်ဦး..၊ ဒေါသဖြစ်နေပြီး
လုံးမျက်ခုံးတွေကစပြီး သိသာသည့် စာသား ကိုကြည့်ကာ မျက်
တွေ ဟိုလွဲဒီလွဲ စပ်ဖြဲဖြဲနှင့်...

"ခုခေတ်က ဂျာနယ်ခေတ်ကွ..၊ ဘာတွေ သိချင်လို့ ရှာနေတာ
ဟိုစားပွဲပေါ်မှာ ဂျာနယ်တွေ ရှိတယ်လေကွာ.."

"ဟုတ်တယ်..၊ မင်းကြီးတော်ရဲ့ နာရေးသတင်း ရှာနေတာ

"ဟင်!..."

ခေတ်ဦး က လည်ပင်းရှည်သွားပြီးမှ ကျော်ပုသွားပြီး ရယ်က

"ဒါဆို ရှာမနေနဲ့..၊ မနေ့ကမှ အလည်ရောက်လာကြတာ..၊ ဟ
ဟီး..."

စာသား မကြည်လင်သည့်မျက်နှာနှင့် သတင်းစာကို ပိတ်
သည်။ ရွာဆိုတော့ လက်ဖက်ရည်ဆိုင်မှာပဲ သတင်းစာ၊ ဂျာန
သည်။ ဖတ်ချင် လာဖတ်လို့ရသည်။





ဒါတောင် မြို့တွေမှာထက် ရက်နောက်ကျပြီးမှ ဖတ်ရတာ ဖြစ်
သည်။

"ကိုသြ..၊ ဒီသတင်းစာ ကျွန်တော် ခဏ ငှားသွားမယ်နော်၊
ရတယ်မို့လား.."

ဆိုင်ရှင်ကိုယ်တိုင် စားပွဲထိုးသည်မို့ လက်ဖက်ရည်ပွဲ လာချရင်း
ကိုသြ က သတင်းစာကို ကြည့်၏။

"သြော်... ဒါ.. ဟိုအပတ်ထဲကပဲ ယူသွား..၊ ရတယ်..."

ခေတ်ဦး က သတင်းစာကိစ္စကို စိတ်ဝင်စားနေပြီးမှ ကိုသြ လက်
ထို ကမန်းကတန်း ဆွဲထားလိုက်တာ...

"ကိုသြ.. ကျွန်တော့်ကို ကျဆိမ့်ဝမ်းနော်..၊ စာရင်းထဲ မထည့်နဲ့၊
ဒီမှာ ဒကာ ရှိတယ်"

စာသား က လက်ဖက်ရည်ပန်းကန်လုံး ကိုင်လိုက်ရင်း မျက်လုံး
သုန်ကြည့်ပြီး ဘာမှမပြော..။

"စာသား..၊ မင်းအစ်ကိုတော့ ဆွေးပြီ၊ အိမ်ရောက်ပြီးပြီလား"

အိမ်ရောက်စရာ မလိုပါ။ သဇင်နွယ် အိမ်ထောင်ပြုလိုက်ပြီဆို
သည့်သတင်းက လမ်းပေါ် ခြေချလိုက်တာနှင့် ကြားရသည်။

ခေတ်ဦး ကလည်း စာသား မဖြေပေမယ့် နားလည်သွားကာ
ရေနွေးကြမ်းတစ်ခွက်ထည့်လိုက်ရင်း...

"တကယ့်တော့ကွာ..၊ သဇင်နွယ် က အစကတည်းက မင်းသာ
ကြိုက်..."

"ခေတ်ဦး..."

"ဟိုဥစ္စာလေ..၊ ကိုအောင် က တစ်ဖက်သတ်ကြွားနေတာကို ပြော
တာပါ.."

ခေတ်ဦး ပြောရင်း ခေါင်းကုတ်လိုက်ကာ...

"မင်းကလဲကွာ သူငယ်ချင်းတွေပဲဟာ..၊ နည်းနည်းပါးပါး မှား



www.burmeseclassic.com

www.burmeseclassic.com



ရင် ခွင့်လွှတ်..."

စာသား က ဘာမှမပြောတော့ဘဲ လက်ဖက်ရည်သောက်နေ... မှ...

"ကရင်နဲ့ ယုယ လဲ လိုက်ပြေးကြဖို့ များတယ်၊ ယုယ ဘက်... သဘောမတူဘူးလေ၊ စာသား မင်းနဲ့ငါပဲ ကျန်တော့တယ်"

"ဘာလဲ"

"ငါကတော့ ကြိုက်နေတာရှိပေမယ့် မရတာ၊ မင်းက ဘယ်လို..."

"မင်းမှာ ဒီ့ထက်အရေးပါတဲ့စကားမျိုး မရှိတော့ဘူးလား"

"မင်းအတွက် အရေးမပါပေမယ့် ငါ့အတွက် ဒီကိစ္စက အရေး... တယ်ကွ..၊ ပြောရမယ့်လူမရှိလို့ ခေါင်နေတုန်း မင်းရောက်လာ... မင်းကိုပဲ ပြောရတာပေါ့"

"နောက်တစ်ယောက် ထပ်စောင့်ပြီး ပြောတော့၊ ငါ အ... သွားရဦးမှာ..."

"ဟာ!... စာသား.."

စာသား က လက်ဖက်ရည်နှစ်ခွက်ဖိုး ရှင်းထားခဲ့ပြီး သတင်း... တစ်စောင်နှင့် ထထွက်လာခဲ့၏။ ခေတ်ဦး နှင့် စကားတွေ ပြော... ပါသည်။ ဒါပေမယ့် သူ့မှာ အချိန်မရှိ..။

"ဟား... ငါ့ညီကွာ..၊ ခုမှပဲ တွေ့ရတော့တယ်၊ ရာထူးမမြင့်ပေမ... လူကတော့ ဟိုအရင်ကထက် ပိုပြီး မျက်နှာကြော ပိုတင်းလာသလိုပဲ..."

အိမ်ပေါက်ဝကနေ တေးချို က ခနီးခနဲ့တွေနှင့် ဆီးကြို... တေးချို အသံကြားလို့ ထင်သည်။ ဦးမြင့်အောင် အိမ်ပေါ်ကဆင်းလာ... ပြီး တံခါးဝ က ရပ်စောင့်နေ၏။ သူ ဝင်သွားတော့ သားအဖ သုံး... ယောက်စလုံး အိမ်ပေါ် ပြန်ရောက်သွားကာ...

"ဘယ်လိုဖြစ်ပြီး ပျောက်နေတာလဲ..၊ မင်း လာမလားဆိုပြီး ညနေပိုင်း ငါ အပြင်မထွက်ဘဲနေတာ လေးရက်ရှိပြီ"





ဦးမြင့်အောင် က စကားပြောနေရင်း အကောင်းစားမုန့်ဘူးတွေ ...ထုတ်လာသည်။ စာသား ရှေ့မှာ အားလုံး ချပေးကာ...

"ထမင်းစားပြီးမှ ပြန်မလား၊ ငါးကျည်းခြောက်တွေ ရှိတယ်၊ ...ချဉ်သီးလေးနဲ့ ဆီသတ်ပြီး ကြော်လိုက်ရင် ခဏပဲ.."

"မစားချင်ဘူး အဖေ..၊ ကျွန်တော် ပိုက်ဆံလာပေးတာ.."

"ပိုက်ဆံ ဟုတ်လား..."

ဦးမြင့်အောင် က အံ့သြသည့်ဟန်နှင့် ညီအစ်ကိုနှစ်ယောက်စလုံး ...မှာ ထိုင်လိုက်ကာ မုန့်ဘူးတွေကို လှမ်းကိုင်ပြ၍...

"ပိုက်ဆံနဲ့ ဒီမုန့်ဘူးတွေ၊ ပြီးတော့ ငါးကျည်းခြောက်တွေရော ...လူမော်အောင် အိမ်က ပို့ခိုင်းတာပါဆိုပြီး လူတစ်ယောက် လာပို့ ...ယ်လေ..၊ အဲဒါ မင်း ပို့ခိုင်းတာ မဟုတ်ဘူးလား"

စာသား ခေါင်းမခါဖြစ်ဘဲ ဦးလူမော်အောင် ကို သတိရသွား ...ည်။ ဒါတွေ ပို့ခိုင်းလိုက်တာ သူပဲ ဖြစ်လိမ့်မည်။

"ဒါပေမယ့် ဒါလဲ ယူလိုက်ပါ"

ကိုင်ထားပြီးသည့် လစာငွေကို ချပေးလိုက်ပြီး ကုလားထိုင်မှာ ...ဆယ့်ချောချော မှီလိုက်ကာ...

"ဦးလူမော်အောင် သိပ်မကျန်းမာလို့ ကျွန်တော် တစ်ခါတလေ ...အိမ်ပေါ်ရောက်နေလိမ့်မယ်၊ ခြံထဲမှာထင်ပြီး ဟိုတစ်ခါကလို လာမရှာ ...ပါနဲ့..."

သူ့ကိုကြည့်ပြောတော့ တေးချို က မဲ့ပစ်ကာ...

"မင်းက အလုပ်နဲ့အကိုင်နဲ့ဆိုပြီး ကြီးကျယ်မနေနဲ့ စာသား..၊ ...င်မနိုင်ခေါင်းမနိုင်ဖြစ်နေတဲ့ ဒုက္ခိတရဲ့ပုဆိုးကို လိုက်ကောက်၊ ခြေ ...ဆုပ်လက်နယ်ပြုနေရတဲ့ မင်းလိုအလုပ်မျိုးကို ငါတို့ကတော့ ရွှေပုံပေး ...ဆောင် မလုပ်ဘူး.."

"တေးချို..၊ မင်း..."



www.burmeseclassic.com

www.burmeseclassic.com



စာသား မှီထိုင်နေရာကနေ ဆတ်ခနဲ မတ်သွား၏။ မျက်နှာပြင်တို့သည် သွေးတွေပေါက်ထွက်လာတော့မတတ် နီရဲနေကာ...

"မင်း စကားကို ပြင်ပြောလိုက် ဘေးချို..."

အံကြိတ်၍ တစ်ခွန်းချင်း ပြောသည်။ အထက်အောက်မို့ မင်းနှင့် ငါ ပြောကြရင်း မတည့်လိုက်,တည့်လိုက် အတူကြီးပြင်းလာခဲ့ကြသည် ညီအစ်ကိုတွေ ဖြစ်နေ၏။

အကြီးအကျယ် လုံးထွေးသတ်ပုတ်ကြတဲ့အထိ ခိုက်ရန်မဖြစ်ဖူး ကြသော်လည်း စကားများကြ၊ အချင်းပွားကြပြီဆို ဦးမြင့်အောင် ရုတ်တရက် ထိန်းလို့မနိုင်..။

"ဘာကို ပြင်ပြောရမှာလဲ..၊ မင်းလုပ်နေတာ အဲဒီအလုပ်ပဲလေ.. လွန်ခဲ့တဲ့ လဆန်းပိုင်းက ဆရာဝန် ပြေးပင့်လိုက်ရတာ ဖုံးဖိထားလို့ မရဘူး၊ တစ်ရွာလုံး သိတယ်"

"ဟေ့ ဘေးချို ရပ်စမ်း...၊ သူများမကြိုက်တဲ့စကားကို တူးဆွရန်စ တဲ့သဘောနဲ့ ပြောနေတာ မကောင်းဘူး၊ မင်းတို့က သူစိမ်းတွေလား.."

"သူစိမ်းတွေ မဟုတ်ပေမယ့် အဖေ့သားဆိုတဲ့ အဲဒီကောင်က မွေးကတည်းက စိမ်းစိမ်းကားကား မွေးလာတာပါ၊ ကြွစရာမရှိ ကြွ မြောက်စရာမရှိ မြောက်နေတော့ စု ပိုဆိုးပြီ..."

"ဆိုးနေတာက မင်းတို့နှစ်ကောင်..၊ ဟိုတစ်ယောက်က အသည်း ကွဲတယ်ဆိုပြီး အရက်ဆိုင်က မထ၊ မင်းက ထင်သလိုနေ၊ ထင်ရာ သွား..."

"ဒါပေါ့..၊ ကျွန်တော်တို့က ငွေမှ မရှာနိုင်တာ၊ ဘယ်တူမလဲ.. ထပ်ပြောပါဦး အပြစ်တွေ..."

"အေး... ပြောရမှာပဲ..၊ အခု သူ အလုပ်လုပ်နေလို့ ငါ နားခွင့် ရနေတာ၊ ဘာလုပ်ကျွေးကျွေး မင်းတို့ကတောင် ဝမ်းသာရဦးမှာ၊ ဘယ် နှယ် အလကားထိုင်စားနေရတာတောင် ပါးစပ်က အငြိမ်မနေဘူး"





စာသား နှုတ်ခမ်းတင်းတင်းစေ့လျက် မေးရိုးနှစ်ဖက်မှာ ခိုင်ကျည် သည်။

ပြီးတော့ နေရာမှ ထရပ်လိုက်၏။

"စာသား..."

"ကျွန်တော် သွားမယ်..."

အဖေ့မျက်နှာကိုလည်း မကြည့်မိတော့ဘဲ သူ ထွက်လာခဲ့သည်။ ...င်ဖျိုးဖျမှာ မိုးသားတွေ ညိုမှောင်လာသဖြင့် ပို၍မှောင်သွားသည်။

တပေါင်းတန်ခူး မိုးသားကြူး ဆိုပေမယ့် မိုးစက်တွေပါ ကျလာ ...ပြင့် ဖုန်နံ့သင်းနေသော သကြံန်အကြိုမိုးက ရာသီစကား နားမထောင် ...သလို ခပ်စိပ်စိပ် ရွာကျလာ၏။

"မိုးပါလာပြီ၊ ငါးခြောက်တွေ ရုတ်ပါဟ.."

"ထိီး ပါမလာဘူး၊ ပုဆိုးခြုံပြီး ပြေးတော့မယ်"

ရွာလမ်းကလေးပေါ်မှာ အနီးအနားအိမ်တွေက စကားသံတွေပါ ...ားရသလို ပြေးတဲ့သူက ပြေး..၊ အော်တဲ့သူက အော်...။

"ဟေ့ စာသား..၊ မင်း မိုးခိုပါဦးလား"

ဦးကြီးမောင် က အိမ်ထဲကနေ လှမ်းအော်၏။ သူ လက်ကာပြ ...ပြီး ဆက်လျှောက်သည်။

"ဟဲ့.. မိုးက သည်းမှာထင်တယ်၊ အိမ်ကထီး ဆောယူသွားပါ ...ား၊ ဘယ်လဲ..."

တစ်ယောက်ပြီးတစ်ယောက် သူ့ကိုပဲ မြင်နေကြတာလား ဒါမှ ...ုတ် သူကပဲ လူထူးလူဆန်း ဖြစ်နေလို့လား..။

"ဟဲ့ကောင်လေးတွေ ဝင်စမ်း..၊ ရာသီအကူးအပြောင်း ဒီလို ...ို့ရွာတဲ့မိုးက ဖျားတတ်တယ်"

ပတ်ဝန်းကျင်ကို ဝေ့ကြည့်ကာ ရေစိုစပြုသည့်ဆံပင်ကို ...ခပ်ခါလိုက်ပြီး သူ ရွာရဲ့မြောက်လမ်းကို ပြောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှသူကင်းရှင်းသည့်လမ်းကနေ ပြန်ခေါက်ပြီးမှ ဦးလှမော်အော အိမ်ဘက်ကိုသွားဖို့ ဖြစ်သည်။ ရွာထဲလမ်းကို ဆုံးအောင်လျှောက်နေ ကတော့ ခေါင်းခါရတာတွေ၊ လက်ကာရတာတွေ ဆုံးတော့မှာမဟုတ်

ပြီးတော့ ဘာရယ်မဟုတ်ဘဲ ညောင်ပင်အောက်က နတ်စင်အေ သစ်တုံးကြီးမှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မိ၏။

ကိုယ်ကို စွတ်စိုစေဖို့ ကြိုးစားနေသည့် မိုးစက်တွေက ညောင် ကထစ်ဆင့် ခုန်ဆင်းရတော့သည်မို့ တစ်ဖွား နှစ်ဖွားသာ..။

သူ ဆံပင်တွေကို ပွတ်သပ်ခါနေရင်း တေးချို မျက်နှာကို ပြ ယောင်နေခဲ့၏။

လူတွေရဲ့ ကူးစက်သိမြင်လွယ်ကြသည့် သတင်းစကားတွေ ကြောက်စရာပါလား..၊ ပတ်ဝန်းကျင်၏ စပ်စုဝေဖန်ခြင်းကို မခံ သော ဦးလှမော်အောင် ကတော့ ကိုယ်ကျိုးအပျက်ခံပြီး အရာရာ ဖုံးဖိ ကာကွယ်ဖို့ ကြိုးစားနေသည်။

ရလို့လား..။

သဘာဝကိုက ဖုံးလေ ပေါ်လေ၊ မကြားစေချင်လေ နားစွင့်လေ လူတွေကို ဂရုစိုက်လွန်းကဲခြင်းဟာ တကယ်တော့ ကိုယ့်ဘဝကို နစ်မွန်း စေခြင်းသာဖြစ်၏။

ပတ်ဝန်းကျင်ကို ဂရုစိုက်ခြင်း,မစိုက်ခြင်းကြားမှာ နေတတ် ချမ်းသာရနိုင်မည်။

ဒါကို ဦးလှမော်အောင် ဘာဖြစ်လို့ လက်မခံချင်တာလဲ..၊ တကယ် ဆို သူများအရေးထက် ကိုယ့်အရေးက ပိုကြီးနေတာဖြစ်သည်။

သူ ဒီအိမ်မှာ အလုပ်လုပ်နေရခြင်းဟာ ငွေကြောင့်ဖြစ်ခဲ့ရင်တောင် အနုမဟုတ်တော့တာ ကိုယ့်ကိုယ်ကိုယ် သိသည်။

စိတ်မှာ တစ်ကြိမ်သာ ခံစားခဲ့ဖူးသော ငဲ့ညှာလိုခြင်းတွေဟာ သူ့ အတွက်မှလွဲ၍...





"အို... ကျကုန်ပြီ၊ ဒုက္ခပါပဲ..."

စကားသံ သဲ့သဲ့လေး ရုတ်တရက် ပေါ်ထွက်လာကာ သူ့ရှေ့ကို ရောက်လာသူကြောင့် တိုက်ဆိုင်ခဲ့တာကို စာသား အံ့ဩသွား၏။

ပုလဲအိမ် သည် ငှက်ပျောဖက်နှင့် ထုပ်ပတ်ထားသည့် ဆိပ်ဖလူး ပန်းထုပ်လေးကိုပိုက်လျက် တစ်ဖက်က စာအုပ်လေးတစ်အုပ်ကို ခေါင်း ပေါ်မှာ မလုံ့တလုံ့ တင်ထားသည်။

ဒီရှေ့ကျမှ ပန်းတွေ တဖွားဖွား ထွက်ကျကုန်တာကို ရပ်ငုံ့ကြည့် ပြီး ပြန်ကောက်ဖို့ လက်မအားသည့်အဖြစ်ကြောင့် နမြောတသဖြစ်နေပုံ လည်း ပေါ်၏။

ထို့နောက် ပန်းတွေကို ငုံ့ကြည့်သည့်မျက်နှာလေးက သူ့ဘက်ကို ဖျတ်ခနဲ ငဲ့ကြည့်လာကာ...

"ဟင်!.. စာသား..."

အံ့ဩတမ်းသာသွားသည့်မျက်နှာလေးနှင့် အရိပ်အောက်ကို တန်း ဝင်လာ၏။ ပြီးတော့ အလင်းရောင်မှိန်ဖျော့ကျနေသည့် ပတ်ဝန်းကျင် ကို မော့ကြည့်၍...

"မိုးချုပ်တော့မယ် ပြန်ရအောင်လေ.."

"မင်းက ဒီလမ်းကို ဒီအချိန် ဘာထွက်လုပ်တာလဲ"

ဒီလမ်းက နေ့ခင်းကြောင်တောင်မှာတောင် လူရှင်းသည့်လမ်းပါ။ စာသား ကလည်း ဒါကိုမေးလိုက်တာမှန်း ပုလဲအိမ် သိသည်။

ထို့ကြောင့်...

"ရွာထိပ်ပိုင်းကိုသွားတိုင်း ကျွန်မ ဒီလမ်းကပဲ သွားတာများတယ်၊ ဒါပေမယ့် ဒီအချိန်မျိုးမှာတော့ မလာဖူးပါဘူး၊ အခု ရှင့်ကို သွားရှာ တာ.."

စာသား က ဘာမှမပြောဘဲ ဒူးနှစ်ဖက်ပေါ်မှာ လက်နှစ်ဖက် ဆုပ်ယှက်လျက် မျက်မှောင်ကြုတ်နှင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မနက်အစောကြီးကတည်းက ထွက်သွားတာ တစ်ခါမှ ပြန်မလာဘူး၊ ရှင့်အဖေအိမ်မှာ သွားအိပ်နေတာလား.."

စာသား က ခေါင်းခါပြီး မဖြေ..။

"ကျွန်မ ရှင့်ကိုရှာရင်းနဲ့ ကုန်စုံဆိုင်အိမ်က ပန်းတွေရောင်းနေတာမြင်လို့ ဝင်ဝယ်တာ..၊ ရှင် ဖြတ်သွားတာကိုမြင်လိုက်တော့ အိမ်ပြန်တာမှန်းသိတာနဲ့ ရှင့်အိမ်ကို မလိုက်တော့ဘဲ ပြန်လှည့်လာတာလေ..၊ ရှင် ဒီလမ်းက ပြန်မယ်ဆိုတာတော့ မသိပါဘူး၊ ကျွန်မ ပြန်နေကျမို့ ဒီကိုပဲ ဝင်လာမိတာ၊ ဒီလောက်ထိ မှောင်နေမယ်လဲ မထင်လို့..."

ပုလဲအိမ် က ရှည်ရှည်ဝေးဝေး ရှင်းပြနေပြီးမှ ဖရိုဖရဲ ပြေကျချင်နေသည့် ပန်းထုပ်ကို လက်တစ်ဖက်တည်းနှင့် ပြန်လည် စုစည်းဖို့ ကြိုးစားနေ၏။

"အဲဒီမှာ မိုးမလုံဘူး၊ ဒီမှာ လာထိုင်..."

"ဟင်!..."

ပုလဲအိမ် ကြောင်တောင်တောင်လေး ကြည့်သည်။ မိုးချုပ်တော့မှာ မဟုတ်ဘူးလား..။ စာသား က နေရာ နည်းနည်းရွှေ့ထိုင်လိုက်ကာ...

"ဒီမှာ လာထိုင်လေ..၊ မင်း ပခုံးတစ်ခြမ်းမှာ စိုနေပြီမို့လား"

ထပ်ခေါ်တော့မှ ပုလဲအိမ် ခေါင်းလေးညိတ်ပြီး သူ့ဘေးမှာ ဝင်ထိုင်၏။ ဒါပေမယ့် ဒီလို နီးနီးကပ်ကပ်ကြီး ဖြစ်သွားမယ်လို့တော့ သတိမရ..၊ မတွေးမိခဲ့ပါ။

ထိုင်ချလိုက်ကာမှ ပခုံးချင်းထိတော့မတတ် နီးနီးလေး..၊ အလုပ်မရှိ မလုပ်ရှာရင်း စာအုပ်လေးကို ဘေးမှာချကာ ပန်းတွေကိုပဲ ပြုပြင်ထုပ်ပတ်နေမိ၏။

ဆီးပဗလ္လားပန်းနဲ့တွေ ရှုးလှိုင်အောင် မွှေးနေတာကြောင့် နှာခေါင်းထဲမှာ မွှေးသည်မထင်..၊ ထို့ပြင် သူ ပြန်ငုံပြီး စိုက်ကြည့်နေမှန်းသိတော့ ပိုရှက်သည်။ စိတ်ကိုက ရင်းနှီးနေမိလို့ ဝင်ထိုင်ခဲ့တာ မှားပြီလား..။





"ပုလဲအိမ်.."

"ဟင်..."

ရှက်ကြောက်နေသည့်စိတ်ကြောင့် သူ ခေါ်လိုက်သည်နှင့် 'ဟင်' ခနဲ ထူးရင်း ယောင်ရမ်းမော့ကြည့်လိုက်မိသည်။

ထိုအခါ သူ့မျက်နှာသည် ကိုယ့်မျက်နှာထက်မှာ နီးကပ်စွာ ငုံ့မိုးရှိနေလျက်...

"မင်းကို ငါ ချစ်မိနေပြီ.."

"အို!..."

တစ်ကိုယ်လုံးသည် သူ့ရင်ခွင်ထဲမှာ တင်းကျပ်သွားခဲ့ပြီး လွတ်ကျကုန်သည့်ပန်းတွေက ပေါင်ပေါ်မှာ တချို့..၊ မြေပြင်မှာ တချို့...။

ရင်ခုန်သံများက မိုးစက်သံတွေကို စိုးနင်ခေါ်၍ ဟားတိုက်ရယ်နေကြသည်။ ဘယ်အသံ ပိုကျယ်သလဲ..။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း( ၄၁ )

"ဟော… ပြန်လာပြီလား"

ထမင်းစားချိန် နောက်ကျနေပြီမို့ စာသား ကိုမြင်သည်နှင့် မနှင်းအု က နောက်ဖေးခန်းထဲ ပြန်လှည့်ဝင်သွား၏။

"လာ… လာ… မောင်လေးကို စောင့်နေတာ ထင်တယ်၊ အိမ်လေး လဲ မစားသေးဘူးဆိုပြီး ပြန်ထွက်သွားတယ်…"

စာသား က စားပွဲဆောင်မှာ ခုံဆွဲထိုင်လိုက်ရင်း ငါးပိ၊ တို့စရာ၊ ပန်းကန်တွေ ပြင်ဆင်ထားတာကို ကြည့်ကာ…

"မင်းကြည်ဖြူ နဲ့ ညွှန့်သည်တွေရော…"

"စားပြီးသွားပြီ…"

ဟုပြောရင်း မနှင်းအု မျက်နှာမှာ စိတ်ညစ်သည့်အမူအရာတွေ ပေါ်လာလျက်…။

"အဲဒီနှစ်ယောက်ကလဲ ရှိုင်းမှုရှိုင်းကွယ်…"

"ဘယ်သူတွေလဲ…"

"ညွှန့်သည်နှစ်ယောက်ပေါ့…၊ မင်းကြည်ဖြူ စကားတစ်ခုပဲ နားထောင်တာ၊ အိမ်လေး နဲ့တောင် စကားများကြသေးတယ်လေ၊ ခုနကပဲ မင်းကြည်ဖြူ ကလဲ ထေ့တာငေါ့တာတွေ ပြောလိုက်ရာမှ မိန်းမထက် တောင် ဆိုးသေးတယ်"





မနှင်းအု က ထမင်းပွဲ၊ ဟင်းပွဲတွေချပေးရင်း ပြောပြနေတာဖြစ်သည်။

"သူ့ပုံစံကြည့်ရတာ မောင်လေးနဲ့ အိမ်လေး ကို အူတိုနေသလိုပဲ၊ ဒါပေမယ့် အဲဒီလိုပုံ ပေါက်နေပြီး မချိုမချဉ် ပြောင်စပ်စပ်နဲ့…၊ သူ့လူတွေ့ အိမ်လေး ကို မလေးမစားပြောတာတွေကျတော့ မကြားသလို နေပြန်ရော၊ ဘာမှန်းကို မသိပါဘူးကွယ်…၊ ညွှန့်သည်တွေလဲ ထပ်လာကြသေးတယ်၊ ဒါပေမယ့် အိမ်ထဲ မဝင်ကြဘူး၊ ခြံထဲမှာ စကားအကြာကြီးပြောပြီး ပြန်ထွက်သွားကြတယ်…"

စာသား က ထမင်းပန်းကန်မှာ ထပ်ပေးထားသည့် ဇွန်းကို ကိုင်ထားပြီး မစားသေးဘဲ…

"ဟိုအရင် ဒီကိုလာဖူးတဲ့ လူတစ်ယောက်ပါတယ်မို့လား…၊ မျက်နှာမှာ အမှတ်ကြီးနဲ့…"

"ဟင်!…"

မနှင်းအု က စာသား သိနေသည်ကို အံ့ဩသလို ကြည့်ကာ…

"မောင်လေးက တစ်မနက်လုံး အိမ်မှာမရှိဘဲ ဘယ်လိုလုပ် သိတာလဲ…၊ ဟုတ်တယ်… အဲဒီလူကြီးပဲ၊ မြို့က ဘဘကြီးညီ လာတုန်းက ပါလာတာ…"

"သူတို့ နောက်ဖေးခြံထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး စကားပြောနေကြတာမို့လား…"

မနှင်းအု စာသား ကို ကြည့်ပြန်သည်။ ပြီးတော့ ကိုင်ထားသည့် ဟင်းသောက်ပန်းကန်လုံးကြီးကို အသာလေးချပေးကာ…

"ဟုတ်တယ်…၊ ဒါပေမယ့် အိမ်လေး ကတော့ မျက်ခြည်မပြတ် လိုက်ကြည့်နေတာပါ၊ ပြီးတော့ သူတို့ အိမ်ပေါ်မတက်ဘဲ ပြန်သွားကြတယ်၊ ဒီမှာ မောင်လေးကြိုက်တယ်ဆိုပြီး အိမ်လေး စီစဉ်ထားတာ၊ ခွေးတောက်ရွက်နဲ့ ကြက်ခြေထောက်ဟင်းချို၊ ဒီမှာ ငှက်ပျောသီးဆား



www.burmeseclassic.com

www.burmeseclassic.com



ထောင်းလေး၊ စားနော်… ကျွန်မ အိမ်လေး စားတော့မလား သွားမေး ကြည့်ဦးမယ်..”

မနှင်းအု သည် စကားပြောနေရင်း လုပ်ချင်တာတွေလည်း များ နေကာ ဟင်းခွေ ကုန်စင်အောင် ပြောမပြနိုင်တော့ဘဲ ကပျာကယာ ထွက်သွား၏။

စာသား ကလည်း ထမင်းစားမလို့ ကိုင်ထားပြီးသည့်ဇွန်းကို အသာ လေး ပြန်ချ၍ စောင့်နေလိုက်၏။ မကြာမီ…

ပုလဲအိမ် ဝင်လာသည်၊ မနှင်းအု မပါတော့ပါ။ စားပွဲပေါ်မှာ ထမင်းထည့်ရုံပဲဖြစ်ကာ အားလုံးက အဆင်သင့်..။

မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ပြီး ထမင်းထည့်နေတဲ့အထိ ပုလဲ အိမ့် က မျက်လွှာပင့်မကြည့်..၊ ထမင်းချည်းပဲ တစ်ဇွန်းခပ်စားရင်း မျက်လွှာပင့်ကြည့်လိုက်တော့ ပုလဲအိမ် နှင့် မျက်လုံးချင်းဆုံသွားသည်။

“ဟင်းထည့်စားလေ..၊ ဘာလို့ ထမင်းချည်းပဲ စားနေတာလဲ”

မပြောဘဲမနေနိုင်လို့ ပြောရသည့်မျက်နှာလေးနှင့် ပုလဲအိမ် အသံ လေးက မကြည်လင်..။ စာသား ကလည်း ခပ်တည်တည်ပြန်ကြည့် ကာ…

“သူများ ထည့်ပေးတာကိုပဲ စားတတ်တဲ့အကျင့်က ပါနေပြီ..၊ ဒီတိုင်းပဲ စားတော့မယ်”

“ဟွန်း…”

ပုလဲအိမ် ရှက်သွားသည့်မျက်စောင်းလေးတစ်ဝက်နှင့် ငါးကြင်း ကြော်နပ်ကို ကိုယ့်ပန်းကန်ထဲကို ပြန်ဆယ်လိုက်သည်။ ပြီးတော့ နှစ်ခြမ်း,သုံးခြမ်းလောက် ဖဲ့လိုက်ပြီး အရိုးနည်းနည်းပါးပါး ဖယ်ပစ်ကာ စာသား ပန်းကန်ထဲ လှမ်းထည့်ပေး၏။

ပြီးတော့ အစိမ်းကြော်နှင့် ရေတ်သီးဆားထောင်းကို စုံအောင် နည်းနည်းစီ ထည့်ပေး၏။

ပာ.





စာသား က ထမင်းဟင်းတွေကို စိတ်မဝင်စားပါ..၊ တည်တည် တင်းတင်းလေးဖြစ်နေသည့် ပုလဲအိမ် မျက်နှာလေးကို စိုက်ကြည့်နေ ကာ…

“တစ်ခုခု ဖြစ်ထားလို့လား..”

တိုစိပ်စိပ် မျက်တောင်ကော့လေးတွေ ဖျတ်ခနဲ ဝင့်တက်လာ၏။ ပြီးတော့ ဘာမှမဖြေဘဲ ထမင်းငုံ့စားသည်။

သူက ဇွန်းနှင့်စားတတ်သည့်အကျင့်ရှိပေမယ့် ပုလဲအိမ် ကတော့ လက်နှင့်ပဲစားတာမို့ ထမင်းစားနေသည့် လက်ချောင်းဖြူပြည့်ပြည့် လေးတွေကို သတိထားကြည့်မိသည်။

ပုလဲအိမ် ဟာ ရွက်ကြမ်းရေကျိုအလှမျိုးထက် အများကြီး သာပါ သည်။ ပြီးတော့ သူမနှင့် စကားပြောမိပြီဆို စိတ်ဝင်တစားဖြစ်သွား တတ်အောင် ဆွဲဆောင်နိုင်စွမ်းသည့်ပါရမီလည်း ရှိသည်။

ဘာပဲဖြစ်ဖြစ် သူမစိတ်ဓာတ်၊ အပြောအဆို၊ အမူအရာလေးတွေ ဟာ ခပ်သိမ်းသော ဆွဲဆောင်မှုများပဲ ဖြစ်လေသည်။

ဥပမာ ဒေါသဖြစ်ပြီဆို အဲဒီလူမျက်လုံးထဲကို သေချာလိုက်ကြည့် ပြီး မရှုံ့မတွန့်ပြောချပစ်တတ်သည့်အကျင့်..။

သူများတွေဆို မျက်ရည်ဝေ့၊ ငိုသံပါလာတာနှင့် ထိန်းချုပ်ဖို့ ကြိုး စားမည်။ စကားတွေ မှားမည်၊ အထူးသဖြင့် ငိုရမှာကို ရှက်တတ်ကြ တာပဲ ဖြစ်၏။

ပုလဲအိမ် ဆိုသည့်ကောင်မလေးက မျက်ရည်တွေ ပြည့်နေလည်း မေ့ထားတတ်သည်။ ငိုသံပါလို့ စကားပြောမရ ဖြစ်လာလျှင် နှုတ်ခမ်း ကိုက်မည်..၊ ပင့်သက်ရှိုက်မည်..၊ အားလုံးသော ဖြစ်ပျက်ခြင်းတို့ထို ဘယ်သူ့ရှေ့ဖြစ်ဖြစ် မကွယ်မဝှက် ရှင်းရှင်းပဲ ရင်ဆိုင်တတ်သည့် အကျင့်..။

အချစ်နှင့်အလှမ်းကွာ စိမ်းသက်နေခဲ့သော သူ့ရဲ့ရင်ခွင်လွင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ သူမနှင့်တွေ့ပါမှ လျှောင်ဖြိုသလို ကတိမ်းကပါး အက်ရာထင်ခဲ့ရသည်။

ထိုပက်ကြားအက်ထဲမှာ အမြစ်တွယ်လာခဲ့တာက အချစ်သစ်ပင်။ ထမင်းစားနေရင်း စာသား ပင့်သက်ရှိုက်မိသည်။ သူမက မျက်လွှာချနေခဲ့ပေမယ့် မွေးညင်းနုလေးတွေ ဖုံးလွှမ်းနေသည့် လက်ချောင်းလေးတွေမှစကာ သူ့ရင်ထဲမှာ ကဗျာတွေ ဖြစ်နေပါလား..။

တောနေ အလုပ်ကြမ်းတွေလုပ်ခဲ့ရသည်ဆိုပေမယ့် သူမ တစ်ကိုယ်လုံးမှာ ကြမ်းပုံကြမ်းတမ်း ဖြစ်နေတာလည်း တစ်ခုမှမရှိ..။

သူ့မျက်လုံးကပဲ အချစ်ကြောင့် နူးညံ့သက်ဝင်ခြင်းတွေ ဖြစ်နေတာလား..၊ ပုလဲအိမ် ဆိုသည့်ကောင်မလေးက တကယ် အဲဒီလောက်လှနေသည်လား..။

"စာသား..."

ထမင်းစားခြင်းကို လက်စသတ်လိုက်တဲ့အထိ နှစ်ယောက်စလုံး တိတ်ဆိတ်နေခဲ့ကြပြီးမှ သူ့ အရင်ထတော့ ပုလဲအိမ် အသံလေး ခပ်ဆောင့်ဆောင့် ထွက်လာ၏။

ထို့နောက် သူမပါ ထရပ်လိုက်ကာ ထမင်းပန်းကန်နှစ်ချပ်ကို ထပ်ပစ်လိုက်တာလည်း မညင်သာ..။

"ရှင့်ရင်ထဲက ဘဝင်မြင့်တာတွေ..၊ မာနတွေက ဘယ်သူ့အပေါ်မှာဖြစ်ဖြစ် ဒီအချိုးအဆအတိုင်းပဲလား..."

"ဘာလဲ.."

စားပွဲတစ်လုံးခြားလျက် မျက်နှာချင်းဆိုင် ရပ်နေကြသော်လည်း စာသား က မျက်မှောင်ကြုတ်နေကာ ပုလဲအိမ် မျက်ဝန်းမှာ မျက်ရည်ရောင်တွေ ပြိုးပြိုးပြက်ပြက်နှင့်..။

သူမက မေးဖျားလေးပင့်၍ စာသား မျက်ဝန်းတွေကို စူးစိုက်ကြည့်ကာ...





"ရှင် ကျွန်မအပေါ်မှာ ဆက်ဆံပုံ ဒီထက် ပိုသင့်ကယ်လို့ မထင်ဘူးလား.."

ဘယ်လိုမှ မမျိုသိပ်နိုင်သည့်မေးခွန်းဟာ လှိုဏ်ခေါင်း သိက္ခာတွေကို တိုးတိုက်ထွက်သွား၏။ စာသား မျက်ဝန်းတွေ စူးရဲနေရာကနေ ဖျတ်ခနဲ အရောင်ပြောင်းသွား၏။

"ဒီတိုင်းပဲ အမြဲတမ်း နေလာတာ..."

ပုလဲအိမ် မျက်ဝန်းထဲမှာ ပြည့်ပြည့်လျှံလျှံ လှုပ်လီလှုပ်လဲ့တွေ ဖြစ်သွား၏။

"ပြီးတာပဲ.."

ဖျတ်ခနဲ အလှည့်မှာ မျက်ရည်နှစ်စက် တစ်ပြိုင်တည်း ခုန်ဆင်းသွားသည်။ ပန်းကန်ဆေးသည့်ရေကန် ရောက်တော့ ပန်းကန်တွေကို စင်ပေါ်မှာတင်လိုက်ပြီး လက်ကို ဆပ်ပြာနှင့် အထပ်ထပ်ဆေးသည်။

ဘယ်နှစ်ထပ်ရှိအောင် ဆေးနေမိမှန်းမသိဘဲ နောက်ထပ် မျက်ရည်ကျလုလုမှာ အံကြိတ်လိုက်မိသည်။

သူမဟာ မျက်ရည် ဒီလောက်ထိ လွယ်တတ်ခဲ့သူမဟုတ်ဘဲ ဒီလိုဖြစ်လောက်အောင် ခံစားနေရသလား..၊ ကိုယ့်ကိုယ်ကို မကျေနပ်ခြင်းဖြင့် လက်နှစ်ဖက်ကို နှစ်ချက်လောက် လွှဲခါပြီး ဒီဘက်အလှည့်...

"ဟင်!..."

ရင်ဘတ်ချင်း တိုက်မိတော့မတတ် သူမနောက်မှာ ရပ်နေသည့် စာသား က နွတ်ခမ်းဖျားနှင့်မဟုတ်ဘဲ မျက်ဝန်းတွေမှာ ရယ်မြူးကြည်နူးခြင်းတွေ ပြည့်နှက်လျက်...

"ကိုယ် ဘယ်လို ဆက်ဆံရမှာလဲ..၊ မင်း ပြောမှ ဖြစ်မယ်..."

"ဘာလဲ..၊ မသိဘူး... သွား..."

ပုလဲအိမ် က ရှောင်ထွက်သွားဖို့ ကြိုးစားသည်။ စာသားက ပခုံးလေးနှစ်ဖက်ကိုကိုင်၍ ဆတ်ခနဲ ဆွဲလှည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"သွားလို့မရဘူး…၊ ကိုယ်က ဖွင့်ပြောထားခဲ့ပေမယ့် မင်း ဘာမှ ပြန်မဖြေဘူး၊ အဲဒါဖြေ…၊ ပြီးရင် မင်းနဲ့ငါ ဆက်ဆံရေး ပြောင်းလို့ရပြီ"

ပုလဲအိမ် ပါးပြင်လေးနှစ်ဖက်မှာ ပန်းရောင်ရင့်သွားသည်။ ရှက်ရှက်နှင့် ရှောင်ဖယ်သွားလို့လည်း မရဘဲ ဒီလောက် အလိုက်မသိသည့် လူကို စိတ်တိုတိုနှင့် သေသေချာချာ မော့ကြည့်သည်။ ပြီးတော့ ကိုင်ထားသည့်လက်တွေကို ခါချပစ်လိုက်ပြီး…

"ရှင်… ရှင် အဲဒီလောက်ထိ လူကို အရှုပ်တစ်ရုပ်လို လုပ်ခဲ့ပြီးမှ ဘာအဖြေလဲ…၊ လဲသေလိုက်တော့…၊ သွား…"

မျက်စောင်းလေးတစ်ချက် ထားရစ်ပြီး ပုလဲအိမ် ဘောက်ဆက်ဆက်လေး လျှောက်ထွက်သွား၏။ စာသား တစ်ယောက်တည်း သွားတွေပေါ်အောင်ပြုံးရင်း အလုပ်မရှိအလုပ်ရှာသည့်လက်က ဘောင်းဘီအိတ်နှစ်ဖက်ထဲ ရောက်၏။

နောက်တော့မှ ပြောပြရဦးမည်။ ရင်ထဲမှာ တကယ် အတိအကျ ချစ်နေတဲ့အကြောင်းတွေ…။







## အခန်း ( ၃၁ )

ဝိုးလ်ချဲလို့ အကြံပြုလိုက်ပြီး မကြာမီ ဦးလှမော်အောင် ဝိုးလ်ချဲနှင့် အိမ်အောက်ထပ်မှာ ထွေထွေထောင်ထောင် ထိုင်နိုင်လာ၏။

ထိုအခါကျမှ လူဖြစ်ရှုံးသလို ခံစားနေရရင်း အိပ်ရာထဲမှာ ကြိတ်မှိတ်ကြေကွဲနေရသည့် ကိုယ့်ရဲ့သောကတွေကို ကယ်တင်လိုက်သူအဖြစ် စာသား ကို ဦးလှမော်အောင် ကျေးဇူးတင်လို့ မဆုံးနိုင်…။

"ခုချိန်ထိတော့ စာသား ဟာ ဘဘတို့အတွက် အဆွေခင်ပွန်းကောင်းပဲ သမီးရယ်…"

အိမ်ရှေ့ကို ပုလဲအိမ်က တွန်းလာပေးစဉ် ဦးလှမော်အောင် ကျေကျေနပ်နပ်ကြီး ပြောမိသည်။ ခုတင်တစ်လုံးပေါ်ကနေ ခေါင်းရင်းပြတင်းပေါက်လေးတစ်ချပ်စာ ၊ မျက်နှာကြက် ကျောက်ပြားပြင်တစ်ခုအပြင် ဘာမှ တွေ့မြင်ခံစားခွင့်မရှိခဲ့သော ဘဝကနေ ခုတော့ ပြင်ပလောကို ကြည်နူးစွာ ရှုရှိုက်ခွင့် ရခဲ့၏။

"ဒီကောင်လေးဟာ လူကောင်းသူကောင်းလေးပါ၊ ဒါကို သိနေလျက်နဲ့ ဘဘဟာ စည်းစိမ်ဥစ္စာတွေနဲ့ ခြောက်လှန့်မှုကြောင့် ဘယ်သူ့ကိုမှ အကြွင်းမဲ့ မယုံကြည်နိုင်တဲ့ဘဝ…"

"ယုံကြည်ထိုက်သူကိုတော့ ယုံကြည်ပေါ့ ဘဘရယ်…၊ သမီးစိတ်ထဲမှာ စာသား ကို လူဆိုးလူညစ်လို့ ဘယ်တုန်းကမှ မ[illegible]စားခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သလို သူ လူကောင်းတစ်ယောက်ဆိုတာကို တဖြည်းဖြည်း ယုံကြည်လာတယ်၊ သူ့ကြောင့် သမီးတို့မှာ အကျိုးမယုတ်ခဲ့ပူးသေးဘူး။ အဲဒါ အမှန်တရားပဲ.."

ဦးလှမော်အောင် က သက်ပြင်းချရင်း၊ ခေါင်းတညိတ်ညိတ်လုပ်နေ၏။ ငွေရှိပေမယ့် ကူညီမယ့်သူ မရှိ..၊ အကမ်းအလှမ်းမဲ့နေသောဘဝမှာ စာသား လို ဦးဆောင်လုပ်ကိုင်ပေးမည့်သူသာမရှိခဲ့ရင် သူတို့ တူဝရီးရဲ့အဖြစ်က တွေးရဲစရာပင် မရှိပေ..။

"ဘဘ ခဏနေဦးနော်..၊ သမီး ဘဘရဲ့ဆေးတံ သွားယူဦးမယ်"

"အေး... အေး..."

တိုက်တိုက်ဆိုင်ဆိုင် ပုလဲအိမ် အထဲဝင်သွားသည်နှင့် ခြံထဲကို စာသား ဝင်လာခဲ့သည်။ အတွင်းခံ စွပ်ကျယ်အကျီအဖြူချိုင်းပြတ်နှင့် ပြာမှိုင်းမှိုင်းရှပ်အကျီလက်ရှည်ကို ကြယ်သီးမတပ်ဘဲ ဝတ်ထား၏။ အောက်မှာ ဂျင်းဘောင်းဘီရှည်က ဖြူဖျော့ဖျော့..။

ဝင်လာသည်နှင့် ဦးလှမော်အောင် အားကို တန်းလျှောက်လာသည်။ ပြီးတော့ လက်တစ်ဖက်သာသာလောက်မှာရှိသည့် ကျောက်တုံးပုံကြီးပေါ်မှာ ထိုင်လိုက်၍...

"ဦးလေး နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပြီးလားကွယ်..၊ မင်းကို ကျုပ် သိပ်ကိုကျေးဇူးတင်ပါတယ်၊ သောကတစ်ခုကြားမှာ မွန်းကျပ်ပိတ်လှောင်နေခဲ့တဲ့ ကျုပ်ရဲ့ စိတ်ပျက်အားလျော့ခြင်းတွေကို မင်းပဲ မေးမ တွဲကူခဲ့တာ"

"ဒါတွေက အရေးမကြီးပါဘူး၊ အခု ကျွန်တော် အကြောင်းတစ်ခုရှိနေလို့၊ ဟိုသွားဒီသွားနဲ့ အလုပ်ရှုပ်နေတာပါ၊ ပြောရရင် အဲဒီအကြောင်းက ဦးလေးတို့နဲ့လဲ သက်ဆိုင်ပါတယ်"

"ဟင်!..."

"အဲဒါကြောင့် ဒီရက်ပိုင်းတွေမှာ အလုပ်ရှိန်ပျက်ယွင်းမှုတွေ ဖြစ်





တဲ့အတွက် ခဏ သည်းခံပေးပါ"

ဦးလှမော်အောင် မျက်နှာမှာ လေးနက်ခြင်းတွေ ဖြစ်သွား၏။ ဦးလဲချဲကို သူ့ဘာသာ တွန့်လိုမ့်ရင်း စာသား ရှေ့ကို ပိုနီးအောင် တိုး၍ ထာကာ...

"ကျုပ်နဲ့ ပတ်သက်နေတယ်ဆိုတော့ ကျုပ်များ သိခွင့်ရှိမလား"

"ရှိပါတယ်၊ ဒါပေမယ့်... အခုတော့ ပြောလို့မရသေးဘူး၊ နေ့ဘက်တွေဆို အိပ်ရာထဲမှာမနေဘဲ ခုလို အရိပ်အေးတဲ့နေရာတွေမှာ ဦးလေး နေပါ၊ အိမ်ထဲမှာတော့ ပုလဲအိမ် က မနင်းအု ရှိတယ်လေ..၊ ဘယ်ကိုပဲသွားလာနေနေ ညမိုးမချုပ်ခင်တော့ ကျွန်တော် ရောက်အောင် ပြန်လာမှာပါ.."

ဦးလှမော်အောင် မတင်မကျမျက်နှာနှင့်ပဲ ခေါင်းညိတ်ရသည်။

"ဒါနဲ့ မင်းကြည်ဖြူ တို့ အခုတစ်လော အပြင် တော်တော်ထွက်နေတယ်လို့ ပြောတယ်၊ ကျုပ်ဆီကိုတော့ နှုတ်ဆက်ရုံလေးတောင် ရောက်မလာပါဘူး၊ အပြင်မှာ မင်းနဲ့ ဆုံဖြစ်သေးလား"

ရင်ထဲမှာ ဤသို့ တွေးမိတာလေးတွေ ရှိသည်။ ဒါကြောင့် အကြောင်းတိုက်ဆိုင်တုန်း မေးမိတာဖြစ်သည်။

မင်းကြည်ဖြူ ကို မယုံကြည်တာက အချိန်မရွေး အမြဲတမ်းဖြစ်သည်။ ဒါပေမယ့် ဒီရက်ပိုင်းကျမှ စာသား ကလဲ နေ့ခင်းတစ်ပိုင်းလုံး ပျောက်ပျောက်နေခဲ့၏။

နှစ်ယောက်ပျောက်ချိန်က ဘာဖြစ်လို့ တူနေတာလဲ..၊ တူမဖြစ်တဲ့သူက စာသား ကိုတော့ လုံးဝ ယုံကြည်မှုရှိနေသည်။ ဒါကြောင့်လည်း သူ ဘာမှ မဟ,နဲ့တာပါ..။ ခုကျတော့ စာသား က ဒီအိမ်အတွက် သူ ကြိုးစားနေသည်ဟု ဆိုလာပြန်သည်။

ဘယ်သူက ဘာလဲ..။

"သူနဲ့ ကျွန်တော် တွေ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"စကား မပြောဖြစ်ပါဘူး"

မင်းကြည်ဖြူ တို့လူစုက သုံးယောက်မှမကဘဲ၊ လူစုလူဝေးနှင့် တစ်ခါတစ်ရံ တွေ့ရတတ်သော်လည်း မင်းကြည်ဖြူ က သူ့ကိုမြင်လျှင် မသိချင်ယောင်ဆောင်နေတတ်သလို ရှောင်သွားတတ်တာလည်း ရှိသည်။

မြို့ကသေးသည်ဆိုပေမယ့် အပေါင်းအသင်းတွေ စုံတာကတော့ သူ့ထက်ပင် သာသေးသည်။ ဒါပေမယ့် သေးသေးမွှားမွှား ကိစ္စတွေ အထိ သူ ပြောမပြဖြစ်ပါ။

အပေါ်ထပ် အိပ်ခန်းထဲက သူ ယူစရာရှိလို့ တက်လာခဲ့ပြီး အိမ်ထဲမှာ ဘယ်သူမှ ရှိမနေသဖြင့် လှေကားရင်းရောက်မှ နောက်ပြန် လှည့်မိ၏။

ထိုအခါကျမှ သူ့နောက် ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် ပုလဲအိမ် ကို မြင်သွားကာ...

"ပုလဲအိမ်.."

"ရှင် အပေါ်တက်မလို့မို့လား၊ သွားလေ..."

"မင်းပါ ခဏလိုက်ခဲ့ပါ၊ ငါ့အခန်းက ဦးလေးအခန်းနဲ့ ကပ်နေ တော့ သွားရလာရ ခက်တယ်"

ပုလဲအိမ် က ခေါင်းညိတ်လိုက်ပြီး သူ့နောက်က ပါလာသည်။ အခန်းထဲကို ဝင်သွားတော့ သူမက တံခါးဝရှေ့မှာပဲ နေခဲ့ပြီး...

"ရှင် အခု ပြန်ထွက်ဦးမှာပေါ့..."

အပြင်ကနေ လှမ်းမေးသည်။

"ဟုတ်တယ်..၊ ညနေ ပြန်လာမှာပါ"

"ဘာတွေ အလုပ်ရှုပ်နေတာလဲ..၊ အဲဒါ ကျွန်မ မသိရဘူးလား"

"မရဘူး..."

ဖြေသံနှင့်အတူ စာသား တံခါးဝမှာ ပေါ်လာသည်။ ပြီးတော့ သနပ်ခါးရေကျဲလေးပွတ်ထားသည့် မျက်ခုံးတန်းလေးတွေကို စိုက်ကြည့်ကာ...



"ရေချိုးထားတာလား..."

"ဟုတ်တယ်..၊ ကိုယ့်ဘာသာ အပူရှာမိလို့၊ တစ်နေ့ ရေ အခါ နှစ်ဆယ်လောက် ချိုးနေရတယ်"

စာသား က ပြုံးသည်။ ပုလဲအိမ် က မျက်စောင်းလေးရွယ်၏။

ဒီလူဟာ သူ့ရဲ့အဓိကတွေအကြောင်း အဆိုးအကောင်းကို တစ်ခါမှ ဖွင့်ဟပြောပြခဲ့သည် မရှိ။ ဘယ်မှာဘယ်လို လေးနက်နေနေ..၊ သူမကို ပြောပြီဆို မဆိုင်တဲ့အကြောင်း..။

"ရှင် ပြုံးစိစိ လုပ်မနေနဲ့နော်.."

"ပြုံးစရာမို့ ပြုံးတာပေါ့..၊ ပူစရာက အခု မရှိသေးဘူး၊ နောက်မှ လာမှာ..."

"ဘာ!...၊ ကြည့်စမ်း.."

ပုလဲအိမ် ကိုယ့်စကားကို ခုမှ သတိရသွားကာ မျက်နှာလေး တစ်ပြင်လုံး ရဲတွတ်သွား၏။ ရှက်ရှက်နှင့် သူ့လက်မောင်းကို ထုပစ်လိုက်ရင်း...

"အဲဒါမျိုးတွေကျတော့ ရှင် ပြောတတ်သားပဲ၊ လူညစ်..."

"မဟုတ်ဘူးလား..၊ မိဘလက်အောက်မှာ နေတဲ့အချိန်ဟာ သောကအကင်းဆုံးအချိန်..၊ အိမ်ထောင်ကျပြီဆိုမှ ပူတာအေးတာတွေ က လာမှာလေ..၊ မင်းနဲ့ငါ ညားပြီဆိုမှ..."

"ရှင့်ကို ဘယ်သူက ယူမယ်လို့ ပြောလို့လဲ.."

ပုလဲအိမ် တကယ်ရှက်နေပြီမို့ ထွက်ပြေးဖို့ ပြင်သည်။ စာသား က အခန်းနံရံမှာ လက်တစ်ဖက်ထောက်ပစ်လိုက်ပြီး အရှေ့ကနေ ပိတ်ထားလိုက်ကာ...

"ဒီမှာ..."



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက် ထပ်ထောက်လိုက်တော့ ပုလဲအိမ် သူ့ရင်ခွင်ထဲ ရောက်သွားသည်။ ဖက်ထားတာမဟုတ်ပေမယ့် မျက်နှာချင်း ကပ်မိ တော့မှာမို့ ရင်တွေခုန်လာကာ...

"ရှင်... ရှင် ဘာလုပ်မလို့လဲ...၊ ဖယ်ပေး..."

"မင်းကို သိပ်ချစ်တဲ့အကြောင်းတွေ..."

"မပြောနဲ့...၊ မယုံဘူး"

"မပြောပါဘူး..."

"ဘာ!..."

"ခု မပြောဘူးလေ...၊ နောက်မှ..."

"ရှင်နော်..."

ပုလဲအိမ် ရှတ်သွားသည်။ မချိုမချဉ်ကြည့်နေသည့်မျက်နှာကို မော့ကြည့်မိပြီး သူ့ရင်ဘတ်ကြီးကိုပဲ တအား ထုပစ်လိုက်မိ၏။ စာသား က ရယ်ကာ ပုလဲအိမ် ကိုယ်လေးကို ဖက်ထားလိုက်၏။

အားလုံးပဲ မင်းအတွက်ပါ ပုလဲအိမ်...။





အခန်း ( ၄၂ )

"ဟိတ်ကောင်...၊ နေဦး"

တားဆီးသံက နောက်ကမဟုတ်တဲ ဘေးက ဖြစ်နေ၏။

စာသား ခြေလှမ်းတွေ ရပ်သွား၏။ ရွာနှစ်ရွာစပ်ကြားမှာ ကုန်း မြေမြင့်တစ်ခုနှင့် လျှိုငယ်တစ်ခု ခြားထားသည်။

ဟိုဘက်နားမှာတော့ မြို့နဲ့ ပိုနီးသွားသလို စည်လည်း စည် ကားသည်။ လက်ဖက်ရည်ဆိုင်၊ ဗီဒီယိုရုံတွေနှင့် ခုနစ်ရက်တစ်ခါ ဈေးလေးလည်း ရှိသေးသည်။ ရဲစခန်း၊ ကျောင်းကအစ အလယ်တန်း ကျောင်းရှိသည့် ရွာမကြီးနှင့်လည်း နီးနေပြီဖြစ်သည်။

ထို့ကြောင့် လေးတိုင်စင်ရွာသားတွေက ဒီဘက်ကူးလာပြီး တကယ့် မြို့သားကြီးတွေလိုလို ထောက်ကြွထောက်ကြွ...။

တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြသည့် လေးယောက် စလုံး လေးတိုင်စင်ရွာသားတွေပဲဖြစ်ကာ မကြာမီသော ကာလတစ်ခု အတွင်းက မင်းကြည်ဖြူ ဘေးမှာ ခစားနေကြသူတွေဆိုတာလည်း သူ သိလိုက်သည်။

"မင်းက လေးတိုင်စင်ကို ကူးလူးလာပြီး ဘာလုပ်နေတာလဲ"

တစ်ယောက်က ရှေ့တည့်တည့်မှာ လာရပ်ပြီး မေးသည်။ ကျန် တဲ့ သုံးယောက်က ဖြန့်ကျက်ပြီး ပိတ်ရပ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တာသား က တစ်ယောက်စီကို လိုက်ကြည့်ပြီး ချက်ချင်း စကား မပြန်ဘဲ တစ်စုံတစ်ရာကို စဉ်းစားသလို ငြိမ်နေ၏။

"ငါတို့က ငါတို့ရွာကို လူစိမ်းတွေ ခြေရှုပ်လာရင် မကြိုက်ဘူး"

"ဒါပဲလား..၊ နောက်ထပ် အကြောင်းတစ်ခုခု ပြောပါဦး.."

တာသား မျက်နှာပေါ်က သွေးအေးမှုကိုမြင်ကာ သူတို့ တစ်ယောက်နှင့်တစ်ယောက် မသိမသာ လှမ်းကြည့်သည်။ ပြီးတော့မှ မျက်လုံးချင်း ဆိုင်လိုက်သလို ပြိုင်တူ ခေါင်းညိတ်ပြီး တစ်ယောက်က—

"ဟုတ်တယ်..၊ အခုကက မင်းကို ဦးလူမော်အောင် အိမ်မှာ မမြင်ချင်တာ..."

တာသား က ကျေနပ်သည့်မျက်ဝန်းများနှင့် မျက်နှာမော့ပြီးသည်။

"မင်း အဲဒီမှာ အလုပ်လုပ်နေဦးမယ်ဆိုရင် မင်းအတွက် မနက်ဖြန်တွေ မသာယာနိုင်ဘူးနော်.."

"အဟွန်း..၊ ရုပ်ရှင်တွေထဲက ဒိုင်ယာလော့တွေလား..."

"ဘာကွ..၊ မင်းက မင်းကိုယ်မင်း ဘာကောင်မှတ်နေသလဲ..၊ ကိုယ့်ကိုယ်ကိုယ် ရုပ်ရှင်မင်းသားမဟုတ်ဘူးဆိုတာလဲ သတိရစမ်းပါ"

"ဒီနေရာမှာတင် တစ်စစီ ဖြစ်မသွားချင်ရင် မင်းအချိုးကို ပြင်လိုက်..."

တစ်ယောက်တစ်ခွန်းပြောကြသလောက် တာသား က တစ်ယောက်စီကို လိုက်ကြည့်ပြီး ခေါင်းညိတ်နေ၏။ ပြီးမှ...

"တစ်ခုလောက် မေးချင်တယ်..၊ ငါ့ကို ဘာဖြစ်လို့ အဲဒီအိမ်မှာ မနေစေချင်တာလဲ.."

ပါးစပ်ကြီးဟ,လိုက်ပြီးမှ မဖြေနိုင်..၊ ဒါပေမယ့် ဘေးက တစ်ယောက်က...

"ငါ့အစ်ကိုက ပုလဲ ဆိုတဲ့ကောင်မလေးနဲ့ ငြိနေတာ၊ မင်းလိုကောင် တွယ်ကပ်နေတာကို မမြင်ချင်လို့.."





"မင်းအစ်ကိုဆိုတာ မင်းကြည်ဖြူ လား..."

သူတို့ မျက်နှာပျက်သွားကြပြန်သည်။ သူတို့ လှုပ်ရှားကြံစည်နေကြတာတွေကို တစ်စုံတစ်ယောက်မှ မသိခဲ့ဘူးလို့ တွက်ထားကြပုံရ၏။ တာသား က မဲ့လိုက်ပြီး...

"မင်းတို့ ဒီရောက်နေပုံထောက်ရင် ဟိုတစ်ယောက်က ဘယ်မှာလဲဆိုတာ ငါ မှန်းလို့ရပြီ၊ မင်းတို့ရဲ့ခြေထောက်တွေကို ကိုယ့်ဘာသာ ရုတ်သိမ်းမလား..၊ ငါ ရိုက်ချိုးပစ်ရမလား..."

"ဟိတ်..၊ ဘာတွေ ဖြစ်နေလဲ..၊ ရပ်လိုက်.."

ခြေသံ၊ လူသံတွေ ချက်ချင်း ကြားလိုက်ရကာ လှမ်းအော်လိုက်သည့် တေးချို အသံနှင့်အတူ ခေတ်ဦး တို့၊ ကရင် တို့လည်း ပါလာသည်။ ပြီးတော့ သာယာအောင် က အနားရောက်မှ သစ်ကိုင်းခြောက် တစ်ခု ကောက်ယူလိုက်ကာ...

"မင်းတို့ ငါ့ညီကို ဒုက္ခပေးဖို့ ကြံစည်နေကြတာတွေကို တိတ်တဆိတ်သတင်းရလို့ လူစုပြီး လိုက်လာတာ..၊ ကဲ... အခု ဘာဖြစ်ချင်တာလဲ ပြော..."

ခေတ်ဦး က ရှေ့ကို ခြေတစ်လှမ်းတိုးလိုက်ပြီး...

"လူကတော့ ငါတို့ဘက်က တစ်ယောက် ပိုတယ်၊ ဒါပေမယ့် ငါတို့က ငါတို့ဆရာကြီး ဦးထွန်းရဲ့ ဂုဏ်ကျက်သရေကို ထိန်းတဲ့အနေနဲ့ လူပိုမထည့်ဘူး၊ တစ်ယောက်ချင်းပဲ ဝမ်းတိုင်ဝမ်း..၊ ဘယ်လိုလဲ..."

ဆရာကြီး ဦးထွန်း၏နာမည်ကို ကြားတာနှင့် လေးတိုင်စင်ရွာသားတွေ မျက်နှာပျက်သွားကြ၏။ တကယ်ဆို ဘယ်ရွာနှင့်ဘယ်ရွာ..၊ ဘာအကြောင်းနှင့်မှ ရန်ငြိုးရန်စတွေ ဖြစ်လောက်အောင် အချင်းများခဲ့ကြတာ မရှိဘူးပါ..။

အလှူကြီးအတန်းကြီး ပြုကြဖို့ရှိရင်တောင် တစ်ရွာကနေ တစ်ရွာကို ရွာလုံးကျွတ်ဖိတ်ကြသည့်အကျင့် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တွေဝေသွားကြပေမယ့် မင်းကြည်ဖြူ ဘယ်လို ချုပ်ကိုင်ထားခဲ့မှန်း မသိ..၊ တင်းနေသည့် မျက်နှာကြီးတွေက မပြေ။ စာသား စိတ်မရှည်နိုင်ဖြစ်လာကာ...

"မင်းတို့ ဖြစ်တယ်ဆိုရင် ငါသွားမယ် ခေတ်ဦး..၊ နောက်မှာ ပြဿနာရှိတယ်"

"လုံးဝ လစ်တော့..၊ ဒါမှ ဘက်ညီသွားမှာ..."

စာသား ခြေလှမ်းပြင်လိုက်သည်နှင့် ရှေ့ကလူက ငိုင်နေခဲ့ပြီး အောက်တစ်ယောက်က ဖျတ်ခနဲ ပိတ်ရပ်၏။

"ဗုန်း..."

"အင့်.."

ဗိုက်ကို လက်ပြန် ဖောင်းခနဲ ရိုက်ပစ်လိုက်လျှင် စာသား လက်မြန်တာလား..၊ အလစ်ငိုက်ဖြစ်သွားတာလား မသိ..။

အင့်ခနဲ တစ်ချက်ပဲ အော်နိုင်ပြီး ယိမ်းယိုင်ကျန်ရစ်၏။ စာသားနှင့် သာယာအောင် မျက်လုံးချင်းဆုံသွား၏။ ကိုယ့်အစ်ကိုတွေမှာ ကိုယ်ခံပညာ အခြေခံမရှိကြပေ..။

ထို့ကြောင့် ခြေလှမ်းနည်းနည်းတုံ့၏။ သာယာအောင် က အသံထွက်ရယ်လိုက်ပြီး...

"စိတ်ချသွားစမ်းပါ..၊ ကိုယ့်ညီအတွက် တစ်ခါတလေ စိတ်ကူးလေးပေါက်တုန်း လူစွမ်းကောင်းဖြစ်အောင်..."

နောက်ထပ် မတားဆီးရဲတော့သည့်ကြားကနေ စာသား ထွက်လာခဲ့သည်။

ဆုတောင်းလိုက်မိတာက သူထင်သလို ဖြစ်မနေဖို့..။







## အခန်း( ၄၃ )

ချောင်းစပ်ကိုရောက်တော့ ဟိုတစ်ခါ စာသား ရောက်လာတာကို သတိရလိုက်မိသည်။ သူနှင့် အေးဆေး ကြည်နူးခဲ့ရတဲ့အချိန်လည်း မရှိခဲ့ပါ..။

တစ်လောကလုံးမှာ သူတစ်ယောက်ပဲ အလုပ်ရှုပ်နေတာလား မသိ။ ခုနေသာ သူရောက်လာခဲ့ရင် ဒီလောက်လှတဲ့နေရာလေးမှာ ဘယ်လောက် ကြည်နူးဖို့ ကောင်းလိုက်မလဲ..။

ဟင်းရွက်ခူးဖို့ ယူလာခဲ့သည့် ဆွဲခြင်းသေးသေးလေးကို ချလိုက်ရင်း သစ်မြစ်ဆုံမှာ ထိုင်မိသည်။

ရည်းစားရှိတဲ့သူတွေ စိတ်လေတယ်ဆိုတာ ဖြစ်နိုင်သည်ပဲ..၊ သူမကိုယ်တိုင် လက်တွေ့ခံစားရပါမှ ဒီရောဂါ တကယ်ဆိုးမှန်း သိသည်။

ဘယ်ကိုကြည့်ကြည့် သူ့မျက်နှာကိုပဲ မြင်နေသည်။ ဘာလုပ်လုပ် သူ့အကြောင်းပဲ တွေးနေမိ၏။ ပန်းကလေးတွေကို နမ်းလိုက်မိတိုင်း တစ်ကိုယ်လုံး ဖျင်းခနဲ ကျင်ရှသွားသည့်ရင်ခုန်ခြင်းဟာ ဘာနှင့်မှမတူ..။

တစ်ခါတလေ တစ်ယောက်တည်း ပြုံးမိတာတွေ..၊ ရှေ့မှာ သူရှိနေသလိုလို မဲ့ရွဲ့ဆိုးနွဲ့မိတာတွေ..၊ ဒီလိုပဲ ပုလဲအိမ် တစ်ယောက်တည်း နေ့စဉ် ဖြတ်သန်းခဲ့ရသည်။

သူကတော့ ပေါ်လာလိုက် ပြန်ပျောက်သွားလိုက်..။



www.burmeseclassic.com

www.burmeseclassic.com



ဘဘရဲ့ သံသယစကားတွေအောက်မှာ သူ့အပေါ် ဖြန့်ကျက်မသွားအောင် ကာကွယ်နေရတာလည်း အကြောင်းပြချက်တွေ ကုန်ပြီ..။

သူများ တစ်မျိုးထင်စရာဖြစ်အောင် သူ ဘယ်သွားပြီး ဘာတွေ လုပ်နေတာလဲ..။

"ပုလဲအိမ်..."

"ဟင်!.."

ထူးလိုက်တာမဟုတ်ဘဲ ပခုံးလေးနှစ်ဖက် ဆတ်ခနဲ ကျုံ့သွားအောင် ထိတ်လန့်သွား၏။ ခေါ်သံက စာသား အသံ မဟုတ်တာကို သိလိုက်ခြင်းနှင့်အတူ သူမနောက်မှာ မင်းကြည်ဖြူ နှင့် ညှိသည် နှစ်ယောက်..။

"ထိုင်နေပါ..၊ မင်းနဲ့ ငါ ဆွေးနွေးစရာရှိလို့.."

ပုလဲအိမ် ဖျတ်ခနဲ ထရပ်လိုက်၏။ သုံးယောက်က သူမကို ဝိုင်းထားသလိုဖြစ်သွားကာ မင်းကြည်ဖြူ က ရှေ့ရောက်လာ၏။ ညှိသည် နှစ်ယောက်က သူမဘေး တစ်ဖက်တစ်ချက်မှာ နီးကပ်စွာ...

"ဘာလဲ..၊ ဘာကိစ္စလဲ.."

အိမ်နှင့် အနည်းငယ် အလှမ်းဝေးနေပြီမို့ ပုလဲအိမ် မျက်နှာထက်မှာ ထိတ်လန့်နေတာက ဖုံးဖိမရဖြစ်နေ၏။ ပြီးတော့ ဒီနေရာက တမင် လာမှ ရောက်သည်။ ချောင်းကမ်းစပ်ဆိုပေမယ့် ဆင်းလို့တက်လို့ မကောင်း..။

ချုံတွေလည်း ပေါသည်။ ချုံပေါ်မှာတက်နေသည့် ဟင်းရွက်ညွန့်တွေကို လာခူးရင်း ရောက်ဖြစ်ခဲ့သည်မို့ ချောင်းထဲဆင်းတဲ့အထိ ဒီနားမှာ ပုလဲအိမ် ခြေရာပဲ ရှိလိမ့်မည်။

"မင်း ဒီနားမှာ ဟိုကောင်နဲ့ လာချိန်းနေကျမို့လား..၊ ဒါပေမယ့် ဒီနေ့တော့ မျှော်မနေနဲ့၊ သူ လာနိုင်တော့မှာ မဟုတ်ဘူး"

မင်းကြည်ဖြူ က လူချောပါ..၊ ဒါပေမယ့် ဒီနေ့တော့ ပြုံးမဲ့မဲ့





မျက်နှာက ရွံစရာကြီးဖြစ်နေသည်။ ဘာပြောမလို့လဲ..၊ တစ်ခုခု အန္တရာယ်ပေးဖို့လား..။

ပုလဲအိမ် နှုတ်ခမ်းလေးကိုက်ထားရင်း အပြေးအလွှား စဉ်းစားသည်။ ဒီနေရာကို သူမ တစ်ရက်ခြား၊ နှစ်ရက်ခြားလောက်မှ တစ်ခါပဲ ရောက်တာပါ။ ဒီလူ တမင်စောင့်ကြည့်နေတာပဲ ဖြစ်မည်။

"ပုလဲအိမ်..၊ မင်း ငါ့ကို ရန်စွာဖို့ မကြိုးစားဘဲ သေချာစဉ်းစားပြီမှ ပြော.."

"ဘာလဲ.."

"ကူညီမယ့်သူလဲ မမျှော်နဲ့..၊ မင်း ငါ့လက်ထဲက လွတ်မှာလဲ မဟုတ်ဘူး၊ အဲဒီတော့ ဘဝနစ်မွန်းပြီးမှ မလိုချင်တဲ့ယောကျ်ားကို ယူရတဲ့အဖြစ် အရောက်ခံမလား..၊ ကိုယ့်ချစ်သူနဲ့လက်တွဲပြီး တောမှာဝဲ အေးအေးချမ်းသာ နေမလား..၊ မွန်းပုံစံက အချစ်ကိုပဲ စိန်ခဲ့ရွေးခဲ့လိုက်ရင်း သေချင်တဲ့မိန်းမမျိုးပါ၊ အဲဒီတော့ မိုက်မိုက်မဲမဲတွေ မဆုံးဖြတ်မိဖို့ စဉ်းစားပေါ့"

"ရှင် ဘာတွေပြောနေတာလဲ မင်းကြည်ဖြူ..၊ ပြောချင်တာကို တည့်တည့်ပြောစမ်းပါ"

"ဟုတ်သားပဲ ကိုမင်း ရာ..၊ ကျုပ်တို့မှာ အချိန်သိပ်မရှိဘူးနော်"

တစ်ယောက်က လက်တပြင်ပြင်နှင့် နှိုးဆော်သည်။ မင်းကြည်ဖြူ က လက်ပိုက်လိုက်ရင်း ခံ့ခံ့ညားညားကြီး ပြုံးကာ...

"မှုမနေပါနဲ့..၊ ငါက,တဲ့စာတ်ကို ငါ နိုင်တယ်၊ ဒီလိုမိန်းမစားတော ခေင်တုံးမှန်း၊ ရွှေတုံးမှန်း သိချင်မှသိမှာ..၊ စိတ်ထဲက ဒါဆိုဒါပဲ ဖြစ်နေတာမျိုး၊ နည်းနည်းပါးပါးသိအောင် ပြောပေးရမယ်၊ မကြာမီ သူ့ဘဝကို ငါ ဘယ်လို စီရင်မယ်ဆိုတာ..."

ပုလဲအိမ် ပြေးပေါက်ရှာမိသည်။ ဘာမှန်းမသိပေမယ့် ဒီတစ်ခါ စကားပြောဆိုပြီး ပြန်ထွက်သွားမှာမဟုတ်တာကိုတော့ နားလည်ရပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

"ဒီမှာ ပုလဲအိမ်..၊ မင်း ငါ့ကို လက်ထပ်ပြီးမှ အမွေတွေကို အပ်မလား..၊ အခု လွှတ်လပ်ခွင့်တွေပေးနေတုန်း လိမ်လိမ်မာမာ အပ်မလား..၊ အဲဒီနှစ်လမ်းကို ရွေး..."

"အံမာ.. လုပ်ပါးဝလို့..၊ ရှင့်လိုလူကို သေတာတောင် လက်မထပ်ဘူး၊ ဟွန်း ဘာအမွေလဲ..၊ ရှင့်ကိုယ်ရှင် အမွေခံထိုက်တဲ့လူလား ပြန်ကြည့်ဦး"

မင်းကြည်ဖြူ မျက်နှာ တဖြည်းဖြည်း တင်းမာခြင်းဖြစ်ကာ တရိပ်ရိပ် ရဲတက်လာ၏။

"ထပ်စဉ်းစားခွင့်ပေးမယ်၊ စကားကို ပြင်ပြောလိုက်..၊ ငါက မင်း လက်ထပ်ချင်အောင် ဒူးထောက်တောင်းပန်နေမှာ မဟုတ်ဘူး၊ မင်းဘဝ ငါ့ရင်ခွင်အောက်မှာ ပက်ပက်စက်စက် ကျရှုံးသွားမယ်၊ ငါ့မိန်းမ ဖြစ်သွားပြီးတဲ့နောက်မှာ မလှပတဲ့အနာဂတ်ကို ပြမယ်၊ မင်းကို ခြေသုတ်ပုဆိုးလို ထားပြီး အမွေတွေကိုပဲ ငါက သုံးယူမှာ..."

ပုလဲအိမ် အသက်ရှူပြင်းပြင်းနှင့် စိုက်ကြည့်ဘသည်။ ဒေါသဖြစ်လာလေ ထိုမျက်နှာကို စူးစူးရဲရဲ ကြည့်နေမိလေ။ ပြီးတော့ လက်တစ်ဖက်က ရိပ်ခနဲ ဖြတ်သန်း၏။ ဒေါသကြောင့် မှားခဲ့ခြင်းများထဲမှာ သူမ အမှားဟာ ပြင်ဆင်ခွင့် မရှိတော့တဲ့အမှား..၊ သိလိုက်တော့ နောက်ကျသွားပြီ ဖြစ်၏။

မင်းကြည်ဖြူ မျက်နှာ သူမလက်သီးချက်ကြောင့် ပက်ခနဲ လန်ထွက်သွားခဲ့လျှင်...

"အံမာ.. မင်းက..."

သေးက လူနှစ်ယောက်က တစ်ပြိုင်နက်တည်း ဆုပ်ကိုင်လိုက်ကြ၏။ ကိုယ်ခံပညာ သင်ထားသည်ဆိုပေမယ့် မထောက်တခေါက်သာမို့ ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ပစ်လိုက်တော့ ပုလဲအိမ် ဘယ်လိုရုန်းရုန်း





မလွတ်..။ ထို့ပြင် ကလေးမ,သလို ချိုင်းကနေ မကြွတကြွ ဆွဲမ,သွားကြတာ ချုံနွယ်တွေအုပ်နေသည့်နောက်ကို...

"ကိုမင်း ဒီကောင်မလေးကို အချိန်ပေးနေလို့ အပိုပဲနော်..၊ ကိုယ့်အစီအစဉ်အတိုင်းသာ လုပ်..."

မင်းကြည်ဖြူ က ခြသေ့်လိုခြေလှမ်းများနှင့် လိုက်ပါလာ၏။

သူ အဲဒီလောက်ထိ ယုတ်မာဖို့ စိတ်ကူးမပါခဲ့ပေ..။ အသက်နှင့်အရှက်ဆိုတာတောင် အရှက်ကိုပဲ ရွေးကြသည်ဆိုတော့ ဘာပဲဖြစ်ဖြစ်ဒီအခြေအနေအထိ သူမ ခေါင်းမာလိမ့်မည်လို့ မထင်..။

"ကိုမင်း..."

ထိန်းချုပ်ရခက်အောင် ရုန်းကန်နေသဖြင့် တစ်ယောက်က သတိပေး၏။ မိဘရင်းချာတွေမှာ ဘယ်လိုစရိုက်မျိုး ရှိခဲ့သည်မသိသော်လည်း သူကတော့ မိကောင်းဖခင်လက်အောက် ကြီးပြင်းခဲ့ရသူ ပီသနေပါလား။

ရုန်းကန်ကျိန်ဆဲနေသည့် မိန်းကလေးတစ်ယောက်ကို စော်ကားဖို့ဘယ်လို အားတင်းစုစည်းလို့မှ မအောင်မြင်ဘဲ ဖြစ်နေ၏။ ဒါပေမယ့်စည်းစိမ်ဥစ္စာတွေ၊ ရွှေတွေချည်းပဲ တစ်သေတ္တာ၊ ကျောက်သံပတ္တမြားချည်းပဲ တစ်သေတ္တာတဲ့..။ ဒီမိန်းမနှင့်လက်ထပ်ဖို့ သူ ငြင်းခဲ့တုန်းကမေမေ ဖွင့်ပြောထားခဲ့သည်။

"ဘယ်လိုသေတ္တာမျိုးနဲ့လဲတော့ မမေးနဲ့ ငါ့သား..၊ ဒီပစ္စည်းတွေမှာ သမိုင်းရှိတယ်၊ အခု သူ့ဒွေးလို့ အခေါ်ခံနေရတဲ့ မင်းအဖေကိုယ်တိုင်ဆုံးရှုံးမခံနိုင်လို့ ခေါင်းခြောက်ခံပြီး ကြံစည်နေရတာ ကြည့်..၊ ဒါတွေကို သူများလက်ထဲ အရောက်မခံနိုင်ဘူး၊ တို့ ရကိုရမှ ဖြစ်မယ်"

မေမေ ပြောခဲ့တာတွေကို သတိရမိသည်။ သူ့အတွက် အချိန်လည်း သိပ်မရှိတော့ပေ။ ထို့ကြောင့် ရှေ့ကို ထပ်တိုးလိုက်တော့ ပုလဲအိမ် ရဲ့ အကျီရင်ဘတ်စ,ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိရစ္ဆာန်ကောင်..၊ လူယုတ်မာ..၊ လွှတ်နော်..၊ ပြန်လွှတ်ပေး နင့်ကို ဘဘက ခွင့်လွှတ်မှာမဟုတ်ဘူး သိလား၊ ဦးလေး ဦးရာဇ ထ လဲ ဒီလိုယုတ်မာဖို့ မစိုင်းဘူး၊ နင် ယုတ်မာကြည့်..."

သေလုမြောပါး တွန့်ခါခုန်ပေါက်အော်ရင်း ပုလဲအိမ် မျက်ရည် တွေ ကျလာ၏။

"ကိုမင်း..၊ ခင်ဗျား ရှက်နေတာလား..၊ ဒီကောင်မလေး ခင်ဗျား နဲ့ နှစ်ယောက်တည်းဆို နိုင်မှာ မဟုတ်ဘူးနော်၊ ထားခဲ့ရမလား.."

မင်းကြည်ဖြူ က ထိုမေးခွန်းကိုမဖြေဘဲ ပုလဲအိမ် ကို ကိုင်ထား သည့်လက်က မလွှတ်ဘဲ...

"နောက်ဆုံး ထပ်မေးမယ်..၊ ပစ္စည်းတွေကို ဘယ်မှာ ဝှက်ထား သလဲ.."

"ဘာ!..."

"အဲဒါကိုပြောလိုက်ရင် မင်း တစ်ရက်ပဲ ထိန်းချုပ်ခံရမယ်၊ လတ် များနဲ့မထိဘဲ ထားခဲ့မှာ..၊ မပြောဘူးဆိုရင်... ဒါမှမဟုတ် မင်း ညာ ပြောခဲ့ရင် အများကြီး အဖြစ်ဆိုးသွားမယ်.."

"မသိဘူး..၊ ကျွန်မ တကယ် မသိတာ..၊ ပစ္စည်းဆိုတာ ရှင်တို့ ရောက်လာကြမှ မက်လောက်စရာ ရှိနေမှန်းသိတာ၊ ဘဘက ဘာမှ မပြောဘူး"

ပြောနေရင်း မျက်ရည်တွေ ကျလာသဖြင့် မင်းကြည်ဖြူ တွေဝေ သွား၏။ ဒါ ဖြစ်နိုင်သည်ကို တွေးလိုက်မိစဉ်...

"မယုံနဲ့ ကိုမင်း..၊ ဒီလူနှစ်ယောက်ပဲ သွေးသားရှိတာ၊ ပြောမထား ဘဲနေမလား..."

တစ်ယောက်က မင်းကြည်ဖြူ ငိုင်သွားတာကို အားမလိုအားမရ ဖြစ်နေ၏။ သူ မျက်နှာကို တင်းထားလိုက်ကာ...

"မင်း ခေါင်းမမာနဲ့ ပုလဲအိမ်..၊ မင်းနောက်မှာ ဘာအားကိုးစရာ





တွေ ရှိနေနေ..၊ နောက်တစ်နာရီလောက်အကွာမှာ ဘာတွေဖြစ်လာလာ ခုရ မင်းဘဝ ပျက်တော့မယ်၊ ပစ္စည်းတွေ ဘယ်မှာလဲ..၊ ဒါတွေ သိ ရှင် ငါ မင်းကို လုံးဝ မစော်ကားဘူး၊ ပစ္စည်းတွေယူပြီးတာနဲ့ ပြီးပြီ.."

"ကျွန်မ တကယ် မသိလို့ပါ..၊ ကျွန်မ..."

"တော်တော့.."

ညှံသက်နေသည့်စိတ်ကို နှိုးဆွလိုက်သလို မင်းကြည်ဖြူ တအား အော်ပစ်လိုက်ကာ ဆုပ်ကိုင်ထားသည့်အရာကို အင်အားနှင့် ဆောင့်ဆွဲ ခဲ့လိုက်၏။

"အား..."

ပုလဲအိမ် စူးစူးဝါးဝါး အော်သည်။ ဟင်းလင်းပွင့်သွားသည့် ရင်ဘတ်ကို ကာကွယ်ဖို့ လက်တွေက ချုပ်ကိုင်ခံထားရသဖြင့် ရှက် စိတ်တွေကြောင့် မျက်လုံးထဲမှာ ပြာဝေ မှုန်မိုက်သွားကာ...

"ဟိတ်..."

"ဟား!... အရေးထဲမှာကွာ..."

နှစ်ယောက်လက်ထဲမှာ ပျော့ခွေမေ့မြောသွားသည့် ပုလဲအိမ် က သူ့မဘဝ ဘာတွေဆက်ဖြစ်ဖြစ်ဆိုသည့် ဥပေက္ခာများနှင့် ငြိမ်းချမ်းစွာ ငြိမ်သက်လျက်ရှိ၏။ သူမကို သစ်ရွက်ခြောက် အမှိုက်တွေပေါ်မှာ သိုင်းလေး ချပေးလိုက်ကာ...

"ဒီတိုင်းဆိုလဲ မဆိုးပါဘူး..၊ ခင်ဗျားက လက်နှေးတဲ့သူဆိုတော့ အဆင်ပြေပါတယ်"

စပ်ဖြဲဖြဲမျက်နှာတွေနှင့် လှည့်ထွက်သွားဖို့ပြင်သည့် ခြေလှမ်းတို့ သည်...

"သူက နှေးပေမယ့် ငါက မနှေးဘူး..၊ ရော့..."

"ခွပ်.. ခွပ်..."

"အား...၊ အင့်.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေ မုန်တိုင်းထန်နေသည့် စာသား ၏ရိုက်ချက်တွေ
နှစ်ယောက်၏ ခေါင်းနှင့် ကိုယ်တွေပေါ်ကို ဆက်တိုက်..။

လုံးဝ အေးဆေးရှိနေသည့်အခြေအနေမို့ ဒီအခြေအနေမျိုး
ဘယ်လောက်လျှင်သည့်လူဖြစ်ဖြစ် ခံရမှာပဲ ဖြစ်သည်။ မင်းကြည်
သူ့လူတွေအဖြစ်ကိုမြင်ကာ ယောင်ရမ်းပြီး ခြေတစ်လှမ်း နောက်ဆု
၏။ ပြီးတော့ တံတွေးတစ်ချက်မျိုကာ ရှေ့ပြန်တိုးသည်။

"ဟိတ်ကောင်..၊ မင်း... မင်းကို..."

"မင်းက ငါ့ကို ခွေးတွေနဲ့ ရှူးတိုက်ခဲ့ပေမယ့် မင်းခွေးတွေ
ဟောင်ဖို့ပဲ တတ်တာ..."

စာသား က ကိုင်ထားသည့် သစ်ကိုင်းခြောက်ကို လွှင့်ပစ်လို
သည်။

"မင်းနဲ့ မဆိုင်ဘူးနော်..၊ ကိုယ့်လှမ်းကိုယ်သွား..."

မင်းကြည်ဖြူ စိတ်လှုပ်ရှားနေတာက သိသာစွာ ခြေတစ်လှ
ဆုတ်ပစ်လိုက်ပြီးမှ ပြန်ရပ်နေ၏။ ဟိုမှာလွှတ်ထားခဲ့တာ လေးယော
ဒီမှာ နှစ်ယောက်..။

အခု ကိုယ့်ရှေ့ရောက်နေပြီဖြစ်သည့် စာသား ကို သူ ရင်ဆို
ရပ်ကြည့်နေရင်း မယုံနိုင်..။

ပုလဲအိမ် နှင့်ပတ်သက်သော စိတ်လှုပ်ရှားခြင်းက မငြိမ်သ
တုန်လှုပ်ခြင်းကြောင့် စိတ်တွေ ကယောက်ကယက် ဖြစ်လာ၏။
အခါ သိက္ခာ၊ သမာဓိဆိုတာကိုလည်း ခဏ မေ့သွားကာ...

"စာသား..၊ မင်း ဒီလို အသားအနာခံပြီး ဝင်ပါနေတာ ရတဲ့လ
က တစ်ပဲခြောက်ပြားပါ..၊ အခု မဟာမြိုင်ကနေ အဲ... ဒီကနေ့ မ
ထွက်သွားမယ်ဆိုရင်.. အသာလေး ဘေးဖယ်နေလိုက်ရုံနဲ့ မင်းရှေ့
ကို အထုပ်ကြီးတစ်ထုပ် ဘုတ်ခနဲ ကျလာလိမ့်မယ်၊ ဘယ်လိုလဲ—

"ဘာကွ!.."





စာသား မျက်နှာ ပိုတင်းသွားတော့ မင်းကြည်ဖြူ ပျာပျာသလဲ
ဆက်ကာလိုက်ရင်း...

"ငါပေးတဲ့အတိုင်း မကျေနပ်ဘူးဆိုရင် ဘယ်လောက် လိုချင်လဲ
ကွာ..."

စာသား နှုတ်ခမ်းစေ့ထားရင်း စိုက်ကြည့်နေကာ ရှေ့ကို တစ်
လှမ်းချင်း တိုးလာ၏။

"အေး... ငါက မလိုချင်ဘူး၊ မင်းက လိုချင်နေတဲ့သူဆိုတော့
ငါပေးတာကိုပဲ မင်း ယူ..."

"ခွပ်.."

ဖြောင့်လက်သီးတစ်လုံး မျက်နှာဆီ တန်းမတ်စွာ ဝင်လာသည်။
သူ ဒီလောက်ထိ မည့်ခဲ့ပေမယ့် စာသား ဆိုသည့် လူတစ်ယောက်ရှေ့
မှာ ခုခံနိုင်စွမ်းတွေပါ ပျောက်ဆုံးနေခဲ့လျက်..။

"အား..."

မျက်နှာတစ်ပြင်လုံး ကွဲထွက်သွားပြီလား ထင်ရ၏။ နောက်ကို
လန်ထွက်သွားသော်လည်း ရင်ဘတ်ကနေ ဆောင့်ဆွဲလိုက်ခြင်းကြောင့်
သူ့ကိုယ်ကြီး ကော့ခနဲ ပြန်ပါသွား၏။

ထို့နောက် အသည်းခိုက်အောင် နာကျင်မှုများအောက်မှာ သူ
သာမှမသိတော့ဘဲ အာရုံထဲမှာ ရောင်စုံမီးပွားတွေ ဝင်းဝင်းထိန်ထိန်
င်ထွက်နေကြ၏။

ကျောက်သံပတ္တမြားတွေထင်ကာ သူ အတင်း ပြေးကောက်နေခဲ့
သည်။ မင်းကြည်ဖြူ၏ နောက်ထပ် ပြေးလွှားနေသော အသိတစ်ခုမှာ
ပြေးလွှားနေရင်း မမောနိုင်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၄ )

စွပ်ကျယ်တစ်ထပ်နှင့် ရှပ်အကျႌကို ရင်ဖွင့်ဝတ်တတ်သည့်အကျင့် ရှိတော့ အကျႌဆွဲချွတ်ပစ်လိုက်တာ အလွယ်တကူ ဖြစ်မြောက်သည်။

သတိလစ်နေသည့် ပုလဲအိမ် ၏ရင်ဘတ်ပေါ်မှာ သူ့အကျႌနှင့် ဖြစ်သလိုအုပ်ပစ်လိုက်ကာ တယုတယ ပွေ့ယူလိုက်သည်။

မျက်ရည်များနှင့် လူးနေသော မျက်နှာလေးက စိုလက်နေဆဲပါ။ သူ ဒီဘက်လှည့်ထွက်လိုက်တော့ ကြိမ်ခြင်းအဟောင်းလေးက ဒီတိုင်း။ အိမ်ကြီး၏နောက်က ထွက်လိုက်တာနှင့် ဘယ်သူမှလည်း မလာတတ်ကြသည့် ဒီချောင်းစပ်လေးနားကို ပုလဲအိမ် ပဲ လာသည်။

သူမက ကိုယ့်အိမ်နောက်ဖေးလို့ထင်သည့် ချောင်းစပ်ဟာ နီးနီးလေးမဟုတ်မှန်း ခုတော့ သဘောပေါက်သွားပြီထင်သည်။ တကယ်တော့ ဒီချောင်းကို လူသုံးလည်း နည်းပါးသည်။ ထို့ပြင် လူသွားများတဲ့နေရာလည်း မဟုတ်တော့ ယုတ်မာဖို့စောင့်နေသည့်လူတွေအတွက် ရေကန်အသင့် ကြာအသင့် ဆိုသလို...

"ဟယ်... အိမ်လေး..၊ အိမ်လေး... ဒုက္ခပါပဲ..၊ ဘာဖြစ်လာတာလဲ ဟင်.."

နောက်ဖေးမှာ အဝတ်လျှော်နေသည့် မနှင်းအု ရုတ်ခနဲ ထပြေးလာ၏။ ပြီးတော့ ပုလဲအိမ်ခြေထောက်လေးကို ပျာယီးပျာယာ ပွတ်သပ် ရှာဖွေရင်း...





"ပိုး... ပိုးထိလာတာလားဟင်.."

အသံတွေပါ တုန်ယင်နေသဖြင့် စာသား ခေါင်းခါပြလိုက်ကာ...

"သူ ဘာမှမဖြစ်ဘူး..၊ မနှင်းအု ကိုယ့်အလုပ် ကိုယ်လုပ်ပါ.."

မလိုက်စေချင်တာမှန်း သိလိုက်ကာ အိမ်ထဲဝင်သွားတော့ မနှင်းအု တံခါးနားမှာ ရင်ဘတ်လေးဖိရင်း ကျန်ရစ်၏။

ဒီအချိန် ဦးလူမော်အောင် စာကြည့်ခန်းထဲမှာပဲရှိနေမှာကို တွက်ကာ အခန်းရှေ့ရောက်တော့ ဟ,ထားသည့်တံခါးကို ပခုံးနှင့်တိုက်ဖွင့်လိုက်၏။

စာဖတ်နေသည့် ဦးလူမော်အောင် မျက်နှာ ဖျတ်ခနဲ မော့လာတာ...

"ဟင်!... သမီး..."

ကိုင်ထားသည့်စာအုပ်က ပေါင်ပေါ်ကို ဖြုတ်ကျကာ နောက်ထပ် ကြမ်းပေါ်သို့ ဘုတ်ခနဲ..။

"ကျုပ်သမီး... ကျုပ်သမီးလေး ဘာဖြစ်လာတာလဲ..၊ ကိုယ်တချို့ နည်းကုန်ပြီလား..၊ သမီး..."

ဘာမှန်းမသိရသေးဘဲ ဦးလူမော်အောင် အသားတွေ တဆတ်ဆတ်တုန်ကာ အရူးတစ်ယောက်လို ကယောင်ကတမ်း...

စာသား က ဘာမှမဖြေသေးဘဲ စာကြည့်ခန်းပြတင်းပေါက်နား က တစ်ယောက်အိပ်ခုတင်လေးဆီသွားကာ ပုလဲအိမ် ကို သာသာလေး ချထားလိုက်သည်။

ပြီးတော့ ဖရိုဖရဲ ကွာကျသွားသည့်အကျႌကို တယုတယ ပြန်ခြုံ ပေး၏။ စာသား ဝင်သွားတဲ့အတိုင်း ကိုယ့်ဘာသာ ဝိုးလ်ချဲ့တိုလိုက်ထား သဖြင့် ဦးလူမော်အောင် လည်း အနားရောက်လာ၏။

"ကျုပ်ကို ပြောပါဦး..၊ ကျုပ်တူမ ဘာဖြစ်လာတာလဲ..၊ ဘယ်သူက ဘာလုပ်လိုက်တာလဲဟင်.."



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ ဝေသီနေပြီဖြစ်သည့် ဦးလူမော်အောင် မျက်နှာကို စိုက်ကြည့်ကာ စာသား ရင်ထဲက ဒေါသရှိန်မပြေခြင်းတွေ သိသာစွာ လျော့ပါးသွားခဲ့၏။

ထို့နောက် ခုတင်ခြေရင်းမှာပဲ ထိုင်လိုက်တော့ ဦးလူမော်အောင် နှင့် မျက်နှာချင်းဆိုင်ဖြစ်သွားကာ...

"သူ ဘာမှမဖြစ်သေးပါဘူး..."

ဦးလူမော်အောင် အသက်ရှူပြင်းနေရင်း..၊ တံတွေးမျိုချရင်းနှင့် ခေါင်း တွင်တွင်ညိတ်၏။

"ညှေ့သည်ဆိုတဲ့ လေးတိုင်စင်ရှာကနှစ်ယောက်နဲ့ မင်းကြည်ဖြူ ပူးပေါင်းကြံကြတာ..."

"ကျုပ် စိတ်ပူခဲ့ရတာတွေ ခု ဖြစ်လာပြီပေါ့..၊ ဒီ... ဒီစည်းစိမ် ဥစ္စာတွေကို ကျုပ် မက်မိလို့ပါ..၊ လိုချင်တဲ့သူတွေကိုသာ ပေးလိုက်နိုင် အောင် ပြတ်သားခဲ့ရင် ကျုပ်တူမလေး ဒီလိုကြံစည်ခံရမှာ မဟုတ်ဘူး"

ကျုပ်တူမလေးလို့ ပြောနေတာကို စာသား က မျက်မှောင်ကြုတ် ကြည့်၏။ တူမလို သဘောမထားလို့ဘဲ ဒီလိုဖြစ်လာနိုင်တဲ့နေရာမှာ အစားထိုးထားခဲ့တာ မဟုတ်ဘူးလား..။

ဒါပေမယ့် ဦးလူမော်အောင် ခံစားနေရပုံက သရုပ်ဆောင်နေတာ နှင့် မတူ..။

"ဒီကောင် ကျုပ်ကို စကား လာပြောဖော်တောင် မရတာ ကြာပါ ပြီ၊ ပုလဲအိမ် ဆီကို သွားလာပြောဆိုနေတာလည်း မမြင်မိတော့ ကျုပ် ပေါ့ဆသွားမိတယ်၊ ပြီးတော့ ကျုပ်က မထနိုင်၊ မကြွနိုင်တဲ့ ဒုက္ခိတ..."

"ကျွန်တော် သူ့ကို ဂရုစိုက်ကြည့်နေတာပါ..၊ ပုလဲအိမ် ဟာ ပုလဲအိမ် အစစ်ဆိုရင် ကြံစည်ခံရရင်တောင်မှ ဦးလေး ရနေတဲ့နောင်တ မျိုးပဲ ဖြစ်ဖို့ရှိတာ..၊ အခု သူက ပုလဲအိမ် ဆိုပေမယ့် လူစားထိုးခံထား ရတဲ့ မိန်းကလေး..၊ ဒီလိုမိန်းကလေးအတွက် ကာကွယ်ပေးဖို့ ကျွန်တော့်





စိတ်မှာကိုက တာဝန်တစ်ခုလို ထမ်းပိုးထားခဲ့မိတာ..."

ဦးလူမော်အောင် သည် အပြစ်ရှိနေသူကဲ့သို့ မျက်နှာခပ်လွှဲလွှဲနှင့် နေ၏။

"အခု ကျွန်တော်သာ လက်မတင်လေး နောက်ကျခဲ့ရင် သူ့ဘဝ သွားပြီ..."

ဦးလူမော်အောင် မျက်လုံးတွေ ရှုပ်အကျီနှင့်ရစ်ပတ်လျက် ခွေခွေ လေးရှိနေသော ပုလဲအိမ် ဆီ ဝေ့သွား၏။ မျက်နှာမှာ အလွန်အမင်း နာကျင်ကြေကွဲခြင်းများနှင့်ပါ..။

"မင်းကြည်ဖြူ နဲ့အတူ ပါဝင်ကြံစည်တဲ့လူတွေက လေးတိုင်စင် ကချည်းပဲ ဦးလေး..၊ အခု မင်းကြည်ဖြူ ဓာတ်သိမ်းသွားပေမယ့် ပါဝင် ထားတဲ့လူတွေကတော့ ဒီနေရာမှာ ဒီခွေးတိုးပေါက်ရှိနေတယ်ဆိုတာ သိသွားကြပြီ.."

သူပြောတာကို နားမလည်သလို ဦးလူမော်အောင် က စူးစိုက် နားထောင်နေ၏။ စာသား မျက်နှာကလည်း ဝင်လာကာစကအတိုင်း တင်းမာခြင်းတွေ ပြန်လည် ရောက်ရှိလာကာ...

"အဲဒီတော့ ပုလဲအိမ် အတွက် သူ ပါဝင်လှုပ်ရှားနေတဲ့နေရာဟာ အရမ်းကို အန္တရာယ်ကြီးပါတယ်၊ နောင်လဲ ဒီလိုအဖြစ်မျိုးတွေ ရှိလာဦး မှာဆိုတော့ ဦးလေး အကွက်ချခဲ့တဲ့ အတုအစစ်ဓာတ်လမ်း ဘယ်တော့ ဆုံးမှာလဲ..၊ အဲဒါ ကျွန်တော် အခု သိပါရစေ.."

"စာသား..၊ ကျုပ်တို့အတွက် ဒီလောက်ရှုပ်ထွေးနေတဲ့အချိန်မှာ မင်းမို့ ဘယ်လိုအဆုံးသတ်မှာလဲ မေးရက်တယ်ကွယ်..၊ မင်းရှေ့မှာ ထိုင်နေတဲ့လူကိုလဲ ပြန်ကြည့်ပါဦး.."

ဦးလူမော်အောင် အသံတုန်ကြီးနှင့် ပြောသည်။ သူပြောတဲ့ အဓိပ္ပာယ်ကို စာသား ကလည်း သိသည်။

"ကျွန်တော် သိစေချင်တာလဲ အဲဒါကိုပါ..၊ ဦးလေးလဲ ထိုထို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ် မကာကွယ်နိုင်ဘူး...၊ ပုလဲအိမ် အတွက်ဆို အပေးကြီးပဲ၊ အဲဒီတော့ ဖြစ်သင့်တာကို အမြန်ဆုံး ဆုံးဖြတ်စေချင်တယ်၊ ကျွန်တော်ကတော့ သူစိမ်းပီသစွာ ဆုံးဖြတ်တော့မယ်လို့ စိတ်ကူးတာနဲ့ ပုလဲအိမ်ကို ဒီကနေ ခေါ်ထုတ်သွားမှာ..."

"ဘယ်လို!..."

ဦးလူမော်အောင် ဆတ်ခနဲ တုန်သွားသည်။ မျက်လုံးတွေမှာ မယုံနိုင်ခြင်းတွေ ဖုံးလွှမ်းနေလျက်...

"မင်းက ကျုပ်... ပုလဲအိမ် ကို..."

စာသား က မျက်နှာလွှဲသလို ဖြစ်သွားပြီးမှ တည့်တည့်ပြန်ကြည့်ကာ...

"ပုလဲအိမ် နဲ့ ကျွန်တော်က ချစ်သူတွေ ဖြစ်နေကြပါပြီ.."

ဦးလူမော်အောင် မျက်နှာကြီး ပျက်ကျသွားတာ ဆုပ်ဖမ်းမရအောင်ပင်..။

"သူ သတိရလာရင် မေးကြည့်ပါ..၊ သူ ခေါင်းညိတ်တာနဲ့ သူ့ကို ကျွန်တော် ခေါ်ထုတ်သွားမယ်"

"ဒီလို ဘယ်ရမလဲ စာသား..၊ ပုလဲအိမ် က ကျုပ် ရင်ဆိုင်နေရတဲ့ပြဿနာမှာ မရှိမဖြစ်တဲ့ မိန်းကလေး..၊ သူ့ကို စားစာခံထားတယ်ဆိုပေမယ့် ကျုပ်အတွက် ရွေးစရာလမ်း မရှိလို့ပါ၊ ပြီးတော့ သူ့အတွက် လုံခြုံအောင် မင်းလိုလူမျိုးကို ကျုပ် အကူအညီတောင်းခဲ့တယ်၊ ဒါကြောင့်လဲ သူ့ဘ၀ အခု မပျက်စီးခဲ့ဘူး၊ ချစ်သူတွေဖြစ်နေကြပြီဆိုတာတောင် နီးစပ်ခြင်းကို တားလို့မရတာမို့ ကျုပ် မပြောတော့ပါဘူး၊ ဒါပေမယ့် မင်း ခေါ်သွားလို့ မရဘူး၊ ကျုပ် ပေးလဲ မပေးစားနိုင်ဘူး"

စာသား မျက်နှာမှာ ရှုပ်ထွေးခြင်းများနှင့် ငေးစိုက်ကြည့်နေရင်း...

"ဘာတွေဆက်ဖြစ်ဖို့ ရှိနေသေးလို့လဲ.."





"ကျုပ်ညီနဲ့ ကျုပ်ရဲ့ပြဿနာ..."

"ဦးရာဇ ဆုံးသွားတာ တစ်လခွဲတိတိ ရှိသွားပြီ..."

"ဘာ!..."

တစ်ကိုယ်လုံး ဓာတ်လိုက်သွားသလိုပင်..၊ ခေါင်းခဲ တုန်ခါသွားခဲ့ပြီး ဦးလူမော်အောင် မျက်လုံးတွေ မယုံနိုင်စွာ ပြူးကျယ်လျက်...

"မင်း... မင်း... ကျုပ်ကို တကယ် ပြောနေတာလား၊ ဒါ တကယ်လား..."

"ဟုတ်တယ်..၊ ဦးရာဇ နဲ့ပတ်သက်သမျှ ပေးတွေ ရှင်းသွားပြီ၊ အဲဒါကြောင့် အကွက်ရွှေ့ထားတာတွေကို နေရာတကျ ပြန်ချဖို့ ကျွန်တော် ပြောတာပါ၊ အခု..."

"နေဦး..၊ ဒီကိစ္စ... ဒီကိစ္စ ဘာဖြစ်လို့ ကျုပ် မသိရတာလဲ..၊ မင်းကြည်ဖြူက ဘာဖြစ်လို့..."

မေးနေရင်း ထစ်ငေါ့သွားသည်။ ဘာဖြစ်လို့ ဖုံးဖိထားရသလဲ ဆိုသည့်အဖြေက စိတ်ထဲမှာ အလိုလို ပေါ်လာခဲ့သည်မို့...

"မင်းကတော့ ကျုပ်ကို ပြောဖို့ ကောင်းပါတယ်"

"ဘာမှမထူးတာ..၊ ဘာလုပ်ဖို့လဲ..."

ပြောပုံက ထ,ရိုက်ပစ်လိုက်ဖို့ ကောင်းသည်။ ဒါပေမယ့် ဦးလူမော်အောင် နားလည်ပါသည်။

"ကျွန်တော်လဲ သူဆုံးပြီး နှစ်ပတ်ကျော်ကြာမှ ဝမ်းနည်း[illegible] ခြင်းကြော်ငြာဟောင်းကို ဖတ်လိုက်ရတာ၊ အဲဒီကနေ ဒီကိစ္စကို ကျွန်တော် လိုက်ခဲ့တာပဲ၊ ရန်ကုန်ကို နှစ်ခေါက် ရောက်တယ်၊ နောက်တစ်ခေါက်မှာ မင်းကြည်ဖြူ ပါ ရှိတယ်၊ သူ အကွက်ရွှေ့နေတာကိုလဲ သိခဲ့တယ်၊ ဒါပေမယ့် သူမှားတာက ဒီပတ်ဝန်းကျင်ကလူတွေနဲ့ ပူးပေါင်း[illegible] ပဲ.."

ဦးလူမော်အောင် က စိတ်ပျက်လက်လျှော့လိုက်[illegible] [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျတော့မလိုပုံစံဖြစ်ကာ မေးလည်းမမေး၊ ခေါင်းမညိတ် ခေါင်းမခါနှင့် ကြည့်နေခဲ့၏။

ညီအရင်းခေါက်ခေါက် သေဆုံးသွားခြင်းကို ရန်သူတစ်ယောက် ရှင်းသွားပြီဆိုသည့်အတွေးနဲ့ ဘယ်လိုလုပ် ကျေနပ်နိုင်မှာလဲ..။

ဒီညီလေးတွေကို သူပဲ စောင့်ရှောက်ခဲ့ရသည်။ ချစ်လည်း ချစ်ခဲ့သည်။ ခုလည်း ချစ်နေဆဲပါ။ ဒါကြောင့်လည်း ကိုယ့်ဘက်က ပြတ်သားစွာ ဆုံးဖြတ်နိုင်ခွင့်တွေ ရှိနေပါလျက်နှင့် သူ ရှောင်ရှားဖို့သာ ကြိုးစားသည်။ တတ်နိုင်သမျှ သည်းခံခဲ့၏။

ခုတော့ ကျော်ခိုင်းသွားခဲ့တာ နှုတ်မဆက်..၊ လက်မပြ..။

"သူ ရေမျိုးမြန်းထဲမှာ ချော်လဲပြီး ဆုံးသွားတာ..၊ မင်းကြည်ဖြူ က ဒီသတင်းကို ဖုံးဖိထားခဲ့ပြီး သူ့နည်းသူ့ဟန်နဲ့ ဝစ္စည်းတွေကို ရအောင်ယူဖို့ ကြိုးစားတာပဲ..၊ ပုလဲအိမ် ကို အနုအကြမ်း ဘယ်လိုမှ စည်းရုံးမရလို့ အခုလို ကြံစည်တာ..၊ သူက ဦးလေးနဲ့ သွေးသားမတော်စပ်တဲ့အတွက် သူ့အဖေ ဆုံးသွားတာနဲ့ သူ့အခြေအနေကို သူ တွက်မိပုံရတယ်၊ အဲဒါကြောင့် ဦးရာဇ ဆုံးတဲ့သတင်း မပေါက်ကြားခင် အပူတပြင်း လှုပ်ရှားနေတာ..."

ဒါကြောင့် စာသား ပျောက်သွားလိုက်..၊ မင်းကြည်ဖြူ ပျောက်သွားလိုက်နှင့် ခြံထဲမှာ လူဝင်လူထွက်တွေလည်းရှုပ်ကာ ဖြစ်ချင်တိုင်းဖြစ်နေခဲ့တာပေါ့..။

ဦးလှမော်အောင် ကွင်းဆက်တွေအတိုင်း အဖြစ်ကို လိုက်တွေးကြည့်တော့ ရှင်းသွားပါသည်။ ဒါပေမယ့် သူ နားမလည်သေးတာက စာသား..။

"မင်းကြည်ဖြူ တို့ကို ကျွန်တော် ချောင်းစပ်မှာ ထားခဲ့တယ်"

သစ်ကိုင်းခြောက်နှင့် ခေါင်းကို ရိုက်ပစ်ခဲ့တာတွေ၊ မင်းကြည်ဖြူ ကို ထိုးပစ်ခဲ့တဲ့ လက်သီးချက်တွေအရ ဒီကောင်တွေ ဘယ်နှစ်နာရီ





လောက် အိပ်မက်ခရီး နှင်နေကြမည်ကို သူ တွက်ထားပြီးသား..။

"မင်းကြည်ဖြူ ဟာ နာရေးသတင်းကို ဖုံးထားပြီး ဒီအိမ်မှာ ချောက်ချားမှုတွေနဲ့ ခိုကပ်နေတဲ့ပုံစံ အတိအကျက သူ့ကို ဖမ်းလိုက်လို့ ရနေပါပြီ၊ နယ်ထိန်း ဦးကျော်မြင့် က ကျွန်တော့်ဦးလေးအရင်း..၊ သူနဲ့ ကျွန်တော် ဆွေးနွေးကြည့်ပြီးပြီ၊ ဒါပေမယ့် ဦးလေးကို ဘာမှ အကြောင်းစုံ အသိမပေးရသေးဘူး၊ ပြီးတော့ ဦးလေးက အိမ်ရှင်..၊ ဦးလေး ခွင့်ပြုမှဖြစ်တာ၊ အဲဒါတွေကြောင့် အားလုံးပြောပြဖို့ ဆုံးဖြတ်ထားတာ..၊ သူလှုပ်ရှားလိုက်တာ မြန်သွားတော့ ခုလိုတွေ ဖြစ်ကုန်တာပေါ့..၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဒါတွေကို မျိုသိပ်ထားခဲ့တဲ့အတွက်ရယ်..၊ ပုလဲအိမ် ကို လက်ထပ်ခွင့်တောင့်တဲ့အတွက်ရယ်..."

"မင်း စိတ်လိုက်မာန်ပါ ပြောလိုက်မိတာလား..."

"မဟုတ်ပါဘူး..၊ ပုလဲအိမ် က ဦးလေးရဲ့သမီး မဟုတ်ဘူးဆိုပေမယ့် သူ့ဘဝကို တင့်တယ်ပြည့်စုံအောင် ပံ့ပိုးပေးမယ်လို့တော့ ဦးလေးရင်ထဲမှာ ရှိထားမှာပါ"

"အင်း..."

"ကျွန်တော့်လိုလူက မတန်မရာ တောင်းရမ်းတယ်လို့ ထင်စရာဖြစ်ခဲ့ရင် ခွင့်လွှတ်ဖို့..."

ဦးလှမော်အောင် သက်ပြင်းရှည်ကြီးချ၍ မျက်နှာလွှဲ၏။

"သူကသာ လိုက်ပါ့မယ်ဆိုရင် ကျွန်တော့်ဘဝထဲကို ခေါ်သွားရဲတယ်၊ ဒါကို သူလဲ ကျေနပ်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ကျွန်တော်က စိတ်တူကိုယ်တူ..."

ဦးလှမော်အောင် ပြုံးလိုက်၏။ ဒါပေမယ့် မဲ့တဲ့တဲ့ပုံကြီး ဖြစ်သွားသည်။ ထိုစဉ် ပုလဲအိမ် ထံမှ လှုပ်ရှားလာခြင်းကို မြင်လိုက်တာ ကြည့်မိကြ၏။

"အား..."



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ ပွင့်လာသည်နှင့် ရင်ဘတ်ကိုဖိကာ ရှူးရှူးဝါးဝါး အော်လိုက်၏။

"သမီး... သမီးလေး အိမ်ပြန်ရောက်နေပြီ၊ ဘာမှမဖြစ်တော့ဘူး၊ သတိထားနော်.."

"ဘဘ..."

ပုလဲအိမ် လှဲနေရင်း ရှိုက်ကြီးတငင် ငို၏။ ပြီးတော့ မြှုထားသည့် အကျီကို တင်းအောင် ထပ်ဆွဲဖိရင်း ပခုံးလေးတွေလှုပ်နေအောင် ရှိုက်နေလေသည်။

စာသား နေရာမှ ထရပ်လိုက်ကာ...

"ကျွန်တော် ကျန်ခဲ့တဲ့ကိစ္စတွေ သွားလုပ်လိုက်ဦးမယ်.."

"သွားပါ..၊ ဖြစ်သင့်တဲ့အတိုင်း အားလုံး ရှင်း..၊ ကျုပ် ခွင့်ပြုပါတယ်"

မင်းကြည်ဖြူ ဆိုသည့် လူငယ်လူညစ်ကို မြင်ယောင်ကာ ရွံရှာစွာ ပြောလိုက်မိ၏။ ပြီးတော့ ညီဖြစ်တဲ့သူကို သတိရမိကာ...

နတော့ မင်း လိုချင်ခဲ့တာတွေကို ထားခဲ့ပြီး ထွက်သွားတယ်ပေါ့..၊ စိတ်ထဲမှာရေရွတ်ရင်း သောကတွေကို ငြိမ်းသတ်ရသည်။ ပြီးတော့ ပုလဲအိမ်..။

လိုချင်တိုင်း မရသလို မပေးချင်ပေမယ့်လည်း ပေးရဦးမှာပါလား..။





## အခန်း ( ၄၅ )

ဦးလူမော်အောင် သည် ဗိုးလ်ရဲပေါ်မှာ ထိုင်လျက်ရှိနေတော့ စာသား က ဒူးဆစ်အောက်ထိ လိပ်တင်ထားသည့် ဘောင်းဘီရှည် အနက်မှာ အိတ်တစ်ဖက်ထဲ လက်ထည့်လျက် ခပ်နွဲ့နွဲ့ ရပ်နေ၏။

ဝင်စည်ကို တစ်ဝက်လောက်ထိ ပတ်ခွေပြီး ခုံတန်းလေးထိုးထားတာရှိပေမယ့် သူ မထိုင်ဘဲ မနက်ခင်းရဲ့ မရင့်ကျက်သေးသောနေရောင်အောက်က သစ်ပင်ရိပ်မှာ ဒီတိုင်းရပ်နေတာ ဖြစ်သည်။

ခြံဝင်းကျယ်ကြီးထဲမှာ လွတ်လပ်စွာ ပြေးလွှားဖြတ်သန်းနေသည့် လေနုအေးက သူတို့ရဲ့ဆံပင်တွေမှာ တိုးတိုက်ကျီစယ်လျက်..။

"အားလုံး သာယာသွားပါပြီ"

ဦးလူမော်အောင် နှုတ်ဖျားမှ ဒီနေရာမှာ ရပ်တန့်လိုက်ပြီးနောက် ပထမဆုံးထွက်လာသည့်စကားသံ ဖြစ်သည်။

"အားလုံးက မင်းရဲ့ကျေးဇူးတွေပါ..၊ ရာဇ သေသွားတဲ့အတွက် ကျုပ် မချိမဆံ့ ခံစားလိုက်ရပေမယ့် နတော့ ဖြေနိုင်သွားပါပြီလေး သူ့ကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ကောင်းသောသေခြင်းနဲ့ မြင့်မြင့်မြတ်မြတ်သွားနိုင်ဖို့ပဲ ကြိုးစားရမယ်ဆိုတာ သဘောပေါက်လိုက်တယ်"

တရားစကားတွေ ပြောနေပေမယ့် ဖြေနိုင်ပါပြီဆိုတာ[illegible] ဦးလူမော်အောင် မျက်နှာက ပြုံတော့မယ့်မိုးလို အုံ့မှိုင်း[illegible]..။



www.burmeseclassic.com

www.burmeseclassic.com



ငေးနေသည့် မျက်လုံးအစုံဟာ လှပ်ရှားမှုကင်းမဲ့လွန်းကာ...

"မင်းကို ကျုပ် ဒီနားခေါ်လာတာ လူမကြားစေချင်တဲ့စကားတွေ ပြောမလို့ မဟုတ်ဘူး..၊ မင်းနဲ့ ကျုပ် နှစ်ယောက်တည်း လွတ်လပ်အေးချမ်းစွာ ပြောချင်လို့ပါ၊ ဒီအကြောင်းတွေကို ကျုပ်ရဲ့ညီအရင်းတွေနဲ့လဲ မပြောဖြစ်ခဲ့ဘူး၊ မပြောခဲ့တာတောင်မှ သူတို့ ရိပ်မိသွားကြတာနဲ့ ဒီလိုတွေ ဖြစ်ကုန်ခဲ့တာ..."

အသံတစ်ချက် တိမ်သွား၏။ အသက် တစ်အောင့်လောက်ကြာမှ ဦးလှမော်အောင် သူ့စကားကို ပြန်ဆက်သည်။

"ကျုပ်က အကြီးဆုံး အစ်ကို..၊ ကျုပ်အောက်က ညီက ပုလဲအိမ်ရဲ့အဖေ အိုးအိမ်၊ သူ့အောက်ကမှ ရာဇ ပါ၊ တို့ညီအစ်ကိုရဲ့အဘိုးက စစ်တွင်းခေတ်မှာ ဂျပန်တွေရဲ့ချွေးတပ်စခန်းထဲ ရောက်သွားခဲ့တယ်၊ သူတို့ အထမ်းအပိုးဘဝနဲ့ ခရီးရှည်ကြီးကို ဖြတ်သန်းရင်း ကိုဒေါင်းဆိုတဲ့ မိတ်ဆွေကောင်းတစ်ယောက် ရခဲ့တယ်၊ အဘိုး မကျန်းမမာတဲ့အခါမှာလဲ အားလုံးရဲ့ဥပေက္ခာတွေကြားမှာ ဦးဒေါင်း ကပဲ စောင့်ရှောက်ပေးခဲ့တယ်တဲ့"

ဟိုတုန်းကအဖြစ်တွေကို ပြောပြခဲ့တာပေမယ့် လူကြီးတွေရဲ့ ရှေးဟောင်းနှောင်းဖြစ်တွေဟာ လူငယ်တွေအတွက် ရင်သပ်ရှုမောဖွယ်တွေချည်းသာ။ ဦးလှမော်အောင် တို့ရဲ့အဘိုး ဦးရွှေအိုး ဟာ ဦးဒေါင်း၏ ဦးဆောင်မှုနဲ့ပဲ ချွေးတပ်စခန်းထဲကနေ ထွက်ပြေးလွတ်မြောက်လာခဲ့ရသည်။

ပြီးတော့ တစ်ယောက်တစ်ဝက်စီ ထမ်းပိုးသယ်ခဲ့ကြသည့် ဂျပန်တွေဆီက ရတနာတွေလည်း ပါလာခဲ့သေးသည်။

"ကျုပ်တို့ ဒါကြီးတွေနဲ့ လွတ်အောင် ပြေးနိုင်ပါ့မလား..၊ ပြီးတော့ သူတို့ဟာတွေကို ခိုးလာတဲ့အတွက် ဒီကောင်တွေ မိအောင် ပြန်ဖမ်းကြမှာ..."





"သူတို့ဟာတွေ မဟုတ်ဘူးကွ..၊ ငါတို့နိုင်ငံက ငါတို့ရဲ့ ဘိုးဘွားအမွေအနှစ်တွေ..၊ ငါတို့က ခိုးတာမဟုတ်ဘူး၊ သူတို့ ခိုးလာတဲ့အထဲက ပြန်ယူခဲ့တာ၊ ဒီလောက်ထိ ဆင်းရဲဒုက္ခခံခဲ့ရတာ ပင်ပန်းတယ်မထင်နဲ့ ရွှေအိုး..၊ ယူလာသမျှ တစ်တုံးတစ်ခဲမျှ မကျန်ခဲ့စေနဲ့၊ ငါက လူသွတ်..၊ မင်းက အိမ်ထောင်နဲ့..၊ မင်းက ငါ့ထက်တောင် လောဘကြီးဦးမှာ မဟုတ်ဘူးလား၊ ညည်းညူမနေနဲ့.."

ဦးဒေါင်း ၏စိတ်ဓာတ်ကို ချီးကျူးမဆုံး..။ ပြောခဲ့တိုင်း ဒီစကား၊ ဒီအဖြစ်တွေကို အဘိုးပြောခဲ့သမျှ အဖေက အားလုံး ပြောပြခဲ့သည်။

ဦးလှမော်အောင် ကလည်း စာသား ကို ဒီတိုင်း ပြောပြနေတာဖြစ်သည်။

အန္တရာယ် လွတ်ကင်းတဲ့အထိ ပြေးခဲ့ကြပြီး နေရာဒေသအသီးသီးကို လမ်းခွဲကြဖို့ဖြစ်လာတော့ ပစ္စည်းတွေကို အမှတ်အသားလုပ်ပြီး သေချာ မြှုပ်နှံခဲ့ကြသည်။

"အဲဒါကတော့ ဒီခြံဝင်းကြီးထဲက တစ်နေရာပေါ့ကွာ.."

ဦးလှမော်အောင် က ခြံဝင်းထဲကို ကြေကွဲသည့်မျက်လုံးများနှင့် လိုက်ကြည့်နေရင်း...

"အဘိုးက သူ့တစ်သက်မှာ ဒါတွေကို လုံးဝ သုံးမသွားခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အတူတူပြန်တူးယူဖို့ ချိန်းခဲ့ကြတဲ့အချိန်မှာ ဦးဒေါင်း ရောက်မလာခဲ့ဘူး၊ အဘိုးစိတ်ထဲမှာ ဒီပစ္စည်းတွေဟာ ဦးဒေါင်းနဲ့သာ အများဆုံးသက်ဆိုင်တယ်လို့ ယူဆပြီး သူနဲ့ပတ်သက်တဲ့ သားသမီး၊ ဆွေမျိုးတစ်ယောက်ယောက် ပေါ်လာခဲ့ရင်ဆိုတဲ့ မျှော်လင့်ချက်နဲ့ သူကိုယ်တိုင် လက်လုပ်လက်စားဘဝနဲ့ နေသွားခဲ့တယ်၊ ကံဆိုးချင်တာကတော့ သူ ဆုံးခါနီးကျမှ ဦးဒေါင်း ဟာ သူတို့လူချင်းခွဲပြီး သူ့ရွာပြန်ရောက်တာနဲ့ ကာလဝမ်းရောဂါထဲ ပါသွားပြီး ဆုံးခဲ့တယ်လို့ သတင်းအတိအကျ ရခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလူမော်အောင် သည် ဘဝသံသရာ ခရီးတစ်လျှောက်ကို ပြန်ကြည့်ပြီး သံဝေဂရနေသလို ခေါင်းတညိတ်ညိတ်နှင့်...

"ပစ္စည်းဥစ္စာဆိုတာလဲ စားထိုက်မှ စားရတာမျိုးကိုး..၊ ကျုပ်ရဲ့ အဖေကို သေချာမှာသွားကာမှ ဒီပစ္စည်းတွေကို သူ တူးမယူခဲ့ပေမယ့် ဘယ်လောက်ထိ စောင့်ရှောက်ထားခဲ့တယ်ဆိုတာ သိရတယ်၊ ဒီရွာထဲက ရွာဦးစေတီဟာ အစက ဘာမှန်းမသိခဲ့တဲ့ အုတ်ပုံကြီးတစ်ပုံ ဒီပေါ်မှာ စေတီတည်ပြီး ဒီနေရာမှာ ရွာဖြစ်တော့မယ်ဆိုတော့ အဘိုး ဒီနေရာကို ဝင်းခတ်ပြီး သူ ဝယ်ခဲ့တယ်၊ လူအများ သိထားခဲ့တဲ့ ဒီ အိမ်ကြီးရဲ့ အရင်ပုံတွေဆိုတာ ကျုပ်တို့ရဲ့ ဆွေမျိုးစုတွေပါ၊ အားလုံး က အဘိုးရဲ့ ဂရုစိုက် စောင့်ရှောက်မှုတွေပေါ့.."

ဦးရွှေအောင် လက်ထက်မှာလည်း စီးပွားဥစ္စာတွေ တိုးတက်ပွား များနေပြီမို့ ဒါတွေကို တူးဖော်ဖို့က အဓိကမဟုတ်ဘဲ ဖြစ်ခဲ့ပြန်သည်။

ဦးရွှေအောင် သည် ဦးရွှေအိုး လိုပဲ စိတ်ဓာတ်ရှိကာ ကိုယ့်မှာ ပြည့်စုံကြွယ်ဝနေတာထက်ပိုပြီး မတော်လောဘတွေ မရှိ..။

သားသုံးယောက်ကိုလည်း သူ့မှာရှိထားသလောက်ပဲ သိစေခဲ့ သည်။ သားအလတ်ဖြစ်သည့် ဦးအိုးအိမ် တစ်ယောက် ဆင်းရဲနွမ်းပါး သည့် မိန်းကလေးတစ်ယောက်နှင့် အကြောင်းပါသွားပြီဆိုမှ ဒေါသ ထိုမှစခဲ့တာ ဖြစ်သည်။

တစ်ရွာလုံးကပုံပိုးမှုနှင့် တက္ကသိုလ်တက်ခဲ့ရသည့် တောသူ မိန်း ကလေးတစ်ယောက်ကိုမှ ရွေးချယ်ခဲ့သည်မို့ သူ အားထားခဲ့ရသည့် သားတွေအတွက် သူ မကြည်ဖြူနိုင်..။

ပိုဆိုးတာက သူ ဘယ်လိုပဲ ရွှေပေါ်မြတင် ထားပါမည်ပြောပြော ထိုမိန်းကလေးက ရွာကိုပဲပြန်ရမည့် မျိုးချစ်ပုဂ္ဂိုလ်လေး ဖြစ်နေခဲ့၏။

သူမရွာကိုပဲ ပြန်မည်၊ ရွာမှာပဲ ဆရာမ လုပ်ရမည်ဟု တစ်ထစ်ချ ဆုံးဖြတ်ထားသည့်မိန်းကလေးကိုမှ ရွေးချယ်ကာ ကောက်ကောက်ပါ





အောင် လိုက်သွားခဲ့၏။

သူဟာ မှဆိုးဖိုဘဝနှင့် သားတွေဘဝကို ပြုစုပျိုးထောင်ခဲ့သည်။ အားထားခဲ့သည်၊ ဒါကြောင့်မို့ စုံကန်ထွက်သွားသည့်အဖြစ်ကို ခွင့် မလွှတ်နိုင်..။

"အိုးအိမ် ကို အမွေပြတ်စွန့်လွှတ်တော့ ရာဇ က ကျောင်းမပြီး သေးဘူး၊ သူက အစကတည်းက သူ့နာမည်မှာ မိဘအိုးဘေးရဲ့နာမည် တစ်လုံးမှ မပါရကောင်းလားဆိုပြီး မကျေနပ်တာတွေကို တဖွဖွ ပြော နေခဲ့တဲ့သူ..၊ စိတ်ဝမ်းကွဲမှုဟာ အဲဒီကတည်းက သူ့ရင်ထဲမှာ ရှိနေခဲ့ တာ ထင်ပါတယ်.."

ဦးလူမော်အောင် မျက်နှာကို မကြည့်ဖြစ်တော့ဘဲ စာသား ရှေ့ကို နှစ်လှမ်း,သုံးလှမ်း လျှောက်သွားမိသည်။ ကိုယ်နှင့်မသက်ဆိုင်တဲ့ အကြောင်းတွေပေမယ့် ကိုယ့်ကိုယ်ပဲ ပြောပြနေတာမို့ နားထောင်နေ လိုက်သည်။

ဒီနေရာမှာ ပုလဲအိမ် မဟုတ်တဲ့ ပုလဲအိမ် က ဘယ်အခန်းကဏ္ဍ ကနေ ပါလာမှာလဲ..။

"အဖေက အမွေဖြတ်ကြေညာပြီးတာနဲ့ ဒီအိမ်နဲ့ အိုးအိမ် ဘာမှ မသက်ဆိုင်တော့ကြောင်း စ,ပြောတာပဲ၊ အဖေကလဲ ဒီတိုင်းပဲ နေခဲ့ တယ်၊ လုံးဝ အစပျောက်နေခဲ့တာ၊ အဖေ ဆုံးခါနီးအထိ ဆိုပါတော့ အိမ်တွင်းပစ္စည်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို သူ့အတွက်ရော အိုး အိမ် ရဲ့ဝေစုအတွက်ပါ သူ့ကိုပဲ ပေးရတယ်၊ သူလဲ ကျေနပ်ခဲ့ပါလေ့ တယ်၊ အိမ်ထောင်လဲ မပြုဘဲ အပေါင်းအသင်းတွေနဲ့ စီးပွားရှာလိုက် လိုက်၊ အပျော်အပါးနောက်လိုက်နဲ့ အားလုံး ငြိမ်သက်နေတာမှ အိုးအိမ် နဲ့ကျုပ် အဆက်အသွယ်ရှိနေမှန်း သူ ရိပ်မိသွားတယ်၊ ပြီးတော့ အဖေ ပြောပြခဲ့တဲ့ ပုံပြင်ထဲက ပစ္စည်းတွေကို အဲဒီအချိန်ထိ ထုတ်မသုံးရ သေးမှန်းလဲ သိသွားတယ်၊ ဒါတောင် သူ့ဘာသာ ထင်မြင်ယူဆပြီးနေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ သေချာသိခဲ့တာ မဟုတ်ဘူး၊ ကျုပ် လူတွေလွှတ်ပြီး အိုးအိမ်တို့မိသားစုကို စောင့်ရှောက်ထားရာကနေ သူတို့ဆုံးသွားတော့ ကလေးကိုခေါ်ခဲ့တယ်"

စာသား ကျောခိုင်းရပ်နေရာကနေ ဒီဘက် ပြန်လှည့်လာ၏။ ထိုနေရာမှာ နားရှုပ်သွားလို့ ဖြစ်သည်။ သူ့တူမအကြောင်း ပါလာမယ့် ပုလဲအိမ် တို့ မိသားစုမပါ..။

"ဒီခြံကြီးရယ်၊ ပစ္စည်းတွေအကြောင်းကို သူ သိသွားတာ မကြာသေးဘူး၊ အဖေက ကျုပ်ကိုမှ ပြောခဲ့ရသလားဆိုပြီး စိတ်နာကြည်းသွားတော့ သူ့အပြုအမူတွေက ပိုရိုင်းနေတာပေါ့၊ မိဘဆိုတာ ကိုယ့်သားသမီးကို မျက်စိနှစ်လုံးစလုံး မှိတ်သွားတဲ့အထိ ပြတ်ပြတ်သားသား စွန့်လွှတ်နိုင်ပါ့မလားကွယ်..၊ ပြန်ရောက်မလာတဲ့ သူ့သားအတွက် ကျုပ်ကိုပဲ အပ်နှံသွားခဲ့တာ၊ ဒုက္ခတွေနဲ့ ကျန်ခဲ့ရတာကတော့ ကျုပ်ပါပဲ၊ ဒီပစ္စည်းတွေကို အဘိုးကစပြီး ထိန်းသိမ်းခဲ့ပေမယ့် ဒီနေ့ထိ တူးဖော်သုံးစွဲခဲ့တာ မရှိသေးဘူး၊ ဘယ်သူမှ မခံစားထိုက်သေးတာပဲ ထင်ပါရဲ့..."

ဦးလှမော်အောင် သည် အမွေပစ္စည်းတွေအကြောင်းကိုပဲ အကျယ်တဝင့် ရှင်းပြနေတာ ဘာဖြစ်လို့လဲ..။

ဒါတွေ ဘယ်လိုရှိနေတာ..၊ ဘယ်လောက် များများရှိနေသေးတာ..၊ သူ သိသွားတဲ့အတွက် ရန်သူတစ်ယောက် တိုးလာတာပဲ အဖတ်တင်မယ်ဆိုတာရော မတွေးမိဘူးလား..။

"စာသား..."

သူ တွေးနေတုန်း ဦးလှမော်အောင် ခေါ်လိုက်တော့ မှုန်ကုပ်ကုပ် မျက်နှာနှင့် ကြည့်မိ၏။

"အသက်ကိုပေးခြင်းဟာ အိုးအိမ်စည်းစိမ်ကို ပေးခြင်းပါပဲ..၊ မင်းဟာ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ပါ၊ ပုလဲအိမ် ဟာ သမီးရင်းမဟုတ်ပေမယ့်





ဒီနေရာမှာ ကျုပ်ရဲ့တူမလေးဖြစ်နေခဲ့ရင်..၊ တကယ်လို့များ ဘာဖြစ်ဖြစ် အသက်ဆုံးခဲ့ရင်ဆိုတဲ့အတွေးနဲ့ မင်းကို ကျုပ်တို့ရဲ့ အသက်သခင်လို့ပဲ မြင်ပါတယ်၊ ဒါကြောင့် မင်းလိုလူကို ကျေးဇူးဆပ်ဖို့အတွက် ကျုပ်တလက်မတွန့်ပါဘူး.."

ဦးလှမော်အောင် က စကားရပ်လိုက်ပြီး စာသား ကို လှိုက်လှဲခဲ့ကျနပ်သည့်မျက်ဝန်းများနှင့်ကြည့်ကာ...

"သမီးလေး ပုလဲအိမ် ကို ကျုပ် ပြန်ခေါ်တော့မယ်၊ မင်းနဲ့ လက်ထပ်ပေးမယ်၊ ကျုပ်တူမကိုပဲ မင်း လက်ထပ်ပါ၊ မင်းနဲ့ ကျုပ် တူမသာ ထိုက်တန်သပါ"

စကားတွေ အထပ်ထပ် လှိုက်လှဲစွာဆိုရင်း အဖြေကို စောင့်၏။

စာသား က မျက်ခမ်း မျက်နှာလွှဲသွားကာ ပြီးတော့မှ ပြန်လှည့်လာပြီး...

"ကျေးဇူးတင်ပါတယ်..၊ ဦးလေး စိတ်ထဲမှာ အဲဒီလိုရှိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လဲ ဂုဏ်ယူပါတယ်"

ဦးလှမော်အောင် ပြုံးလိုက်ပြီး ခေါင်းညိတ်သည်။ ဒါပေမယ့် စာသား က စကားမဆုံးသေးဘဲ...

"နေပါစေ..၊ ဒီခြံဝင်းကြီးတစ်ခုလုံးမှာ ရွှေငွေကျောက်မျက်ရတနာတွေရှည်းပဲ၊ ဘယ်မှာတူးတူး ရတယ်ဆိုရင်တောင် မလိုချင်တော့ဘူး"

"မင်း..."

"မိုးနဲ့မြေကြီးလောက် အခြေအနေကွာနေတဲ့ မိန်းမကိုယူပြီး တစ်နေ့ကို အခါရှစ်ဆယ်လောက် စော်ကားရိုပါးလာမယ့် စကားတွေတိုပဲ မကြားချင်ဘူး"

"ကျုပ် တူမလေးက, မိကောင်းဖခင်ကမွေးတဲ့ နူးညံ့သိမ်မွေ့သူ လေးပါ"

စာသား က ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလဲ ကျွန်တော် စိတ်မဝင်စားဘူး.."

ဦးလှမော်အောင် သူ့ကို သွေးတိုးစမ်းနေသည်ဖြစ်စေ..၊ တကယ် သဘောတူခဲ့တာဖြစ်စေ၊ သူ့အတွက်မှာ ကိုယ့်ဘဝနဲ့ကိုယ်သာ အအေး ချမ်းဆုံးလို့ သတ်မှတ်၏။

ထို့ပြင် စည်းစိမ်ဥစ္စာဆိုတာ ဘယ်လိုအရာမှန်းတောင် သူ မြင်ဖူး ခဲ့တာ မဟုတ်..။

'စားရလေလေ ဝေတ်လေလေ'ဆိုသည့် စကားမှန်လျှင် သူကတော့ မစားဖူးလို့ မဝေတ်ပါ။ ပြီးတော့ ပုလဲအိမ် ကို သူချစ်လို့ စွန့်စားကာ ကွယ်ခဲ့သမျှဟာ ကျေးဇူးဆပ်ခြင်းဆိုတဲ့ နောက်ကွယ်က လာဘ်လာဘ ပါခဲ့တာ မဟုတ်..။

သူသည် ရေသည်ယောကျ်ားနဲ့တူသည့်အဖြစ်မျိုးကို ကြုံတွေ့နေ ရသည်ဆိုရင်တောင်...

"ဘာဖြစ်လို့လဲ စာသား..၊ မင်းကို ကျုပ်ကိုယ်တိုင် အသက်နဲ့ ထပ်တူ ယုံကြည်တာပါ၊ မင်းနဲ့မှ စံစားထိုက်နေတဲ့ ကံကြမ္မာကို နားလည်လို့ တူမနဲ့ ပစ္စည်းတွေကို အပ်တာ..."

"ဦးလေးက ယုံကြည်ပေမယ့် ကျွန်တော်က ကိုယ့်ရဲ့ကြမ္မာကို အဲဒီလောက်ထိ မြင့်မားဖို့ မယုံကြည်တဲ့ကောင်ပါ၊ ပြီးတော့ ပုလဲအိမ် ကလွဲပြီး ကျွန်တော် အခြားတစ်ယောက်ကို အစားထိုးဖို့ မဖြစ်နိုင်ဘူး.."

"ပုလဲအိမ် က..."

"ကိုယ် မမြင်ဖူး၊ မတွေ့ဖူးတဲ့ မိန်းကလေးကို ကောက်ယူပြီး အလကားကောင်ဆိုတဲ့အပြောကို ခံရမှာထက်စာရင် ချစ်သူနဲ့လက်တွဲ ပြီး ရှိတာလေးနဲ့ ဝ,အောင်စားတာ အေးချမ်းတယ်"

ဦးလှမော်အောင် က သူ့ကိုပဲ ငေးကြည့်နေပြီး ဘာမှမပြောတော့ ဘဲ နေ၏။

"ဦးလေး ကျွန်တော့်ကို တစ်ခွန်းပဲ ပြောပါ..၊ ပုလဲအိမ် ကို ကျွန်





တော်နဲ့ လက်ထပ်ခွင့်ပြုမှာလား.."

"ဟင်း..."

သက်ပြင်းချသံကြီးက ရှည်သည်။ ဒါတွေကို ဟန်ဆောင်မှုလို့ပဲ မြင်လာပြီး စာသား စိတ်မရှည်နိုင်..။

ကျေးဇူးတင်တဲ့စိတ်နှင့် သမီးကိုယူပါလို့ပြောတာ ဖြစ်နိုင်သလို အားတော့ပေးနေပြီး လက်ကမပါ ဆိုတာလို သူ ငြင်းတာကိုတော့ ဦးလှမော်အောင် စိတ်ထဲမှာ ဝမ်းသာနေမှာပါ..။ ဒါကို ဘာဖြစ်လို့ အရုပ်ဆောင်ကောင်းနေတာလဲ..။

ထို့ပြင် ပုလဲအိမ် နှင့် မတွေ့ရသေးတော့ သူ စိတ်ပူနေမိသည်။

"ပုလဲအိမ် က ကျွန်တော့်ကို လက်မထပ်ချင်ဘူးလို့များ ပြောလိုက် သလား"

သူ ထပ်မေးလိုက်တော့ ဦးလှမော်အောင် က ဖြည်းလေးစွာခေါင်း ခါသည်။

"မပြောပါဘူး..၊ မင်းနဲ့ ကျုပ် သဘောတူပါတယ်"

စာသား မျက်နှာမှာ ဘဝင်ကျသွားသည့်အရိပ်နှင့် ကြည်လင် သွား၏။

သို့သော် ဦးလှမော်အောင် က မပြီးသေး..။

"မင်းကို ကျုပ်တူမနဲ့ပဲ လက်ထပ်ပေးဖို့ ပြောတာက..."

"အဲဒါတွေ မလိုအပ်တော့ဘူး ဦးလေး..၊ ကျွန်တော် ပုလဲအိမ် ရဲ့ စကားပြောချင်လို့ ခွင့်ပြုပါ.."

သူ လှည့်ထွက်လာခဲ့သည်။ ပုလဲအိမ် ကိုခေါ်ပြီး အဝေးနင့်သွား တော့မည်။ အမြန်ဆုံးလက်ထပ်ဖို့ ကြိုးစားချင်သည့်စိတ်တွေက ဒီအိမ် မှာ ပုလဲအိမ် စွန့်စားနေခဲ့ရသည့်ဘဝအတွက် သူ့ရင်ခွင်ထဲမှာ နွေးထွေး စေဖို့ ဖြစ်၏။

သူမလည်း ကျေနပ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော… မောင်လေး ထမင်းဆာလို့လား…၊ ဟင်းတွေက မကျက်သေးဘူး…"

မီးဖိုချောင်တံခါးဝမှာ သူ ရပ်လိုက်တော့ အထဲမှာ မနှင်းအုံ တစ်ယောက်တည်း…။

"ပုလဲအိမ် ဘယ်မှာလဲ…"

"ခုနကပဲ ဝင်လာသေးတယ်၊ အပြင်မှာ မရှိဘူးလား…"

စာသား ခေါင်းခါပြီး အိမ်ထဲပြန်ဝင်ခဲ့၏။ ရှိသမျှ နေရာစုံအောင် လိုက်ရှာပြီး မရှိတော့မှ အပြင်ကို ပြန်ထွက်ခဲ့သည်။

ထိုအခါကျမှ နောက်က လှုပ်ရှားသံလေး ကြားလိုက်ရပြီး…

"စာသား…"

သူ လှည့်မကြည့်ဖြစ်ပါ။ ခေါ်သံနှင့်အတူ နောက်ကနေ ခါးကို တအားဖက်ပစ်လိုက်သဖြင့် လူက ရှေ့ကို အမှတ်တမဲ့ စိုက်ခနဲယိုင်၏။

ပြီးတော့ ထပ်ဆုပ်ဖက်ထားသည့် လက်ကလေးနှစ်ဖက်ကို မချဖြစ်လောက်အောင် ပုလဲအိမ် သည် သူ့ကျောပြင်မှာ ပါးလေးနှင့်အေကပ် ပွတ်တိုက်ရင်း…

"ရှင့်ကို ကျွန်မ သိပ်ချစ်တယ်…"

စာသား မျက်နှာတစ်ပြင်လုံး ရယ်မြူးရိပ်များနှင့် ကြည်လင်သွား၏။ သွားတန်းတို့ပေါ်အောင် ပြုံးမိရင်း လက်ကလေးတွေကိုဖြုတ်တော့ ပုလဲအိမ် က အတင်းအကျပ်တိုးဖက်ကာ…

"ရှင် ကျွန်မကို ထားခဲ့ရင် ကျွန်မ အရူးတစ်ပိုင်းကျန်ခဲ့မှာ သိလား ကျွန်မလေ… ကျွန်မဘဝမှာ ရှင့်ကို အထင်ကြီး စွဲလမ်းခဲ့ရသလို ဘယ်ယောကျ်ားအပေါ်မှာမှ မဖြစ်ခဲ့ဖူးဘူး၊ ဘယ်တော့မှာလဲ ဖြစ်လာမှာ မဟုတ်ဘူး၊ ကျွန်မကိုရော… ရှင် တကယ် ချစ်ရဲ့လားဟင်"

"ရှေ့ကို လာပါကွာ…၊ ကိုယ့်ကို ပညာရှိနည်းနဲ့ နှိပ်စက်နေတာလား…"





"ဟင့်အင်း…၊ ကျွန်မကို ချစ်စေချင်ပေမယ့် ကျွန်မက ချစ်နေရတာကိုလဲ ကျေနပ်တယ်…၊ ချစ်လဲ ချစ်ခဲ့ရတယ်လေ…၊ ဟိုအရင် ရှင် မချစ်ခင်ကတည်းက…"

ကျောနောက်ကနေ သေအောင်ချစ်ပြနေသည့် ကောင်မလေးကို ခွာချမရဘဲ အသည်းယားနေသည့် ကိုယ့်အဖြစ်ကိုပဲ ရယ်ချင်လာတော့သည်။

သူမ တစ်ကိုယ်လုံး ရှေ့ရောက်လာအောင် ဆွဲဖွေ့ယူပစ်မလို့ ဆုံးဖြတ်ပြီး လက်ကလေးနှစ်ဖက်ကို ဖိဆုပ်ခွာမိစဉ်—

"ဦးလေး…"

တံခါးဝမှာ ဦးလူမော်အောင် ရောက်လာသည်။ သူ့နှုတ်ခမ်းတွေ ဖွင့်ဟ,သွားပေမယ့် အသံက အပြင်မရောက်လိုက်သဖြင့် ပုလဲအိမ် မသိဘူးထင်သည်။

စာသား မျက်နှာပူသွားကာ ဒီတိုင်း ဖက်လျက်သားကြီးနှင့် မျက်နှာလွှဲပစ်မိသည်။ ဦးလူမော်အောင် ကတော့ မျက်နှာမလွှဲဘဲ ကျေနပ် ကြည်သော မျက်ဝန်းများနှင့်ပဲ ရှိနေကာ…

"ကျုပ်တူမလေးအတွက် စည်းစိမ်ဥစ္စာရယ်…၊ ချစ်ခြင်းမေတ္တာရယ် အားလုံး ပြည့်စုံသွားပါပြီ၊ ကျုပ် စိတ်လဲချတယ်၊ ဝမ်းသာတယ်၊ သူပျော်နေတဲ့အတွက်လဲ ဒီတိုင်းပဲ ဖြစ်စေချင်ပါတယ်…"

"ဘာ…"

ပုလဲအိမ် လက်ကလေးတွေ ကွာကျသွားသည်။ ဒါပေမဲ့ သူ့နောက်မှာပဲ မလုံမလဲ ကွယ်ဝှက်လျက် ငြိမ်နေ၏။

"ပုလဲအိမ် နှစ်ယောက်မရှိပါဘူး…၊ ဒါကြောင့်လဲ နာမည်ရင်းကို မရှိခဲ့တာပါ…"

"ဟင်!…"

စာသား ဆတ်ခနဲ ဖြစ်သွား၏။ ဖော်ကားခံရခြင်းသိသည့်အသွား



www.burmeseclassic.com

www.burmeseclassic.com



ဗျင်းခနဲ ပွင့်ရှိန်းလာသည်။

"ကျုပ်ကို နားလည်ပါ မောင်ရင်..၊ ဒီလိုမျှားပြားတဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ကျုပ် ဘယ်သူ့ကိုမှ မယုံနိုင်တာ မင်း နားလည်ခဲ့မှာပါ၊ တစ်ယောက်အကြောင်းတစ်ယောက် ဘာမှန်းမသိကြဘဲ အတူနေဖို့ ဖြစ်လာတဲ့အချိန်မှာ ဒီလိုညာခဲ့ရတာ ကျုပ်တူမ အတွက်ပါ၊ မင်းနေရာမှာ တခြား လူယုတ်မာတစ်ယောက်သာဖြစ်ခဲ့ရင် ကျုပ်ရဲ့လုပ်ရပ် မမှားဘူးဆိုတာ မင်း လက်ခံပါလိမ့်မယ်..၊ အခုနောက်ဆုံးထိ မင်းကို ကျုပ် ဝန်မခံဘဲနေခဲ့တာကိုလဲ ခွင့်လွှတ်ပါ.."

ဦးလူမော်အောင် ရှင်းပြနေတော့ ပုလဲအိမ် ထံမှ အသံတိတ်နေခဲ့၏။ သူမနှုတ်ဖျားမှ ထပ်တူ မညာခဲ့သော်လည်း သူထင်သည့်အတိုင်း ပင် ငြိမ်သက်စီးမျောခဲ့တာလည်း အပြစ်ပဲမို့ လက်ကလေး ဖွဖွပိုက်လျက် မျက်လွှာချနေမိ၏။

စာသား ၏ တွန့်ချိုးနေသည့် မျက်ခုံးနှစ်ဖက်တ နေရာမကျဘဲ ရှိနေဆဲ..။

"ကျုပ်ဘက်က ကျေးဇူးဆိုတာကို တုံ့ပြန်တတ်ဖို့ မမေ့သလို ကျုပ်ရဲ့ လိမ်လည်မှုကိုပါ ဖော်ပြပြီးပြီ၊ မင်းကတော့ ကိုယ့်ခံယူချက်နဲ့ ကိုယ် ရပ်တည်ခဲ့တဲ့သူမို့ တခြားလူတွေနဲ့ ကွဲလွဲတဲ့သဘောထားတွေ ရှိနေမှာပဲ..၊ ဆွေးနွေးကြပါ..၊ ကျန်တာက မင်းတို့ဆုံးဖြတ်ရမယ့် အပိုင်း..."

ဦးလူမော်အောင် က ပြောချင်သမျှကို ပြောခဲ့ပြီး သူ့ဘာသာ တွန်းလှိမ့်ရင်း ထွက်ခွာသွားသည်။

နှစ်ယောက်ကြားမှာ တဒင် တိတ်ဆိတ်သွားခဲ့ပြီးမှ...

"ကိုယ့်ရှေ့ကို မင်း လာခဲ့ပါ.."

သူခေါ်လိုက်တော့ ပုလဲအိမ် သူ့ရှေ့ ရောက်လာသည်။ လက်ပိုက်ထားခြင်းကို ဖြေချလိုက်ရင်း သူ့ကို တောင်းပန်သလိုကြည့်ကာ...





"ရှင် ကျွန်မကို အထင်လွဲပြီး ထားခဲ့ဖို့ ကြိုးစားဦးမှာလား စာသား..."

သူ ဘာမှမပြောဘဲ စိုက်ကြည့်နေခဲ့၏။

"လူတိုင်းမှာ မာန ရှိပါတယ်၊ ကိုယ့်ကို စော်ကားလာရင် မခံနိုင်သလို သူများလဲ ဒီတိုင်းပဲဖြစ်မယ်ဆိုတာ ရှင် မမေ့ပါနဲ့.."

သူမ ခဏရပ်လိုက်ပေမယ့် စာသား က ဘာမှမပြောဘဲနေမှ...

"ရှင့်ကို ဘဘက ယုံကြည်သွားခဲ့တယ်ဆိုတာ မှသားမပါသလို ညာခဲ့ရတဲ့အကြောင်းရင်းကိုလဲ ရှင် သိနေတာပဲ..၊ ဒါတောင်မှ ရှင် အထင်လွဲနေဦးမယ်ဆိုရင်..."

"ဘာဖြစ်သွားနိုင်လဲ..."

သူ့မျက်လုံးထဲကို စူးစိုက်မော့ငေးရင်း ပုလဲအိမ် အံကြိတ်သည်။ ပြီးတော့...

"ဘာမှမဖြစ်နိုင်ပါဘူး..၊ ကျွန်မက ရှင့်ကိုမှ မမုန်းနိုင်တာ၊ ရှင် ပြန်သွားလဲ လိုက်မှာပဲ..."

နှုတ်တရွှတ်ပုံစံလေးနှင့်ပြောပြီးမှ မျက်လွှာချ၏။ မျက်တောင်ဖျားလေးတွေကို ငုံ့မိုးစိုက်ကြည့်ရင်း စာသား အကြာကြီး ငြိမ်သက်နေခဲ့သည်။ ပုလဲအိမ် ကလည်း မလှုပ်မယှက် ဒီတိုင်းလေးပဲ နေ၏။ ထို့နောက်မှ...

စာသား သည် ပုလဲအိမ် ကိုယ်လေးကို ရင်ခွင်ထဲဆွဲယူကာ တင်းကျပ်နေအောင် ဖက်ထားလိုက်ပြီး...

"မင်းကို ကိုယ် ချစ်တယ်.."





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၄ )

တောတန်းလေးက ဒီနေ့မှ ပိုလှနေသည်။ လမ်းမဟုတ်ဘဲ သစ်ရွက်ခြောက်တွေ ပိပြားနေသည့်ပေါ်မှာပဲ နှစ်ယောက်အတူ လျှောက်ခဲ့ကြရင်း စာသား က ပုလဲအိမ် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားသည်။

"ဒီနားလေး ကောင်းတယ်.."

နှစ်ယောက်အတူ ရပ်လိုက်သည့်နေရာသည် မျက်နှာချင်းဆိုင်မှာ နိုင်မာသောပင်စည်လုံးပတ်ကြီးနှင့် သစ်ပင်ကြီးတစ်ပင်ရှိနေပြီး အချင်းတစ်ပေနီးပါးရှိသည့် စက်ဝိုင်းတစ်ခုကို မားနဲ့ ထွင်းထားတာလည်း ရှိနေ၏။

BURMESE CLASSIC .com

"ဒါ... ရှင် မားပစ်ကျင့်တဲ့နေရာလား.."

စာသား က မားတွေထုတ်လိုက်ရင်း ခေါင်းညိတ်ကာ...

"ဟုတ်တော့ ဟုတ်တယ်..၊ ဒါပေမယ့် တကူးတက လာကျင့်တာတော့ မဟုတ်ဘူး၊ နေရာကိုကြိုက်လို့ မှတ်ထားခဲ့တာ၊ ဒီနားရောက်တိုင်း ဒီဘက်ထိရောက်အောင်လာပြီး ပစ်တယ်၊ မားကတော့ ကိုယ့်မှာ အမြဲလိုလို ပါတယ်လေ..၊ ရော့..."

မားတစ်ချောင်းကို ပုလဲအိမ် ကို လှမ်းပေးသည်။ သူ့လက်ထဲမှာ တစ်ချောင်း...။

"ဒါတွေက ပစ်လို့ကောင်းအောင် ကိုယ် သေချာလုပ်ထားတာ.."





ပုလဲအိမ် က မားကို ဆ,ကြည့်ရင်း မျက်နှာလေးပြုံးလာကာ...

"ရှင် မားပစ်တော်လို့နော်..၊ မဟုတ်ရင် ဟိုတစ်ခါကတည်းက ကျွန်မ သေနေလောက်ပြီ.."

"ဘာဖြစ်လို့ သေရမှာလဲ..၊ ကိုယ့်မျက်စိအောက်မှာ မင်း ဘာမှ မဖြစ်စေရဘူး..."

"တုတ်လဲ မဟုတ်သေးဘဲနဲ့.."

အဲဒီတုန်းက သူ့မျက်နှာကြီး ပုပ်သိုးပြီး လူကိုဆုလိုက်တာန်လိုက်တာ ရစရာမရှိဘူး..။ ပုလဲအိမ် နှုတ်ခမ်းလေးစူ၍ စိတ်ထဲက ရေရွတ်ခြင်းနှင့် မားကို ဟန်ပန်နှင့် ပစ်ထည့်လိုက်သည်။

"ဟိုတ်..."

"အား..."

မားက ပင်စည်ကို ဘယ်လိုပြေးကပ်သွားမှန်း မသိဘဲ ဒီဘက်ကို ပြန်ထွက်လာ၏။ စာသား ဆောင့်ဆွဲပစ်လိုက်သဖြင့် ပုလဲအိမ် သူ့ရင်ခွင်ထဲ ဒယိမ်းဒယိုင်ပါသွားကာ ပြန်ကြည့်လိုက်တော့ မားက သူတို့ ရပ်နေခဲ့သည့်နေရာနှင့် နှစ်ပေလောက်မှာ ဝပ်စင်းလျက်..။

ပုလဲအိမ် မျက်လုံးလေးပြူးနေကာ ထိုမား ကိုယ့်ရင်ဘတ်ထဲ ဝင်စိုက်သွားသလို စူးစူးအောင့်အောင့်နှင့် ရင်တွေပွင့်ထွက်မတတ် ခုန်နေ၏။

"ဘာ... ဘာဖြစ်သွားတာလဲတင်.."

"မင်း ဘာဖြစ်လို့ နီးနီးလေးကနေ သွားပစ်တာလဲ.."

"အဲဒါတောင် မပစ်တတ်ဘဲနဲ့ဟာ..."

"မတတ်ရင် သင်ပေးတာကို စောင့်ဦးမှာပေါ့၊ မှတ်ထား..လောဘကြီးလာရင် ဘာမှမရဘူး၊ လိုချင်တဲ့စိတ်ကို လျှော့ချထားပြီး ကြည်လင်နေတဲ့စိတ်နဲ့ လုပ်ကြည့်..."

"ဘာဘာကပြောတော့ လောဘမရှိရင်လဲ မတိုးတက်ဘူးတဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... တော်ပါကွာ..၊ အဲဒီလောဘအကြောင်းတွေ ဆွေးနွေးဖို့ လာတာ မဟုတ်ဘူး"

စာသား က ပုလဲအိမ် ကိုယ်လေးကို နောက်ကနေ ပခုံးနှစ်ဖက်က ကိုင်ပြီး အကွာအဝေးတစ်ခုအထိ ဆွဲခေါ်သွားသည်။

ပစ်မှတ်နှင့် အနေတော်လောက်ကျမှ ရပ်၏။ လူကို အရုပ်တစ်ရုပ် လို နောက်ပြန်ဆွဲခေါ်သွားသဖြင့် လဲလဲပြိုပြို ပါသွားရသည့် ပုလဲအိမ် က မကျေမနပ် ရန်းပစ်လိုက်တာ...

"ဒီမှာ လဲတော့မယ် သိလား..၊ လုပ်လိုက်ရင်း ညာညာတာတာ ကို မရှိဘူး"

စာသား က နောက်မှာရပ်နေရင်း ပြုံးလိုက်သည်။ ပြီးတော့ သူ ပြန်ကောက်လာသည့်ဓားကို သူမလက်ထဲ ထည့်ပေးလိုက်ကာ...

"ရော့...၊ ဓားကို လက်ဖဝါးပေါ်တင်ပြီး ကိုယ့်အားနဲ့ ဆ,ကြည့် ဟိုကိုမလွှတ်သေးဘဲ လက်နဲ့ ဆ,ပြီးပစ်..."

"ဒီလို အောက်ကနေ သွားမှာလား..."

"မဟုတ်ဘူးလေ..၊ မင်းလက်ကို ဒီလိုထားမှပေါ့.."

စာသား က ပုလဲအိမ် လက်မောင်းလေးကို နောက်ကနေ အသာ လေး ပင့်တင်ပေးလိုက်ပြီး ပုံစံကျအောင် ချိန်နေသည်။ ပုလဲအိမ် က သူ ကိုယ့်နောက်မှာပဲဆိုပြီး နှုတ်ခမ်းကို လုံးနေအောင် စူထော်ထား၏။

"စိတ်က ဘယ်ကို မေ့ွှာပို့နေတာလဲ.."

"ဟင်..."

"အဲဒီလို စိတ်တခြား လူတခြားနဲ့ပစ်ရင် ခင်ဗျား ဆံပင်ဖြူလာ တာတောင် ဓားကိုင်တတ်မှာ မဟုတ်ဘူး.."

"ရှင်ကလဲ သိနေတာပဲလား..."

"သိတာပေါ့..၊ ဒီမျက်လုံးက ခင်ဗျားမျက်နှာကိုပဲ ကြည့်နေတာ.."

အလုပ်လည်း မလုပ်ဖြစ်ဘဲ တစ်ယောက်တစ်ခွန်း အချင်းများ





ခြင်းက စတင်၏။

"ဆရာကလဲ စိတ်ရှည်တယ်မို့လား..၊ သင်တဲ့လူ အားတက်တာ ပေါ့.."

ဓားကိုင်၍ စူပုပ်နေသည့်မျက်နှာလေးကို နောက်ဘက် စပ်စောင်း စောင်းကနေ ကြည့်ကာ စာသား က ပြုံးနေ၏။

"ဟွန်း..၊ လူကိုများ ခင်ဗျားလေ..၊ ဘာလေးနဲ့..."

"ဘယ်လိုခေါ်ခေါ်ပေါ့ကွာ..၊ မင်းကို ရည်းစားစကားပြောနေတဲ့ အချိန် မဟုတ်ဘူး၊ ဓားပစ် သင်ပေးနေတာ..."

"ပြီးတာပဲ..၊ အဲဒီလို တစ်ကဏ္ဍစီ ခွဲခြားထားတတ်တာ ကျေးဇူး ပါပဲ.."

စာသား ထံမှ ရယ်သံသဲ့သဲ့ ထွက်လာ၏။ ပုလဲအိမ် က ရှေ့မှာ မျက်နှာမရှိဘဲ တစ်ယောက်တည်း မျက်စောင်းထိုးသည်။

ထိုစဉ် စာသား က နောက်ကနေ သူမခါးလေးကို သိမ်းကျုံးဖက် ထားလိုက်ကာ ပခုံးတစ်ဖက်မှာ သူ့မေးဖျားတင်၍...

"ဟုတ်တယ်..၊ ခင်ဗျားတွေဘာတွေ မပြောရအောင် ဆရာတပည့် မလုပ်တော့ဘူး.."

"ရှင်နော်..၊ ဒီမှာ ဓားကိုင်ထားတာ အူပွင့်သွားမယ်..၊ ဘာမှတ် လဲ.."

"ဘယ်ရမလဲ..၊ ဆရာပဲဟာ..."

"အား..."

လက်ဖဝါးကို သူ ဆုပ်ဖျစ်လိုက်တော့ မလွှတ်ဘူးဆိုပြီး စိုးစုတ် ကိုင်ထားသည့်ဓားက လျှောခနဲ လွှတ်ကျသွားသည်။

ထို့နောက် သူမလက်ဖဝါးလေးတွေကိုပါ ထပ်ဆုပ်ကိုင်ထား လိုက်ကာ စာသား ၏မျက်နှာက သူမရဲ့နားသယ်စပ် ဆံပင်နုလေး များမှာ စ၍...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း..၊ ရှင်... ရှင်နော်..၊ အို!..."

သူ့ထံမှ မွှတ်သိပ်မြတ်နိုးသော ဖိကပ်နမ်းရှိုက်ခြင်းများကြောင့် သူမ တစ်ကိုယ်လုံး ဒူးညွတ်ကျမတတ် ရင်တွေ ကတုန်ကယင် လှုပ်ခါလျက်...

"ရှင် အဲဒီလိုကြီး မနေပါနဲ့..၊ ဟင့်အင်း.. ဖယ်..."

"မင်းကျတော့ ကိုယ့်ခါးကို နောက်က ဖက်ထားပြီး နှိပ်စက်ခဲ့တာလေ..."

"အို... အဲဒါ ဖက်ရုံပဲ ဖက်ထားတာ..၊ ရှင့်လိုကြီး..."

"ဟုတ်တယ်..၊ မင်းကို နှိပ်စက်မလို့ ငါမင် ခေါ်ထုတ်လာတာ"

"ရှင်နော်..."

"ငြိမ်ငြိမ်လေးနေ..."

ဟင့်အင်း..၊ ဝုလဲအိမ် ခေါင်းလေးခါသည်။ ဒါပေမယ့် သစ်ပင်ကြိုကြားမှ ငှက်ကလေးတွေ ပြူးတိပြူးကြောင်မျက်လုံးလေးတွေနှင့် အလန့်တကြား ပျံပြေးသွားကြသည်။

လိပ်ပြာလေးတွေ ပန်းကိုနမ်းတော့ လှပသာယာခြင်းတဲ့..၊ ကောင်လေးက ကောင်မလေးကို နမ်းတာကျတော့..။

တစ်ခုခုတော့ ရှိလိမ့်မည်..။

## လရောင်ကျူးရင့်



BURMESE CLASSIC .com

www.burmeseclassic.com